1942

"ထောင့်ကိုးရာလေးဆယ့်နှစ်" သည်
လွတ်လပ်ရေးအတွက် အသာဆန္ဒပြင်းနေသော မြန်မာများက
ဂျပန်နှင့်ပေါင်းကာ မြန်မာ့မြေပေါ်မှ အင်္ဂလိပ်များကိုတိုက်ထုတ်ပုံ
ကိုယ်တွေ့ပါဝင်သူတစ်ဦး၏ မှတ်တမ်းပင်တည်း . . .။

တက္ကသိုလ်နန္ဒမိတ် • ထောင့်ကိုးရာလေးဆယ့်နှစ်

အမြွှာညီနောင်စာပေ

# တက္ကသိုလ်နန္ဒမိတ်
( မြန်မာပြန် )

# ထောင့်ကိုးရာလေးဆယ့်နှစ်

## RETREAT WITH STILWELL
## BY JACK BELDEN




ဒုတိယအကြိမ်

design Antt Bwere Zin

အမြွာညီနောင်စာပေ

အမှတ် (၁၅၉-၃၀)၊ မြဟောဝန်လမ်း
အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်သာ၊ ရန်ကုန်မြို့။
ဖုန်း-၀၉၈၆၃၃၀၄၄၊ ၀၉၄၉၃၄၆၂၁၁






## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် ( ၄ ) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် ( ၄ ) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာများနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် ( ၄ ) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* အမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ထောင့်ကိုးရာလေးဆယ့်နှစ်

## တက္ကသိုလ်နန္ဒမိတ်

(မြန်မာပြန်သည်)

(ဒုတိယအကြိမ်)



**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** – (                    )

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – (                    )

◆

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ဂန္ဓမာပုံနှိပ်တိုက်၊ ၁၉၆၇၊ မတ်လ

ဒုတိယအကြိမ်၊ အမြွာညီနောင်စာပေ၊ ၂၀၁၂၊ ဇန်နဝါရီလ

**စီစဉ်သူ** – ကြည်နိုင်

**မျက်နှာဖုံးပန်းချီ** –

**ကွန်ပျူတာစာစီ** – မသိန်းသိန်းအေး

**‘နန်းဦးလတ်ကွန်ပျူတာ’**

**ထုတ်ဝေသူ**

ဒေါ်သင်းသင်းမွန် ‘သင်းစာပေ’ ၁၀၊ ရတနာမြိုင်လမ်း၊ လှည်းတန်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးဇော်မင်း၊ “W!zard ပုံနှိပ်တိုက်”

၁၂၄၊ ၄၁–လမ်း (အထက်)၊ ရန်ကုန်မြို့။

**အတွက်းဖလင်** – အောင်ဇော် ‘ပုံရိပ်ရှင်’

**စာအုပ်ချုပ်** – ကိုမြင့်

**အုပ်ရေ** – ၅၀၀

**တန်ဖိုး** – ၀၀ ကျပ်

**ဖြန့်ချိရေး** – ‘အမြွာညီနောင်စာပေတိုက်’

zkef;-098633044? 0949346211

- မြန်မာတိုင်း လွတ်လပ်ရေးရရန်
  ဆန္ဒပြင်းထန်နေသည်။
  စည်းစိမ်ကိုလည်းကောင်း၊
  အသက်ကိုလည်းကောင်း
  စွန့်ရဲ–ပေးအပ်ရဲသည်။

- သေနတ်နဲ့လာသော ရန်သူကို
  ဝါးရင်းတုတ်ဖြင့် ဓားဖြင့်
  တိုက်ရဲ ခုခံရဲသည်။

- ထိုအချိန်က ဗမာ့လွတ်လပ်ရေး၏
  အဓိကရန်သူ အင်္ဂလိပ်ကို
  တိုက်ချင် ခိုက်ချင်နေကြသည်။

- ‘ထောင့်ကိုးရာလေးဆယ့်နှစ်’သည်
  လွတ်လပ်ရေးအတွက်
  အာသာဆန္ဒပြင်းနေသော မြန်မာများက
  ဂျပန်နဲ့ပေါင်းကာ မြန်မာ့မြေပေါ်မှ
  အင်္ဂလိပ်များကို တိုက်ထုတ်ပုံ
  ကိုယ်တွေ့ပါဝင်သူတစ်ဦး၏
  မှတ်တမ်းပင်တည်း။ ။

**တက္ကသိုလ်နန္ဒမိတ်**
ထောင့်ကိုးရာ လေးဆယ့်နှစ်

## ခွန်းဆက်ပါရစေ ...

ဤစာအုပ်တွင် ဥဒါန်းစာမူရွေးချယ်ရေးအဖွဲ့အနေဖြင့် အမှာရေးရန် လိုအပ်ပေ၏။ ဘာသာပြန်ဝတ္ထုဖြစ်သော်လည်း အကြောင်းကား... တစ်မျိုးထူးသောကြောင့်တည်း။

မတ်လတိုင်းတွင် ဂျပန်တော်လှန်ရေးစာအုပ်များကို ထုတ်ဝေနေကြ၏။ ဂျပန်မကောင်းကြောင်းနှင့် ယုတ်မာရက်စက်ပုံကို ထောင့်အသီးသီး၊ နေရာအမျိုးမျိုးမှ ရေးနေကြ၏။ ဂျပန်များကလည်း အမှန်တကယ်မကောင်းကြပါ။ ရက်စက်ယုတ်မာကြပါသည်။ ထို့ကြောင့်ပင် ၎င်းတို့၏နိဂုံးကို ၎င်းတို့ပင် ချုပ်သွားပြီမဟုတ်ပါလော။

ဤစာအုပ်ကား ... တစ်မျိုးဖြစ်၏။

ဂျပ်ပန်များနှင့်ပူးပေါင်းကာ မဟာမိတ်ခေါ်သူများကို တိုက်ခိုက်ခြင်းအကြောင်းပင်တည်း။

ထိုအချိန်ကား ... မြန်မာများသည် လွတ်လပ်ရေးကို မြတ်နိုးနေကြ၏။ ဂျပ်ပန်များနှင့် ပူးပေါင်းကာ နယ်ချဲ့အင်္ဂလိပ်အား တိုက်ခိုက်ပါက လွတ်လပ်ရေးကို ရလိမ့်မည်ဟု ထင်နေကြသည်။ ဂျပန်၏ 'အရှေ့အာရှ သာတူညီမျှ' ဆိုသော အာရှသားအချင်းချင်း ယုံကြည်နေကြ၏။

သို့သော်... ဖက်ဆစ်ကား ဖက်ဆစ်ပင်မဟုတ်ပါလော။

လွတ်လပ်ရေးရလိမ့်နိုးဖြင့်လည်းကောင်း၊ အာရှသားအချင်းချင်း ဟူ၍







လည်းကောင်း ထင်နေစဉ်က ပူးပေါင်းကာ အင်္ဂလိပ်များကို တိုက်ခိုက်ခဲ့ကြ၏။ မြန်မာအများ တော်လှန်ခဲ့ကြ၏။

ထိုအချိန် ထိုကာလက မြန်မာ့စစ်မြေပြင်တွင် မဟာမိတ်တပ်များ၏ အလူးအလဲခံခဲ့ရပုံ၊ စိတ်ပျက်ဖွယ်၊ အားငယ်ဖွယ်၊ ကြောက်ရွံ့ဖွယ်တို့ကို ရေးသားထားခဲ့၏။

မဟာမိတ်တပ်တွင် ပါလာသောသူတစ်ဦးက မြန်မာ့ပြည်သူတစ်ရပ်လုံး တိုက်ခိုက်သော ပြည်သူ့စစ်အကြောင်းကို ၁၉၄၃ ခုနှစ်တွင် ကမ္ဘာသို့သိအောင် Retreat With Stilwell by jack Belden ဆိုသူက ရေးသားခဲ့ပေသည်။

ယခုလိုတော်လှန်ရေးနေ့တွင် မြန်မာ့လွတ်လပ်ရေးနှင့်ပတ်သက်သော အင်္ဂလိပ်တော်လှန်ရေးအကြောင်း စာအုပ်ကို ဆရာကြီးနန္ဒမိတ် ဘာသာပြန်ပေးမှုကြောင့် ဥဒါန်းမှ ဂုဏ်ယူကာ ထုတ်ဝေလိုက်ရခြင်း ဖြစ်ပေသည်။

**ဥဒါန်း**
**စာမူရွေးချယ်ရေးအဖွဲ့**

## ( ၁ ) နောက်ခံကား ...

မြန်မာပြည်တိုက်ပွဲစဉ် စတင်ခဲ့သည့်အချိန်၌ မြန်မာပြည်ရှိတပ်များကို အုပ်ချုပ်နေသူမှာ အင်္ဂလိပ်ဗိုလ်ချုပ်ကြီး'မက်လုတ်'ဖြစ်သည်။ သူ၏လက်အောက်တွင် အမှတ်(၁)တပ်မ နှစ်ခုသာ ရှိနေလေသည်။

အမှုထမ်းသက် စေ့ခါနီးသဖြင့် အငြိမ်းစားယူရန် ပြင်ဆင်လျက်ရှိသော ဗိုလ်ချုပ်ကြီးမက်လုတ်ကို လန်ဒန်ရှိ အင်္ဂလိပ်စစ်ဌာနချုပ်ကသော်လည်းကောင်း၊ အိန္ဒိယရှိ အရှေ့ဖျားဒေသဆိုင်ရာ အင်္ဂလိပ်ဌာနချုပ်ကသော်လည်းကောင်း ဝင်ရောက်တိုက်ခိုက်လာမည့် ရန်သူဂျပန်များကို တွန်းလှန်တိုက်ထုတ်နိုင်ရန် စိတ်ဓာတ်အရဖြစ်စေ၊ စစ်လက်နက်ပစ္စည်းများအရဖြစ်စေ... အထောက်အပံ့ပေးရန် နှောင့်နှေးနေခဲ့လေသည်။





ဝင်ရောက်ထိုးစစ်ဆင်မည့် ရန်သူကို တပ်မနှစ်တပ်မျှဖြင့် တွန်းလှန်တိုက်ခိုက်ရန်မှာ ကျိုးပေါက်လာသော ရေကာတာကို သဲအိတ်ကလေးနှစ်အိတ်ဖြင့် တာတမံတုတ်ကာ တားဆီးရန် ကြိုးစားသကဲ့သို့ ဖြစ်နေလေသည်။

ဗိုလ်ချုပ်ကြီးမက်လုတ်၏ စစ်ရေးအရလှုပ်ရှားမှုကို မြန်မာပြည်ရှိ ဘုရင်ခံကလည်း ဘိလပ်အစိုးရ၏ ညွှန်ကြားချက်အရ တစ်ဖက်တစ်လမ်းမှ ချုပ်ကိုင်ထားပြန်၏။ အောက်မြန်မာပြည်တွင် ဖြန့်ထားသော တပ်များကို တစည်းတလုံးတည်း စုစည်းထားရန် ဗိုလ်ချုပ်ကြီးမက်လုတ်က တောင်းဆိုခဲ့၏။ သို့မှသာ အလုံးအရင်းနှင့်ဝင်လာသော ရန်သူကို အလုံးအရင်းဖြင့် ပြန်၍တိုက်နိုင်မည်ဟု အကြောင်းပြခဲ့၏။ သို့ရာတွင် မြန်မာပြည်ဘုရင်ခံက တပ်များကို ခါတိုင်းကဲ့သို့ ဖြန့်ထားရန်သာ တိုက်တွန်းနေလေသည်။

အမှတ်(၁)တပ်မကို မြန်မာပြည် အရှေ့ဘက်နယ်ခြားနှင့်စပ်လျက်ရှိသော ရှမ်းပြည်တစ်ခုလုံးတွင် ဖြန့်၍ချထားသည်။

အမှတ်(၁၇) တပ်မကို မော်လမြိုင်မှ မြိတ်အထိ ဖြန့်၍ချထားသည်။ ထို့ကြောင့်လည်း အင်္ဂလိပ်တပ်များမှာ စစ်တပ်ကြီးတစ်ခုကဲ့သို့ စုစုစည်းစည်းဖြင့် မရှိတော့ဘဲ မကြာခဏပေါ်ပေါက်တတ်သော သူပုန်သူကန်ရန်ကို နှိမ်နင်းမည့် စစ်ပုလိပ်တပ်ကဲ့သို့ ဖြစ်နေလေတော့သည်။

အကယ်၍သာ ရှိသမျှသော တပ်မနှစ်ခုကို စုစည်းလိုက်ပြီးနောက် ရန်သူဂျပန်များ ခြေကုပ်စခန်းပြုလုပ်ရန် ဟန်ပြင်ထားသော ယိုးဒယားပြည်ထဲသို့ အလုံးအရင်းဖြင့် ဝင်ရောက်၍ အခြေအနေကို ထိန်းသိမ်းထားလိုက်ပါက ရန်သူ့ခြေလှမ်းသည် နောက်သို့ဆုတ်သွားစရာရှိသည်။ မြန်မာပြည်

ကို ဝင်ရောက်သိမ်းပိုက်ရန် တကဲကဲဖြစ်နေသော ရန်သူ၏ လက်တစ်ဖက်ကို အင်္ဂလိပ်တို့က ကြိုတင်၍ ရိုက်ချိုးနိုင်ခဲ့မည်ဖြစ်၏။

သို့သော် အင်္ဂလိပ်တို့က ကြိုးဒဏ်ခံရမည့်သူသည် သေရမည့်ရက်ကို တထိတ်ထိတ်နှင့် စောင့်နေသကဲ့သို့ မြန်မာပြည်အတွင်း၌သာ စောင့်နေခဲ့သည် မဟုတ်ပါလား။

အတွေးလွန်ကာ တွန့်ဆုတ်ဆုတ်ဖြစ်တတ်သော လူကြီးများ၏ အပြုအမူကို ကျားဆိုလျှင် ကိုက်မှ ကြိုက်တတ်သော လက်အောက်လူငယ်များက အပြစ်တင် ဝေဖန်တတ်ရုံမက တစ်ခါတစ်ခါတွင် ဖွတ်တိုး၍ စိတ်ထင်သည့်အတိုင်း လုပ်တတ်ကြသည့် အကြောင်းအချက်များကို မြန်မာပြည်တိုက်ပွဲစဉ်ပထမပိုင်းတွင် ကျွန်တော် နားလျှံအောင်ကြားရ၏။

ဤသို့ကြားခဲ့သောအဖြစ်အပျက်များအနက် အင်္ဂလိပ်တပ်ရင်းမှူးတစ်ဦး၏ တဖွတ်ထိုးဆောင်ရွက်ချက်မှာ ကျွန်တော်လို သတင်းစာဆရာတစ်ဦးအနေဖြင့် မှတ်တမ်းတင်ရန် မမေ့ထိုက်ဟု ယူဆမိသည်။

ဂျပန်များက ယိုးဒယားပြည်မြို့တော်ဖြစ်သော ဘန်ကောက်ကို ဝင်ရောက်သိမ်းပိုက်လိုက်သောနေ့တွင်ပင် ထိုတပ်ရင်းမှူးသည် အထက် စစ်အာဏာပိုင်များထံမှ အမိန့်တစ်စုံတစ်ရာ မတောင်းခံဘဲ မိမိထိုးထွင်းတွေးခေါ်ချက်အရ တပ်ရင်းရှိ တပ်သားအားလုံးကို ခေါင်းဆောင်ကာ အောက်မြန်မာပြည်မှနေ၍ ယိုးဒယားပြည်ဘက်သို့ ထိုးစစ်ဆင်ရန် ချီတက်သွားခဲ့ကြောင်း၊ ထိုတပ်ရင်းမှူးကို အထက်အာဏာပိုင်များက ပြန်၍တပ်ဆုတ်ခဲ့ရန် အမိန့်ပေးခဲ့ကြောင်း၊ ပြန်လည်ရောက်ရှိလာသော ထိုတပ်ရင်းမှူးအား ယခုချက်ချင်း ထိုးစစ်ဆင်နွှဲခြင်းဖြင့်သာလျှင် ရန်သူကို အနိုင်ရမည်ဟူသော အစွဲကို ချွတ်ရန် အထက်အရာရှိများက ပြင်းပြင်းထန်ထန်သတိပေးခဲ့ကြောင်း...

ဤအဖြစ်အပျက်မှာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အင်္ဂလိပ်စစ်ဗိုလ်များက မိမိလည်းပင်း မိမိကြိုးတပ်သော အပြုအမူသာဖြစ်သည်ဟု သဘောထားရှိခဲ့သည်ကိုလည်း ကျွန်တော် ကြားသိခဲ့ရသည်။

အကောင်းဆုံးသောခံစစ်သည် ထိုးစစ်ပင်ဖြစ်သည်ဟု ယူဆထားသောတပ်မှူးများအဖို့ ယိုးဒယားသို့ ထိုးစစ်ဆင်ရန် ချီတက်သွားခဲ့သော တပ်ရင်းမှူးတစ်ယောက်ကို အထက်အာဏာပိုင်များက ပြင်းပြင်းထန်ထန် အရေးယူ







လိုက်သည်ကို တွေ့လိုက်ကြသောအခါ စိတ်ဓာတ်ကျဆင်းဖွယ်ရာ ဖြစ်လာသည်။

ရန်သူရှိရာသို့ ချီတက်သွားရောက်၍ မတိုက်ဘဲ မိမိနေရာမှ ငုငုကြီးထိုင်စောင့်နေသော ပေါ်လစီကို များစွာသော စစ်အကဲခတ် ပုဂ္ဂိုလ်ကြီးများက မသိကျိုးကျွန်ပြုကာ ထောက်ခံခြင်း၊ ဝေဖန်ခြင်းမရှိဘဲ ရေငုံနှုတ်ပိတ်နေခဲ့ကြလေသည်။ မြန်မာပြည်တိုက်ပွဲအခြေအနေကို စစ်ရေးဖြင့် ချုပ်ကိုင်တတ်ရန် နိုင်ငံရေးနည်း၊ သံတမံနည်းများဖြင့် ဖြေရှင်းရန် ကြိုးပမ်းနေကြ၏။

ယိုးဒယားပြည်ထဲသို့ ဂျပန်တပ်များ ရောက်မလာမီ အင်္ဂလိပ်က ထိုးစစ်ဆင်၍ ဝင်ရောက်သိမ်းပိုက်ထားခဲ့လျှင် ဟူသောအဖြေကို ဤနေရာတွင်ပေးနေပါက များစွာအချိန်ကုန်၍နေမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်... အရေးကြီးသောပြဿနာတစ်ခု... စစ်ပွဲတစ်ပွဲကို အမျိုးမျိုးသောအကြောင်းတို့ဖြင့် ဝိုင်းဝန်းဖြေရှင်းရသောကြောင့်တည်း။

မည်သို့ပင်ဆိုစေ၊ ယိုးဒယားပြည်ထဲသို့ ဂျပန်များမဝင်မီ အင်္ဂလိပ်တို့က ကြို၍ ဝင်ရောက်ကာ ထိုးစစ်ဆင်နွှဲလိုက်ပါက မဝင်ဘဲနေခြင်းထက်အခြေအနေကို တစ်မျိုးတစ်ဖုံပြောင်းလဲပေးနိုင်မည်ကား ထင်ရှားနေပေမည်။

ဤကဲ့သို့ ယိုးဒယားကို ထိုးစစ်မချီဘဲနေခြင်းအတွက် မြန်မာပြည်စစ်မျက်နှာရှိ ဗိုလ်ချုပ်ကြီးမက်လုတ်ကို အပြစ်ဆိုသင့်သည်ကား ...မဟုတ်။ ရန်မူလာသူကို ပြန်လည်၍ ချက်ချင်းလက်ငင်း တုံ့ပြန်ရမည့်အစား တွေဝေငေးမောသောဝါဒကို အားလုံးသော မဟာမိတ်တိုင်းပြည်များက ချထားခဲ့ကြသည် မဟုတ်ပါလား။ အထူးသဖြင့် အင်္ဂလိပ်တို့က တွေဝေငေးမောသောဝါဒကို လက်ကိုင်ပြုထားခဲ့လေသည်။

အင်္ဂလိပ်တပ်မှူးများတွင် တွေဝေငေးမောသောဝါဒ စွဲကပ်နေခြင်းမှာ လန်ဒန်၊ ဒေလီနှင့် ဝါရှင်တန်ရှိ စစ်အာဏာပိုင်များထံမှ ကူးစက်လာခဲ့သောဝေဒနာပင်ဖြစ်သည်။

အချို့သောအကဲခတ်သမားများက အကယ်၍သာ ထိုးစစ်ဆင်လိုသောအမေရိကန်တပ် တစ်ခုဖြစ်စေ၊ နှစ်ခုဖြစ်စေ ရှိနေခဲ့လျှင် ဂျပန်တို့သည် မြန်မာပြည်တိုက်ပွဲစဉ် အစ၌ပင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်ဟု ထင်မြင်ချက်ပေး

ကြ၏။ ဤကဲ့သို့သောထင်မြင်ချက်ကို ဇာဘုရင်၏ ဗိုလ်ချုပ်ကြီးများကလည်း ပေးခဲ့ကြ၏။ အကယ်၍သာ သစ္စာတော်ခံ တပ်ရင်းတစ်ရင်း ရှိနေခဲ့လျှင် မိမိတို့သည် ဇာဘုရင်ကိုဆန့်ကျင်သော တော်လှန်ရေးသမားများကို ချေမှုန်းနိုင်ခဲ့ကြလိမ့်မည်။

ဇာဘုရင်၏ ဗိုလ်ချုပ်ကြီးများက ဤသို့ထင်မြင်ချက်ပေးရာတွင် သူတို့သည် အလွန်အရေးကြီးသောအချက်တစ်ချက်ကို မေ့နေခဲ့ကြလေသည်။

ထိုအချက်ကား ...ဘုရင့်တပ်များက သစ္စာဖောက်သွားခဲ့ကြသည်မှာ တကယ့် အဓိကအကြောင်းခံမဟုတ်ဘဲ တော်လှန်ရေးကြီး၏အဟုန်က ဒီရေတက်သကဲ့သို့ တက်လာခြင်းပင်တည်း။

ဤအချိန်၌ မြန်မာပြည်တွင် အမေရိကန်တပ်ဟူ၍လည်းမရှိ၊ ရှိနိုင်ရန်လည်း အကြောင်းက မဖန်တီး။ အမေရိကန်၏ ပေါ်လစီကပင် ရှိသမျှတပ်များကို ဥရောပ၌သာ အလုံးအရင်းဖြင့် စုစည်းထားရမည်ဟူသော ပေါ်လစီ ဖြစ်နေလေသည်။ ဤသို့ဖြင့် အာရှတိုက်တစ်ဝှမ်းလုံး၌ စစ်ကြီးမှာ မကြာသင့်ဘဲ ကြာညောင်းခဲ့ရုံမျှမက မဟာမိတ်တပ်သားမှန်သမျှကိုလည်း စိတ်ဓာတ်ကျဆင်းစေခဲ့တော့၏။

ဂျပန်သည် 'အာရှတိုက် သာတူညီမျှဝါဒ'ကို ကြွေးကြော်ရင်း ပစိဖိတ်ဒေသရှိ အင်္ဂလိပ်နှင့် အမေရိကန် နယ်ခြားစောင့်တပ်များကို အင်ကြီးအားကြီးဖြင့် သုတ်သင်ချေမှုန်းရန် အစီအစဉ်ရှိနေသည်။

ဤရည်ရွယ်ချက်ဖြင့် ဂျပန်သည် လွန်ခဲ့သော နှစ်အတန်ကြာကပင် တိုင်းပြည်နှင့်ချီ၍ စစ်သားများ စုဆောင်းသိမ်းသွင်းထားခဲ့သည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအားလုံးကို စစ်ပုံစံသို့ ပြောင်းလဲထားခဲ့ပြီးဖြစ်သည်။ သို့ဖြင့် ၁၉၄၁ ခုနှစ်သို့ ရောက်လာသောအခါ ဂျပန်သည် ပစိဖိတ်ဒေသရှိ မဟာမိတ်တပ်မှန်သမျှကို မောင်းထုတ်ရန် အဆင်သင့် ဖြစ်နေပေသည်။

လူပေါင်း ၃၀၀၀၀၀၀ ပါဝင်သော တပ်မတော်ကြီးကို ဖွဲ့စည်းနိုင်ပေပြီ။

*   *   *







၁၉၄၂ ခု၊ ဇန်နဝါရီလ (၁၁) ရက်နေ့...။

စစ်ထောက်လှမ်းရေးအဖွဲ့ဝင်များက 'မဲဆောက်'တွင် ရန်သူ့တပ်သား ၅၀၀၀ ခန့် ရောက်ရှိနေကြောင်း သတင်းပို့သည်။ 'မဲဆောက်'မှာ အင်္ဂလိပ်စစ်တပ်တစ်တပ် အစောင့်ချထားသော ကော့ကရိတ်နှင့် မိုင် ၂၀ ခန့်သာ ကွာသည်။ မော်လမြိုင်နှင့်ဆိုလျှင် မျဉ်းဖြောင့်အတိုင်းဆိုပါက မိုင် ၇၀ သာကွာသည်။ ကော့ကရိတ်တွင်ရှိသော အင်္ဂလိပ်တပ်မှာ အမှတ်(၁၇)တပ်မဟာဖြစ်၏။ တပ်မှူးမှာ ဝိတိုရိယကရော့စ် သူရဲကောင်းဘွဲ့တံဆိပ်ကို ရထားသော ဂျက်ကီဖြစ်၏။ ဝိတိုရိယကရော့စ်ရထားသော သူရဲကောင်းတစ်ဦးဖြစ်လင့်ကစား ရင်ဆိုင်လာရသောအခြေအနေက အင်နှင့်အား မမျှအောင်ဖြစ်လာသောအခါ တပ်မှူးဂျက်ကီအဖို့ မည်သို့မျှ မလှုပ်သာမရှားသာ ရှိနေခဲ့ရ၏။

ထောက်လှမ်းရေးအဖွဲ့ဝင်များကလည်း မဲဆောက်တွင် ရန်သူအင်အား ၅၀၀၀ ခန့် ရောက်ရှိနေကြောင်း ဇန်နဝါရီ ၁၁ ရက်နေ့တွင် သတင်းပို့သည်။ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လေကြောင်းမှ ကင်းထောက်ရန် စေလွှတ်လိုက်သောအခါ မဲဆောက်တွင် ရန်သူ တစ်ယောက်မျှမတွေ့ရပါ...ဟု ဆိုပြန်သည်။

စိတ်မကျေနပ်၍ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ထပ်မံကင်းထောက်စေ၏။ ရန်သူတစ်ယောက်မျှမတွေ့ရပါ...ဟု သတင်းပို့ပြန်သည်။

သို့ရာတွင် ဇန်နဝါရီလ ၁၅ ရက်မှ ၁၆ ရက်သို့အကူးတွင် ရန်သူအထူးတပ်ဖွဲ့ဝင် ၂၅၀ နှင့် ခြေလျင်တပ်သား ၁၀၀၀ ပါသော ရန်သူတပ်တစ်တပ်က ယိုးဒယား–မြန်မာနယ်စပ်အနီးရှိ မေတ္တာရွာကို စတင်ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ရန်သူတပ်များသည် အင်္ဂလိပ်နယ်ခြားစောင့်တပ်များရှိသော မေတ္တာရွာကို သိမ်းပိုက်လိုက်ပြီးနောက် တနင်္သာရီမြစ်သို့ ရောက်လာကြ၏။ ထိုမှတစ်ဖန် ထားဝယ်မြို့ဆီသို့ ဦးတည်၍ ချီတက်လာကြလေသည်။

ဤအချိန်တွင်ပင် ၅၀၀ မှ ၁၀၀၀ အထိ အင်အားရှိသော ရန်သူတပ်တစ်တပ် မြိတ်မြို့သို့ ချီတက်လာပြီဟူသော သတင်းကို ကြားရပြန်၏။

မြိတ်မြို့သို့ ရန်သူ့တပ်များရောက်မလာမီပင် မြိတ်တွင်ရှိသော အမှတ်

(၂) တပ်မဟာမှ တပ်ဖွဲ့တစ်ခုကို ရေကြောင်းဖြင့် ရန်ကုန်သို့ဆုတ်လာစေသည်။ ထိုနေ့ကား ဇန်နဝါရီ ၁၈ ရက်နေ့တည်း။ နောက်တစ်နေ့ညတွင် ထားဝယ်ရှိ အင်္ဂလိပ်တပ်ရင်းတစ်ရင်းကိုလည်း ရေကြောင်းဖြင့် ရန်ကုန်သို့ ဆုတ်ခွာလာရန် အမိန့်ပေးလိုက်၏။

ဤသို့အားဖြင့် မြန်မာပြည်အောက်ပိုင်းတွင် ခံစစ်ပင်မကြီး၏ အကိုင်းအခက်နှစ်ခုဖြစ်သော အင်္ဂလိပ်တပ်ဖွဲ့နှစ်ခုသည် မည်ကဲ့သို့သော အကျိုးရှိသည့်လုပ်ငန်းကို မလုပ်ရပါဘဲလျက် ရန်ကုန်သို့သာ တပ်ခေါက်၍ ပြန်ခဲ့ကြရတော့၏။

( ၂ )

ရန်သူ့တပ်များသည် မြန်မာပြည်တောင်ဘက်ဖျားမှ မြို့ရွာကျေးလက်များကို သိမ်းပိုက်လိုက်ပြီးနောက် မဲဆောက်မှနေ၍ စစ်ကြောင်း သုံးကြောင်းဆန့်ကာ မော်လမြိုင်နှင့် ကော့ကရိတ်သို့ ရှေးရှုချီတက်လာကြလေသည်။

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကော့ကရိတ်အနီး၌ တပ်စွဲထားသော အမှတ်(၁၆) တပ်မဟာနှင့် ရန်သူတပ်များ တိုက်ပွဲဖြစ်ပွားလေသည်။ မြန်မာပြည်တိုက်ပွဲစဉ်များတွင် ပထမဆုံးတိုက်ခဲ့သော အင်္ဂလိပ်နှင့် ဂျပန်တို့၏ တိုက်ပွဲတည်း။

ကော့ကရိတ်တိုက်ပွဲတွင် ရန်သူဘက်မှ လူအင်အား ၂၅၀၀ ပါရှိသည်ဟု ခန့်မှန်းရ၏။ အင်္ဂလိပ်တပ်များသည် ထိုးစစ်ဆင်လာသော ရန်သူကို ရေရှည်ဆွဲ၍ တွန်းလှန်တိုက်ခိုက်ခြင်း မပြုဘဲ မိုင် ၅၀ ကွာသော မော်လမြိုင်သို့ ဆုတ်ခွာလာခဲ့ကြသည်။ ဤသို့ဆုတ်ခွာအလာတွင် ချောင်းကူးတစ်နေရာ၌ ရန်သူ့လေတပ်က လာရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ် အတော်များများပင် ပျက်စီးသွားခဲ့ရလေသည်။

မော်လမြိုင်သို့ တပ်ဆုတ်လာပြီးနောက် မြို့ကို အကာအကွယ်ပေးရန်အတွက် အစီအစဉ်သပ်ရန် လိုလာလေသည်။ ထိရောက်သော ကာကွယ်ရေးအစီအစဉ်ကို အမှတ်(၂) ခြေလျင်တပ်မဟာမှ တပ်ဖွဲ့အချို့က တာဝန်ယူသည်။







အင်္ဂလိပ်တပ်များသည် မော်လမြိုင်မြောက်ဘက်တွင်ရှိ ဂျိုင်းမြစ်မှနေ၍ အနောက်တောင်ဘက်ရှိ မုတ္တမကွေ့သို့ရောက်အောင် စက်ဝိုင်းခြမ်းသဏ္ဍာန်နေရာယူထားသည်။ အမှတ်(၁၆) တပ်မဟာက မော်လမြိုင်မှနေ၍ သံလွင်မြစ်ကို ဖြတ်ကူးပြီးနောက် တစ်ဖက်ကမ်းရှိ မုတ္တမတွင် အခိုင်အခံ့ တပ်စွဲနေသည်။ ဇန်နဝါရီလလယ်လောက်က ရန်ကုန်သို့ရောက်ရှိနေသော အမှတ်(၄၆) တပ်မဟာက မော်လမြိုင်မြောက်ဘက် ၆၅ ခန့်အကွာရှိ ဘီးလင်းတွင် စစ်ကူတပ်အဖြစ် အရံသင့်စောင့်ဆိုင်းလျက်ရှိသည်။

အင်္ဂလိပ်တို့က မော်လမြိုင်မြို့ ကာကွယ်ရေးကို အစွမ်းကုန် စီစဉ်ထားသည်ဟု ဆိုနိုင်သော်လည်း ပျော့ကွက်တစ်ကွက်ကား ရှိနေလေသည်။

မော်လမြိုင်မြို့မြောက်ဘက်တွင် အိမ်ထောင့်သဖွယ် တည်ရှိသော ဂျိုင်းမြစ်နှင့် သံလွင်မြစ်တို့ ဆုံရာအရပ်တွင် အင်္ဂလိပ်တပ်ဟူ၍ တစ်တပ်မျှ ချထားခြင်းမရှိသော ပျော့ကွက်ပင်တည်း။

ခြေသွက်လှသော ဂျပန်တို့သည် ဤပျော့ကွက်ကိုပင် သွက်လက်စွာ ဝင်၍တိုက်ကြ၏။ အမှန်အားဖြင့်ဆိုလျှင် ကော့ကရိတ်တိုက်ပွဲ ပြီးသည့်အချိန်မှစ၍ အင်္ဂလိပ်တို့၏ မော်လမြိုင်မြို့ကို ကာကွယ်ထားသော တောင်ပံနှစ်ဖက်ကို ဘေးမှပန်း၍ တိုက်နိုင်ရန်အတွက် ရန်သူများက စစ်ကြောင်းများခွဲ၍ လျှို့ဝှက်စွာချီတက်ခဲ့ပြီးဖြစ်နေ၏။

ရန်သူ့စစ်ကြောင်းတစ်ကြောင်းက မော်လမြိုင်ရှိ အင်္ဂလိပ်တပ်များကို ရှေ့မှနေ၍ ရင်ဆိုင်တိုက်တော့မည်ကဲ့သို့ စွယ်ယောင်ပြ ချီတက်လာစဉ် အခြားစစ်ကြောင်းတစ်ကြောင်းက ဂျိုင်းမြစ်တောင်ဘက်မှနေ၍ မော်လမြိုင်မြို့ဆီသို့ ချီတက်နေပြီးနောက် စစ်ကြောင်းတစ်ကြောင်းက ဂျိုင်းမြစ်မြောက်ဘက်မှနေ၍ ကတိုးအထိ ချီတက်လာပြီးနောက် ဂျိုင်းမြစ်နှင့် သံလွင်မြစ်တို့ ဆုံရာတွင် နေရာယူထားလိုက်သည်။ ဤနေရာကား ... အင်္ဂလိပ်စစ်တပ်များ လုံးဝချထားခြင်းမရှိသော ပျော့ကွက်တည်း။

တောင်ပံနှစ်ဖက်နှင့် နောက်ဘက်မှနေ၍ ရန်သူဂျပန်တပ်များက မော်လမြိုင်မြို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ရန် ခြိမ်းခြောက်လာသောအခါ အင်္ဂလိပ်တို့သည် တိုက်ပွဲတစ်ပွဲမျှပင်မတိုက်ဘဲ မော်လမြိုင်မှ တပ်ဆုတ်၍ သွားပြန်၏။

ဤကဲ့သို့တပ်ဆုတ်ရသည့်အချိန်တွင် တပ်မှူးအပြောင်းအလဲ ပေါ်ပေါက်လာပြန်သည်။ စောစောက ဝိတိုရိယကရော့စ် ရခဲ့သော ဗိုလ်ချုပ်ကြီးဂျက်ကီ၏နေရာတွင် ဗိုလ်ချုပ်ကြီးဟူတန်ကို ခန့်ထားလိုက်၏။

အင်္ဂလိပ်တပ်များက တိုက်ပွဲတစ်ပွဲမှ အကဲစမ်းဖော်မရဘဲ တိတ်တိတ်လေး ဆုတ်သွားသောအခါ ဂျပန်တပ်များက မော်လမြိုင်မြို့တွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်သိမ်းပိုက်လိုက်ပြီးနောက် အပြောကျယ်လှသော သံလွင်မြစ်ကြီးကို ဖြတ်ကူးရန် ကြိုးစားလာကြပြန်၏။

အင်္ဂလိပ်များက ရန်သူများ သံလွင်မြစ်ကြီးကို ဖြတ်မကူးနိုင်အောင် အစွမ်းကုန်အားထုတ်ကြ၏။ ဤသို့အားထုတ်ရာ၌ သံလွင်နှင့်ယှဉ်၍ နေရာယူထားမည့်အစား သံလွင်မြစ်နှင့် ထောင့်မှန်တည့်တည့် နေရာယူထားကြလေသည်။ ပို၍ရှင်းအောင်ဆိုရသော်... အင်္ဂလိပ်တို့သည် မိမိတို့၏ ခံစစ်ကြောင်းများကို မော်လမြိုင်–ရန်ကုန် မီးရထားလမ်းကို ဖြတ်လျက် အရှေ့နှင့်အနောက်တန်းကာ သုံးထပ်ကွမ်း နေရာယူထားခြင်းပင်တည်း။

အဘယ်ကြောင့် အင်္ဂလိပ်တပ်များက ဤသို့ နေရာယူထားခဲ့ကြပါသနည်း။

မော်လမြိုင်–ရန်ကုန်ရှိ မီးရထားလမ်းအတိုင်း ချီတက်လာမည့် ရန်သူ့တပ်များကို မျက်နှာချင်းဆိုင်၍ တိုက်ခိုက်ရန်လည်းကောင်း၊ မုတ္တမကို ဝင်စီးမည့် ရန်သူတပ်များကို ရင်ဆိုင်တိုက်ခိုက်ရန်လည်းကောင်း ဤကဲ့သို့နေရာယူထားခြင်းဖြစ်သည်။

သို့သော်...၁၉၃၇–၃၈ နှစ်များအတွင်း တရုတ်ပြည်တိုက်ပွဲများ၌ ဤကဲ့သို့ နယ်မြေအနေအထား ခက်ခဲသောနေရာမျိုး၌ မျက်နှာချင်းဆိုင်၍ တိုက်ခိုက်သော သေနင်္ဗျူဟာမှာ မိမိတို့ဘက်မှ အကျအဆုံးများလှသည်နှင့်အမျှ အချိန်လည်း ကြန့်ကြာကြောင်းကို သင်ခန်းစာရရှိခဲ့သော ဂျပန်တို့သည် အင်္ဂလိပ်တပ်များကို စီစဉ်ထားသလို မျက်နှာချင်းဆိုင် တိုက်ပွဲမတိုက်ဘဲ ဘေးမှပန်း၍ ဖြတ်သန်းကျော်တက်တိုက်ခဲ့သည့် နည်းပရိယာယ်ကို ကျင့်သုံးလာလေသည်။

ဂျပန်တပ်များသည် အင်္ဂတပ်များ အရှေ့နှင့်အနောက် တန်း၍ ယူထားသော နေရာထက် ပို၍မြစ်ညာကျသောနေရာသို့ ဆန်တက်သွားပြီး အောက်







ဘက်တွင်ရှိနေသော အင်္ဂလိပ်ခံစစ်ကြောင်းများကို အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်ကြတော့၏။

ဤသို့ ပစ်ခတ်တိုက်ခိုက်ရင်း ရန်သူဖြစ်သော အင်္ဂလိပ်တပ်များတွင် အလွယ်တကူ လိုက်လံတိုက်ခိုက်နိုင်သော အရံတပ်များ အသင့်မရှိကြောင်းကို ဂျပန်တပ်များက တွေ့ရှိလာကြ၏။

ထို့ကြောင့် သံလွင်မြစ်ကို ရှိသမျှလက်နက်အင်အားနှင့် လေတပ်အင်အားကို အကာအကွယ်ယူကာ ဖြတ်၍ကူးကြတော့သည်။ ဖြတ်ကူးကြပြီးနောက် အင်္ဂလိပ်ခုခံရေးစခန်းများကို ဝင်၍စီးကြတော့၏။

ဤအချိန်တွင် မော်လမြိုင်ကို ဝင်ရောက်သိမ်းပိုက်ပြီးကတည်းက ဘီလူးကျွန်းသို့ ချီတက်သွားသော ဂျပန်တပ်ဖွဲ့တစ်ဖွဲ့က ဖျက်ဆီးခြင်းမခံရဘဲ ကျန်နေသော မော်တော်ဘုတ်အချို့ကို သိမ်းယူကာ မုတ္တမကွေ့အတိုင်း ဆန်တက်လာပြီးနောက် သုံးထပ်ကွမ်းချထားသော အင်္ဂလိပ်ခံစစ်ကြောင်းများအနက် ပထမခံစစ်ကြောင်းကို ဘေးမှပန်း၍ ဝိုင်းထားလိုက်သည်။

သထုံတွင်ရှိသော အင်္ဂလိပ်တို့၏ ဒုတိယခံစစ်ကြောင်းကိုလည်း ဂျပန်တို့ အထက်ပါနည်းအတိုင်း ဝိုင်းထားလိုက်နိုင်ပြန်သည်။

ထိုနည်းအတူ ဘီးလင်းတွင်ရှိသော အင်္ဂလိပ်တို့၏ တတိယခံစစ်ကြောင်းကို ဂျပန်များက ဝိုင်းထားလိုက်နိုင်ပြန်သည်။ ဤသို့ဖြင့် မြစ်မင်းသံလွင်သည် တိုး၍တိုး၍လာသော တက်၍တက်၍လာသော ဂျပန်တပ်များ၏ ပိတ်ဆို့ထားခြင်းကို ခံလိုက်ရပါသတည်း။

မြစ်မင်းသံလွင်သည် ရန်သူတို့၏ အဘက်ဘက်မှ ဝိုင်းဝန်းပိတ်ဆို့ခြင်းခံနေရသည့်အချိန်၌ မော်တော်ကားလမ်းနှင့် မီးရထားလမ်း ယှဉ်တွဲဖောက်လုပ်ထားသော စစ်တောင်းမြစ်ပေါ်မှ တံတားကြီးသည် ရန်သူနှင့်ကင်းကွာလျက်ပင်ရှိသေးသည်။ ဤတံတားကို စောစောကပင် အင်္ဂလိပ်တို့က ဖျက်ဆီးထားရန်သင့်သည်။

သို့သော်... ကော့ကရိတ်မှနေ၍ မော်လမြိုင်အထိ မိုင်ပေါင်း ၃၀၀ ကျော် ဆုတ်ခွာလာပြီးနောက် မိမိတို့သည် နောက်ထပ် ဆက်လက်ဆုတ်ခွာစရာ လိုတော့မည်မဟုတ်ဟု အင်္ဂလိပ်တပ်မှူးများက ယူဆခဲ့ကြ၏။

သို့ရာတွင် ဂျပန်တို့က အင်္ဂလိပ်တို့၏ စစ်ပရိယာယ်ကို ကွက်ကျော်

စားနိုင်ရန် စီစဉ်ထားပြီး ဖြစ်နေသည်။

ဂျပန်တို့သည် ပင့်ကူကြီးတစ်ကောင်က ယင်တစ်ကောင်ကို ဖမ်းသကဲ့သို့ စစ်တောင်းတံတားကြီးနှင့် အကြားတွင်ရှိနေသော အင်္ဂလိပ်တပ်မဟာ နှစ်တပ်ကို နောက်ရံတပ်များနှင့် အဆက်အသွယ်ပြတ်သွားရန် လည်းကောင်း၊ တပ်မှူးကြီးဖြစ်သူ ဟူတန်နှင့် အဆက်အသွယ်ပြတ်သွားအောင် လည်းကောင်း ပြုလုပ်နိုင်ခဲ့ကြသည်။ စစ်တောင်းတံတားကြီးနှင့် အင်္ဂလိပ်တပ်မဟာနှစ်ခုအကြားတွင် ဂျပန်တို့က ဝင်၍ သပ်လျှိုလိုက်ခြင်းပင်တည်း။

တပ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ဟူတန်မှာ စစ်တောင်းတံတား၏ အနောက်ဘက်ကမ်းတွင် တပ်ရင်းတစ်ရင်းစာမျှသော လူများဖြင့် အထီးကျန်နေခဲ့ရသောအဖြစ်သို့ ရောက်ခဲ့ရလေသည်။

စစ်တောင်းတံတားကြီးကို ဖြတ်ကျော်သွားကြသော မြန်မာ့တပ်ဖွဲ့ကလေးများမှာ တဆုတ်တည်းဆုတ်၊ တရှုံးတည်းရှုံးနေသော တိုက်ပွဲများကို နောက်ထပ် ကိုယ်တွေ့မကြုံလိုတော့သဖြင့် လွတ်ရာကျွတ်ရာသို့ ပြေးကုန်ကြပြီဖြစ်သည်။ သို့ဖြစ်၍လည်း ဗိုလ်ချုပ်ကြီးဟူတန်မှာ စစ်တောင်းတံတားကြီး၏ အနောက်ဘက်ကမ်းခြေ၌ တပ်ရင်းတစ်ရင်းစာမျှသော အင်အားဖြင့် အထီးကျန် ကျန်နေခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးဟူတန်က စစ်တောင်းတံတားကြီး၏ အနောက်ဘက်ကမ်းခြေမှ ရပ်၍ ရန်သူ့အခြေအနေကို အကဲခတ် ထောက်လှမ်းနေစဉ်တွင်ပင် ရန်သူ့တပ်များသည် တံတားထက် ပို၍အညာကျသောနေရာမှ စုဆောင်းသိမ်းဆည်းမိသမျှ ရေယာဉ်များဖြင့် စစ်တောင်းမြစ်ကို ဖြတ်ကူးနေကြောင်း တွေ့ရှိရသည်။

သို့တိုင်အောင် ရန်သူ့တပ်များ၏ ဝိုင်းဝန်းခြင်းခံထားရသော ဗိုလ်ချုပ်ကြီး ဟူတန်၏ တပ်မဟာများသည် ရန်သူကို ဖောက်ထွင်းကာ မထွက်နိုင်ဘဲ ဖြစ်နေသေးသည်။ အကယ်၍သာ ရန်သူက စစ်တောင်းတံတားကြီးကို လာရောက်တိုက်ခိုက်ခဲ့ပါလျှင် ဗိုလ်ချုပ်ကြီးဟူတန်၌ ရန်သူကို တွန်းလှန်ရန် လက်တစ်ဆုပ်စာမျှသော တပ်သားများသာ ရှိနေသည်။

စစ်တောင်းတံတားကြီးကိုသာ ရန်သူက ပကတိအတိုင်း သိမ်းပိုက်သွားမိလျှင် ရန်ကုန်သို့ ချီတက်ရာလမ်းမှာ ရန်သူတို့အတွက် ဖြူး၍နေပေ







တော့မည်။

စစ်တောင်းတံတားနှင့် ရန်ကုန်အကြားတွင် ရန်သူ့ချီတက်မှုကို တွန်းလှန်ဖြိုဖျက်ရန် ဗိုလ်ချုပ်ကြီးဟူတန်လက်အောက်၌ တပ်ရင်းတစ်ရင်းသာ ရှိနေလေသည်တကား။

ဤကဲ့သို့ စက္ကန့်တိုင်း စက္ကန့်တိုင်း စိုးရိမ်ပူပန်စိတ်ဖြင့် တဒိတ်ဒိတ် ရင်ခုန်နေရစဉ် ဗိုလ်ချုပ်ကြီးဟူတန်သည် စမ်းရေကြည်တစ်ပေါက်ကဲ့သို့ စိတ်နှလုံးချမ်းမြေ့စေသော သတင်းတစ်ခုကို ကြားလိုက်ရ၏။

တင့်ကားတပ်မဟာတစ်ခု ရန်ကုန်သို့ ရေကြောင်းဖြင့်ရောက်လာပြီ... ဟူသော သတင်းတည်း။

ဤတင့်ကားတပ်မဟာအပြင် နောက်ထပ်စစ်ကူများလည်း ပို့လိုက်ဦးမည်ဟု သတင်းကဆိုသည်။

အကယ်၍သာ မိမိသည် ထိုးစစ်ဆင်လာသော ရန်သူကို စစ်ကူများ ရောက်လာသည်အထိ ကြံ့ကြံ့ခံ၍ နေနိုင်မည်ဆိုပါက အမှတ်(၁)တပ်မကို ရန်ကုန်မြို့အား အကာအကွယ်ပေးနိုင်ရန်အတွက် ခေါ်ယူနိုင်ရုံသာမက အိန္ဒိယမှ စစ်ကူများလည်း ရရှိနိုင်မည်ဟု ဗိုလ်ချုပ်ကြီးဟူတန်က တွက်ကိန်းချမိလိုက်သည်။

ဤသို့တွက်ဆနေစဉ်တွင်ပင် တံတားအကြေဘက်ဆီမှ တံတားရှိရာသို့ တဒိုင်းဒိုင်းပစ်ခတ်ရင်း တိုက်ခိုက်လာကြသော ရှေးဦးချီ ရန်သူ့တပ်အချို့၏ အသံကို ကြားလာရ၏။

စစ်တောင်းတံတားတိုက်ပွဲကို အချိန်ကသာ အဆုံးအဖြတ်ပေးနိုင်ပေတော့မည်။

ဗိုလ်ချုပ်ကြီးဟူတန်သည် ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်လေ့လာလိုက်ပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲရင့်ရင့်ချလိုက်၏။ ဤဆုံးဖြတ်ချက်မှာ ရဲရဲရင့်ရင့်ချမှတ်ရန် လိုသည်နှင့်အမျှ အဆင်မသင့်လျှင် မိမိ၏တပ်များကို ပြန်၍ အကြီးအကျယ် အန္တရာယ်ပေးနိုင်သော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးဟူတန်က သိရှိပြီးဖြစ်သည်။

ရန်ကုန်မြို့တော်ကို ရန်သူ၏လက်ထဲသို့ မရောက်အောင် ကာကွယ်ရန်နည်းမှာ မျက်မှောက်တွေ့နေရသော အခြေအနေအရ စစ်တောင်းတံတား

ကြီးကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်ရန်တည်း။

စစ်တောင်းတံတားကြီးကို ဖောက်ခွဲဖျက်ဆီးလိုက်ခြင်းအားဖြင့် အရှေ့ဘက်ကမ်းတွင် အဝိုင်းခံနေရသော မိမိတပ်များမှာ သောင်ပြင်အလွတ်ခံရသကဲ့သို့ ကြုံရမည်ကိုလည်း စဉ်းစားမိသည်။

သို့သော်... ရန်သူ့တပ်များ ရန်ကုန်သို့ ချီတက်သိမ်းပိုက်ရေးကို နှောင့်နှေးကြန့်ကြာစေမည်မှာလည်း မုချ။

ရန်သူ့တပ်များ နှောင့်နှေးကြန့်ကြာနေသည်နှင့်အမျှ တရုတ်ပြည်နှင့် ဆက်သွယ်ရာတွင် တစ်ခုတည်းသော တံခါးပေါက်ဖြစ်သည့် ရန်ကုန်ဆိပ်ကမ်းကို ပို၍အချိန်ကြာအောင် ဖွင့်ထားနိုင်မည်မဟုတ်ပါလား။

ရန်ကုန်တည်းဟူသော ဆိပ်ကမ်းတံခါးပေါက်မှနေ၍ တရုတ်ပြည်ရှိ တပ်များအတွက် အထူးလိုအပ်နေသော ယာဉ်၊ ရိက္ခာနှင့် လက်နက်ခဲယမ်းများကို ရေကြောင်းဖြင့် တင်ပို့ပေးနိုင်မည် မဟုတ်ပါလော။

ထို့အပြင် တရုတ်စစ်သူကြီး ချန်ကေရှိတ်နှင့် မဟာမိတ်များ သဘောတူညီချက်အရ တရုတ်တပ်ကြီးနှစ်တပ်ကို မြန်မာပြည်အတွင်းသို့ ခေါ်ယူလာရန် အချိန်လည်း ရမည်မဟုတ်ပါလား။

ဤတရုတ်တပ်များသည် မကြာမီက ဖောက်လုပ်ထားခဲ့သော 'တရုတ်–မြန်မာ' လမ်းမကြီးအတိုင်း မြန်မာပြည်ထဲသို့ ဝင်ရောက်လာကာ မန္တလေးတောင်ဘက်ရှိ အချက်အချာကျသော နေရာများမှနေ၍ တက်လာမည့် ဂျပန်တပ်များကို အင်္ဂလိပ်တပ်များနှင့် ပူးပေါင်းကာ တိုက်ခိုက်တွန်းလှန်နိုင်မည် မဟုတ်ပါလား။

စစ်တောင်းတံတားကြီးကို ဖောက်ခွဲဖျက်ဆီးပစ်ရန် ဗိုလ်ချုပ်ကြီးဟူတန် ကိုယ်တိုင်က အမိန့်ပေးလေသလား...၊ သို့မဟုတ် တစ်စုံတစ်ဦးသော ဦးစီးအရာရှိတစ်ယောက်က တံတားကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်မှ ကောင်းမည်ထင်ကာ ဖောက်ခွဲခဲ့လေသလား။ ဤမေးခွန်းနှစ်ခုကို မည်သူမျှ အဖြေမပေးနိုင်ကြ။ ဤကဲ့သို့သော အကြောင်းအချက်များသည် စစ်ရုံးချုပ်ရှိ ဖိုင်အထပ်ထပ်ထဲ၌ ပုန်းလျှိုးကွယ်ပျောက်နေတတ်သည်သာ ဖြစ်ချေ၏။

ဤအမိန့်ကို မည်သူကပေးသည်ဖြစ်စေ၊ စစ်တောင်းအရှေ့ဘက်ကမ်းတွင် ကျန်ရစ်နေခဲ့သော တပ်သားအများအပြားက တံတားကြီး ဖောက်ခွဲ







ဖျက်ဆီးရေးကို အပြင်းအထန်ကန့်ကွက်ကြမည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော်... များစွာသော အင်္ဂလိပ်လက်အောက်ခံ တပ်သားများသည် တစ်ဖက်တွင် ဘီလူးနှင့်တူသော ရန်သူ့တပ်ဦးကို ရင်ဆိုင်လျက်ရှိစဉ် အခြားတစ်ဖက်၌ ပေါင်းကူးတံတား ကင်းမဲ့နေပြီဖြစ်သော ရေစီးသန်လှသည့် သံလွင်မြစ်ကြီးကို ရင်ဆိုင်ရန်သာ ရှိနေသောကြောင့်တည်း။

အင်္ဂလိပ်၊ ပန်ချာပီနှင့် ဂေါ်ရခါးတပ်သား အများအပြား ပါဝင်သော တပ်များသည် ဝိုင်းဝန်းထားသော ဂျပန်တပ်များကို ထိုးဖောက်၍ထွက်ရန် သုံးကြိမ်သုံးဖန် အားတိုက်ခွန်တိုက်ကြိုးစားကြ၏။ သုံးကြိမ်စလုံးပင် တပ်လန်၍ကျခဲ့ကြရသည်။

နောက်တစ်နေ့တွင် ကျဆုံးဒဏ်ရာရသူ ရဲဘော်ရဲဘက်များ၏ကိုယ်စား သွေးကို သွေးဖြင့်ပင် ပေးဆပ်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီး အင်္ဂလိပ်ပန်ချာပီနှင့် ဂေါ်ရခါးတပ်သားများသည် ဝိုင်းဝန်းထားသော ဂျပန်တပ်ကို လှံစွပ်ဖြင့် တက်၍ တိုက်ခိုက်ထိုးဖောက်ကြလေတော့သည်။ ထိုးဖောက်လွတ်မြောက်လာသူများက စစ်တောင်းမြစ်ထဲသို့ ခုန်ဆင်းကာ တစ်ဖက်ကမ်းသို့ ကူးလာနိုင်ရန် ကြိုးစားကြ၏။

ဤသို့ဖြင့် စစ်တောင်းအရှေ့ဘက်ကမ်းတွင် မော်တော်ကားများ၊ အမြောက်များကို အများအပြားပင် စွန့်ပစ်ခဲ့ကြရတော့သည်။

စစ်တောင်းတံတားကို ဖောက်ခွဲဖျက်ဆီးရန် ဆုံးဖြတ်လိုက်ခြင်းမှာ မှားသည်–မှန်သည် မပြောလိုသော်လည်း များစွာသောတပ်သားတို့၏ စိတ်ဓာတ်ကို အထူးကျဆင်းစေခဲ့သည်ကား အမှန်ပင်ဖြစ်တော့သည်။

စစ်တောင်းတံတားတိုက်ပွဲတွင် မရှုမလှခံခဲ့ရသောကြောင့် စစ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ကြီးဟူတန်၏နေရာတွင် နောက်ထပ်လူစားထိုးရန် အထက်အာဏာပိုင်များက စီစဉ်လာကြပြန်သည်။

တစ်လအတွင်း စစ်မှူးကြီးနှစ်ယောက် ပြောင်းရလောက်အောင် ဖြစ်ပေါ်လာခဲ့သော အခြေအနေမှာ လန်ဒန်မှ စစ်ရေးပေါ်လစီကို ကိုင်ထားသူများ၏ အပြစ်သာတည်း။

စစ်တောင်းတံတားတိုက်ပွဲတွင် မရှုမလှခံခဲ့ရသော အင်္ဂလိပ်တပ်များသည် ဆက်၍ဆုတ်ခွာလာခဲ့ကြပြန်၏။

စစ်တောင်းမှနေ၍ ဝေါသို့ ဆုတ်လာရသည်။ ဝေါမှတစ်ဖန် ပဲခူး …။

အင်္ဂလိပ်တပ်များ ပဲခူးသို့ ဆုတ်လာရသည့်အချိန်အထိ နယူးဒေလီရှိ အထက်တန်း စစ်အရာရှိကြီးများက မိမိတို့၏ တောက်ပြောင်ခဲ့ညားလှသော ရုံးခန်းထဲမှနေ၍ မှတ်ချက်ချနေကြသေးသည်။

"ရန်ကုန်ကတော့ မကျသေးဘူး။ ဘုရားသခင် မ,လို့ ရန်သူ့လက်ထဲကို ရန်ကုန် မကျနိုင်ပါဘူး"

နယူးဒေလီရှိ အထက်တန်းစစ်အရာရှိကြီးများက ဤကဲ့သို့ မှတ်ချက်ချနေချိန်တွင် မြန်မာပြည်ဘုရင်ခံ ဒေါ်မန်စမစ်မှာ ရုံးအဖွဲ့သားများနှင့်အတူ ရန်ကုန်မှ ထွက်ပြေးကြရပေပြီ။

ဂျပန်ဗုံးဒဏ်ကြောင့် ကျီးလန့်စာစားနေခဲ့ရသော ရန်ကုန်မြို့တော်မှာ အင်္ဂလိပ်တို့၏ မြေလှန်စနစ်ကြောင့် အပျက်အစီးနှင့် ပြာပုံဘဝသို့ ရောက်လာရလေသည်။

သို့ဖြင့် တရုတ်ပြည်နှင့် တစ်ခုတည်းသော အဆက်အသွယ်ပြုလုပ်ရာ တံခါးပေါက်ဖြစ်သော ရန်ကုန်ဆိပ်ကမ်းမှာ ဤအချိန် ဤအခါမှစ၍ တစ်ခန်းရပ်ခဲ့ရလေသည်။

ဤထက်ပို၍ဆိုးသည်ကား အင်္ဂလိပ်တပ်မတော်ကြီးသည် ပြင်ပကမ္ဘာကြီးနှင့် အဆက်အသွယ်ဖြတ်သွားခြင်းပင်တည်း။

n







## ( ၂ ) တောင်ငူမှ ထိုးစစ်ဆင်ခြင်း

ရန်သူ့လက်ထဲသို့ ရန်ကုန်ကျသွားပြီးနောက် အိန္ဒိယစစ်ဌာနချုပ်ရှိ ဗိုလ်ချုပ်ကြီးဝေဘယ်လ်နှင့် လန်ဒန်ရှိ နန်းရင်းဝန်ကြီး ချာချီတို့က မြန်မာပြည်ကို ဆက်လက်ကာကွယ်ထား၍ ရနိုင်တော့မည်မဟုတ်ဟု ယူဆလာကြလေသည်။

သို့ရာတွင် အတတ်နိုင်ဆုံး ခုခံကာကွယ်ထားဦးမည်ဟူသော ရည်ရွယ်ချက်ဖြင့် တရုတ်ပြည်မှ ချန်ကေရှိတ်၏ တပ်ကြီးနှစ်တပ်ကို မြန်မာပြည်ထဲသို့ စစ်ကူစေလွှတ်လိုက်၏။ ယူနန် မြန်မာနယ်စပ်မှ တရုတ်တပ်သားများ ဖေဖော်ဝါရီလကုန်လောက်တွင် တောတောင်များကို ဖြတ်ကျော်ကာ မြန်မာပြည်ထဲသို့ စ၍ ချီလာပေပြီ။

ဤအချိန်တွင်ပင် မြန်မာပြည်စစ်မျက်နှာ၌ ဗိုလ်ချုပ်ကြီးဟူတန်အစား နောက်ထပ် ဗိုလ်ချုပ်အသစ်တစ်ဦး ရောက်ရှိလာပြန်သည်။ ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားပင်တည်း။

ဗိုလ်ချုပ်ကြီးအလက်ဇန္ဒား၏ အစီအစဉ်မှာ တက်လာသော ရန်သူများကို စစ်တောင်းမြစ်ကမ်းပေါ်ရှိ တောင်ငူနှင့် ဧရာဝတီမြစ်ကမ်းပေါ်ရှိ ပြည်တို့မှ ဆီးကြိုခုခံတိုက်ခိုက်ရန်ပင်ဖြစ်၏။

အလက်ဇန္ဒား၏ အစီအစဉ်ကို ယူနန်နယ်စပ်မှ ရောက်ရှိလာကြသော တရုတ်တပ်များက ကောင်းစွာသဘောတူကြပြီး တောင်ငူတွင် ခံကတုတ်ကျင်းများတူးကာ ရန်သူကို ဆီးကြိုတိုက်ခိုက်ရန် အသင့်ပြင်ဆင်ကြသည်။

ယူနန်နယ်စပ်မှရောက်ရှိလာသော တရုတ်တပ်အင်အားမှာ ၂၆၀၀၀ မှ ၂၈၀၀၀ အကြားတွင်ရှိနေသည်။ အမြောက်များ၊ တင့်ကားဖျက်လက်နက်များ၊ မော်တာများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များလည်း ပါလာသည်။

ဂျပန်တို့က အင်္ဂလိပ်တို့ကို တိုက်နေကျထုံးစံအတိုင်း တောင်ငူအနောက်ဘက်တွင် လမ်းကိုပိတ်ဆို့ထားလိုက်ပြီးနောက် မြို့ထဲတွင် ခံကတုတ်ကျင်းများတူး၍ နေရာယူထားသော တရုတ်တပ်များ ဆုတ်ခွာမည့်အချိန်ကို စောင့်နေကြ၏။

တောင်ငူတွင် တပ်စွဲထားသော အမှတ်(၂၀၀) တရုတ်တပ်မသည် ဂျပန်များ မျှော်လင့်ထားသကဲ့သို့ အင်္ဂလိပ်တပ်များ ဆုတ်သလို ဆုတ်မသွားဘဲ ဂျပန်တပ်များကို ခုခံတိုက်ခိုက်ကြ၏။

တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်တိုက်ခိုက်ရသော တောင်ငူတိုက်ပွဲတွင် တရုတ်ဘက်သို့ စစ်ကူ နောက်ထပ်ရောက်ရှိလာသည်။ ဂျပန်







ဘက်ကလည်း တပ်ဖွဲ့တစ်ဖွဲ့နှင့် အတော်အသင့် အင်အားကောင်းသော လေတပ်အကူအညီကို ထပ်မံရရှိကြသည်။ သို့ဖြင့် တောင်ငူတိုက်ပွဲသည် ၁၃ ရက်တိုင်တိုင် အကြိတ်အနယ်တိုက်ခိုက်ရသော တိုက်ပွဲကြီးတစ်ခု ဖြစ်လာတော့၏။

ဂျပန်ရန်သူတို့ကို သဲသဲမဲမဲတွန်းလှန်နေသော တရုတ်တို့သည် တိုက်နေရင်းကပင် မိမိတို့အပေါ်၌ တပ်မှူးကြီးအဖြစ် လာရောက်အုပ်ချုပ်နေသူမှာ အမေရိကန်အမျိုးသား ဗိုလ်ချုပ်တစ်ယောက်ဖြစ်ကြောင်း တွေ့လာရ၏။ ဂျိုးဇက်စတီးဝဲလ် အမည်ရှိသော ဗိုလ်ချုပ်ပင်တည်း။

မြန်မာပြည်တွင် ဂျပန်ကိုတိုက်နေသော တရုတ်များ၏ တပ်မှူးကြီးအဖြစ် အမေရိကန်ဗိုလ်ချုပ်တစ်ယောက်ကို ခန့်ထားလိုက်ခြင်းမှာ ဆန်းကြယ်သည်နှင့်အမျှ ရှုပ်ထွေးစရာလည်း ဖြစ်နေလေသည်။

ဂျပန်လက်အောက်သို့ ကျရောက်ခြင်းမရှိသေးသော တိုင်းပြည် နှစ်ပြည်မှာ ဤအချိန်အခါ၌ အရှေ့ဘက်တွင် တရုတ်နှင့် မြန်မာပြည်သာ ကျန်ရှိနေသည်။ သို့တိုင်အောင် တရုတ်နှင့် မြန်မာထဲသို့ ဂျပန်တပ်များ ထိုးဖောက်နိုင်သမျှ ထိုးဖောက်ဝင်ရောက်နေပြီဖြစ်၏။ ဤသို့အခြေအနေဖြစ်ပေါ်လာကာမှပင် မဟာမိတ်တို့သည် မိမိတို့အတွက် နောက်ဆုံး ခြေကုပ်ယူရမည့် ဒေသနှစ်ခုမှာ တရုတ်ပြည်နှင့် မြန်မာပြည်သာ ရှိတော့ကြောင်း သဘောပေါက်လာခဲ့ကြ၏။ ဒုတိယကမ္ဘာစစ် စောစောပိုင်းကသာ ဤအမြင်မျိုးကို မဟာမိတ်တို့က မြင်ခဲ့လျှင် တရုတ်နှင့် မြန်မာပြည်သို့ စစ်နှင့်သက်ဆိုင်သမျှ လူနှင့် လက်နက်ကို တောင်ပုံရာပုံ၍ ပေးခဲ့မည်ဖြစ်သည်။

## ( ၃ )

ယခုမူ မြန်မာပြည်ကို လက်လွှတ်ရတော့မည့်ကဲ့သို့ ရှိနေပေသည်။ နယ်မြေကျယ်ပြောလှသော တရုတ်ပြည်တစ်ခုသာ ခြေကုပ်စခန်းအဖြစ် အားထားစရာရှိတော့သည်။

သို့ဖြစ်၍လည်း တရုတ်တပ်များကို မြန်မာပြည်အတွင်းသို့ စစ်ကူခေါ်ယူလာခဲ့ပြီးနောက် တရုတ်စကားကို ရေရေလည်လည်ပြောတတ်သော အသက် ၅၉ နှစ်ရှိ အမေရိကန်အမျိုးသား ဗိုလ်ချုပ်စတီးဝဲလ်ကို တရုတ်တပ်

များအပေါ်တွင် တပ်မှူးကြီးအဖြစ် ခန့်ခဲ့ခြင်း ဖြစ်လေသည်။

ပထမကမ္ဘာစစ်ကြီးအတွင်းက စစ်မြေပြင်တွင်လည်းကောင်း၊ စစ်ရုံးချုပ်တွင်လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်တိုက်ခိုက်လုပ်ကိုင်ခဲ့သော ဗိုလ်ချုပ်စတီးဝဲလ်သည် မြန်မာပြည်သို့ ရောက်ရှိလာပြီးနောက် တဆုတ်တည်းဆုတ်နေသော အင်္ဂလိပ်တပ်မှူးများ၏ စစ်ဗျူဟာကို ပြောင်းပြန်လှန်ပစ်ရန် ကြိုးစားခဲ့၏။

စတီးဝဲလ်၏စစ်ဗျူဟာကား ဆုတ်စစ်ပြုနေမည့်အစား ထိုးစစ်ဆင်နွှဲရန်တည်း။

အင်္ဂလိပ်တပ်များ၏ တပ်မှူးကြီးဖြစ်သူ အလက်ဇန္ဒားက ချုံကင်းတွင် တရုတ်စစ်သူကြီး ချန်ကေရှိတ်နှင့် ဆွေးနွေးပွဲထိုင်နေစဉ် ဗိုလ်ချုပ်ကြီး စတီးဝဲလ်က သူ့လက်အောက်ရှိ အမှတ်(၂၀၀) တရုတ်တပ်မကို တောင်ငူတွင် ကတုတ်ကျင်းများတူး၍ ကြံ့ကြံ့ခံနေရန် ညွှန်ကြားလိုက်ပြီးနောက် အမှတ် (၂၂) တပ်မကို ထိုးစစ်ဆင်ရန် အမိန့်ပေးလိုက်၏။ တစ်ချိန်တည်းပင် ဗိုလ်မှူးမာရီးအား ဧရာဝတီစစ်မျက်နှာတွင် တာဝန်ယူနေရသော ဗိုလ်ချုပ်ကလေး ဝီလျံဆလင်းထံသို့ စေလွှတ်ကာ မိမိ၏ထိုးစစ် သေနင်္ဂဗျူဟာတွင် ပါဝင်နိုင်မည်လားဟု စုံစမ်းမေးမြန်းခိုင်းလိုက်သည်။

"စတီးဝဲလ်ရဲ့ပန်းတိုင်က ဘာလဲ..."

ဗိုလ်ချုပ်ကလေးဆလင်းက ဆတ်သားအဖြစ် စေလွှတ်လိုက်သော ဗိုလ်မှူးမာရီးလ်ကို မေးလိုက်၏။

"ပန်းတိုင်က ရန်ကုန်ပါပဲ၊ ရန်ကုန်ကို ပြန်သိမ်းယူဖို့ပါပဲ"

ဗိုလ်မှူးကြီးမာရီးလ်က မျက်တောင်တစ်ချက်မှမခတ်ဘဲ ပြန်၍အဖြေပေးလိုက်၏။

"စတီးဝဲလ်ကို ပြောလိုက်စမ်းပါ။ ရန်ကုန်အထိဆင်းပြီး သိမ်းမယ်ဆိုရင် ကျုပ်ကိုလည်း သူ့ရဲဘက်တော်ကြီးတစ်ယောက်အနေနဲ့ စာရင်းသွင်းလိုက်စမ်းပါလို့..."

သို့ဖြင့် စတီးဝဲလ်နှင့် ဆလင်းတို့၏ တန်ပြန်ထိုးစစ် စတင်ခဲ့လေသည်။

n







## ( ၃ ) တောင်ငူရှေ့တန်းစစ်မျက်နှာ

ဗိုလ်ချုပ်ကြီးစတီးဝဲလ်က အမှတ်(၂၂) တပ်မအား ထိုးစစ်ဆင်ရန် အမိန့်ပေးလိုက်သည့် ညနေတွင်ပင် ကျွန်တော်သည် မန္တလေးမှ တောင်ငူ ရှေ့တန်းစစ်မျက်နှာသို့ ကင်းထောက်မော်တော်ယာဉ်တစ်စင်းဖြင့် လိုက်ပါလာခဲ့လေသည်။

ကားပေါ်တွင် ကျွန်တော်နှင့်အတူ လူရှစ်ယောက်ပါလာ၏။ တရုတ်တပ်မတော်မှ စစ်ထောက်ချုပ်၊ စစ်သားငါးဦး၊ ကားမောင်းသူနှင့် ကျွန်တော် ဖြစ်သည်။ စစ်သားငါးဦးတွင် ရိုင်ဖယ်နှင့် တော်မီများ ပါလာသည်။

ရှေ့တန်းစစ်မျက်နှာရှိ တရုတ်တပ်များအတွက် ရိက္ခာတာဝန်ကို ယူထားရသော တရုတ်ဗိုလ်ချုပ်က မြန်မာပြည် စစ်မျက်နှာတွင် ပါဝင် တိုက်ခိုက်ရခြင်းမှာ တရုတ်များအတွက် အဘက်ဘက်မှ အခက်အခဲတွေ့ရ ကြောင်း ညည်းညည်းညူညူပြောပြနေသည်။

"အင်္ဂလိပ်တွေလုပ်ထားခဲ့သမျှ မကောင်းမှုတွေအတွက် ကျုပ်တို့က ဒဏ်ခံနေရတယ်။ မြန်မာအမျိုးသားတွေက ကျုပ်တို့ကို အင်္ဂလိပ်နယ်ချဲ့ရဲ့ နောက်လိုက်ခွေးတွေလို့ သတ်မှတ်ပြီး ကျုပ်တို့ကို မှောင်ထဲကနေပြီး ချောင်း ပစ်တယ်။ ကျုပ်တို့စခန်းချတဲ့အိမ်တွေကို မီးဝင်ပြီးရှို့တယ်"

တရုတ်ဗိုလ်ချုပ်၏စကားမဆုံးခင်ပင် ကားပေါ်တွင် လိုက်ပါလာသော စစ်သားတစ်ယောက်က ထိတ်လန့်တကြားအော်လိုက်သံကို ကြားလိုက် ရ၏။

တရုတ်ဗိုလ်ချုပ်သည် စကားကိုရပ်လိုက်၏။ ကားထဲတွင် လိုက်ပါ လာသော ကျွန်တော်တို့တစ်တွေမှာ ကျောရိုးထဲက စိမ့်လာအောင် ကြောက် သွားမိ၏။

"ဟိုမယ်...ကြည့်စမ်း..."

စောစောက အော်ဟစ်လိုက်သောစစ်သား ညွှန်ပြရာသို့ လှည့်၍ကြည့် လိုက်သောအခါ ကျွန်တော်တို့နှင့် အရှေ့ဘက်ခပ်ယွန်းယွန်းတွင် မီးခိုးလုံး များ တရိပ်ရိပ်တက်နေသည်ကို တွေ့လိုက်ကြရ၏။ အစပထမတွင် ကောင်းကင် ယံ၌ စက်ဝိုင်းတစ်ခု၏ အစိတ်အပိုင်းတစ်ခုပမာ ရှိနေသော မီးအလျှံသည် ကြည့်ရင်းကြည့်ရင်း လိမ္မော် အဝါရင့်ရောင်ကဲ့သို့ ဖြန့်ကား၍တက်လာပြီး







ကောင်းကင်တစ်ခွင်တစ်ပြင်လုံး၌ မီးအလျှံဖြင့်ပြုလုပ်ထားသော ထီးကြီး တစ်ခု ဖြန့်ကြက်၍ထားသကဲ့သို့ ရှိနေတော့သည်။

မော်တော်ကားပေါ်ရှိ စစ်သားများသည် ရိုင်ဖယ်သေနတ်များကို ဆုပ် ကိုင်လိုက်ပြီး မတ်တတ်ရပ်လိုက်ကြ၏။ ထို့နောက် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

စစ်သားတစ်ယောက်က 'သစ္စာဖောက်တွေရဲ့လက်ချက်ပဲ'ဟု ပြော လိုက်၏။ ဤအချိန်တွင်ပင် တရုတ်ဗိုလ်ချုပ်က ကျွန်တော့်လက်မောင်း တစ်ဖက်ကို ဆွဲကိုင်လိုက်သဖြင့် သူဆွဲခေါ်ရာဘက်သို့ စောင်း၍ကြည့်လိုက် သောအခါ မော်တော်ကားလမ်းနှင့် မဝေးလှသော လယ်ကွင်းပြင်များ၌ မီးတုတ်မီးစည်းများ ဟိုမှသည်သို့ ရွေ့လျားနေသည်ကို တွေ့မြင်လိုက်ရ သည်။

မီးရောင်များသည် မြေပြင်နှင့် သုံးပေခန့်အကွာမှနေ၍ ရွေ့လျားနေ ခြင်းဖြစ်ရာ ကျွန်တော့်အဖို့ ထိတ်လန့်စရာနှင့် ဖြေရှင်း၍မရနိုင်သော ပြဿနာတစ်ခု ဖြစ်လာရလေသည်။

လယ်ကွင်းများဆီမှ ရွေ့လျားလှုပ်ရှားနေသော မီးတုတ်များကို ကြည့် နေရင်းက လမ်းဘေးတစ်ဖက်ရှိ ကိုင်းတောကြီးအတွင်းတွင် မီးခိုးတန်းကြီး တစ်ခု ရုတ်တရက် ပေါ်ပေါက်လာသည်ကို တွေ့လိုက်ရပြန်၏။

ပို၍တောက်လာသောမီးရောင်၏ အလင်းရောင်ကြောင့် မီးတုတ် မီးစည်းများကို ကိုင်ရင်း ကိုယ်ကိုပုကာ ဟိုမှသည်သို့ ပြေးလွှားနေသော လူသဏ္ဍာန်များကို တွေ့လိုက်ရသည်။

ကျွန်တော်သည် ကျောရိုးထဲတွင် စိမ့်လာသည်အထိ ကြောက်သွားမိ ပြန်၏။ မိမိမရောက်မပေါက်ဖူးသော နယ်မြေဒေသတွင် မိမိ တစ်ခါမျှ မတွေ့မကြုံဖူးသော အဖြစ်မျိုးနှင့် ရင်ဆိုင်ရသောအခါ အဘယ်သူသည် ကျောရိုးစိမ့်အောင် မကြောက်ဘဲ နေနိုင်ပါအံ့နည်း။

ညဉ့်နက်သန်းခေါင်တွင် တစ္ဆေပုံပြင်များကို နားထောင်ရင်း တစ္ဆေနှင့် ရုတ်တရက်တွေ့လိုက်ရသကဲ့သို့ ဖြစ်နေမိသည်။

ဤအချိန်တွင်ပင် ကျွန်တော်တို့လိုက်ပါလာသော ကင်းထောက်ကား ကြီးသည် ရုတ်တရက် ရပ်တန့်သွားသည်ကို သတိပြုလိုက်မိ၏။ ကျွန်တော်

တို့ရှေ့တွင် အော်၍ ရေရွတ်မြည်တမ်း၍ တစ်နေရာမှ တစ်နေရာသို့ ပျားပန်းခပ်သလို လှုပ်ရှားနေသော စစ်သားများကို တွေ့လိုက်ရပြန်သည်။

ရှေ့သို့မချီတက်နိုင်ဘဲ လမ်းလယ်ကောင်တွင် ရပ်တန့်ထားသော တရုတ်ရိက္ခာပို့ဆောင်ရေး မော်တော်ယာဉ်အုပ်စုအလယ်သို့ ကျွန်တော်ရောက်ရှိသွားခြင်းပင်တည်း။

တရုတ်ဗိုလ်ချုပ်သည် ကားပေါ်မှ ခုန်ဆင်းလိုက်ပြီးနောက် ပထမဆုံးတွေ့ရသော စစ်သားတစ်ယောက်ကို ဖမ်း၍ ချုပ်ကိုင်ထားလိုက်ပြီး 'ဘာဖြစ်တာလဲဟေ့...'ဟု မေးလိုက်၏။

"ဂျပန်လေယာဉ်တွေက ကျွန်တော်တို့ မော်တော်ယာဉ်အုပ်စုကို လာပြီးတိုက်နေတဲ့အချိန်မှာ မြန်မာသစ္စာဖောက်တွေက နောက်ကနေပြီး ဒုက္ခပေးနေတာပဲ"

"ဂျပန်လေယာဉ်တွေက ဒီနေ့ညနေဘက်မှာ ပျဉ်းမနားဘူတာရုံကို မီးလောင်ဗုံးတွေနဲ့ လာတိုက်ပြီး ညဘက်ကျတော့ မြန်မာသစ္စာဖောက်တွေက မီးမလောင်ဘဲ ကျန်နေတဲ့ ဘူတာရုံကို ထပ်ပြီး မီးရှို့နေပြန်ပြီ။ ပျဉ်းမနားတစ်မြို့လုံး မီးဟုန်းဟုန်းတောက်နေတာကို ဒီကနေပြီး မြင်ရတယ်မဟုတ်လား..."

တရုတ်စစ်သားသည် တရုတ်စစ်ဗိုလ်ချုပ်လက်ထဲမှ ဘေးသို့ထွက်လိုက်ပြီး ဆက်၍ပြောပြန်၏။

"ကျွန်တော်တို့ ဆက်ပြီးမသွားနိုင်တော့ဘူး။ လမ်းတစ်လျှောက်လုံးမှာ မီးခိုးမီးလျှံတွေ ဖုံးနေပြီ..."

"ဘာပဲဖြစ်ဖြစ် ဆက်ပြီးသွားရမှာပဲ၊ ရှေ့တန်းစစ်မျက်နှာတစ်ခုလုံးမှာ ရှိတဲ့ စစ်သားတွေစားဖို့ ဆန်ကို ပျဉ်းမနားမှာပဲ လှောင်ထားတယ်၊ ဒီဆန်တွေသာ မီးလောင်ကုန်ရင် ကျုပ်တို့အားလုံး အရှုံးနဲ့ရင်ဆိုင်ရတော့မှာပဲ"

တရုတ်ဗိုလ်ချုပ်၏ အမိန့်အရ ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော မော်တော်ကားသည် ရှေ့သို့ဆက်၍ထွက်လာခဲ့၏။ စစ်သားများသည် လက်တစ်ဖက်မှ ရိုင်ဖယ်ကိုကိုင်ကာ အခြားလက်တစ်ဖက်က မီးခိုးလာ၍ဟပ်နေသော မျက်လုံးအစုံကို ကာထားရင်း လိုက်ပါလာခဲ့ကြ၏။

ကျွန်တော်တို့သည် ကားလမ်းအတိုင်း တောအုပ်တစ်ခုကို ဖြတ်၍လာခဲ့







ကြရာတွင် ထင်းတုံးများကို အတန်းလိုက်စီ၍ မီးတိုက်ထားကြောင်း တွေ့ရှိလာကြရသည်။

မီး၏အပူရှိန်မှာ ရှေ့သို့ ကျွန်တော်တို့ တက်၍လာနေတိုင်း ပူလောင်ပြင်းပြလာ၏။ ထင်းပုံများမှ ကူးစက်လောင်ကျွမ်းနေသော မီးမှာ သစ်ပင်ထိပ်ဖျားပေါ်သို့ ရောက်ရှိလာကာ သစ်သားဖြင့် ဆောက်လုပ်ထားသော အိမ်များဆီသို့လည်း ကူးစက်နေလေသည်။ ဤနေရာကား... ပျဉ်းမနားမြို့ပင်တည်း။

တောင်ငူစစ်မျက်နှာတွင် အဖိခံနေရသော တရုတ်စစ်သားများကို ပျဉ်းမနားမှနေ၍ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များ ထောက်ပံ့လျက်ရှိသည်။ ရိက္ခာထောက်ပံ့ရေး အခြေခံစခန်းဖြစ်သော ပျဉ်းမနားကို ဂျပန်တို့၏ ဘက်တော်သားများက မီးလောင်တိုက်သွင်းနေလေပြီတကား...။

တရုတ်ဗိုလ်ချုပ်သည် ကားပေါ်တွင်ထိုင်ရင်း မှတ်ချက်ချလိုက်သည်။

"သိပ်တော့မဆိုးသေးဘူးဗျို့၊ ကျုပ်တို့ဆန်တွေလှောင်ထားတဲ့နေရာအထိတော့ ဘာမှမဖြစ်သေးဘူး၊ ဆန်တွေလှောင်ထားတဲ့နေရာကို ရောက်အောင်သွားပြီး ကြည့်ရဦးမယ်..."

ရှေ့သို့ ကျွန်တော်တို့ ခရီးဆက်ခဲ့ကြပြန်၏။ မတ်စောက်သောလမ်းကို ကားဖြင့် တရွေ့ရွေ့တက်ရသည်။ စစ်သားများသည် မီးအပူဒဏ်မှ တတ်နိုင်သမျှ သက်သာစေရန်အတွက် မော်တော်ကားနံရံကို အကာအကွယ်ယူထားကြသည်။

တောင်ကြားလမ်းကျဉ်းကလေးထိပ်သို့ ရောက်သောအခါ ကားကို ခဏရပ်ထားရပြန်၏။ ကြည့်လိုက်တိုင်း မီးရှူးမီးပန်းကြီးများ ထွန်းတောက်နေသကဲ့သို့ မီးအလျှံဖြင့် ထိန်ထိန်ညီးနေသော တောအုပ်ကို တွေ့နေရ၏။ သစ်ပင်ထိပ်ဖျားဆီတွင် အဖြူရောင်၊ အဝါရောင်၊ လိမ္မော်ရောင် မီးပန်းမီးတောက်တို့သည် အလွန်တရာ အင်အားကြီးမားလှစွာသော လျှပ်စစ်ဓာတ်အား သွယ်တန်းထွန်းညှိထားသကဲ့သို့ ရှိနေလေတော့သည်။ မီးစောင်းတန်းကြီးသဖွယ်ရှိနေသော တောပါတကား။

သစ်ပင်များအောက်ခြေသို့ တဖွားဖွားကျဆင်းနေသော မီးတောက်များမှာ မီးရေတံခွန်ကြီးကဲ့သို့ ဖြစ်နေသည်။ လက်ဝဲဘက်သို့ ကြည့်လိုက်

သောအခါ မီးရောင်ဖြင့် ထိန်ထိန်ညီးနေသော ရေကန်တစ်ကန်ကို တွေ့ရ၏။ ရေကန်ပတ်ဝန်းကျင်ရှိ သစ်ပင်များပေါ်တွင် တောက်လောင်လျက်ရှိသော မီးအလျှံသည် ရေပြင်တွင် တလက်လက် အရိပ်ထင်နေခြင်းပင်တည်း။

ကျွန်တော်တို့သည် လျှပ်ပန်းလျှပ်နွယ် လက်သကဲ့သို့ ထိန်ထိန်ညီးနေသော မီးရောင်အောက်မှဖြတ်ကာ ရှေ့သို့တက်၍လာခဲ့ကြပြန်သည်။ လမ်းကွေ့ထောင့်ချိုးတစ်နေရာတွင် အမှတ်(၉၆) တရုတ်တပ်မမှ ဆက်သွယ်ရေးအရာရှိဖြစ်သူ အင်္ဂလိပ်ဗိုလ်ကြီးတစ်ဦးကို ဘတ်စ်ကားတစ်စင်းနှင့် အတူ တွေ့ရ၏။

ကျွန်တော်တို့နှင့်ပါလာသော တရုတ်ဗိုလ်ချုပ်က...

'ကျုပ်ဆန်တွေကော'ဟု အလောတကြီး မေးလိုက်၏။

"ဆန်တွေကို တောင်ပေါ်မှာ သိုလှောင်ထားတော့ ဘာမှမဖြစ်ပါဘူး၊ မီးလည်း အဲဒီအထိ မရောက်နိုင်ပါဘူး"

ဆက်သွယ်ရေးအရာရှိက အေးအေးဆေးဆေးပင် အဖြေပေးလိုက်၏။ သူ့ကိုကြည့်ရသည်မှာ တထိန်ထိန်ညီးနေသော မီးစောင်းတန်းကြီးတစ်ခုကို ပွဲတော်တစ်ခုပမာ သဘောထားနေပုံရ၏။

ကျွန်တော်တို့သည် ပျဉ်းမနားမြို့ထဲသို့ မောင်း၍ဝင်လာခဲ့ကြ၏။ လမ်းတွင်တွေ့ရှိရသော ဒဏ်ရာရ တပ်သားများကို တတ်နိုင်သမျှ အကူအညီပေးရန်တည်း။

တရုတ်တို့၏ ပင်မရိက္ခာထောက်ပံ့ရေးစခန်းဖြစ်သော ပျဉ်းမနားတွင် ရန်သူ့ဘက်တော်သားများ လက်ချက်ကြောင့် မီးဟုန်းဟုန်းထ၍ တောက်လောင်နေစဉ် ပျဉ်းမနားရှိ စစ်မြေပြင်ဆေးရုံသို့ အပြင်းအထန် ဒဏ်ရာရရှိသော တရုတ်စစ်သားများကလည်း တသောသောရောက်ရှိနေ၏။ ခံစစ်ကြောင်းရှေ့တန်းမှ တပ်သားများမှာလည်း ထိုးဖောက်လာသော ရန်သူကို အခက်အခဲပေါင်းများစွာဖြင့် ရင်ဆိုင်နေရ၏။

စတီးဝဲလ်၏ စစ်တောင်းစစ်မျက်နှာနှင့် ဆလင်းဧရာဝတီ စစ်မျက်နှာတွင် ဗိုလ်ချုပ်နှစ်ဦး၏ တန်ပြန်ထိုးစစ်မှာ ချို့ယွင်းချက်ရှိနေပြီဟု ထင်မှတ်လာရတော့သည်။







ဗိုလ်ချုပ်ဆလင်း၏ တန်ပြန်ထိုးစစ်မှာ ပွဲဦးထွက်တွင် အံ့သြဖွယ်ကောင်းလောက်အောင် အောင်မြင်မှုရရှိခဲ့၏။ တန်ပြန်ထိုးစစ် စတင်ပြီးနောက် နာရီဝက်ခန့်အကြာတွင် ဆလင်း၏တပ်များသည် 'ပြည်–ရန်ကုန်' လမ်းမကြီးတစ်လျှောက်တွင် စုရုံးနေသော ရန်သူ့တပ်ကို ဖောက်ထွင်းနိုင်ခဲ့၏။

ရန်သူက မိမိတို့ခံစစ်ကြောင်းကို ဗိုလ်ချုပ်ဆလင်း၏ တပ်များက အလယ်မှ အူကြောင်းဖောက်၍ ထိုးဖောက်လာသည်ကို သိသောအခါ ဆလင်း 'လက်ဝဲတောင်ပံကို တပ်ဖွဲ့တစ်ဖွဲ့ အကူအညီဖြင့် ဖိတိုက်လာကြ၏။ အလယ်မှအူကြောင်းကိုသာ အားခဲ၍တိုက်နေသော ဆလင်း၏တပ်များသည် မိမိတို့ ဘယ်ဘက်တောင်ပံမှ ဖိ၍ဝင်လာသော ရန်သူကို ပြန်လည်တိုက်ထုတ်ရန် လူအင်အားမဲ့နေလေသည်။

သို့ဖြစ်၍လည်း ရန်သူတပ်များသည် ဆလင်း၏ လက်ဝဲတောင်ပံနှင့် တပ်နောက်ပိုင်းဆီသို့ ကြားဖြတ်၍ ဝင်လာနိုင်ကြတော့၏။ ဗိုလ်ချုပ်ဆလင်းက ဤသို့ ဖြတ်တောက်ဝင်ရောက်လာသော ရန်သူများကို ပြန်၍တိုက်ထုတ်နိုင်ရန် ကြိုးစားသေးသည်။

ဤအချိန်တွင် ဧရာဝတီမြစ်ကို ဖြတ်ကူးရောက်ရှိလာသော "ဗမာ့လွတ်လပ်ရေးတပ်မတော်"က ဗိုလ်ချုပ်ဆလင်း၏ လက်ယာတောင်ပံကို ဝင်၍တိုက်ခိုက်လာပြန်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ဆိုသည်မှာ ကျောင်းသားများ၊ လူငယ်လူရွယ်များ ဦးဆောင်ဖွဲ့စည်းထားသော တပ်ပင်တည်း။

ဗမာ့လွတ်လပ်ရေးတပ်မတော်မှ တပ်သားများသည် ဇွဲနပဲကြီးစွာဖြင့် အသက်ကို အသက်မမှတ်ဘဲ တိုက်ခိုက်ကြ၏။ အစပထမတွင် ဤဗမာ့လွတ်လပ်ရေးတပ်မတော်၏ တိုက်ခိုက်မှုမှာ ဗိုလ်ချုပ်ဆလင်း၏ လက်ယာတောင်ပံအဖို့ အပ်နှင့်လိုက်၍အထိုးခံရသလောက်သာ ရှိသော်လည်း ကြာလာသောအခါ ဆလင်းအဖို့ မိမိတပ်နောက်ပိုင်းသို့ ထိုးဖောက်ဝင်ရောက်လာသမျှ ရန်သူကို ပြန်၍မတိုက်ဘဲ မနေနိုင်အောင် ဖြစ်လာရတော့သည်။

ဤသို့ တိုက်ပွဲပြင်းထန်နေစဉ်အတွင်းပင် ဂျပန်တို့က ပြည်–ရန်ကုန် လမ်းအတိုင်း ရှေ့သို့ရောက်လာသော ဗိုလ်ချုပ်ဆလင်း၏ တင့်ကားအဖွဲ့ကလေးတစ်ဖွဲ့နှင့် ဤတင့်ကားအဖွဲ့ကလေးကို အကူအညီပေးရန် လိုက်ပါ

လာသော ခြေလျင်တပ်ဖွဲ့၏နောက်မှနေ၍ လမ်းကို ပိတ်ဆို့ထားလိုက်နိုင်သည်။

ရန်သူတို့၏ပိတ်ဆို့မှုကို ဆလင်း၏တပ်များက ထိုးဖောက်နိုင်အောင် အကြိမ်ကြိမ်ကြိုးစားခဲ့ကြ၏။ ရန်သူတို့သည် ပြည်–ရန်ကုန်လမ်းကို အစပထမတွင် စက်သေနတ်သမားအချို့နှင့် ပိတ်ဆို့ထားခဲ့သော်လည်း ဆလင်း၏တပ်များက ဒီလိုင်းများ ရိုက်ခတ်သည့်ပမာ ဆင့်၍ဆင့်၍ တိုက်ခိုက်လာသောအခါ စက်သေနတ်သမားများသာမက မော်တာသမားများ ရွှေ့ပြောင်းတိုက်ခိုက်နိုင်သော စက်အမြောက်သမားများကိုပါ ခေါ်ယူအင်အားဖြည့်ထားလိုက်သည်။ နီးစပ်ရာနေရာများမှ စုဆောင်းရရှိသော သစ်လုံးကြီးများနှင့် ထရပ်ကားကြီးများကိုလည်း လမ်းပေါ်တွင် တင်၍ ထပ်မံပိတ်ဆို့ထားလိုက်ပြန်သည်။

ရှေ့ဦးချီ ဆလင်း၏တပ်များကို ပိတ်ဆို့ထားသော ရန်သူကို ဖောက်ထွက်နိုင်ရန် အကြိမ်ကြိမ်ကြိုးစားနေစဉ် နောက်ပိုင်း၌ လုံခြုံမှုရရှိစေရန် ချန်ထားခဲ့သော တောင်ပေါ်ပစ်အမြောက်များ ရောက်ရှိလာ၏။ ဤတောင်ပေါ်ပစ်အမြောက်များက ရန်သူတို့၏ လမ်းပိတ်ဆို့ထားသော နေရာကို ဆက်၍ဆက်၍ ပစ်ခတ်နေကြသည်။

ဤအချိန်တွင်ပင် ဂျပန်တပ်မှ တပ်စိတ်ကလေးများသည် ဆလင်း၏တပ်များအတွင်းသို့ ကြားဖြတ်၍ တိတ်တဆိတ် ဝင်ရောက်လာပြီး အသင်းအပင်းကွဲနေသော အင်္ဂလိပ်စစ်သားများကို သုံ့ပန်းအဖြစ် ဖမ်းဆီးရန် ကြိုးစားလာကြသည်။ အင်္ဂလိပ်စစ်ဗိုလ်နှင့် စစ်သား ၁၅ ယောက် သို့မဟုတ် ၁၆ ယောက် ပါဝင်သော အဖွဲ့ကလေးတစ်ဖွဲ့မှာ ဂျပန်တို့၏အငိုက်ဝင်၍ ဖမ်းဆီးခြင်းကို ခံလိုက်ရရှာသည်။ ဤအဖွဲ့နည်းတူ တစ်ယောက်ချင်းသော်လည်းကောင်း၊ သုံးလေးယောက် စု၍သော်လည်းကောင်း အဖမ်းခံလိုက်ရသော အင်္ဂလိပ်စစ်သား အတော်အတန်ရှိခဲ့လေသည်။

ဂျပန်တို့သည် ဖမ်းဆီးရမိသော အင်္ဂလိပ်သုံ့ပန်းများကို သစ်ပင်တွင် ချည်နှောင်၍ လှံစွပ်ဖြင့် ထိုးသတ်ခဲ့ကြသည်။ လှံစွပ်နှင့်ထိုးသတ်ရာတွင် သေချင်ယောင်ဆောင်နေသဖြင့် ကံကောင်းထောက်မ၍ လွတ်မြောက်လာသော အင်္ဂလိပ်အရာရှိတစ်ဦးက ရန်သူတို့၏ လမ်းပိတ်ဆို့ရေးစခန်း မည်







သည့်နေရာတွင်ရှိကြောင်း ထုတ်ဖော်၍ သတင်းပေးနိုင်ခဲ့၏။ ထို့ကြောင့်လည်း အင်္ဂလိပ်တို့၏ တောင်ပေါ်ပစ်အမြောက်များက ရန်သူ့ပိတ်ဆို့ရေးစခန်းကို တိုက်ရိုက်မှန်အောင် အမြောက်ဖြင့် ပစ်ခတ်ပြိုဖျက်နိုင်ခဲ့ကြ၏။

မည်သို့ပင်ဖြစ်စေ ပြည်–ရန်ကုန်လမ်း ဖွင့်သွားအောင်ကား ဆက်၍ ထိုးစစ်မဆင်နိုင်အောင် နှောင့်နှေးသွားလေသည်။

ဤနည်းအတူ တောင်ငူမှနေ၍ စစ်တောင်းစစ်မျက်နှာဖွင့်ကာ တောင်ငူ–ရန်ကုန် လမ်းဖွင့်သွားအောင် တန်ပြန်ထိုးစစ်ဆင်ခဲ့သော ဗိုလ်ချုပ်စတီးဝဲလ်မှာလည်း အရေးတော်ပုံမလှဘဲ ဖြစ်နေခဲ့ရ၏။

ဗိုလ်ချုပ်စတီးဝဲလ်၏ အစီအစဉ်မှာ တောင်ငူကို အမှတ်(၂၀၀) တရုတ်တပ်မဖြင့် ခိုင်လုံအောင် ကာကွယ်ထားပြီးနောက် ဂျပန်တို့၏ တောင်ငူကိုဝိုင်းထားသော တပ်များကို အမှတ်(၂၂) တပ်မဖြင့် တန်ပြန်ထိုးစစ်ဆင်ရန်ဖြစ်သည်။ အကယ်၍သာ တန်ပြန်ထိုးစစ် အောင်မြင်ခဲ့လျှင် ယူနန်နယ်စပ်မှ မြန်မာပြည်ထဲသို့ ဝင်ရောက်လာစဖြစ်သော အမှတ်(၉၆) တရုတ်တပ်မကို စစ်ကူခေါ်ယူကာ တောင်ငူ–ရန်ကုန်လမ်း ပွင့်သွားအောင် ဖွင့်ပေးလိုက်ရန်ဖြစ်သည်။

အမှတ်(၂၀၀) တပ်မမှ တရုတ်တပ်မှူးဖြစ်သူသည် တောင်ငူတွင် ကြံ့ကြံ့ခံ၍နေ၏။ အစုကလေးများဖွဲ့၍ တိတ်တဆိတ်ဝင်ရောက်လာသော ရန်သူတပ်များနှင့် လမ်းမတိုက်ပွဲဖြစ်သည်အထိ တစ်လက်မမျှ အရှုံးမပေးဘဲ တိုက်ခိုက်သည်။

သို့ရာတွင် တန်ပြန်ထိုးစစ်ဆင်ရန် တာဝန်ပေးအပ်ခြင်းခံရသော အမှတ်(၂၂) တရုတ်တပ်သည် ဂျပန်နှင့် မြန်မာများ ပါဝင်သော ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်ရေးတပ်များ၏ လုပ်ဆောင်ချက်ကြောင့် တောင်ငူစစ်မျက်နှာသို့ မျှော်လင့်သည့်အချိန်ထက် နောက်ကျ၍ ရောက်ရှိလာသည်။ ရောက်ရှိလာပြန်တော့လည်း စစ်ပန်းကာ စိတ်ဓာတ်ကျနေပြန်သည်။

မည်သို့ပင်ဖြစ်စေ အမှတ်(၂၂) တရုတ်တပ်မကို တောင်ငူမြောက်ဘက် တောအုပ်ထဲရှိ ဂျပန်များအား တိုက်ခိုက်ရန် စတီးဝဲလ်က ညွှန်ကြားချက်ပေးလိုက်သည်။ တရုတ်ဗိုလ်ချုပ်ကလေးအချို့နှင့်အတူ တိုက်ပွဲကို သူ

ကိုယ်တိုင် ကြီးကြပ်ပေးနေသည်။

သို့သော် တိုက်ပွဲအစီအစဉ်မှာ ဗိုလ်ချုပ်စတီးဝဲလ် အမိန့်ပေးညွှန်ကြားသလို ဖြစ်မလာဘဲ ရှိနေ၏။

တရုတ်တပ်များသည် ခြေကုပ်ယူထားသော နေရာများမှနေ၍ ရိုင်ဖယ်များ၊ စက်သေနတ်များ၊ မော်တာများကို အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်နေကြသော်လည်း တောအုပ်အတွင်းရှိ ရန်သူများရှိနေသော နေရာသို့ ခုန်၍မတက်ဘဲ ခြေကုပ်စခန်းတွင်ပင် အောင်းနေကြသည်။

ဗိုလ်ချုပ်စတီးဝဲလ်က သုံးရက်တိုင်တိုင် အဆက်မပြတ် ရှေ့သို့ ဖောက်ထွင်းတိုက်ခိုက်ရန် အစီအစဉ်ပြုလုပ်ပေးခဲ့၏။ အစီအစဉ်အားလုံးပင် အရှုံးနှင့်ရင်ဆိုင်လာရသည်။

တန်ပြန်ထိုးစစ်ဆင်နွှဲခဲ့သော်လည်း ထိုးစစ်အရာသို့ မရောက်ရှိခဲ့သော တရုတ်တပ်များ၏ တိုက်ခိုက်ပုံကို နားလည်လာသော ဂျပန်တပ်များသည် ဇရာဝတီစစ်မျက်နှာမှ တပ်အချို့ကို ခေါ်ယူလိုက်ပြီး မိမိတို့တပ်ကို အင်အားဖြည့်လိုက်၏။ ဤသို့ဖြင့် တောင်ငူတွင် တပ်စွဲနေသော တရုတ်တပ်များထက် ဂျပန်တပ်များ၏ အင်အားက ပို၍အင်အားကြီးလာတော့သည်။

တောင်ငူတိုက်ပွဲတစ်လျှောက်လုံး၌ တရုတ်တပ်များက ရှေ့သို့ ထိုးဖောက်ချီတက်ရန် ဖင့်နွှဲနေခဲ့ခြင်းမှာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပြဿနာနှင့် နီးနွယ်လျက်ရှိနေလေသည်။

အင်္ဂလိပ်တို့၏ ကိုလိုနီဖြစ်သော မြန်မာပြည်၌ အမေရိကန် ဗိုလ်ချုပ်တစ်ယောက်က တရုတ်တပ်များအား 'အမိန့်'ပေးနေသည်မှာ တရုတ်စစ်သားအဖို့ စဉ်းစားမရတတ်သော ပြဿနာတစ်ခု ဖြစ်နေသည်။ ဗိုလ်ချုပ်စတီးဝဲလ်တွင် မည်သည့်ရွေ့မည်မျှအထိ အာဏာအပ်နှင်းထားခြင်း ခံရသည်ကိုလည်း တရုတ်တပ်များက သံသယဝင်နေသည်။ ထို့ကြောင့် စတီးဝဲလ်က တဖွဖွအမိန့်ပေးနေလင့်ကစား တရုတ်တပ်များသည် ရှေ့သို့တက်၍ တန်ပြန်ထိုးစစ်ဆင်ရန် နှောင့်နှေးနေကြခြင်း ဖြစ်လေသည်။







( ၄ )

မိမိစီစဉ်သည့်အတိုင်း ရုပ်လုံးပေါ်မလာသောအခါ စတီးဝဲလ်သည် ထိုးစစ်ဆင်ရန် အမိန့်ပေးထားသော တရုတ်တပ်များကို ချက်ချင်းပြန်၍ ခေါ်ယူလိုက်၏။ ထို့နောက် အစီအစဉ်သစ်တစ်ခုကို ထပ်မံညွှန်ကြားကာ တရုတ်စစ်သူကြီး ချန်ကေရှိတ်နှင့် အကြေအလည်ဆွေးနွေးရန်အတွက် ချုံကင်းသို့ ခွာသွားခဲ့လေသည်။

ဤသို့အားဖြင့် မဟာမိတ်တို့၏ ပထမနှင့် နောက်ဆုံးဖြစ်သော ထိုးစစ်သည် ပဋိသန္ဓေမရင့်မီကပင် ပျက်ကျခဲ့သောအဖြစ်နှင့် ကြုံကြိုက်ခဲ့ရပါသတည်း။

n

## ( ၄ ) ပြည်သူ့စစ်. . .

တောင်ငူတိုက်ပွဲ ပြီးသည့်နောက် ရှေ့တန်းစစ်မျက်နှာမှာ လှုပ်ရှားမှု ကင်းမဲ့နေသယောင်ယောင် ထင်ရ၏။

ဤအချက်ကို အခွင့်ကောင်းယူကာ အင်္ဂလိပ်တို့က မြန်မာပြည်သူပြည်သားများကို မိမိတို့ဘက်သို့ ပါလာအောင် တိုက်ပွဲမဖြစ်ပွားသည့် မြို့ရွာဒေသများ၌ စစ်ဆင်ရေးတစ်ခုအနေဖြင့် ဝါဒဖြန့်နေခဲ့ကြ၏။

တောင်ငူတိုက်ပွဲမဖြစ်မီ လွန်ခဲ့သည့် လေးငါးခြောက်လခန့်ကပင် ဂျပန်မုန်းတီးရေး၊ အင်္ဂလိပ်ကူညီရေး အစီအစဉ်ကို တစ်နေ့တခြား ပို၍ဆောင်ရွက်လာခဲ့ရာ တောင်ငူစစ်ပွဲ ပြီးသည့်အချိန်၌ ဤအစီအစဉ်မှာ အတော်ပင် ခရီးပေါက်နေရန် သင့်ပေသည်။







မြန်မာပြည်ထဲသို့ ဂျပန်များ ဝင်လာစက မြန်မာပြည်သူလူထုသည် ရောက်သမျှဘေးဒဏ် ငုံ့၍ခံတော့မည်ဟူသော သဘောမျိုးဖြင့် မည်သည့်ဘက်မှမယိမ်းဘဲ နေခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေ ဆရာစံသူပုန်တွင် အင်္ဂလိပ်တို့အား အရှုံးပေးခဲ့ရသော နာကြည်းမှုကို ဒုတိယကမ္ဘာစစ်ကြီးက မြန်မာတို့၏ အသွေးအသားထဲသို့ ဝင်၍ နှိုးဆွပေးခဲ့သည်ဟု ဆိုနိုင်လေသည်။

အင်္ဂလိပ်အုပ်ချုပ်ရေးကို အပြုတ်နှံရန် စီမံထကြွခဲ့သော ဆရာစံသူပုန်သည် အင်္ဂလိပ်တို့၏ ဖိနှိပ်မှုကြောင့် ဆုံးရှုံးသွားရသော်လည်း မြန်မာတောသူ တောင်သားတို့၏ သွေးထဲသားထဲတွင် တစ်နေ့နေ့၌ အင်္ဂလိပ်ကို ပြန်၍တော်လှန်ရမည်ဟူသော အသိကား အခိုက်အတန့်အားဖြင့် မီးခဲပြာဖုံးဖြစ်နေခဲ့၏။ ပြာဖုံးနေသော မြန်မာတို့၏ စိတ်ဓာတ်ကို ဒုတိယကမ္ဘာစစ်ကြီးက လေပင့်၍ပေးလာသည်ဟု ဆိုသင့်ပေသည်။

ဤသို့ လေအပင့်ခံရသော မြန်မာတို့စိတ်ဓာတ်ကို အင်္ဂလိပ်ကိုလိုနီဝါဒသမားများက လွယ်လွယ်ကူကူဖြင့် နှိမ်နင်း၍ရမည်ဟု ထင်ခဲ့ကြသည်။ သို့ဖြစ်၍လည်း လွတ်လပ်ရေးပေးရန် ပြင်းပြင်းထန်ထန် တောင်းဆိုနေသော အဖွဲ့အသင်းမှ အသင်းဝင်များကို ပုလိပ်နည်းဖြင့် တရကြမ်းဖမ်းဆီးစေခဲ့၏။ မြန်မာပြည်နိုင်ငံရေးပါတီများတွင် အင်အားကြီးမားသော 'မျိုးချစ်နှင့်' 'သခင်' အသင်းနှစ်သင်းကိုလည်း ဖမ်းဝရမ်းများထုတ်၍ အကြီးအကျယ် နှိမ်နင်းခဲ့သည်။

သို့ဖမ်းဆီးနှိမ်နင်းခြင်းအားဖြင့် နိုင်ငံရေးအရ မိမိတို့ဘက်သို့ ယိမ်းယိုင်လာကြမည့်သူများ အများအပြားရှိလိမ့်မည်ဟု အင်္ဂလိပ်အာဏာပိုင်များက ယူဆခဲ့ကြ၏။

မျိုးချစ်ပါတီမှ နန်းရင်းဝန်ကြီး ဂဠုန်ဦးစောအား ဘိလပ်သို့ လာရောက်အရေးဆိုနေခိုက် အင်္ဂလိပ်အစိုးရက ရုတ်တရက် ဖမ်းဆီးလိုက်ခြင်းမှာ မြန်မာပြည်ရှိ မျိုးချစ်ပါတီဝင်များကို ဂျပန်တို့ဘက်သို့ ယိမ်းယိုင်သွားအောင် ပြုလုပ်ပေးလိုက်သကဲ့သို့ ရှိသည်။

သခင်အသင်းမှ ခေါင်းဆောင်များကို ပိုက်စိပ်တိုက်၍ လိုက်လံဖမ်းဆီးခြင်းမှာလည်း အချို့သော သခင်ခေါင်းဆောင်များကို မြေအောက်သို့ ရောက်သွားစေသည်သာမက အင်္ဂလိပ်အစိုးရ ဆန့်ကျင်ရေးကို ပြင်းပြင်းထန်ထန် စည်းရုံးဆောင်ရွက်အောင် တိုက်တွန်းပေးလိုက်သကဲ့သို့ ဖြစ်နေလေသည်။

ဤသို့ မြန်မာပြည်တွင် အင်အားအကြီးဆုံးဖြစ်သော နိုင်ငံရေးပါတီကြီးနှစ်ခုက အင်္ဂလိပ်တို့နှင့် ရင်ဆိုင်တိုက်ပွဲဝင်ရန် တာစူလျက် လွတ်လပ်ရေးလေသံကို ပစ်လာကြ၏။ အင်္ဂလိပ်ဆန့်ကျင်ရေးနှင့် မြန်မာပြည် လွတ်လပ်ရေးအတွက် တက်တက်ကြွကြွ လှုံ့ဆော်နေသော နိုင်ငံရေးပါတီမှာ (သခင်အသင်း)ပင် ဖြစ်လေသည်။

မြန်မာပြည်သို့ ဝင်ရောက်တိုက်ခိုက်လာသော ဂျပန်များက မြန်မာတစ်မျိုးသားလုံး အင်္ဂလိပ်တို့ကို တလုံးတစည်းတည်း တော်လှန်တိုက်ခိုက်ရေးထက် မိမိတို့က စည်းရုံးထားခဲ့သော ပြည်တွင်းရှိ ပဉ္စမံတပ်သားများကိုသာ ပို၍ အားကိုးအားထားပြုနေခဲ့၏။ ဤပဉ္စမံတပ်တွင် စောစောကပင် ကြိုတင်၍ စေလွှတ်ထားခဲ့သော ဂျပန်သူလျှိုများနှင့် ငွေပေး၍ဝယ်ယူထားသော မြန်မာသတင်းဒလန်များ ပါဝင်သည်။

ဝင်ရောက်လာသူ ဂျပန်များက အောင်ပွဲတစ်ခုပြီးတစ်ခု ရလာသောအခါ မြန်မာနိုင်ငံရေးခေါင်းဆောင်ပိုင်းတွင် အယူအဆ ကွဲပြားလာတော့သည်။ နေမဝင်သော ဗြိတိသျှအင်ပိုင်ယာကြီးကို ဘုန်းမီးနေလလို အထင်ကြီးခဲ့သော မြန်မာခေါင်းဆောင်အချို့ပင် ဂျပန်ဘက်သို့ ယိမ်း၍သွားခဲ့ကြ၏။ ကျေးရွာ၊ မြို့နယ်များတွင်လည်း အင်္ဂလိပ်ဆန့်ကျင်ရေး အသင်းအပင်းများ လှို့ဝှက်ပေါ်ပေါက်လာသည်။ နှစ်ပေါင်းများစွာကြာအောင် အိပ်မက် မက်ခဲ့ရသော လွတ်လပ်ရေး ရယူလိုစိတ်ကလည်း တဖြန်းဖြန်း ထကြွလာကြသည်။ ဂျပန်တို့၏…“အာရှတိုက်သည် အာရှတိုက်သားများအဖို့”ဟူသော ကြွေးကြော်သံကိုလည်း မြန်မာများက နှစ်ခြိုက်လာကြသည်။







သို့ဖြင့် အောင်ပွဲဆင့်ဆင့်ရရှိနေသော ဂျပန်စစ်ကြောင်းများနောက်တွင် တပည့်ခံလိုသူများ တသီတတန်းကြီး ရောက်ရှိလာတော့သည်။

ဂျပန်တို့က ဦးစီးရှေ့ဆောင် ဖွဲ့စည်းပေးသော အသင်းအပင်းများကလည်း အသင်းဝင်လိုသူများ အထူးများပြားလာသည်။ ဤအသင်းအဖွဲ့များတွင် ကျောင်းသားများ၊ မြို့သူမြို့သားများ၊ နိုင်ငံရေးသမားများသာမက ကြမ်းပိုးသူခိုးများ၊ အပယ်ခံ နိုင်ငံရေးသမားများ၊ နောင်အခါတွင် ဂျပန်ရုပ်သေးအဖြစ် ကပြမည့်သူများ၊ အင်္ဂလိပ်မုန်းတီးရေးသမားများပါ ပါဝင်လာကြသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုလည်း လူငယ်လူရွယ် ၄၀၀၀ ဖြင့် ဖွဲ့စည်းခဲ့၏။ မတ်လအကုန်တွင် စစ်သင်တန်းဟု ဟုတ်တိပတ်တိ မတက်ခဲ့ရသော ဗမာ့လွတ်လပ်ရေးတပ်မတော်မှ တပ်သားများသည် ဂျပန်တို့က စွန့်ကြဲပေးအပ်သော ရိုင်ဖယ်နှင့် စက်သေနတ်များကို ကိုင်ဆောင်ကာ အင်္ဂလိပ်တို့၏ နေမဝင်သော တပ်မတော်ကြီးကို ဇရာဝတီစစ်မျက်နှာ၌ လာရောက်တိုက်ခိုက်ကြသည်ကို တွေ့ရ၏။

ဗမာ့လွတ်လပ်ရေးတပ်မတော်မှ တပ်သားတို့၏ တိုက်ခိုက်ပုံကို ကြည့်ရသောအားဖြင့် တိုက်ရေးခိုက်ရေး ကျွမ်းကျင်သူများ မဟုတ်သေးကြောင်းကို သိသာလှသည်။

မည်သို့ပင်ဖြစ်စေ ဂျပန်တို့ကို တက်တက်ကြွကြွကူညီနေသော မြန်မာလူဦးရေမှာ များပြားလှသည်မဟုတ်။ စာရင်းကောက်၍ ရနိုင်လောက်သည့် အရေအတွက်သာဖြစ်သည်။

ဂျပန်သည် နယ်ချဲ့ဝါဒီတစ်ဦး ဖြစ်သည့်အလျောက် မြန်မာပြည်သူလူထုအား တစ်ပြည်လုံး အုံကြွတော်လှန်ရေးကို အားမပေးနိုင်သည့် အခြေအနေတွင် ရှိနေခဲ့၏။ အင်္ဂလိပ်ကိုလိုနီခေတ်က ထားရှိခဲ့သော မြေခွန်မြေခကောက်ခံရေးစနစ်၊ မြေရှင်စနစ်က တောသူတောင်သား လယ်သမားများအပေါ် လက်ဝါးကြီးအုပ်စနစ်တို့ကို တွန်းလှန်ပယ်ဖျက်ပြီးနောက် အုပ်စိုးမှုအာဏာကို မြန်မာတစ်မျိုးသားလုံး လက်ထဲသို့ ပြန်လည်ရောက်ရှိလာရေးကိုလည်း အားမပေးအံ့။

အဘယ်ကြောင့်ဆိုသော်… ဂျပန်ပြည်ရှိ ဂျပန်အစိုးရ တည်ဆောက်ပုံ

စနစ်ကပင် မြေရှင်ပဒေသရာဇ်နှင့် အရင်းရှင်များပေါ်တွင် မှီခိုတည်ဆောက်ထားသောပုံစံဖြစ်ရာ မြန်မာပြည်ထဲသို့ ဝင်ရောက်လာသော ဂျပန်တို့သည် မြန်မာတစ်မျိုးသားလုံးအား အဘယ်မှာလျှင် မြေခွန်မြေခ တိုက်ဖျက်ရေး၊ မြေရှင်စနစ်တိုက်ဖျက်ရေး၊ အာဏာကို မိမိတို့လက်ဝယ်သို့ သိမ်းယူရေးတို့ကို ဆော်သြအားပေးနိုင်ပါမည်နည်း။

ဂျပန်တို့သည် မြန်မာပြည်သူလူထု တစ်ရပ်လုံးကို အုံကြွလာအောင် ဆော်သြခြင်းမပြုနိုင်စေကာမူ ကျောင်းသားများ လူငယ်လူရွယ်များနှင့် အင်္ဂလိပ်အုပ်ချုပ်ရေးကို ဆန့်ကျင်ကာ လွတ်လပ်ရေးတောင်းဆိုနေသော နိုင်ငံရေးပိုင်းမှ ပုဂ္ဂိုလ်များကို မိမိတို့ဘက်သို့ပါအောင် သိမ်းသွင်းစည်းရုံးနိုင်ခဲ့ကြသည်။ ရာထူးကြီးကြီးကို ကိုင်ထားသော ပုဂ္ဂိုလ်များထံမှလည်း အကူအညီရနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြ၏။

ဂျပန်တို့က အောင်ပွဲတစ်ခုပြီးတစ်ခုရလာသည်နှင့်အမျှ အစိုးရပိုင်းမှ ရာထူးရာခံကြီးသူများ၊ နိုင်ငံရေးသမားများနှင့် အမှုထမ်းများက ဝင်ရောက်လာသူများဘက်သို့ အားပေးလိုစိတ်ရှိလာကြ၏။

ဝင်ရောက်လာသည့် ဂျပန်များအဖို့ တက်တက်ကြွကြွထောက်ခံသူမများသကဲ့သို့ ကိုလိုနီစနစ်ကို မြန်မာပြည်၌ ဆက်လက်ကျင့်သုံးလိုသော အင်္ဂလိပ်များအဖို့လည်း အထောက်အကူပေးလိုသော လူဦးရေမှာ များပြားခြင်းမရှိ။

အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်ရေးအင်အားမှာ အရာရှိအရာခံများ၊ အစိုးရအမှုထမ်းများ၊ အင်္ဂလိပ်ပိုင် ကုမ္ပဏီများကို မှီခိုနေသူများအတွင်း၌သာ လည်ပတ်လျက်ရှိသည်ဖြစ်ရာ ဤကဲ့သို့သော အတန်းအလွှာအမျိုးမျိုးကို စိတ်ချလက်ချ မိမိဘက်တော်သားအဖြစ် ယုံမှတ်ထားရန် လွယ်ကူလှသည်။

ဂျပန်ဘက်သို့ ယိမ်းနေသော ကျောင်းသားများ၊ လူငယ်လူရွယ်များ၊ မြန်မာ့လွတ်လပ်ရေးကို တောင်းဆိုနေသော နိုင်ငံရေးသမားများကို မိမိတို့ အင်္ဂလိပ်ဘက်သို့ ဆွဲဆောင်ရန်မှာ အခက်အခဲကြီး ဖြစ်နေလေသည်။

'စစ်ကြီးပြီးလျှင် ဗမာ့လွတ်လပ်ရေးပေးမည်' ဟူသော ဆောင်ပုဒ်မှာ ကျောင်းသားများ၊ လူငယ်လူရွယ်များအဖို့ သည်းခြေကြိုက် ဖြစ်နေသည့် အလျောက် လွတ်လပ်ရေးပေးမည့်စကားကို မြန်မာလူထုက အကြိုက်နည်း







နေလေသည်။ အမေရိကန်အရာရှိတစ်ဦးက အင်္ဂလိပ်ကိုလိုနီဝါဒ၏ ကိုယ်စားလှယ်တော်ကြီးတစ်ဦးဖြစ်သူအား မြန်မာတစ်မျိုးသားလုံး၏ အကူအညီကို ရနိုင်ရန်အတွက် အမေရိကန်၊ ဆိုဗီယက်၊ ရုရှား၊ တရုတ်ပြည်နှင့် အင်္ဂလိပ်တို့က... "စစ်ကြီးပြီးလျှင်ပြီးချင်း မြန်မာပြည်ကို လွတ်လပ်ရေးပေးမည်..."ဟု ပူးပေါင်းကြေငြာသင့်ကြောင်း တိုက်တွန်းပြောဆိုလိုက်သည်။ ဤတွင် အင်္ဂလိပ်တို့၏ ထိပ်တန်းကိုယ်စားလှယ်တော်ကြီးက...

"မြန်မာအမျိုးသားတွေရဲ့ ထောက်ခံမှု အကူအညီလိုချင်ရင်... မြန်မာအမျိုးသားတွေကို စစ်ပြီးရင် လွတ်လပ်ရေးပေးမယ်ဆိုတဲ့ ကတိအစား မဟာမိတ်တွေရဲ့ လေယာဉ်ပျံကြီးတွေ မြန်မာပြည်ကို ရောက်လာအောင် လက်ငင်းလုပ်ပြတာဟာ အကောင်းဆုံးပဲ..."ဟု ပြန်၍ အဖြေပေးခဲ့လေသည်။

အမေရိကန်အရာရှိက အင်္ဂလိပ်တို့၏ ထိပ်တန်းအရာရှိကြီးကို ပြန်၍ စောဒကတက်ရန် အချက်အလက်များ ရှိနေခဲ့၏။ သို့သော် စောဒကတက်သံကို မကြားရ။

"အောင်ပွဲဆိုသည်မှာ ရွာခံတိုင်းရင်းသားများ အကူအညီရမှသာ ရရှိသော ဆုလာဘ်ဖြစ်သည်။ တိုင်းရင်းသားများ၏အကူအညီမရလျှင် အောင်ပွဲဆိုသည်ကို အိပ်မက်မက်၍ ရနိုင်မည်မဟုတ်ပါ..."

ဤကား အမေရိကန်အရာရှိက ပြန်စောဒကတက်မည့်အချက်ပင် ဖြစ်ပါသည်။

အင်္ဂလိပ်ထိပ်တန်းအရာရှိကြီးက မြန်မာပြည်သူလူထု မိမိတို့ဘက်သို့ ယိမ်းလာအောင် မဟာမိတ်လေယာဉ်ပျံကြီးများကို မြန်မာပြည်ရောက်အောင် လက်ငင်းလုပ်ပြရမည်ဟု ပြောနေသည့်အချိန်တွင်ပင် အင်္ဂလိပ်တို့၏ ဘုရင့်လေတပ်မတော်မှ လေယာဉ်များကို မြန်မာပြည်မှ တပ်ခေါက်ထုတ်ယူနေလေသည်။ ဤကဲ့သို့ တပ်ခေါက်ထုတ်ယူရုံသာမက အင်္ဂလိပ်မှသော် လည်းကောင်း၊ အမေရိကန်မှသော်လည်းကောင်း စစ်ကူလေယာဉ်ဆို၍ တစ်စင်းမျှ မြန်မာပြည်သို့ ရောက်လာခြင်းမရှိခဲ့။ အင်္ဂလိပ်တို့သည် စိတ်ကူးယဉ်အချက်များပေါ်၌ မူတည်ကာ မိမိတို့အလိုရှိသော ပေါ်လစီကို ချမှတ်နေလေသည် တကား ...။

မြန်မာပြည်တွင် ဂျပန်တို့က မည်သို့မည်ပုံ ပြုလုပ်နေသည်ကို အိမ်ခေါင်မိုးပေါ်မှ တက်၍ လူသိရှင်ကြား ဝါဒဖြန့်ရန် သင့်ပါလျက် အင်္ဂလိပ်အာဏာပိုင်တို့က ရေငုံနှုတ်ပိတ်နေကြ၏။

"ပျဉ်းမနား၊ တောင်ငူ၊ ပြည်...အစရှိတဲ့ မြို့ကြီးတွေမှာ ဂျပန်တွေက မြန်မာပြည်သူလူထုကြီးရဲ့ အိုးအိမ်တိုက်တာ အဆောက်အအုံမှန်သမျှကို ပြာပုံဖြစ်အောင် မီးလောင်တိုက်သွင်းနေပြီ...။

အို...မြန်မာပြည်သူလူထုအပေါင်းတို့...သင်တို့၏ အိုးအိမ်တိုက်တာ အဆောက်အအုံများကို မီးလောင်တိုက်သွင်းနေသော ဂျပန်ရန်သူကို ကျွန်ုပ်တို့နှင့်အတူ လက်တွဲ၍တိုက်ကြစို့..." စသည်ဖြင့် အင်္ဂလိပ်အာဏာပိုင်တို့က မြန်မာပြည်သူလူထုအား နှိုးဆော်တိုက်တွန်းရင်း မိမိတို့ဘက်သို့ ယိမ်းလာအောင် ဝါဒဖြန့်ရမည့်အစား အင်္ဂလိပ်အာဏာပိုင်တို့သည် မယောင်ရာတွင် ဆီလူးလျက်ရှိနေလေသည်။

အင်္ဂလိပ်အာဏာပိုင်တို့က ပြည်သူလူထုအား...ရပ်ရွာအေးချမ်းအောင် ဆောင်ရွက်ကြပါ၊ တရားဥပဒေကို လိုက်နာကြပါဟူ၍သာ မေတ္တာရပ်ခံနေလေသည်။

ဈေးနံရံများ၊ အိမ်နံရံများနှင့် သစ်ပင်များတွင် ဂျပန်တို့၏ ယုတ်မာရက်စက်ပုံ၊ စစ်ကြီး၏သဘောတရား စသည်တို့ကို ပြည်သူများ နားလည်အောင် ကြော်ငြာပိုစတာများ ကပ်၍ ပညာပေးရမည့်အစား ရေချိုးခန်းနှင့် စစ်တန်းလျားများတွင်သာ စစ်နှင့်ပတ်သက်၍ ကောလာဟလသတင်းများ မလွှင့်ကြရန် သတိပေးနေပြန်သည်။

အထက်ပါ ကြော်ငြာပိုစတာနှင့် သတိပေးချက်များမှာ ဂျပန်များ ဆောင်ရွက်ပုံနှင့် အကွာကြီးကွာလျက်ရှိနေလေသည်။

"မြန်မာပြည်ကို လွတ်လပ်ရေးပေးလော့..."

"လွတ်လပ်ရေးအတွက် တိုက်ခိုက်ကြလော့..."

"အင်္ဂလိပ်အစိုးရ ကျဆုံးပါစေ..."

"အာရှသည် အာရှတိုက်သားအဖို့..."

ဂျပန်တို့၏ ဝါဒဖြန့်ချိချက်နှင့် အင်္ဂလိပ်တို့၏ ဝါဒဖြန့်ချိချက်မှာ ကောင်းကင်နှင့် မြေကြီးကဲ့သို့ ကွာခြားလှသည်။ ဂျပန်တို့၏ ဝါဒဖြန့်ချိချက်







မှာ မြန်မာပြည်သူလူထု၏ နှလုံးအိမ်ကို ဆီစိမ်၍ထားသကဲ့သို့ ဖြစ်နေစေသည် မဟုတ်ပါလား ...။

ကိုလိုနီဝါဒသမားများဖြစ်သော အင်္ဂလိပ်အာဏာပိုင်တို့မှာ မြန်မာပြည်သူလူထု သည်းခြေကြိုက်စကားမျိုးဖြင့် ဝါဒမဖြန့်နိုင်သည်သာမက မိမိတို့နှင့် သွေးတူသားတူ မျက်နှာဖြူတို့၏အကြိုက်နှင့်ကျအောင်ပင် ဝါဒဖြန့်ချိရေးဘက်တွင် ညံ့ဖျင်းလှချေသည်။

အင်္ဂလိပ်တို့သည် မြန်မာပြည်အား စစ်ကြီးပြီးသည့်တိုင်အောင် လွတ်လပ်ရေး ပေးမည်ဟူသော စကားကို မဟာခဲ့။ နလပိန်းတုံးများသာ အင်္ဂလိပ်ကို ဆက်လက်ထောက်ခံနေမည်ဖြစ်သည်။

ဂျပန်တို့ ရက်စက်ယုတ်မာမှုကို ဖော်ထုတ်ခြင်းမပြုဘဲ မြုံနေခြင်းမှာ အင်္ဂလိပ်စစ်တပ်တွင်ပါသော အိန္ဒိယစစ်သားများ စိတ်ဓာတ်ချောက်ချားဖွယ်ဖြစ်မည်ဆိုသောကြောင့်ဟု အင်္ဂလိပ်အာဏာပိုင်တို့က အကြောင်းပြသည်။ သို့ဖြစ်၍ ပြည်သူလူထုမှာ ဂျပန်တို့၏ ရက်စက်ယုတ်မာပုံကို ကြိုတင်၍ သိထားခွင့်မရသလို စစ်သားများမှာလည်း မိမိတို့ရင်ဆိုင်နေရသော ရန်သူ၏ သဘောထားကို မှန်ကန်စွာ အကဲမခတ်နိုင်လောက်အောင် ဖြစ်နေရသည်။ ယခု ကျွန်တော် ဖော်ထုတ်ရေးသားနေသော အဖြစ်အပျက်များကို ၁၉၄၂–ခုနှစ် ဧပြီလတွင် မြန်မာပြည်သို့ ရောက်ရှိနေသူတစ်ယောက် မဟုတ်ပါက ယုံကြည်ရန် ခဲယဉ်းနေပေလိမ့်မည်။

အင်္ဂလိပ်အာဏာပိုင်တို့က မြန်မာပြည်သူလူထုအား မိမိတို့ဘက်သို့ ယိမ်းလာပြီးနောက် ဝင်ရောက်လာသူ ဂျပန်များအား ပြန်လှန်တိုက်ခိုက်ရန် ဆွယ်တရားမဟောခဲ့ခြင်းမှာ မြန်မာပြည်သူလူထုသည် စစ်ပွဲ၌ စိတ်ဝင်စားခြင်းမရှိသောကြောင့် ဟူ၍လည်းကောင်း၊ မြန်မာလူမျိုးသည် စစ်အတိုက်အခိုက် ဝါသနာထုံသောလူမျိုး မဟုတ်သောကြောင့် ဟူ၍လည်းကောင်း အကြောင်းပြခဲ့ကြ၏။

သို့သော် ဂျပန်တို့ကမူ မြန်မာပြည်သူလူထုကြီးအား ရိုးရိုးနှင့် တိုက်ရိုက်ပင် သွေးထိုးလှုံ့ဆော်ပေးနိုင်ခဲ့ကြ၏။ ဤလှုံ့ဆော်ချက်ကို မြန်မာပြည်သူလူထုက ကောင်းစွာလက်ခံခဲ့၏။

အင်္ဂလိပ်အရာရှိများ၏ ဝန်ခံပြောဆိုချက်အရ ဗမာ့လွတ်လပ်ရေးတပ်မတော်

မှ တပ်သားများသည် အင်္ဂလိပ်ဧကရာဇ်ဘုရင်မင်းမြတ်၏ တပ်မတော်ကြီးကို ဖွဲ့နပဲကြီးကြီးဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရှိခဲ့ရသည်။

အင်္ဂလိပ်အရာရှိများက ဤကဲ့သို့ ဝန်ခံပြောဆိုသည့်တိုင်အောင် အင်္ဂလိပ်အာဏာပိုင်များသည် မြန်မာပြည်သူလူထုတစ်ရပ်လုံးအား မိမိတို့ဘက်ပါအောင် နောက်ထပ် မည်ကဲ့သို့မျှ လုံးပန်းခဲ့သည်ကို မတွေ့ရ။

အင်္ဂလိပ်အာဏာပိုင်တို့၏ သဘောထားအမှန်အကန်ကို လေ့လာစီစဉ်ပြီးနောက် ကျွန်တော် ဤသို့ ကောက်ချက်ချခြင်း ဖြစ်ပါသည်။

မြန်မာပြည်ရှိ အင်္ဂလိပ်အာဏာပိုင်တို့သည် မြန်မာပြည်သူလူထုကြီးအား စစ်ထဲသို့ ဆွဲသွင်းရန်အတွက် နောက်ဆက်၍ ပေါ်ပေါက်လာမည့် အခြေအနေကို ပထမဆုံး ကြောက်သည်။ နောက်ဆုံးအချက်မှာ မြန်မာပြည်သူလူထုကြီးအား မိမိတို့ဘက်သို့ပါအောင် မဆွယ်နိုင်သည့်အချက်ပင်တည်း။

အင်္ဂလိပ်အာဏာပိုင်တို့သည် ဝင်ရောက်တိုက်ခိုက်လာသော ဂျပန်ကို မြန်မာပြည်သူလူထု၏ အင်အားအကူအညီယူ၍ တွန်းလှန်တိုက်ခိုက်ရမည့် ဝါဒကို ကျင့်သုံးရမည့်အစား ပြည်တွင်းမှ ဂျပန်လိုလားသူများနှင့် ပဥ္စမံတပ်သားများကို ဖမ်းဆီးနှိမ်နင်းသည့် စစ်ပုလိပ်အလုပ်မျိုးနှင့်သာ တင်းတိမ်ကျေနပ်နေလေသည်တကား။

ဤသို့အားဖြင့် အင်္ဂလိပ်အာဏာပိုင်များသာမက စူးရှထိရောက်သော ပေါ်လစီဝါဒ လမ်းစဉ်ကို ချမှတ်ရန် တာဝန်ရှိသော နိုင်ငံပေါင်းချုပ်အသင်းဝင်မှန်သမျှတို့သည်... မြန်မာပြည်ရှိ မဟာမိတ်တပ်အားလုံးတို့၏ ကံကြမ္မာကို ပျက်စီးခြင်းတည်းဟူသော နှောင်အိမ်၌ထည့်ကာ သော့ပိတ်၍ ထားလိုက်ကြတော့၏။

မြန်မာပြည်သူတို့ လိုလားတောင်းဆိုချက်ကို တတ်နိုင်သမျှ လိုက်လျောရမည့်အစား လုံးဝငြင်းပယ်ခဲ့ခြင်းသည်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီးကို မည်သည့်အခြေခံမူပေါ်တွင် ရပ်တည်၍ တိုက်ရမည်ကို နားလည်မှု လျော့ပါးခဲ့ခြင်းသည်လည်းကောင်း ပျက်စီးဆုံးရှုံးခြင်းတည်းဟူသော အကျိုးတရားကို ဖြစ်ပေါ်စေခဲ့လေသည်။

မိမိတို့သြဇာခံ အုပ်ချုပ်ရေးပိုင်းမှပုဂ္ဂိုလ်များ၏ သစ္စာရှိမှုကိုသာ အဟုတ်







ကြီးမှတ်ပြီး မိမိတို့ထင်တိုင်း စိုင်းခဲ့သော အင်္ဂလိပ်အာဏာပိုင်တို့သည် မြန်မာပြည်တွင် ရှိသမျှ အရင်းအနှီးနှင့် အမြတ်အစွန်းမှန်သမျှ လုံးဝ ဆုံးရှုံးရတော့သည်။

ဂျပန်တို့၏ မဟာမိတ်ဆန့်ကျင်ရေး၊ အင်္ဂလိပ်မုန်းတီးရေး လှုပ်ရှားမှုမှာ အရှိန်ရရှိလာသည်။ ဤသို့ရရှိလာသည်နှင့်အမျှ အင်္ဂလိပ်တို့က မြန်မာပြည်သူလူထုအား မိမိတို့ဘက်သို့ပါအောင် လှုံ့ဆော်ချက်မှာ ဂျပန်တို့၏ ဝါဒဖြန့်ချိရေးဒီလှိုင်းတွင် စုန်းစုန်းမြုပ်ခဲ့ရသည်နှင့်အတူ စစ်မျက်နှာနောက်ပိုင်းတွင် မြန်မာပြည်သူလူထု၏ အကူအညီကို ရယူရမည့်အစား အင်္ဂလိပ်နှင့် မဟာမိတ်တပ်များသည် မြန်မာပြည်သူလူထု၏ အမျိုးမျိုးအနှောင့်အယှက်ပေးခြင်းကို လက်တွေ့ခံလာရတော့သည်။

n

## ( ၅ ) ၄၂–ခု ဧပြီလ ၄ ရက်နေ့၊ မန္တလေး

မြွေကြီးတစ်ကောင် ခွေ၍နေသည်နှင့်တူသော မန္တလေးသို့သွားရာ ကတ္တရာလမ်းပေါ်တွင် အဖြူအပြောက် အစက်တစ်ခုကို ခပ်ဝေးဝေးဆီမှ တွေ့လိုက်ရ၏။ အနီးသို့ရောက်သွားသောအခါ လူတစ်ယောက်၏ အင်္ကျီတစ်ထည် ဖြစ်နေလေသည်။

ဤအင်္ကျီအောက်မှ ထင်းချောင်း နှစ်ချောင်းနှင့်တူသော ခြေထောက်နှစ်ချောင်း ကား၍ထွက်နေပြီး အပေါ်ပိုင်းတွင်မူ လက်နှစ်ဖက်က ဆန့်တန်း၍ထွက်နေ၏။

ကျွန်တော်တို့ ကားလမ်းပေါ်တွင် လဲကျသေဆုံးနေသော အိန္ဒိယအမျိုးသားတစ်ဦး၏ အလောင်းအနီးတွင် ရပ်လိုက်သောအခါ အလောင်းတွင် ဝိုင်းအုံနေသော ယင်မည်းကြီး ဝုန်းခနဲ ထ၍ပျံသွားကြသည်။







( ၅ )

ဝမ်းရောဂါဖြင့် လမ်းတွင် လဲကျသေဆုံးနေသော အလောင်းပါတကား။

ကားကို ဆက်၍မောင်းလာသောအခါ အိန္ဒိယအမျိုးသမီးများနှင့် ကလေးသူငယ်များ ပြွတ်ကျပ်လိုက်ပါလာသော နွားလှည်းတန်းကြီးကို တွေ့ရလေသည်။ လှည်းတန်းကြီး၏နောက်တွင် မောဟိုက်သောလှည်းရှေ့သို့သာ အားစိုက်၍လျှောက်နေကြသော အိန္ဒိယအမျိုးသားယောကျ်ားကြီးများကို တွေ့ရ၏။ သူတို့ကား …မြန်မာပြည်တောင်ဘက်မှ အိန္ဒိယသို့သွားရန် တက်လာသော ကုလားစစ်ပြေးများပင်တည်း။

သူတို့သည် လမ်းတစ်လျှောက်ရှိ ရပ်ထဲရွာထဲတွင် နားနေအိပ်စက်ခြင်းငှာ မရှုံ့မရဲရှိကြသဖြင့် ညအချိန်ဆိုလျှင် လမ်းဘေး၌ပင် လှည်းဝိုင်းကြီးဖွဲ့၍ အိပ်စက်အနားယူကြရသည်။ သူတို့သွားရမည့်ခရီးမှာ ဝေးလံလှသည်နှင့်အမျှ ကြမ်းတမ်းလှချေသည်။ မန္တလေးသို့သွားရာ လမ်းပေါ်၌ပင် အများအပြား သေပွဲဝင်ခဲ့ကြရပြီ မဟုတ်ပါလား။

မန္တလေးသို့ ကျွန်တော်တို့ရောက်သွားသောအခါ လမ်းတွင်တွေ့ခဲ့ရသော အနိဋ္ဌာရုံ ရှုကွင်းရှုကွက်များကို နည်းနည်းကလေးမှ မတွေ့ရ။ မန္တလေးမြို့တွင်းရှိ လမ်းများပေါ်တွင် တောက်ပသစ်လွင်သော အနီရောင်၊ အစိမ်းရောင်၊ အဝါရောင် လုံချည်များသည် ခရမ်းရောင်၊ အပြာရောင် အင်္ကျီများဖြင့် လှပစွာ ရောယှက်လျက်ရှိနေလေသည်။ နေပူကျဲကျဲအောက်တွင် သွားလာရောင်းဝယ် လှုပ်ရှားနေကြသော မြို့တော်၏ လူထုပင်တည်း။

အနောက်တိုင်းဆန်ဆန် ဆောက်လုပ်ထားသော တိုက်ဆိုင်တံခါးဝများနှင့် အိန္ဒိယအမျိုးသားများ ရောင်းချနေသော လမ်းဘေးဈေးသည်များတွင် ဟိုမှသည်သို့ သွားလာဝယ်ခြမ်းနေသော လူအုပ်ကြီးကို ကြည့်ရသည်မှာ လမ်းပေါ်တွင် တွေ့ခဲ့ရသော လူအုပ်ကြီးနှင့် မည်ကဲ့သို့မျှ စပ်ဟပ်၍မရ။

လမ်းများပေါ်တွင် ပြေးလွှားနေသော ထရော်လီကားများ၊ မြင်းလှည်းများ၊ ရာဘာဟွန်းများကို တပေါ်ပေါ်တီးနေသော မော်တော်ကား၏အသံကဧရာဝတီမြစ်ကမ်းပေါ်ရှိ မန္တလေးမြို့၏ စည်ကားပုံကို ဖော်ပြနေသည်။

မြစ်အတွင်းတွင်လည်း ဝမ်းဗိုက်ပြားပြားနှင့် သင်္ဘောများ၊ ရေနံသင်္ဘောများ၊ အထက်မှမျှောချလာသော သစ်ဖောင်များ၊ ဟိုမှသည်သို့ကူးသည် ခေါက်သည် သွားလာနေသော ငှက်များဖြင့် စည်စည်ကားကားရှိနေသည်။

မြို့လယ်ရှိ ကျုံးဘေးတွင် မြို့တော်သူ မြို့တော်သားများသည် ကျုံးထဲရှိ ကြာပွင့်များကို ငေးမောကြည့်ရှုရင်း လမ်းသလားလျက်ရှိနေကြ၏။ ရှေးမြန်မာဘုရင်တို့၏ စံမြန်းရာဖြစ်သော နန်းတော်ကြီး အုတ်ရိုးမြင့် နီကြင်ကြင်ကလည်း ကျုံးရေနှင့် ကြာပွင့်များကို လှပတင့်တယ်အောင် ဖန်တီးပေးနေကြ၏။

မန္တလေးမြို့တော်တစ်ခွင်တစ်ပြင်သည် ရှုကြည့်လေရာအရပ်တိုင်း၌ အလှအပ အထုံအမွမ်း အပျော်အရွှင်တို့ဖြင့်သာ ပြည့်နေလေသည်။ အရှေ့တိုင်းသား၏ ထင်ရှားသော မြို့တော်ကြီးတစ်ခုဖြစ်၍လည်း ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ ကြက်ပျံမကျစည်ကားသည်ဟု ဆိုရမည်ဖြစ်သည်။ ရွှေရောင်ဝင်းနေသော ဘုရားစေတီများ၊ တအုံးအုံးလှုပ်ရှားနေသော ဈေးများက မန္တလေး၏ သာယာစည်ကားပုံကို ဖော်ကျူးနေကြ၏။ ၁၉၄၂ ခု၊ ဧပြီလ ၄ ရက်နေ့ နံနက်က ကျွန်တော်တွေ့လိုက်ရသော မန္တလေးပင်တည်း။

မန္တလေးသည် အင်္ဂလိပ်ဧကရာဇ် ဘုရင်မင်းမြတ်နှင့် တရုတ်တပ်မတော်များအား ရိက္ခာထောက်ရာ ပင်မအခြေခံစခန်းကြီး ဖြစ်သည့်တိုင် ထိုနေ့နံနက်က စစ်၏ အရိပ်လက္ခဏာဟူ၍ တစ်စုံတစ်ခုမျှမတွေ့ရ။ လမ်းများပေါ်တွင် စစ်သားဟူ၍ တစ်ယောက်မျှမမြင်ရ။ တင့်ကားဟူ၍လည်း တစ်စီး







မျှ မတွေ့ရ။ အမြောက်ဟူ၍လည်း တစ်လက်မျှမတွေ့ရ။ မြို့တော်တစ်ပြင်လုံးတွင်လည်း မြန်မာအမျိုးသားများကိုဖြစ်စေ၊ မျက်နှာဖြူအမျိုးသားများကိုဖြစ်စေ မြန်မာပြည်ကာကွယ်ရေးအတွက် တိုက်ခိုက်ကြလော့ဟု သွေးထိုးလှုံ့ဆော်ထားသော ပိုစတာသော်လည်းကောင်း၊ ကြွေးကြော်သံသော် လည်းကောင်း၊ ရုပ်ပုံသော်လည်းကောင်း တစ်ခုမျှမရှိ။

ထိုနေ့နံနက် ဆယ့်တစ်နာရီထိုးပြီးနောက် သုံးမိနစ်တိတိအကြာတွင် ဂျပန်လေယာဉ်များ မြို့ပေါ်သို့ ရုတ်တရက်ရောက်ရှိလာပြီး ဗုံးမိုးရွာချလိုက်တော့သည်။

ရန်သူလေယာဉ်များ ရောက်မလာမီ လေကြောင်းအချက်ပေး ဥသြသံများ လုံးဝမကြားရ။ ဤသို့မကြားရသည်မှာလည်း ထူးဆန်းလှသည်။ လေကြောင်းအချက်ပေးစက်မှာ မနေ့ကပင် ချို့ယွင်းနေခဲ့သည်ဟု ကြားသိရ၏။

လောကဓာတ် သိပ္ပံဆရာတစ်ဦးက ပိုးမွှားတစ်ကောင်ကို မိုက်ကရိစကုတ်အောက်တွင်ထား၍ စိမ်ပြေနပြေ လေ့လာနေသကဲ့သို့ ရန်သူဗုံးကြဲလေယာဉ်ပေါ်မှ လေသူရဲများသည် မန္တလေးမြို့တော် တစ်ခွင်တစ်ပြင်လုံးကို တစ်လက်မ မကျန် လိုက်၍ကြည့်ကာ ပစ်ကွင်းမှန်သမျှကို ဗုံးကြဲတိုက်ခိုက်နေကြလေသည်။

ဗုံးတစ်လုံးကျလိုက်တိုင်း မီးတောက်ကြီးတစ်ခုက ကောင်းကင်သို့ထိုးတက်လာသည်။ သို့ဖြင့် ဗုံးအလုံးပေါင်း များလာသောအခါ မန္တလေးမြို့တော် ထက်ဝက်မှာ မီးတောက်မီးလျှံများ၏ ဝါးမျိုခြင်းကို ခံလာရတော့၏။

ဤအကြိမ်သည် မန္တလေးမြို့ကြီး ပထမဆုံးမကြိမ် ဗုံးကြဲခံရခြင်းပင်တည်း။

လေကြောင်းအချက်ပေးသံ ဟူ၍လည်း မရှိ။ ဗုံးခိုကျင်းဟူ၍လည်း မည်မည်ရရမရှိ။ များစွာသော မြို့တော်သူ မြို့တော်သားများမှာ ရန်သူ၏ အငိုက်ဖမ်းခြင်းကို မရှောင်သာ မပုန်းသာဘဲ ငုတ်တုတ်ပင် ခံလိုက်ကြရလေသည်။

နံနက်စာစားရန်အတွက် ပြင်ဆင်ချက်ပြုတ်နေသော အိမ်ရှင်မများမှာ

မီးဖိုချောင်တွင် အရှင်လတ်လတ် မီးလောင်တိုက် အသွင်းခံလိုက်ကြရ၏။ အရောင်းအဝယ် ပြုလုပ်နေကြသော ဈေးဆိုင်ရှင်များနှင့် ဈေးဝယ်သူများမှာလည်း အရိုးအသားပင် မကျန်အောင် ဗုံးဒဏ်ကို ခံလိုက်ကြရသည်။ မီးတောက်မီးလျှံများမှာ တစ်နေရာမှ တစ်နေရာသို့ အဝါရောင် လှိုင်းလုံးကြီးများသဖွယ် ကူးစက်တောက်လောင်လျက်ရှိရာ ဈေးပတ်ဝန်းကျင်တစ်ဝိုက်ရှိ လမ်းများသည် အကြော်အိုးထဲမှ ဆီကဲ့သို့ ပွလောင်နေကြတော့၏။ ဈေးလမ်းမထဲတွင် ရှိနေသူများက ဗုံးဒဏ်မှ လွတ်လိုလွတ်ငြား လမ်းပေါ်တွင် မှောက်၍နေကြတော့၏။ သို့သော် ကြာကြာမနေနိုင်။ အပူရှိန်မှာ မခံမရပ်နိုင်အောင် ဖြစ်နေရကား လမ်းပေါ်တွင် မှောက်နေရာမှ ထ၍ လွတ်မည်ထင်ရာသို့ ပြေးကြပြန်သည်။ ဤသို့ပြေးရင်းကပင် လမ်းတစ်ဖက်တစ်ချက်ရှိ အိမ်များမှ တိုးထွက်လာသော မီးစွယ်မီးလျှံများ ဟပ်ခြင်းကို ခံရပြီး လဲကျသွားရရှာသည်။ မီးစွယ်ဟပ်ခံရပြီးနောက် ဆက်၍ပြေးနိုင်သူများက ဆေးရုံရှိရာသို့ ဦးတည်၍ ပြေးခဲ့ကြပြန်သည်။ သို့သော် မန္တလေးဆေးရုံကြီးမှာ ပထမဆုံးချလိုက်သော ဗုံးဒဏ်ကြောင့် ဖရိုဖရဲ ပြိုကွဲပျက်စီးနေသည်ကိုသာ တွေ့ကြရတော့၏။

စာသင်ကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ ဗုဒ္ဓဘာသာဝင်တို့ မှီခိုအားထားရာ စေတီ တန်ဆောင်းနှင့် ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ ကုန်တိုက်များနှင့် ဈေးများမှာ ပင်လယ်ရေလှိုင်းကြီးပမာ လွှမ်းခြုံ၍လာသော မီးတောက်မီးလျှံကြီး၏အောက်တွင် ရောက်ရှိနေပေပြီ။ တစ်နည်းအားဖြင့်ဆိုရသော် မန္တလေးရွှေမြို့တော်တွင် ရှိရှိသမျှသော အကောင်းဆုံး အဆောက်အအုံများအနက် ထက်ဝက်ခန့်မှာ ဗုံးစာနှင့် လောင်စာအဖြစ်သို့ ရောက်ခဲ့ရပြီဖြစ်၏။

ဤအချိန်တွင် ဧရာဝတီမြစ်ဘက်မှ အနောက်လေက မန္တလေးရွှေမြို့တော်ကို ထက်ဝက်နီးပါး လွှမ်းခြုံထားသော မီးတောက်မီးလျှံကြီးကို ပင့်၍ ပေးလိုက်ပြန်၏။ မီးတောက်မီးလျှံကြီးသည် ထိန်းချုပ်ကွပ်ကဲ၍ မရနိုင်အောင် ကြီးမားကျယ်ပြန့်လာလေသည်။

ရန်ကုန်မှ ပြောင်းရွှေ့ယူငင်လာခဲ့သော မီးသတ်စက်များဖြင့် တရှိန်ရှိန်တောက်နေသော မီးအလျှံကြီးကို ငြိမ်းသတ်ရန် ကြိုးစားကြပါ၏။ မီးအကြီး







အကျယ်လောင်နေသော ရပ်ကွက်များသို့ မီးသတ်စက်များ ရောက်ရှိသွားသောအခါ အချို့သော မီးသတ်ပိုက်ခေါင်းများကို စနစ်တကျ ဖြုတ်ယူထားသည်ကို တွေ့ရပြန်သည်။ မြို့တော်၏ ရေပေးစက်မှာလည်း ပျက်နေသည်ကို တွေ့ရပြန်၏။ မီးသတ်သမားသည် မြို့လယ်တွင်ရှိသော ကျုံးရှိရာသို့ ပြေးကာ ရေကိုစုပ်ယူရပြန်သည်။

ကျွန်တော်နှင့် ယူနိုက်တက်သတင်းစာမှ ဒါရဲလ်ဘာရီရန်တို့သည် ဂျပန်ကားတစ်စီးကို ဖြည်းဖြည်းမောင်းရင်း ကျုံးရှိရာသို့ လာခဲ့ကြ၏။ မီးလောင်မြေမှ စက်ဖြင့်မှုတ်ထုတ်လိုက်သလိုထွက်လာသော မီးခိုးများသည် နန်းတော်ကြီးတစ်ခုလုံးကို မီးခိုးဇာပဝါဖြင့် ဖုံးအုပ်ထားသကဲ့သို့ ရှိနေလေသည်။

ကျုံးတစ်လျှောက်တွင် တွေ့မြင်ရသော ရှုကွင်းရှုကွက်များမှာ အနိဋ္ဌာရုံများသာ ဖြစ်နေလေသည်။ လည်ပင်းပြတ်လုတည်းတည်းဖြစ်ကာ မသေမရှင်ဖြစ်နေသော နွားတစ်ကောင်... ဘိုင်စကယ်ထိုင်ခုံပေါ်တွင် ခြေထောက်အပေါ်ဘက်သို့မြှောက်ရင်း အသက်ပျောက်နေသော လူတစ်ယောက်... ဆေးပြင်းလိပ်ကို ပါးစပ်တွင်ခဲရန် ဟန်ပြင်ရင်း သစ်ပင်တစ်ပင်ကိုမှီကာ ကျောက်ရုပ်လိုဖြစ်နေသော လူကြီးတစ်ယောက်... မြေကြီးပေါ်တွင်ထိုင်ရင်း ထီးတစ်လက်ကိုထမ်းကာ ပါးစပ်ဟရင်း လောကကြီးကို ကျောခိုင်းသွားသောလူတစ်ယောက်... စသည်ဖြင့်...။

မန္တလေးဘူတာကြီးဘက်တွင် စောစောက တောက်လောင်နေသော မီးများ ငြိမ်းအေးသွားပြီဟု ထင်ရသည်။ ဂျပန်ဗုံးကြဲလေယာဉ်တစ်စင်းက ဘုရင့်လေတပ်မတော်မှ ဗုံးများကို တင်ဆောင်ထားသော ရထားတွဲ တစ်တွဲကို တိုက်ရိုက်ထိမှန်အောင် ပစ်ချနိုင်ခဲ့၏။ ရထားလမ်းပေါ်တွင် အသင့်တင်ထားသော ကုန်တွဲမှာ မီးဟုန်းဟုန်းတောက်ကာ ပျက်စီးသွားသည်မက ဘူတာရုံမှ သံတံခါးများလည်း လွင့်၍ထွက်သွားသည်။

မန္တလေးဘူတာရုံဝင်းတစ်ခုလုံးတွင် ကုန်ပစ္စည်းများ အပြည့်တင်ထားသော တွဲများဖြင့် ပြည့်ကျပ်နေသည်ကို တွေ့ရသည်။ မီးတောက်မီးလျှံများ ဟိုတစ်ကွက် သည်တစ်ကွက် စွဲ၍ တောက်လောင်နေကြ၏။

"ဒီနေရာက ကုန်တွဲတွေကို ဘာဖြစ်လို့ ဆွဲထုတ်မသွားတာလဲ..."

ယူနိုက်တက်သတင်းစာတိုက်မှ သတင်းထောက် ဘာရီရန်က ကျွန်တော့်ကို မေးလိုက်၏။

"ဒီတွဲတွေကို ဆွဲထုတ်သွားမယ်ဆိုရင် အချိန် လေးနာရီလောက်တော့ ရပါသေးတယ်"

သူ့စကားမဆုံးခင် ကုန်တွဲတစ်ခုမှ ပေါက်ကွဲသံတစ်ခု ပေါ်ထွက်လာသည်။ ပေါက်ကွဲသံနှင့်အတူ ဘောလုံးသဏ္ဍာန်ရှိသော အဝါရောင်ယမ်းခိုးကို မြင်လိုက်ရ၏။ ဤအချိန်မှစ၍ ဘူတာရုံဝင်းအတွင်း ကုန်တွဲများပေါ်ရှိ ဗုံးများကို မီးကူးစက်ကာ မီးခိုးမီးလျှံကြီးများသည် ပေနှစ်ရာ သုံးရာအထိ ကောင်းကင်သို့ ထွက်လာကြတော့သည်။

ကုန်တွဲများပေါ်၌ အသင့်တင်ဆောင်ထားသော ဓာတ်ဆီနှင့် ရေတိုင်ကီများသို့လည်း မီးစွယ်များကူးလာသည်။ မည်သို့ပင်ဖြစ်စေ ကုန်တွဲများကို ဘေးကင်းရာသို့ သယ်ထုတ်သွားရန် လေးနာရီလုံးလုံး အချိန်ရနေသေး၏။ သို့သော် သက်ဆိုင်ရာအာဏာပိုင်တို့က တုတ်တုတ်ကလေးမျှ မလှုပ်။

စောစောက မန္တလေးဘူတာရုံတစ်ဝိုက်တွင် ငြိမ်းအေးတော့မလိုလို ဖြစ်နေသော မီးသည် လောင်စာထပ်၍တွေ့လာသည့်အတွင်း ပို၍ ပို၍ ကြောက်မက်ဖွယ်ရာကောင်းလာတော့၏။ ဧရာဝတီမြစ်ဘက်မှ တိုက်ခတ်နေသော လေက ဘူတာဝင်းအတွင်းမှ အရှိန်ကြီးစွာထိုးတက်လာသော မီးခိုးမီးလျှံတို့ ထပ်၍ပင့်ပေးလိုက်သောအခါ စောစောက မီးဘေးမှ ကင်းလွတ်ပြီဟု ယူဆထားရသော နေရာများသို့ပင် မီးပွားများ ကူးစက်ကျရောက်လာပြန်တော့သည်။ မန္တလေးမြို့ရှိ လမ်းများပေါ်တွင် ရှေ့တန်းစစ်မျက်နှာမှ ပြန်လည်ရောက်လာကာစ ဒဏ်ရာရ တရုတ်တပ်သားများသည် ၈၁ လမ်းရှိ ဆေးရုံရှိပ်သာသို့ ပြေးသွားနေသည်ကို တွေ့ရ၏။ ဤစစ်သားများကို သယ်ဆောင်လာခဲ့သော သူနာပြုတပ်မတော်ယာဉ်မှာ ဂျပန်ဗုံးဒဏ်ကြောင့် လမ်းတွင် ပျက်စီးသွားခဲ့ရသည်ဟု သိရသည်။

ဗုံးဒဏ်ကြောင့် ယိုယွင်းပျက်စီးနေသော 'ပရင်းစက္ကဝေလ်းစ်' ဆေးရုံရှေ့သို့ ကျွန်တော်တို့ရောက်သွားသောအခါ သူနာပြုဆရာမကြီးက ကျွန်တော်တို့အား စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူတိုင်တန်းသည်ကို နားထောင်







ရပြန်သည်။

"ရန်ကုန်မှာရှိတဲ့ ကျွန်မအိမ်ကို ဗုံးထိခံခဲ့ရတယ်၊ ရှိသမျှပစ္စည်းလေးတွေ ကောက်ပြီး ဒီကိုရောက်လာပြန်တော့ ဒီမှာလည်း ရန်သူ့ဗုံးဒဏ်နဲ့ လာပြီးကြုံနေရပြန်တယ်။ ဒီနေ့မနက် ပျဉ်းမနားမှာ ဒဏ်ရာအပြင်းအထန်ရခဲ့တဲ့ တရုတ်စစ်သားတွေ ကျွန်မတို့ဆေးရုံကို ရောက်လာတယ်။ သူတို့ကို ကျွန်မတို့က ခွဲစိတ်ကုသဖို့ ပြင်ဆင်နေတုန်း ကျွန်မတို့ဆေးရုံကို ဗုံးထိရပြန်ပါရော။ ကျွန်မဟာ သွေးကြောင်တတ်တဲ့ အမျိုးသမီးတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ လူနာစစ်သားတွေရဲ့မျက်နှာကိုကြည့်ပြီး သူတို့အစား ကျွန်မစိတ်အားငယ်မိခဲ့ပါတယ်"

ပရင်းစက္ကဝေလ်စ်ဆေးရုံမှ သူနာပြုဆရာမ၏စကားကို နားထောင်ပြီးနောက် မန္တလေးမြို့အစွန်သို့ ကားကို မောင်း၍ထွက်လာသောအခါ မပျက်မစီးဘဲ ကျန်ရှိနေသေးသော အမေရိကန် 'ဘယ်ပတစ်' ဆေးရုံကို တွေ့ရ၏။

ဤဆေးရုံသို့ မရှုမလှဒဏ်ရာရနေသော လူနာများ အတင်းတိုးဝှေ့ဝင်နေသည်ကို တွေ့ရ၏။ ဒဏ်ရာရသူများအထဲတွင် မြန်မာ၊ အိန္ဒိယ၊ အင်္ဂလိပ်ကပြား ... စသည်ဖြင့် လူမျိုးစုံနေတော့၏။ ဒဏ်ရာရနေသော မိန်းမများက မိမိတို့ကလေးကို ရင်ခွင်ပိုက်ထားရင်း ညည်းညူနေရှာကြ၏။ လူနာများထဲမှ စီးကျနေသော သွေးများမှာ ကြမ်းပြင်ပေါ်တွင် အိုင်ထွန်းနေလေသည်။

"ဒီလူနာတွေကို ကျုပ်တို့ ဘယ်လိုလုပ်ပြီး ခွဲစိတ်ကုသမလဲ၊ သွေးသွင်းပေးတဲ့ကိရိယာကလည်း ပျက်နေတယ်၊ လျှပ်စစ်မီးစက်ကိုလည်း ရန်သူလေယာဉ်ပျံတွေက ဗုံးနဲ့ဖျက်ဆီးသွားတော့ တစ်မြို့လုံး မှောင်မည်းနေတယ်"

ဆရာဝန်တစ်ယောက်က ပြောလိုက်၏။

"ရေနံဆီမီးအိမ်တွေ ရှာပြီး ခွဲစိတ်ရရင် မကောင်းဘူးလား..."

ကျွန်တော်က အကြံပေးလိုက်၏။

"တစ်မြို့လုံးမှာ ရေနံဆီ တစ်စက်မှမရှိဘူး..."

"ဒါဖြင့် ဖယောင်းတိုင်ကလေးများ မရဘူးလား'

"ဖယောင်းတိုင်ဆိုလို့လည်း တစ်တိုင်မှမရှိဘူး။ ဘာမှ အရေးပေါ်ကိစ္စအတွက် အသင့်ပြင်ထားတာ မရှိဘူး။ တာဝန်ရှိတဲ့အရာရှိတွေ ဘာများလုပ်နေတယ်မသိဘူး။ သိပ်ဆိုးတယ်။ အိမ်ကို အလုပ်က ပြန်ရောက်လာတဲ့လူတွေကတော့ ကိုယ့်အိမ်မှာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ယုံတောင်ယုံနိုင်မှာမဟုတ်ဘူး..."

ဆရာဝန်က စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်လေသည်။

မီးလောင်ကူးစက်ခြင်းမရှိသော ကုန်ဈေးတန်းရပ်ကွက်မှာ မီးလောင်ခံရသည်ထက်ပင် ဆိုးနေကြောင်း... ကျွန်တော်တို့ တွေ့ရသည်။ မီးလောင်လျှင် တောကြောင်လက်ခမောင်းခတ် ဆိုသည့်အတိုင်း လုယက်လိုသူများ၊ အချောင်နှိုက်လိုသူများက ဤကုန်ဈေးတန်းရပ်ကွက်ကို တစ်အိမ်တက်ဆင်း လုယက်သတ်ဖြတ်နေကြလေသည်။

မန္တလေးမြို့ အပြင်ဘက်ရှိ တစ်နေရာတွင် ကျွန်တော်တို့သည် ကပြားပုလိပ်အရာရှိတစ်ယောက်ကို အမှတ်မထင် တွေ့လိုက်ရ၏။ သူ့လက်ထဲတွင် ဝီစကီဖန်ခွက် ကိုင်လျက်ရှိနေလေသည်။

"လူဘယ်နှယောက်လောက် သေသွားခဲ့သလဲ မသိဘူး"

"သေသေချာချာတော့ မသိဘူး၊ လေးရာလည်း ဖြစ်ချင်ဖြစ်မယ်၊ လေးထောင်လည်း ဖြစ်ချင်ဖြစ်မယ်"

"လောင်နေတဲ့မီးကို မငြိမ်းတော့ဘူးလား၊ ပျက်နေတဲ့ လျှပ်စစ်မီးတွေကို မပြင်တော့ဘူးလား၊ မလာတစ်ဝက် လာတစ်ဝက်ဖြစ်နေတဲ့ ရေပိုက်တွေကိုတော့ ဒီအတိုင်းကြည့်နေတော့မှာလား..."

ကျွန်တော်၏အမေးကို ပုလိပ်အရာရှိကြီးက အလွယ်တကူပင် အဖြေပေးလိုက်၏။

"နက်ဖြန်ကျရင်... နက်ဖြန်ကျရင် ခင်ဗျားပြောတဲ့ဟာတွေ အားလုံး ...အားလုံး ကောင်းသွားမှာပါပဲဗျာ..."

၁၉၄၂ ခု၊ ဧပြီလ ၄ ရက်နေ့ ည ၁၀ နာရီတွင် ကျွန်တော်တို့ မန္တလေးမှ မေမြို့သို့ ထွက်ခွာလာခဲ့ကြ၏။ လပြည့်နေ့ညဖြစ်ရာ ဖိုးလမင်းကြီးက ဝိုင်းစက်စက် ထွန်းတောက်လျက်ရှိသော်လည်း မန္တလေးရွှေမြို့တော်မှ ကောင်းကင်သို့ တလူလူတက်လျက်ရှိသော မီးခိုးမီးလျှံများကြောင့် ဖိုးရွှေ







လမင်းကြီး၏ မျက်နှာသည်ပင် သွေးရောင်လျှမ်းလျက် ရှိနေလေသည်။

မန္တလေးရွှေမြို့တော်ရှိရာကို သမင်လည်ပြန် မျှော်ကြည့်လိုက်သည့်အခါတိုင်း လိမ္မော်ရောင် မီးခိုးမီးလျှံများသည် မြို့တော်တစ်ခုလုံးကို သံကွန်ချာကြီးပမာ အုံ့ဆိုင်းလျက်ရှိသည်ကို တွေ့နေရ၏။

ဝင်ရောက်တိုက်ခိုက်လာသော ဂျပန်တို့က မန္တလေးရွှေမြို့တော်ကြီးကို စတင်ကာ မီးလောင်တိုက်သွင်းခဲ့၏။ ဂျပန်တို့၏ လက်စလက်နကို လုယက်ဆိုးခိုးနေသူများနှင့် ပဉ္စမံတပ်သားများက ပို၍ကြီးကျယ်အောင် လေပင့်ပေးခဲ့ကြလေသည်။

မန္တလေးရွှေမြို့တော်ကြီးသည် ၂၇ ရက်တိုင်တိုင် နေ့ရောညပါ မီးလောင်တိုက်သွင်းခြင်းကို ဆက်တိုက်ခံခဲ့ရ၏။ ရှေ့တန်းစစ်မျက်နှာမဟုတ်သော မန္တလေးလိုရွှေမြို့တော်၌ ရန်သူတို့က မြန်မာအမျိုးသားတစ်ရပ်လုံးအား အင်္ဂလိပ်ဘက်သို့ ယိမ်းမသွားအောင် လေကြောင်းမှ အစွမ်းပြလိုက်ခြင်းမှာ အင်္ဂလိပ်နှင့် မဟာမိတ်နိုင်ငံများအဖို့ နောက်ကျောကို ဓားနှင့်ထိုးခံလိုက်ရသကဲ့သို့ ရှိနေလေသည်တကား။

n

# ရေနံချောင်း သို့မဟုတ်

ပြည်မြို့တိုက်ပွဲပြီးနောက် ဆလင်း၏တပ်များသည် အောင်လံသို့ လျင်မြန်စွာဆုတ်ခွာလာကြရ၏။ ဤအချိန်တွင် အင်္ဂလိပ်တို့၏ အမှတ်(၁၇) တပ်မမှာ တိုက်အားကောင်းနေသေးသည့် အခြေအနေတွင်ပင် ရှိနေပြီး အမှတ်(၁) တပ်မမှာမူ အကျအဆုံး အထိအခိုက် များခဲ့သဖြင့် အင်အားလျော့ပါးလျက် ရှိနေလေသည်။

အင်္ဂလိပ်တို့သည် ဤတပ်မနှစ်ခုအပြင် တင့်ကားတပ်မဟာတစ်ခု၏ အကူအညီဖြင့် ရေနံမြေ တောင်ဘက်မှနေ၍ တက်လာမည့် ဂျပန်တို့ကို ဆီးကြိုတိုက်ခိုက်ရန် အသင့်ပြင်လျက်ရှိနေကြ၏။

သို့ရာတွင် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသကဲ့သို့ တက်လာသောရန်သူတို့ကို ခုခံတားဆီး၍ မရခဲ့လျှင် ရေနံမြေတစ်ခုလုံးကို မြေလှန်စနစ်သုံးကာ ဖောက်ခွဲဖျက်ဆီးပစ်ရန် အစစအရာရာ စီစဉ်ပြီးသားဖြစ်နေသည်။ ဖောက်ခွဲဖျက်ဆီးရေးတာဝန်ကို 'ရွှဲ'လ် ရေနံကုမ္ပဏီမှ အရာရှိဖြစ်သူ ဖော်စတာ ဆိုသူအား အစိုးရက လွှဲအပ်ထားသည်ဟု သိရ၏။







အင်္ဂလိပ်တပ်များသည် ရေနံမြေတောင်ဘက် ၄၅ မိုင်ခန့်အကွာ အောင်လံနှင့် မကွေးမြို့ အကြားမှနေ၍ တက်လာမည့်ရန်သူကို တွန်းလှန်တိုက်ခိုက်ရန် နေရာယူထားပြီး ဖြစ်နေကြ၏။ ဤနယ်မြေဒေသတစ်ဝိုက်မှာ မိုးခေါင်ရေရှားရပ်တို့နှင့် နီးကပ်လာပြီဖြစ်သည့်အလျောက် သစ်ပင်တောတောင်များ ကင်းမဲ့ကာ သဲပြင်များသာ ကြီးစိုးသောနေရာ ဖြစ်နေသည်။ တောတောင်များနှင့် သစ်ပင်အုပ်ကြီးများ ကင်းလွတ်သည့် ဤဒေသတွင် အင်္ဂလိပ်တို့က ယန္တရားတပ်များကို တွင်တွင်ကြီးသုံး၍ ရန်သူ့တပ်များကို ဖြိုခွင်းပစ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြ၏။

အင်္ဂလိပ်တပ်များက အောင်လံနှင့် မကွေးအကြားရှိ နယ်မြေဒေသတွင် ခံစစ်အတွက် နေရာယူထားသည့်အချိန်တွင် ယူနိုက်တက်သတင်းစာမှ ဘာရီရန်နှင့် ကျွန်တော်တို့သည် မဟာမိတ်စစ်ဌာနချုပ်ဖြစ်သော မေမြို့မှ ရှေ့တန်းစစ်မျက်နှာရှိရာသို့ ဂျစ်ကားတစ်စီးဖြင့် သတင်းထောက်ရန် ဆင်းလာခဲ့ကြ၏။

တစ်နေ့နှင့် တစ်ညလုံးလုံး ကျွန်တော်တို့သည် အထပ်ထပ်တွေ့ခဲ့သော ဒုက္ခအမျိုးမျိုးကို ကျော်နင်းကာ အမှတ်(၁၃) တပ်မဟာဌာနချုပ် စခန်းချနေသော နေရာသို့ နံနက်စောစောအချိန်တွင် ရောက်ရှိလာခဲ့ကြ၏။

အမှတ်(၁၃) တပ်မဟာသည် မကွေးမြို့တောင်ဘက်တွင် ဌာနချုပ်ဖွင့်ထားသည်ကို တွေ့ရ၏။ နံနက်ချိန်ဖြစ်သော်လည်း ပူလောင်လောင် အိုက်စပ်စပ် ရှိလှသည်။ စစ်သားများသည် အရိပ်ရနိုင်မည့်နေရာမှန်သမျှတွင် လေးယောက်တစ်တွဲ ငါးယောက်တစ်တွဲ အနားယူနေကြသည်။ တာဝန်ကျနေသူများက ကင်းတို ကင်းရှည်လှည့်ကာ ရန်သူ့အခြေအနေကို စောင့်ကြည့်နေကြသည်။ အမြောက်တပ်မှ တပ်သားအချို့က မှန်ပြောင်းများဖြင့်

ထောက်လှမ်းနေကြ၏။ သို့ရာတွင် လေပူ၏အရှိန်ကြောင့် တဖြည်းဖြည်း မော့၍ မောက်လာသော သဲတောင်ပို့များက မှန်ပြောင်းဖြင့် ထောက်လှမ်းနေသူများကို ဒုက္ခပေးနေကြ၏။ ခရီးဝေးမှတက်လာသော ရန်သူသည် ရုတ်ခြည်းဖြစ်ပေါ်လာသော သဲတောင်ပို့များကို အကာအကွယ်ယူထားနိုင်သည် မဟုတ်ပါလား။

ချုံပုတ်တစ်ခုအောက်တွင် စားပွဲတစ်လုံး၊ ကုလားထိုင်တစ်ခုဖြင့် ဌာနချုပ်ဖွင့်ထားသော တပ်မဟာမှူးက နံနက်စာကို ဖြစ်သလိုစားနေ၏။ ဌာနချုပ်ဖွင့်ထားသောနေရာသို့ လက်အောက်အရာရှိကလေးများ သွားလိုက်လာလိုက် သတင်းပို့လိုက် လုပ်နေသည်ကို တွေ့ရ၏။ မကြာမီပင် ကိုယ်လုံးကိုယ်ထည် သေးကွေးလှသော တပ်မဟာမှူးရှိရာသို့ ဘီလူးတစ်ကောင်ကဲ့သို့ အရပ်အမောင်းကောင်းလှသော အရာရှိတစ်ဦး ရောက်လာကာ စိုးရိမ်တုန်လှုပ်သောအသံဖြင့် သတင်းပို့နေသည်ကို ကျွန်တော်တို့ တွေ့လိုက်ကြရသည်။

## ( ၆ )

"ဂျပန်တွေဖမ်းထားရာက ထွက်ပြေးလာတဲ့ အိန္ဒိယအမျိုးသားတစ်ယောက်ဆီက သတင်းရပါတယ်... တပ်မင်း...။ သူ့ဆီက သတင်းအရ အင်အား ၁၀၀၀ လောက်ပါတဲ့ ဂျပန်တပ်ကြီးတစ်တပ်ဟာ ကျွန်တော်တို့ အရှေ့ဘက်က ပန်းပြီး တက်လာတယ်...။ ဒီကိုတက်လာပြီး မြောက်ဘက်စူးစူးကို ဆက်လက်ချီတက်သွားတယ်လို့ သတင်းရပါတယ် တပ်မင်း..."

တပ်မဟာမှူးသည် စားလက်စ နံနက်စာကို ရပ်ထားလိုက်ပြီး နှုတ်ခမ်းအစုံကို စစ်လက်ကိုင်ပဝါတစ်ခုဖြင့် ဖြည်းညင်းစွာသုတ်လိုက်သည်။ ပြီးမှ... "ရန်သူတွေ ခုအချိန် ဘယ်နေရာရောက်နေပြီလဲ..."ဟု မေးလိုက်၏။

"ကျွန်တော့်ခန့်မှန်းချက်အရတော့ ကျွန်တော်တို့တပ်နောက်ပိုင်း၊ ဒါမှမဟုတ် တပ်နောက်ပိုင်းနဲ့နီးတဲ့နေရာကို ရန်သူတွေ ရောက်နေပြီလို့ ထင်ပါတယ် တပ်မင်း ..."

တပ်မဟာမှူးသည် ထိုင်နေရာမှ ထလိုက်ပြီး စစ်မြေပုံချိတ်ဆွဲထားသော သစ်ပင်ဆီသို့ ခြေလှမ်းကျဲကျဲ လှမ်းလိုက်၏။ "ဘယ်နေရာရောက်







နေမယ်ဆိုတာ ထောက်ပြစမ်းပါဦး"

သတင်းလာပို့သောအရာရှိ ထောက်ပြသည့်နေရာကို ကြည့်လိုက်သောအခါ ကျွန်တော်တို့ရောက်ရှိနေသော အမှတ်(၁၃) တပ်မဟာဌာနချုပ်ဖွင့်လှစ်ထားသည့်စခန်းနှင့် ကပ်လျက်ရှိကြောင်း တွေ့လိုက်ရသည်။

တပ်မဟာမှူးသည် ကျွန်တော်တို့ဘက်သို့လှည့်လိုက်ပြီး... "မောင်ရင်တို့ကို ဒီမှာပဲထားခဲ့ရမှာပဲ..."ဟု ပြောရင်း မြေပုံချိတ်ဆွဲထားသောနေရာမှ သဲတောင်ပို့များရှိရာသို့ ထွက်ခွာသွားသည်။ ကျွန်တော်နှင့် ယူနိုက်တက် သတင်းစာမှ ဘာရီရန်တို့သည် သတင်းလာပို့သောအရာရှိနှင့်အတူ ထွက်ခွာသွားသော တပ်မဟာမှူး၏နောက်ကျောကိုကြည့်ကာ လိပ်ပြာငယ်၍ ကျန်ရစ်ခဲ့ကြရသည်။ ကျွန်တော်တို့အနားတွင် အင်္ဂလိပ်စကား လုံးဝ နားမလည်သော အိန္ဒိယစစ်သား ငါးယောက်သာ ကျန်ရှိနေတော့၏။ ကျွန်တော်တို့အနီးတစ်ဝိုက်ကို လှည့်လည်ကြည့်ရှုလိုက်သောအခါ သစ်ပင်တောအုပ်ဟူ၍ ကြီးကြီးမားမားမရှိဘဲ ဆီးပင်နှင့် ချုံပုတ်များသာ ဝန်းရံလျက်ရှိသည်ကို တွေ့ရ၏။

မျက်နှာဖြူအရာရှိဟူ၍ တစ်ယောက်မျှမရှိ။ ကျွန်တော်တို့စကားကို နားလည်မည့်သူဟူ၍ တစ်ယောက်မျှမရှိ။ အခြေအနေ မည်သို့ဖြစ်နေသည်ဟူ၍ ပြောပြမည့်သူ တစ်ယောက်မျှမရှိ။

ကျွန်တော်၏ သတင်းစာရဲဘော်ကြီးဖြစ်သူ ဘာရီရန်က... "ကျုပ်တို့လည်း ဒီမှာဆက်နေလို့ ဖြစ်မှာမဟုတ်ဘူးဗျို့..."ဟု ပြောရင်း တပ်မဟာမှူးနောက်သို့ လိုက်ရန် ဟန်ပြင်လိုက်သည်။ ဤအချိန်တွင်ပင် အိုင်ယာလန်အမျိုးသားဗိုလ်ကြီးတစ်ယောက် ကျွန်တော်တို့အနီးသို့ ရောက်လာ၏။

"အခြေအနေ ဘယ်လိုလဲ..."

"ကျုပ်လည်း မသိဘူး၊ ဘာများဖြစ်နေလို့လဲ..."

ကျွန်တော်တို့အမေးကို သူ၏အမေးဖြင့်ပင် ပြန်၍ အဖြေပေးလိုက်သည်။

"ဗိုလ်ကြီးတစ်ယောက်က လာပြီးသတင်းပေးသံကို ကြားရတယ်၊ ရန်သူတပ်တွေက ကျွန်တော်တို့နောက်ပိုင်းကို လာပြီးဝိုင်းဖို့ ကြိုးစားနေတယ် ဆိုပါကလား..."

ကျွန်တော်က ပေါ့ပေါ့ဆဆကိစ္စကလေးတစ်ခုကဲ့သို့ အေးအေးသက်သာ ပြောလိုက်၏။

"အိုး ...ဟုတ်လား၊ ဂျပန်တွေဟာ ကျုပ်တို့နောက်ကို အမြဲရောက်နေပါကလား ..."

အိုင်ယာလန်အမျိုးသားဗိုလ်ကြီးသည် ပြောပြောဆိုဆိုနှင့် ကျွန်တော်တို့ရှေ့မှ ဖြတ်၍လျှောက်သွားသည်။ အင်္ဂလိပ်စကား လုံးဝမပြောတတ်သော အိန္ဒိယစစ်သား ငါးယောက်နှင့်အတူ ရပ်မနေလိုသော ကျွန်တော်တို့သည် အိုင်ယာလန်အမျိုးသားဗိုလ်ကြီးနောက်သို့ လိုက်လာ...

"ဘယ်ကိုသွားမှာလဲ ဗိုလ်ကြီး..."

"ရှေ့တန်းစစ်မျက်နှာကိုလေ... ဒီမှာရပ်နေလို့ ဘာမှအကျိုးထူးမှာမဟုတ်ဘူး..."

အိုင်ယာလန်အမျိုးသားဗိုလ်ကြီးနောက်မှ လိုက်လာခဲ့သော ကျွန်တော်တို့သည် အရိပ်အာဝါသဟူ၍ လုံးဝမရှိသော သဲလမ်းပေါ်သို့ ရောက်ခဲ့ကြ၏။ ခြေလှမ်းလိုက်တိုင်း သဲထဲတွင် နစ်၍နစ်၍သွားသောအဖြစ်ကို ကြည့်ရင်း ကျွန်တော်က မြန်မာပြည်ရာသီဥတုကို ရေရွတ်ဆဲဆိုနေမိလေသည်။

ဆက်၍သွားလိုက်သောအခါ သဲပြင်အလယ်တွင် စိမ်းလန်းစွာတည်ရှိနေသော တောအုပ်ကလေးတစ်ခုကို လှမ်း၍မြင်ရ၏။ တောအုပ်အတွင်းတွင် စေတီတစ်ဆူနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း ရှိနေလေသည်။

ကျွန်တော်တို့ ဘုန်းကြီးကျောင်းနှင့် စေတီရှိရာ တောအုပ်အတွင်းသို့ ရောက်သွားသောအခါ တပ်ရင်းဌာနချုပ်ဖွင့်ထားသော စခန်းဖြစ်နေသည်ကို တွေ့ရ၏။ ရန်သူ့လေယာဉ်အတွက် အလွန်ပစ်ကွင်းကောင်းလှသော နေရာတစ်ခု ဖြစ်နေလေသည်။

ကျွန်တော်နှင့် ဘာရီရန်တို့ကို စစ်သတင်းထောက်များအဖြစ် သိရှိလာသော အရာရှိတစ်ယောက်က တပ်အတွင်းတွင် 'စိုင်ကလိုစတိုင်' ရိုက်၍ ဖြန့်ဖြူးထားသော သတင်းစာတစ်စောင်ကို ထုတ်၍ပြသည်။

"အင်္ဂလိပ်တို့၏ လျှို့ဝှက်လက်နက်စခန်း..."

ဤစာလုံးကို စာလုံးမည်းကြီးများဖြင့် ထိပ်စည်းမှရေးထားပြီး အောက်မှ... "မမြင်မတွေ့နိုင်သောလေတပ်..."ဟု စာလုံးငယ်ဖြင့် ရေးသားထား







သည်။

"ကျုပ်တို့လေတပ်က တကယ်လည်း မမြင်ရ၊ မတွေ့ရဘူး မဟုတ်လား ..."

အင်္ဂလိပ်အရာရှိက တဟားဟားရယ်ရင်း ကျွန်တော်တို့ကို ပြောလိုက်လေသည်။ သူပြောသည့်အတိုင်းပင် အင်္ဂလိပ်လေယာဉ်ပျံကိုသော် လည်းကောင်း၊ အမေရိကန် လေယာဉ်ပျံကိုသော်လည်းကောင်း ကျွန်တော်တို့ လုံးဝတွေ့မြင်ခြင်းမရှိတော့။ သို့သော် ဂျပန်လေယာဉ်များကမူ အင်္ဂလိပ်တပ်များ၏ ခံစစ်ကြောင်းပေါ်သို့ ဥဒဟို ပျံဝဲကင်းထောက်နေသည်ကို ကျွန်တော်တို့ တွေ့ရ၏။

ကျွန်တော်တို့သည် ရှေ့တန်းစစ်မျက်နှာတွင် တတ်နိုင်သမျှ ထောက်လှမ်းခဲ့ပြီးနောက် ရေနံချောင်းသို့ တပ်ခေါက်၍ ပြန်ခဲ့ကြရ၏။ မြေလှန်စနစ်အတွက် တာဝန်ပေးခြင်းခံရသော မစ္စတာဖော်စတာ၏ အိမ်တံခါးဝသို့ ကျွန်တော်တို့ လှည့်၍ဝင်လာသောအခါ မစ္စတာဖော်စတာကို အခန့်သင့်ပင် တွေ့ရသည်။

"မောင်ရင်တို့ရောက်လာတာ အတော်ပဲဟေ့။ ကျုပ်က...ရေနံဆီ ဂါလံနှစ်သန်းကို ခုပဲ သွားပြီး ဖောက်ခွဲပစ်မလို့..."

မစ္စတာဖော်စတာသည် ပြောပြောဆိုဆို ကျွန်တော်တို့ဂျစ်ကားပေါ် တက်၍ထိုင်လိုက်သည်။

ဧရာဝတီမြစ်ကမ်းပေါ်ရှိ ရေနံဂါလံနှစ်သန်းလှောင်ထားသော တိုင်ကီကြီး ရှိရာသို့ ကျွန်တော်တို့ကားကို ဆက်၍မောင်းလာစဉ် တိုင်ကီကြီးအပေါ်မှ တငွေ့ငွေ့တက်လာသောမီးခိုးများကို ရုတ်တရက်မြင်လိုက်ရ၏။

"ကဲ...ကားကိုရပ်ပြီး နောက်ကိုသာပြန်လှည့်ခဲ့တော့။ ကျုပ်လူတွေက ရေနံတိုင်ကီကြီးကို ဖောက်ခွဲပစ်ဖို့အတွက် ဒိုင်းနမိုက်နဲ့ ဆက်ထားတဲ့ စနက်တံကိုတောင် မီးရှို့ပြီးနေပြီ။ ခုမြင်ရတဲ့မီးခိုးတွေဟာ စနက်တံက ထွက်လာတဲ့ မီးခိုးတွေပေါ့..."

မစ္စတာဖော်စတာ၏စကားမဆုံးခင်ပင် မျက်စိနှစ်ဖက်စလုံး ကန်းသွားသည်ဟု ထင်ရလောက်အောင် အလွန်တရာထိန်လက်သော မီးရောင်တစ်ခုကို မြင်လိုက်ရသည်။ တစ်ဆက်တည်းတွင် မိုးခြိမ်းသကဲ့သို့သော ပေါက်ကွဲ

သံကြိုးတစ်ခုကို ကြားလိုက်ရပြန်သည်။ ဤအချိန်တွင်ပင် နဂါးခံတွင်းမှ ထ၍တောက်လာသကဲ့သို့သော မီးရောင်ကြီးကို မြင်လိုက်ရလေသည်။ ထို့နောက် ဆက်လက်၍ကြားလိုက်ရသော ပေါက်ကွဲသံများ ဆက်၍ ဆက်၍ မြင်လိုက်ရသော မီးရောင်များမှာ အလွန်တရာကြီးကျယ်သော မီးတောင်ကြီးတစ်ခု ရုတ်တရက်ပေါက်ကွဲလာသည်နှင့် တူနေလေတော့၏။

n







# ( ၇ ) မကွေးတိုက်ပွဲ

မကွေးတိုက်ပွဲတွင် အကျနာခဲ့သော အမှတ်(၁) တပ်မသည် သဲပေါများသော တောင်ကုန်းများပေါ်မှ ကျော်၍ ဆုတ်ခွာနေလေသည်။ ဧပြီလ ၁၆ ရက်နေ့ည တည်း။

မကွေးနှင့် မိုင် ၂၀ အကွာမှနေ၍ တက်လာသော ရန်သူတို့ကို ခုခံနေခဲ့သော အမှတ်(၁) တပ်မသည် ၁၆ ရက်နေ့နံနက်သို့ ရောက်လာသောအခါ အထိအနာကြီး နာလာခဲ့၏။

သို့ဖြစ်၍လည်း ရေနံချောင်းတောင်ဘက် ဆယ်မိုင် အကွာရှိ လမ်းပေါ်တွင် ဆုတ်ခွာလာသော တပ်များကို စောစောကပင် ကျွန်တော်တို့ မြင်တွေ့ခဲ့ရခြင်း ဖြစ်လေ သည်။

အမြောက်များ၊ သူနာပြုယာဉ်များနှင့် မော်တော်လော်ရီများသည် သဲထူသော တောင်ဆင်ခြေလျှောတစ်လျှောက်တွင် ဟိုမှသည်သို့ ယိမ်းထိုး၍သွားနေကြ၏။

လားများ၊ မြင်းများနှင့် စစ်သားများမှာလည်း ပူလောင်ပြင်းပြသော ဒဏ်ကို ကုန်း၍ခံရင်း ရှေ့သို့ အားစိုက်၍ ချီတက်နေကြသည်။

သုတ်သင်ခြင်းမပြုရသော စစ်သားများ၏ မုတ်ဆိတ်မွေးများတွင် သဲနှင့်ချွေးများ ရော၍ကပ်နေသလို မျက်နှာပေါ်တွင်လည်း သဲမှုန့်များဖြင့် ဖြူဖြူဖွေးနေသည်။ စစ်ဝတ်စုံများမှာ ချွေးဖြင့်နစ်နေပြီး ဖုန်မှုန့်တို့ဖြင့် ပေရေစုတ်ပြဲနေကြ၏။ လွယ်ထားသောရေဘူးများမှာ ရေတစ်စက်မျှမရှိတော့သည့်အတွက် အပိုပစ္စည်းတစ်ခုကဲ့သို့ ဖြစ်နေရသည်။

လူနှင့် လားများ၊ မြင်းများသာမက မော်တော်ကားများပင် မောဟိုက်ပန်းလျသကဲ့သို့ပင် ထင်နေရလေသည်။

မိမိခြေထောက်များကို အနိုင်နိုင်ဆွဲ၍လျှောက်နေရသော စစ်သားများအနက် တဗုန်းဗုန်းလဲကျလိုက် ပြန်၍ထလိုက် ဖြစ်နေသည့် စစ်သားအချို့ကိုလည်း တွေ့ရ၏။

အကယ်၍သာ နောက်မှနေ၍ ဟစ်အော် ငေါက်ငမ်း အမိန့်ပေးမည့် တပ်မှူးများမရှိလျှင် အားလုံးသောစစ်သည်တော်တို့သည် မိမိတို့ရောက်ရှိသည့်နေရာ၌ လှဲအိပ်လိုက်ကြမည်သာဖြစ်၏။

မောဟိုက်ပန်းလျနေသည့်အထဲတွင် သောက်စရာရေဟူ၍ မတွေ့ရသောအခါ စစ်သားတိုင်းပင် စိတ်ပျက်အားလျော့၍လာကြမည်မှာ အမှန်ပင်ဖြစ်၏။ ဤစစ်သည်တော်များကား တနင်္သာရီတိုင်းတွင် ဂျပန်များကို ခုခံတိုက်ခိုက်ခဲ့သူများတည်း။







စစ်တောင်းတံတားတိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သူများတည်း။ ပဲခူးတွင် ရန်သူအဝိုင်းခံနေရရာမှ ထိုးဖောက်ထွက်လာသူများတည်း။ ရွှေတောင်တွင် ရန်သူတို့ ပိတ်ဆို့ထားသော လမ်းကို အသက်စွန့်ထိုးဖောက်ပြီးနောက် ဧရာဝတီမြစ်ဝှမ်းအတိုင်း ပြည်မှ အောင်လံ၊ အောင်လံမှ မကွေးအထိ ဆုတ်လာရသူများတည်း။

ဤစစ်သည်တော်များသည် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများအထိ တက်လာသော ဂျပန်ကို မရပ်မနား ခုခံတိုက်ခိုက်ခဲ့ကြသူများဖြစ်၏။

စကော့တလန်၊ အိုင်ယာလန်၊ အင်္ဂလန်မှ စစ်သည်တော်များ ပါရှိသလို အိန္ဒိယနှင့် မြန်မာမှ ပန်ချာပီများ၊ ခစ်အမျိုးသားများ၊ ရာဇပုတ္တာရနယ်သားများ၊ ဂေါ်ရခါးများနှင့် ကချင်၊ ချင်း အမျိုးသားများလည်း ဤတပ်မတွင် ပါရှိသည်။ ဤတပ်မ၏အမည်ရင်းကို အမှတ်(၁) မြန်မာတပ်မဟု လူသိများကြ၏။ ဤတပ်မသည် တစ်ကြိမ်သောအခါက ရန်သူကို အကြီးအကျယ် အောင်ပွဲရ တိုက်ခိုက်နိုင်ခဲ့သော တပ်မဖြစ်သည်။

ဂုဏ်ရောင်ပြောင်ခဲ့သော ဤတပ်မသည် ယခုအချိန်အခါ၌ မရှုမလှ ဆုတ်ခွာနေရပေပြီ။

အိန္ဒိယအမျိုးသားစစ်ဗိုလ်များ၊ အင်္ဂလိပ်အမျိုးသားစစ်ဗိုလ်များထံမှ ကျွန်တော်တို့ ကြားသိရသော သတင်းအရ ဂျပန်တပ်များသည် ဧပြီလ ၁၅ ရက်မှ ၁၆ ရက်နေ့သို့အကူး နံနက်တစ်နာရီတွင် အိန္ဒိယအမျိုးသားအများအပြား ပါဝင်သော တပ်ရင်းများကို ဝင်ရောက်စီးနင်း တိုက်ခိုက်ကြသည်။ သို့ဖြစ်၍ အမှတ်(၁) တပ်မမှူးကြီးက တပ်အားလုံး ဆုတ်ခွာရန် ညွှန်ကြားလိုက်ခြင်းဖြစ်သည်ဟု သိရ၏။

မကွေးစစ်မျက်နှာမှ အချိန်မလွန်မီ ကြိုတင်၍ ဆုတ်ခွာလာခဲ့သော တပ်မများသည် မကွေးမြောက်ဘက် ဆယ်မိုင်အကွာရှိ ပဒေါင်းချောင်းကို ဖြတ်ကူးရာတွင် အခက်အခဲနှင့် ရင်ဆိုင်လာရတော့သည်။

ပဒေါင်းချောင်းသည် ဧပြီလကဲ့သို့ အလွန်ပူအိုက်သောရာသီ၌ တစ်မိုင်ခန့်ကျယ်သော သဲချောင်းကြီးတစ်ခု ဖြစ်နေလေသည်။

စစ်ပစ္စည်းအပြည့်တင်ဆောင်လာသော လော်ရီကားများမှာ သဲချောင်း

ကြီးကို တရွေ့ရွေ့ကူးဖြတ်ရင်း သဲထဲသို့ နစ်၍နစ်၍လာကာ ရှေ့သို့မတက်နိုင်ဘဲ ရှိနေခဲ့၏။ ဤအချိန်တွင် ရန်သူတိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များ ရောက်လာပြီး သဲချောင်းထဲတွင် နစ်နေသော အင်္ဂလိပ်တို့၏ သယ်ယူပို့ဆောင်ရေးလော်ရီများကို ငှက်ပစ်သလို ပစ်ခတ်တိုက်ခိုက်ကြတော့သည်။

ဤကဲ့သို့ အတိုက်အခိုက် အပစ်အခတ်ခံနေရသည့်ကြားမှ အမှတ်(၁) တပ်မသည် ရေနံချောင်းသို့ ဆုတ်မြဲဆုတ်လာခဲ့၏။

၂၅ မိုင်ရှိသော သဲလမ်းခရီးကို ရေမရှိ မိုးမရှိဘဲ ခြစ်ခြစ်တောက်ပူလောင်နေသော နေရောင်အောက်မှနေ၍ ဆုတ်ခွာနေချိန်တွင် ရန်သူလေတပ်က တိုက်ခိုက်ခြင်းကို ထပ်မံခံရပြန်သောအခါ စစ်သည်တော်တို့၏ စိတ်ဓာတ်မှာ အဘယ်မှာလျှင် မကျဘဲနေနိုင်ပါမည်နည်း။

ယိမ်းယိုင်ချည့်နဲ့သော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း ဆုတ်ခွာနေသော တပ်မတော်သားတို့၏စိတ်ဓာတ်ကို ကြောက်စိတ်ဖြင့် ခြောက်လှန့်ကာ ခြေလှမ်းသွက်အောင်ကြိုးစားမည်ဟူသော ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာ တပ်မှူးတို့က ရန်သူ့တပ်များ နောက်မှလိုက်လာပြီဟု တီးတိုး ဝါဒဖြန့်လိုက်ကြ၏။

သို့တစေ တပ်မတော်သားတို့သည် မိမိတို့ခြေလှမ်းများကို သွက်သွက်ကြီးလှမ်းရန် အားမရှိကြ။ နောက်မှလိုက်လာသော ရန်သူ့လက်တွင် အသက်ဆုံးရှုံးရခြင်းနှင့် ရေငတ် အစာငတ်ကာ ရေနံချောင်းသို့ ဆုတ်ခွာရာလမ်းတွင် သေရခြင်းက ပို၍အသေဖြောင့်မည် မဟုတ်ပါလား။

တစ်စီးနှင့်တစ်စီး ကျော်တက်၍မရနိုင်သော ထရပ်ကားများမှ စစ်ဗိုလ်နှင့် စစ်သားအချို့သည် ရေနံချောင်းမြို့ရှိ အင်္ဂလိပ်မျက်နှာဖြူတို့က ယခင်က ရေကူးကန်ပြုလုပ်ထားသောနေရာသို့သွားကာ နီးရာသံပုံးလွတ်များဖြင့် ရေများကို ခပ်ယူလာ၏။ အိန္ဒိယစစ်သားများသည် တန်းစီ၍ ချီတက်နေရာမှ ဒူးထောက်၍ထိုင်လိုက်ပြီး... "ရေပေးပါ... ရေပေးပါ..."ဟု တစာစာတောင်းခံနေကြလေသည်။

မှောင်နှင့်မည်းမည်းဖြစ်သော လမ်းပေါ်တွင် အချို့စစ်သားများက လက်ဆွဲမှန်အိမ်ကို ဝှေ့ယမ်း၍ လမ်းညွှန်နေကြ၏။ နက်မှောင်သော အသားပေါ်တွင် ပတ်တီးဖြူဖြူကြီးစည်းထားသော အိန္ဒိယအမျိုးသားတို့ကို လက်ဆွဲ







မှန်အိမ်အရောင်ဖြင့် မြင်နေရတော့သည်။ ဒဏ်ရာအကြီးအကျယ်ရနေသော်လည်း လမ်းလျှောက်နေရသေးသော စစ်သည်တော်များပါတကား...။

တဖြည်းဖြည်းမောင်းလာသော ကျွန်တော်တို့ဂျစ်ကားပေါ်သို့ ထော့နဲ့ထော့နဲ့လျှောက်လာသော အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးက တက်၍ထိုင်လိုက်သည်။

"မကွေးကို ရန်သူတွေ သိမ်းလိုက်ပြီလား..."

ကျွန်တော်တို့က မေးလိုက်၏။

"သေသေချာချာတော့ မသိဘူး၊ ကျသွားပြီလို့ ထင်တာပဲ။ ဒီနေ့မနက်သုံးနာရီမှာ ကျုပ်တို့ကို မကွေးကနေပြီး အတင်းဆုတ်ခိုင်းတာပဲ။ ၂၅ မိုင်လုံးလုံး ခြစ်ခြစ်တောက်ပူတဲ့ နေထဲမှာ လျှောက်လာခဲ့ရတယ်။ ဂျပန်လေတပ်က ဗုံးကြဲလိုက်၊ စက်သေနတ်နဲ့ ပစ်လိုက်နဲ့ ကျုပ်တို့ကို လမ်းတစ်လျှောက်လုံး ဒုက္ခပေးနေသေးတယ်။ ဒီအထဲမှာ ဖုန်ကလည်းထူ၊ ရေကလည်းမရှိဆိုပြန်တော့ တပ်သားတွေအားလုံး တစ်ပိုင်းသေနေသလို ဖြစ်နေကြတော့တာပေါ့..."

ထော့နဲ့ ထော့နဲ့နှင့် ကျွန်တော်တို့ကားပေါ်တက်လာသော စစ်ဗိုလ်သည် ခဏမျှနားနေပြီးနောက် ပြန်၍ဆင်းသွားသည်။ မကြာမီ အရပ်ထောင်ထောင်မောင်းမောင်းနှင့် တပ်မဟာမှူးတစ်ယောက်ကို တွေ့ရ၏။

သူသည် ကျွန်တော်တို့ဂျစ်ကားပေါ်သို့ ခုန်တက်လိုက်ပြီး ... "မောင်ရင်တို့က စစ်သတင်းထောက်တွေကိုး။ ဒါပေမဲ့ ကျုပ်က သတင်းတွေပြောရမှာတောင် အားမရှိတော့ဘူး..."ဟု စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်၏။

ကျွန်တော်တို့သည် တပ်မဟာမှူး လမ်းညွှန်သည့်အတိုင်း လမ်းဘေးတစ်နေရာရှိ သစ်ပင်အုပ်ကလေးရှိရာသို့ ကားကို မောင်း၍သွင်းလိုက်၏။ ထိုနေရာတွင် အသင့်တူးပြီးသား ကျင်းကလေးများ အစီအရီရှိနေလေသည်။

တပ်မဟာမှူးနှင့် ကျွန်တော်တို့သည် ကျင်းကလေး နှုတ်ခမ်းတစ်ခုပေါ်တွင် ခြေတွဲလောင်းချ၍ ထိုင်လိုက်ကြ၏။

"ကျုပ်မှာပါတဲ့ပစ္စည်းတွေတော့ အားလုံးပစ်ခဲ့ရတာပဲ။ ဟောဒီ ရမ်ပုလင်းတစ်လုံးပဲ ယူလာနိုင်ခဲ့တယ်..."ဟု ပြောရင်း တပ်မဟာမှူးက မတ်ခွက်တစ်ခွက်ထဲသို့ အရက်များကို လောင်းချလိုက်သည်။

ကျွန်တော်တို့သည် တစ်ယောက်တစ်လှည့် မတ်ခွက်ထဲမှ ရမ်ကို မျိုချလိုက်ကြ၏။ အားလုံးလိုလိုပင် လန်းဆန်းလာသည်ဟုထင်ရ၏။ လန်းဆန်းလာသည်နှင့်အမျှ တိုတိုတုတ်တုတ်နှင့် လိုရင်းကိုချုပ်ထားသော အကြောင်းအရာများ အစီအရီပေါ်ထွက်လာလေသည်။

"မနေ့ညက မကွေးနဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ ချောင်းတစ်ဖက်ကမ်းမှာ မြန်မာအမျိုးသားတစ်စု လာပြီးထိုင်နေတာ တွေ့ရတယ်။ ဂျပန်တွေက မြန်မာယောင်ဆောင်ပြီး ထောက်လှမ်းဖို့လာတာလို့ ထင်ရတယ်။ ဒီလူတွေဟာ ကျုပ်တို့ ဘယ်နေရာမှာ ကတုတ်ကျင်းတွေတူးပြီး နေရာယူထားတယ်ဆိုတာ အတတ်သိနေပုံရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သန်းခေါင်လောက်အချိန်မှာ ကျုပ်တို့ ခံကတုတ်ကျင်းတွေဆီကို မြင်းတပ်ဖွဲ့ကြီးတစ်ခုလုံးနဲ့ ဝင်စီးတော့တာကိုး။ ရန်သူတွေဟာ တော်မီကို ပိုင်ပိုင်ကြီးသုံးနိုင်တာ တွေ့ရတယ်။ ညာသံပေးပြီး ချောင်းကို ဖြတ်ကူးကြတယ်။ ကျုပ်တို့က ရန်သူတွေချောင်းဖြတ်ကူးပြီးတဲ့အထိ စောင့်နေပြီးမှ သူတို့ကို စက်သေနတ်တွေနဲ့ ပြန်ပြီးမောင်းထုတ်လိုက်ကြတယ်။ ဒါပေမဲ့ ရန်သူတွေဟာ အင်အားကြီးနဲ့ ကျုပ်တို့ကို ဝိုင်းလိုက်ပြီး ကျုပ်တို့ခံကတုတ်ကျင်းတွေပေါ်ကို အတင်းဝင်လာကြတယ်။ တက်လာတဲ့ရန်သူတွေကို ကျုပ်တို့က ဆီးပြီး သုတ်သင်လိုက်နိုင်ပေမယ့် နောက်ကတက်လာတဲ့ လူတွေက ဆင့်ဆင့်ပြီး ရိုက်လိုက်တဲ့လှိုင်းတွေလို ဖြစ်နေတယ်။ ကျုပ်ရဲ့တပ်ရင်းတစ်ရင်းတော့ တော်တော့်ကို မရှုမလှခံလိုက်ရတယ်။ အဲဒီတပ်ရင်းကို ရန်သူတွေက တောင်ပံနှစ်ဖက်ကနေ ညှပ်ပြီးတိုက်ကြတယ်။ ကျုပ်တပ်သားတွေ ဘယ်လောက်ကျဆုံးပြီး ဘယ်လောက်ဒဏ်ရာရတယ်ဆိုတာကိုတောင် ကျုပ် မသိတော့ဘူး..."

တပ်မဟာမှူးက စကားကို အဆုံးသတ်လိုက်သည်တွင် မည်သူမျှ စကားမပြောနိုင်ဘဲ ငိုင်နေကြ၏။

ဗိုလ်ကြီးတစ်ယောက်က ငြိမ်သက်ခြင်းကို ဖြိုခွင်းလိုက်၏။

"ကျွန်တော်တို့တော့ ကံဆိုးမိုးမှောင်ကျတုန်း ကံကောင်းတာလေး တစ်ခုနဲ့ သွားပြီးတိုးမိတယ်။ ကျုပ်တို့ဆီကို မောင်းသူမပါတဲ့ နွားလှည်းသုံးစီး တအီအီအသံပေးပြီး ရောက်လာတယ်။ လှည်းပေါ်မှာ ဂျပန်တွေ ပုန်းပြီးလိုက်လာလေမလားလို့ ကျွန်တော်တို့က သတိနဲ့ စောင့်ကြည့်နေ







လိုက်တယ်။ လှည်းပေါ်မှာ ရန်သူမပါတဲ့အပြင် အမဲသားဘူးတွေနဲ့ တရုတ်စီးကရက်တွေ အပြည့်ပါလာတာကို တွေ့ရတော့ ကျုပ်တို့အဖို့ ပွဲတော်ကြီးနဲ့ ဝင်တိုးရသလို ဖြစ်သွားတာပေါ့..."

"ကျုပ်ကတော့ စီးကရက်ဆိုလို့ လုံးလုံးမမြင်ရတာ တစ်ပတ်လောက်ရှိသွားပြီ"ဟု အခြားတစ်ယောက်က ပြောလိုက်၏။

"ခင်ဗျားကသာ စီးကရက်နဲ့ဝေးနေတယ်လို့ ပြောတယ်။ ကျုပ်ကတော့ မီးခြစ်တောင် မမြင်ရတာ အတော်ကြာသွားပြီ..."

အခြားစစ်ဗိုလ်တစ်ယောက်က သူ့ဒုက္ခကို တင်ပြလိုက်ပြန်သည်။

"ဒီပုံဒီနည်းနဲ့ စစ်တိုက်ရတာကတော့ဗျာ... ငရဲပြည် အရှင်လတ်လတ်ရောက်နေရသလိုပါပဲ။ တစ်နေ့ကုန်တိုင်း ရန်သူနဲ့ ဝေးတဲ့နေရာကို ကျုပ်တို့ရောက်လာခဲ့ပြီလို့ ထင်လိုက်တယ်။ ဒါပေမဲ့ ရန်သူတွေ နောက်ကနေပြီး ထက်ကြပ်ပါလာတာပဲ။ ညဆိုရင် မအိပ်ရတဲ့ရက်တွေ တော်တော်များနေပြီ။ ရန်သူတွေဟာ ကျုပ်တို့နောက်က အမြဲတမ်းလိုလို ကပ်ကပ်ပြီး လိုက်လာတော့ ညဆိုရင် ခြေလျင်လျှောက်ပြီး တပ်ဆုတ်လိုက်၊ နေ့ဆိုရင် ရန်သူနဲ့ တိုက်လိုက် လုပ်နေရတော့တာပဲ။ ဂျပန်တွေဟာ ကျုပ်တို့တပ်ထဲကို ထိုးဖောက်ပြီး ဝင်တဲ့နေရာမှာတော့ တကယ့်ကိုတော်တဲ့ ငနဲတွေပဲ။ သူတို့ကို မြန်မာလူထုက အကူအညီပေးတယ်။ သတင်းပေးတယ်။ ကျုပ်တို့ကိုတော့ ဘယ်မြန်မာကမှ သတင်းပေးဖော်မရဘူး။ ဒီလိုသွေးချောင်းစီးအောင် တိုက်နေရတဲ့နေရာမှာ မြန်မာလူထုဆီက အကူအညီမရရင် ကျုပ်တို့ ဘယ်လိုလုပ်ပြီး ဆက်တိုက်နိုင်မလဲ။ သခင်အသင်းက သခင်တွေက မြန်မာပြည်သည် မြန်မာများအဖို့လို့ ကြွေးကြော်နေတယ် မဟုတ်လား။ သူတို့ကြွေးကြော်တဲ့အတိုင်း မြန်မာပြည်ကို မြန်မာတွေလက်ထဲ ပြန်အပ်လိုက်ရင် မကောင်းဘူးလား။ မြန်မာလူထုဆီက အကူအညီမရဘဲနဲ့ ထောက်ခံမှုမရဘဲနဲ့ ကျုပ်တို့ မြန်မာပြည်ကို ဆက်ပြီးချုပ်ကိုင်ထားချင်သေးရတာလဲ။ ဒီလိုအကူအညီမရတာတောင် ကျုပ်တို့ဟာ သွေးချောင်းစီးတဲ့အထိ တိုက်ခဲ့ကြပြီ မဟုတ်လား။ ညတိုင်းညတိုင်း ဆက်ဆက်ပြီးတိုက်နေရတော့ လူတွေလည်း ချုံးလာကြပြီ။ ကျုပ်တို့သာ နှစ်ညလောက် ဆက်ပြီး အနှောင့်အယှက်မရှိ နားနေလိုက်ရမယ်ဆိုရင် တပ်သားတွေအားလုံး စိတ်ဓာတ်ရော အင်အား

ပါ တက်လာရမှာပဲ။ ခုတော့ တစ်ညမှ ကောင်းကောင်းမွန်မွန် အိပ်ရတယ်လို့ မရှိဘူး။ ဒီနေ့ညလည်း ကျုပ်တို့ ဆက်ပြီးဆုတ်ရဦးမလား မသိဘူး။ ကျုပ်တော့ ကျုပ်ခြေထောက်ကို ကျုပ် မသယ်နိုင်တော့ဘူး…"

## ( ၇ )

တပ်မဟာမှူးကြီးက မောဟိုက်သောအသံဖြင့် ကျွန်တော်တို့ကို ပြောလိုက်လေသည်။

ကျွန်တော်တို့သည် တပ်မဟာမှူးကြီးအား နှုတ်ဆက်ခဲ့ပြီးနောက် ကတ္တရာလမ်းမကြီးပေါ်သို့ ပြန်၍တက်လာခဲ့ကြသည်။

တောင်ဘက်မှနေ၍ အစုလိုက်အပြုံလိုက် ဆုတ်လာကြသော စစ်သားအများအပြားကို တွေ့ရ၏။ တပ်ပျက်သဖြင့် မိမိတို့တပ်မှူး မည်သည့်နေရာသို့ ရောက်နေမှန်း မသိသော ဒဏ်ရာရစစ်သားများသည် လမ်းပေါ်တွင် ဟိုယိမ်းဒီယိုင်ဖြင့် လျှောက်လာရင်း တွေ့သမျှစစ်သားများကို အကူအညီတောင်းနေ၏။ ရှေ့မှ ဒယီးဒယိုင်နှင့်လျှောက်လာသော စစ်သားအုပ်ကြီးကို တွေ့လိုက်ရသောကြောင့် ကျွန်တော်တို့သည် စီးလာသောဂျစ်ကားကို ရပ်ပေးလိုက်ရ၏။ စစ်သားတစ်ယောက်က ကျွန်တော်တို့ဂျစ်ကားကို လာ၍ မှီကာ မောမောပန်းပန်းနှင့် ပြောလိုက်သည်။

"ကျွန်တော့်ကို ဒီနေ့ည စိတ်ချလက်ချအိပ်ရမယ့်နေရာကို ခေါ်သွားစမ်းပါ…"

"မောင်ရင်က ဘာများဖြစ်နေလို့လဲ…"

ကျွန်တော်က မေးလိုက်၏။

"ဘာမှမစားရတာ သုံးရက်ရှိပြီ။ ရေဆိုတာလည်း လမ်းမှာတွေ့တဲ့ ရွှံ့ဗွက်ထဲကရေကို တစ်ခါတလေ သောက်ရတာပဲရှိတယ်။ ရွာတွေ့ပြန်တော့လည်း ရွာထဲကို မဝင်ရဲဘူး။ မြန်မာတွေက ကျွန်တော်တို့ကိုတွေ့ရင် ဘယ်တော့မှ ချမ်းသာမပေးဘူး။ ပစ်သတ်တာချည်းပဲ။ သုံးရက်လုံးလုံး ရွှံ့အိုင်ထဲကရေကို သောက်လာခဲ့ရတယ်။ ခုတော့ အပေါ့သွားလိုက်ရင် သွေးပဲထွက်လာတော့တယ်။ ကျွန်တော့်ကို ဆေးမှူးတစ်ယောက်ယောက်ဆီကို အမြန်ပို့ပေးပါ…"







ကျွန်တော်သည် ဤရဲဘော်အား ကားပေါ်သို့ ဆွဲတင်လိုက်ပြီးနောက် ရှေ့သို့ဆက်၍လာခဲ့၏။

လမ်းတစ်လျှောက်လုံးမှာ မှောင်နှင့်မည်းမည်း ဖြစ်နေသောကြောင့် သူနာပြုကားကို တော်တော်နှင့်ရှာ၍မတွေ့။ ရဲဘော်သည် ကျွန်တော်နှင့် ကပ်၍ထိုင်ရင်း တစ်ချက်တစ်ချက်တွင် အသံတိုးတိုးနှင့် ညည်းညူနေ၏။ ခံစားနေရသော ဝေဒနာကို ကြိတ်မှိတ်ထားရာမှ တားမနိုင်ဆီးမရတော့သမျှ ပေါ်ထွက်လာသော ညည်းညူသံပင်ဖြစ်သည်။

ရဲဘော်မှာ အသက်ငယ်ငယ်ရွယ်ရွယ်ပင်ဖြစ်၏။ ရောက်ရှားယား နယ်သားတစ်ယောက်ဖြစ်ကြောင်း ပြောပြရှာသည်။ သူ့အမည်မှာ ဂျွန်ဒိုးဖြစ်သည်။ အပေါ့သွားရာတွင် သွေးချည်းပါနေသဖြင့် သူ့အိမ်ကို သူ အောက်မေ့နေမည်မှာ ဓမ္မတာပင်မဟုတ်ပါလား။

ကျွန်တော်တို့သည် တပ်သားဂျွန်ဒိုးအား ပထမဆုံးတွေ့ရှိသော သူနာပြုကားပေါ်သို့ လွှဲပြောင်းပေးလိုက်ပြီးနောက် သူ့အကြောင်းကို မြန်မြန်ကြီးပင် မေ့ပစ်လိုက်ကြ၏။ အဘယ်ကြောင့်ဆိုသော် တပ်သားဂျွန်ဒိုး အကြောင်းကို ကျွန်တော်တို့ တွေးနေခြင်းအားဖြင့် ကျွန်တော်တို့သည် မည်သူ့ကိုမျှ ကောင်းကျိုးပြုနိုင်မည် မဟုတ်သောကြောင့်ပါတည်း။

ကတ္တရာစေးလမ်းမကြီးမှ ဘေးသို့ဖဲ့၍မောင်းလာသောအခါ အမှတ် (၁) တပ်မ၏ တပ်မှူးကြီးဖြစ်သော ဗိုလ်ချုပ်'စကော့'ကို သစ်ပင်တစ်ပင်အောက်၌ တွေ့ရလေသည်။

ဗိုလ်ချုပ်စကော့ ဌာနချုပ်ပြုလုပ်ထားသော သစ်ပင်အောက်တွင် လက်ဆွဲမှန်အိမ်တစ်လုံး ရှိနေ၏။ စကော့နှင့် လက်ဆွဲမှန်အိမ်အပြင် စကော့နှင့်အတူရှိနေသော သတ္တဝါနှစ်ဦးရှိသည်။

တစ်ဦးမှာ စစ်ဦးစီးအရာရှိကြီးဖြစ်လျက် နောက်ထပ်သက်ရှိသတ္တဝါ တစ်ဦးမှာ ဗိုလ်ချုပ်ကြီးစကော့၏ စပင်နီယယ်အမျိုးအစား ခွေးတစ်ကောင်ပင် ဖြစ်လေ၏။

ဗိုလ်ချုပ်ကြီးစကော့ကို ကြည့်ရသည်မှာ စစ်သူကြီးတစ်ယောက်နှင့် မတူတော့ဘဲ ဘုရားဖူးခရီးသည်တစ်ဦးနှင့်သာ တူနေလေတော့သည်။ စကော့၏ပတ်ဝန်းကျင်တွင် တပ်မတစ်ခု၏ စစ်ဌာနချုပ်နှင့်တူသော အသုံး

အဆောင်ဟူ၍ ဘာတစ်ခုမျှမရှိ၊ စားပွဲ မရှိ၊ ကုလားထိုင် မရှိ၊ မြေပုံ မရှိ၊ တယ်လီဖုန်း မရှိ၊ အော်ဒလီ မရှိ၊ အမှုဆောင်အရာရှိ မရှိ...။

ဗိုလ်ချုပ်ကြီးစကော့ကို ကြည့်ရသည်မှာ ဘုရားဖူးခရီးသည်ကြီးတစ်ယောက် လမ်းခရီးတွင် မောမောပန်းပန်းနှင့် သစ်ပင်တစ်ပင်၌ ညအိပ် အနားယူနေသကဲ့သို့ ဖြစ်နေလေသည်။

ဗိုလ်ချုပ်ကြီးစကော့ ကျောပေး၍ထိုင်နေသော ရေနံချောင်းမြို့ရှိရာသို့ လှမ်းမျှော်၍ကြည့်လိုက်သောအခါ နဂါးခံတွင်းမှ တဝင်းဝင်းတောက်နေသော မီးအလျှံကို မြင်ရ၏။ အမှန်မှာ နဂါးခံတွင်းမှ တောက်နေသော မီးအလျှံမဟုတ်ဘဲ ရေနံသိုလှောင်ရေးကန်များကို ဖောက်ခွဲဖျက်ဆီးလိုက်ရာမှ တောက်လောင်လာသော မီးအလျှံပင် ဖြစ်လေသည်။

ကျွန်တော်တို့သည် ဗိုလ်ချုပ်ကြီးစကော့နှင့်အတူ သစ်ပင်ခြေရင်းတွင် ထိုင်ရင်း အပန်းဖြေနေကြ၏။ ရေနံလှောင်ကန်တစ်ခုကို မီးကူး၍သွားသည့်အခါတိုင်း အက်ဆစ်နံ့နှင့် မီးလောင်နံ့တို့က ကျွန်တော်တို့နှာဝဆီသို့ တိုးဝှေ့လာကြ၏။

ကတ္တရာစေးလမ်းမပေါ်မှ စစ်တပ်ကြီးတစ်တပ် ဆုတ်လာသံကို ကျွန်တော်တို့ ကြားရပြန်သည်။ ဆဲဆိုတိုင်းထွာသံများ၊ ညည်းညူသံများနှင့် မြည်းများအော်သံတည်း။

တပ်ဆုတ်လာသော စစ်သည်တော်တို့၏ ခြေဖဝါးအောက်မှ လွင့်လာသော မြေမှုန့်တို့သည် လေညင်းနုနုတွင် အစုလိုက်အပြုံလိုက် ကျွန်တော်တို့ဆီသို့ လွင့်ပါလာသည်။ ကျွန်တော်တို့နှင့် ကိုက်တစ်ရာ နှစ်ရာခန့် အကွာတွင် မောပန်းနွမ်းလျ ခြေကုန်လက်ပန်းကျနေသော တပ်သားအချို့နှင့် ဒဏ်ရာရနေသည့်တိုင်အောင် လမ်းလျှောက်လာရသော တပ်သားများ၏ ညည်းသံကို ကြားနေရ၏။ ဗိုလ်ချုပ်ကြီးတစ်ဦးကိုယ်တိုင် ဌာနချုပ်ပြုလုပ်ထားသော သစ်ပင်တစ်ပင်နှင့် ဒဏ်ရာရနေသောစစ်သားများ လဲလျောင်းနေသည့်နေရာမှာ ကိုက်တစ်ရာ နှစ်ရာခန့်သာ ကွာခြားပါလျက် ဤနှစ်ခုအကြားတွင် လေကင်းမဲ့သော လေဟာပြင်တစ်ခု ကာဆီးနေသကဲ့သို့ ဖြစ်နေလေသည်။

ဗိုလ်ချုပ်ကြီးစကော့သည် တပ်မတစ်ခု၏ တပ်မှူးကြီးတစ်ဦးအနေဖြင့်







မိမိလက်အောက်မှ တပ်သားများ မည်သည့်အရပ်မှလာသည်၊ မည်သည့်အရပ်သို့ သွားသည်ကို သိသင့်သိထိုက်ပါလျက် ယခုအချိန်တွင် မည်သူမည်သည့်နေရာသို့ သွားသည်ကိုလည်းကောင်း၊ မည်သူ မည်သည့်နေရာတွင် ကျန်ရစ်ခဲ့သည်ကိုလည်းကောင်း မသိရုံမက သူကိုယ်တိုင် မည်သည့်အရပ်သို့ ချီတက်ရမည်ကို မသိနိုင်အောင် ဖြစ်နေရလေသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဗိုလ်ချုပ်ကြီးစကော့သည် တပ်မတစ်ခု၏ တပ်မှူးကြီးတစ်ယောက်အဖြစ်မှ ဘုရားဖူးခရီးသည်တစ်ဦးအဖြစ်သို့ ရောက်ရှိသွားခြင်းပင်တည်း။

ဗိုလ်ချုပ်စကော့သည် ကြက်သားစွပ်ပြုတ်ဘူးတစ်ဘူးကို ကျွန်တော်တို့ငါးယောက်နှင့်အတူ ဝေမျှ၍သောက်ရင်း...

"စစ်ဆိုတာ ဘာလဲ...ရန်သူဆိုတာကရော ဘာလဲ...။ ရန်သူရဲ့ အရိပ်အရောင်ကို ကျုပ်တို့က ဖမ်းနိုင်ရုံပဲရှိတယ်။ ရန်သူအစစ်အမှန်ကို ကျုပ်တို့ နားလည်ဖို့ အင်မတန်ခဲယဉ်းတယ်။ ရန်သူဆိုတာ ဘယ်လိုနေသလဲလို့ တွေးကြည့်လိုက်တိုင်း ရန်သူရဲ့ အရိပ်အရောင်ဟာ တစ္ဆေ မှင်စာကလေး တစ်ကောင်လို ပျောက်ပျောက်သွားတယ်။ ရန်သူ့အကြောင်း ကျုပ်တို့ ဘာများသိသလဲ။ ဘာမှမသိဘူး။ မြန်မာပြည်နဲ့ အဝေးကြီးမှာရှိတဲ့ လူတွေက ရန်သူ့အကြောင်းကို ပိုပြီးအသိရခက်လိမ့်ဦးမယ်။ မြန်မာပြည်ဟာ သာယာပျော်ရွှင်ဖို့ကောင်းတဲ့ တိုင်းပြည်တစ်ပြည်ဆိုတာလောက်ကို သိနေတဲ့လူတွေက ကျုပ်တို့နဲ့ရင်ဆိုင်နေရတဲ့ ရန်သူ့အကြောင်းကို ဘယ်လိုလုပ်ပြီး သိနိုင်ဦးမှာလဲ...။

"မောင်ရင်တို့က ရေးလိုက်တဲ့ သတင်းတွေကို အင်္ဂလန်မှာရှိတဲ့ ကျုပ်တို့လူတွေက ဖတ်တယ်။ ဒါပေမဲ့ အင်္ဂလန်မှာရှိတဲ့လူတွေက ဘာများပိုပြီး သိနိုင်မှာလဲ။ မောင်ရင်တို့ရေးတဲ့ တကယ့်အဖြစ်အပျက်တွေကိုတော့ အင်္ဂလန်မှာ ဖြန့်ဝေခွင့် ရဦးမှာလား။ အင်္ဂလန်မှာရှိနေတဲ့ ကျုပ်သားက ကျုပ်ကို ဗိုလ်ချုပ်ကြီးတစ်ယောက်ဆိုပြီး သိပ်အထင်ကြီးနေလိမ့်မယ်။ အင်မတန်တောက်ပြောင်တဲ့ ဝတ်စုံကြီးကို ဝတ်ပြီး စစ်မြင်းဖြူကြီးပေါ်က ကျုပ်က အမိန့်ပေးနေလိမ့်မယ်။ လက်ထဲမှာ တပြောင်ပြောင်တောက်နေတဲ့ ဓားလွတ်ကြီးကို ကိုင်ရင်း ကျုပ်က အမိန့်ပေးနေလိမ့်မယ်။ ယုတ်မာတဲ့ရန်သူတွေကို

တိုက်ကြခိုက်ကြဟော့လို့ဆိုပြီး ဒေါ်မာန်ပါပါနဲ့ အမိန့်ပေးနေတဲ့ ကျုပ်ကို ကျုပ်သားရဲ့မျက်စိထဲမှာ မြင်နေလိမ့်မယ်။ ဒါပေမဲ့ ကျုပ်ကတော့…"

ဗိုလ်ချုပ်ကြီးစကော့၏ အသံသည် ပြောရင်းပြောရင်း တိမ်၍တိမ်၍ ဝင်သွားသည်။

ဗိုလ်ချုပ်ကြီးစကော့သည် အတွေးနယ်ထဲတွင် ခဏမျှ နစ်မြုပ်နေရာမှ သူ့ကိုယ်သူ ပြန်၍သတိဆောင်လိုက်ပြီး…

"မေမြို့မှာရှိတဲ့ ကျုပ်မိန်းမဆီကို စာကလေး တစ်ကြောင်း နှစ်ကြောင်းလောက် သွားပို့ပေးစမ်းပါ။ မောင်ရင် ဒီမှာမြင်ခဲ့ရတဲ့အတိုင်း လုံးစေ့ပတ်စေ့လည်း ပြန်ပြီးပြောပေးစမ်းပါ။ သူဟာ စစ်သားတစ်ယောက်ရဲ့ မိန်းမပီပီခု ကျုပ်ကြုံတွေ့နေရတဲ့ ဘဝကို နားလည်နိုင်လာပါလိမ့်မယ်…"

ဗိုလ်ချုပ်ကြီးစကော့သည် ပြောပြောဆိုဆို ချွေးများဖြင့် စိုထိုင်းနေသော မှတ်စုစာအုပ်၌ လေးငါးကြောင်းမျှ ရေးခြစ်လိုက်ပြီး ကျွန်တော့်ကို လှမ်းပေးလိုက်သည်။

ဗိုလ်ချုပ်ကြီးစကော့က သူ့ဇနီးထံသို့ပေးရန် ရေးပေးလိုက်သော စာကလေးမှာ ယခုတိုင် ကျွန်တော့်လက်ထဲတွင် ရှိနေလေသည်။ ကြေမွ ညစ်နွမ်းနေသည့်တိုင်အောင် စာရွက်ကလေးပေါ်မှ စာကြောင်းများကို ဖတ်၍ရနိုင်သေးသည်။

**အချစ်ရေ…**

ကိုယ်တို့တော့ အိုကေပါပဲ၊ မောလိုက်တာကလည်း မပြောပါနဲ့တော့၊ တစ်နေ့လုံး ငရဲမင်းနဲ့ တိုက်နေရသလိုပါပဲ။ ဒါပေမဲ့ ဆက်ပြီးတိုက်နေရတာပါပဲကွယ်၊ ဘာပဲဖြစ်ဖြစ် အချစ်ကိုတော့ အမြဲပြုံးနေစေချင်ပါတယ်။ ပြုံးနိုင်အောင်လည်း ကြိုးစားစမ်းပါ။ မုတ်ဆိတ်ပါးမြိုင်းမွေးတွေနဲ့ ညစ်ပတ်ပေကျံနေတဲ့ မောင့်ကို အချစ်မြင်ရင် မှတ်မိမယ်တောင် မထင်ဘူး။ ဒီစာကိုယူလာတဲ့ သတင်းထောက်က မောင့်အကြောင်းကို စုံစုံစေ့စေ့ ပြောပြလိမ့်မယ်…။

**အချစ်များစွာဖြင့် …**







ဗိုလ်ချုပ်ကြီးစကော့သည် ကျွန်တော့်အား စာတိုတိုကလေးကို လှမ်း၍ ပေးလိုက်ပြီးနောက် သူ၏ အထက်တန်းဦးစီးအရာရှိဖြစ်သူအား ပြုံး၍မေးလိုက်၏။

"ရဲဘော်ကြီးရေ့…ဒီနေ့ညရော ဘယ်လိုများသဘောရသလဲ။ ဒီနေ့ညတော့ ဂျပန်ငပုတွေ ကျုပ်တို့နောက်က လိုက်လာမယ် မထင်ပါဘူး။ ကျုပ်ရဲ့ တပ်မတော်သားတွေဟာ တစ်ညလောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ရပြီး တစ်နေ့လောက် နေပူကျဲကျဲထဲမှာ လမ်းမလျှောက်ရဘူးဆိုရင်၊ နားနေတဲ့အချိန်မယ် ရေဝဝသောက်ရမယ်ဆိုရင် ရန်သူကို ပြန်ပြီးရင်ဆိုင်နိုင်တဲ့တပ်သားတွေ ဖြစ်လာကြမှာပဲ…"

ဗိုလ်ချုပ်ကြီးစကော့သည် သူ၏ဦးစီးအရာရှိဖြစ်သူအား ပြောနေရာမှ ကျွန်တော်တို့ဘက်သို့ လှည့်လိုက်၏။

"ဒီစစ်ကြီးဟာ ပထမကမ္ဘာစစ်ကြီးနဲ့ လုံးလုံးမတူဘူး။ ပထမကမ္ဘာစစ်ကြီးတုန်းက စစ်သားတစ်ယောက်ဟာ ကတုတ်ကျင်းထဲကနေပြီး တစ်လခွဲ ကျော်ကျော်လောက် တိုက်ရတယ်။ တစ်လခွဲကျော်သွားတော့ သူ့နေရာမှာ လူစားရောက်လာတယ်။ ဒါပေမဲ့ ဟောဒီ မြန်မာပြည်စစ်မျက်နှာမှာ ကျုပ်တို့ တိုက်လာတာ သုံးလတိတိ ဆက်တိုက်ရှိနေပြီ။ ဒါပေမဲ့ ကျုပ်တို့ အနားယူနိုင်အောင် ဘယ်ကမှ လူစားမလာဘူး။ ပိုပြီးဆိုးတာက ဒီသုံးလအတွင်းမှာ တစ်နေ့ကို မိုင်နှစ်ဆယ်လောက်စီ ခြေကျင်လျှောက်ရင်း ရန်သူ့ထိုးစစ်ကို နှေးသွားအောင် လုပ်နေရတာဟာ အဆိုးဆုံးပဲ"

ကျွန်တော်တို့က ထိုင်ရာမှထကာ ဂျစ်ကားရှိရာသို့သွားရန် ဟန်ပြင်လိုက်စဉ် သစ်ပင်ရင်း၌ ဌာနချုပ်လုပ်ထားသော ဗိုလ်ချုပ်ကြီးစကော့က ကျွန်တော်တို့ကို မော့၍ကြည့်ရင်း စကားဆိုလိုက်၏။

သူ့စကားမှာ ပဟေဠိဆန်သည်ဟု ကျွန်တော်ထင်မိလေသည်။

"စစ်ဆိုတာ စိတ်ပျက်စရာကောင်းတာပဲ မဟုတ်လား…။ စစ်ကို ဘယ်သူက ချုပ်ကိုင်ထားတယ်ဆိုတာ ဘယ်သူမှလည်း မသိဘူး။ ဒါပေမဲ့ ကျုပ်စိတ်အပျက်ဆုံးကတော့ ညနေဘက် ကျုပ်တို့ ဘယ်နေရာမှာ စခန်းချမယ်ဆိုတာ ရန်သူက တိတိကျကျသိနေတဲ့အချက်ပဲ။ ရန်သူ ဘယ်နေရာမှာ ရှိနေတယ်၊ ရန်သူက ကျုပ်တို့ကို ဘယ်လိုဝင်ပြီးတိုက်မယ် ဆိုတာကိုတော့

ကျုပ်တို့ လုံးလုံးမသိဘူး…”

ကျွန်တော်သည် ဂျစ်ကားပေါ်တွင် တက်၍ထိုင်လိုက်ပြီး မီးတဟုန်းဟုန်းတောက်လောင်နေသော ရေနံချောင်းရှိရာသို့ နောက်ပြန်လှည့်၍ လာခဲ့ကြ၏။

ကျွန်တော့်စိတ်ထဲတွင် ဗိုလ်ချုပ်ကြီးစကော့ နောက်ဆုံးပြောလိုက်သော စကားက ပဲ့တင်ထပ်နေလေသည်။

“ကျုပ်စိတ်အပူဆုံးကတော့ ညနေဘက် ကျုပ်တို့ ဘယ်နေရာမှာ စခန်းချမယ်ဆိုတာကို ရန်သူက တိတိကျကျသိနေတဲ့အချက်ပဲ။ ရန်သူ ဘယ်နေရာမှာရှိနေတယ်၊ ရန်သူက ကျုပ်တို့ကို ဘယ်လိုဝင်ပြီးတိုက်မယ် ဆိုတာတွေကိုတော့ ကျုပ်တို့ လုံးလုံးမသိရဘူး”

n







## ( ၈ ) ပင်းချောင်းတွင် အဝိုင်းခံရခြင်း

သစ်ပင်တစ်ပင်ခြေရင်းတွင် ဌာနချုပ် ဖွင့်ထားသော ဗိုလ်ချုပ်ကြီးစကော့ထံမှ ရေနံချောင်းသို့ ပြန်လာခဲ့သော ကျွန်တော်တို့ကို လမ်းခွဆုံတစ်ခုမှ ယာဉ်အသွားအလာကို ကြီးကြပ်ပေးနေသော အရာရှိတစ်ဦးက ရပ်တန့်ခိုင်းပြီး…

“လှျပ်စစ်အားပေးစက်ကို ဖောက်ခွဲလိုက်ပါတော့လို့ မစ္စတာဖော်စတာကို ပြောလိုက်စမ်းပါ။ အထက်က ရောက်လာမယ့် အမိန့်ကို စောင့်နေလို့ အပိုပဲဖြစ်မှာပဲ…” ဟု ကျွန်တော်တို့အား မှာကြားလိုက်၏။

“ကောင်းပြီလေ၊ သူ့ကိုပြောလိုက်မယ်။ ခုဆိုရင် ဆယ်နာရီထိုးဖို့ ဆယ့်ငါးမိနစ် လိုသေးတယ် မဟုတ်လား…”

"ဆယ့်နှစ်နာရီထိုးပြီးလို့ ဆယ်မိနစ်ကျော်တဲ့အချိန်မှာ ပေါက်ကွဲသံတစ်ခုကို ခင်ဗျား ကြားရလိမ့်မယ်။ အဲဒီပေါက်ကွဲသံဟာ လျှပ်စစ်အားပေးစက်ကို ဖောက်ခွဲဖျက်ဆီးလိုက်တဲ့အသံပဲ..."

ကျွန်တော်တို့က အာဏာပိုင် ထိပ်တန်းစစ်ဖက်အရာရှိကြီး၏ လေသံဖြင့် ထိုအရာရှိအား ခပ်ရှင်ရှင်ကလေး ပြန်၍ပြောလိုက်ပြီးနောက် ကားကို မောင်း၍ ထွက်လာခဲ့၏။

ရေနံချောင်းမှ ရေနံလှောင်ကန်များမှာ ကျွန်တော်တို့ စ၍တွေ့ခဲ့ရသည်ထက် ပို၍အရှိန်အဝါကြီးစွာဖြင့် တောက်လောင်လျက်ရှိနေလေသည်။ မီးတောက်မီးလျှံတို့၏ အလင်းရောင်ကြောင့် ကျွန်တော်တို့သည် ကားမှ ရှေ့မီးများကိုပင် ထွန်းရန်မလိုဘဲ ကောင်းစွာမောင်း၍ရနေ၏။ မကြာမီပင် ကျွန်တော်တို့ရှေ့ ခပ်လှမ်းလှမ်း၌ လမ်းလယ်ကောင်တွင် ရပ်ထားသော မော်တော်ကားလေးစီးကို တွေ့ရ၏။ လက်ကို အပေါ်သို့မြှောက်ထားသော အင်္ဂလိပ်စစ်သားလေးဦးက ကျွန်တော်တို့ကားရှိရာသို့ ပြေးလာကြသည်ကိုလည်း လှမ်း၍မြင်ရသည်။

"လျှပ်စစ်အားပေးစက်ကို ဖော်စတာက ဖောက်ခွဲတော့မယ်။ ရှေ့ကို မသွားနဲ့တော့..."

ကျွန်တော်တို့သည် အင်္ဂလိပ်စစ်သားလေးဦး၏ အကြံပေးစကားကြောင့် ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်ပြီး လျှပ်စစ်အားပေးစက် ပေါက်ကွဲပုံကို ကိုယ်တိုင်ကိုယ်ကျ ကြည့်လိုသဖြင့် အနီးရှိ တောင်ကလေးတစ်လုံးပေါ်သို့ ပြေး၍တက်ခဲ့ကြ၏။

တောင်ပေါ်မှနေ၍ မြင်ရသော ရေနံချောင်းမြို့ရှုခင်းမှာ လိမ္မော်ရောင်မီးများဖြင့် ထွန်းညှိထားသော ပွဲတော်ကြီးတစ်ခုလို ဖြစ်နေသည်။ အစိမ်း







ရောင်ဖုံးနေသော သစ်ပင်သစ်ရွက်များပေါ်၌ လိမ္မော်ရောင်မီးလျှံများ လာ၍ဟပ်နေပုံမှာ မြတစ်ဝက် ရွှေတစ်ဝက် ရောစွက်ထားသော ကျောက်မျက်ရတနာတုံးကဲ့သို့ ရှိနေလေသည်။ မည်းမှောင်သော မီးခိုးလုံးကြီးများက မဟူရာကျောက်တန်းကြီးသဖွယ် ရေနံချောင်းမြို့ပတ်ဝန်းကျင်ကို တွယ်ပတ်လျက်ရှိနေ၏။

ရေနံလှောင်ကန်များမှာ မီးအလျှံများသာ လက်နေပြီး မီးပွားများ ပြန့်ပွားကူးစက်ခြင်း မရှိသောကြောင့် တစ်မြို့လုံးကို မီးများပျံ့နှံ့ခြင်းမရှိ။

စက်ဝန်းလည်သကဲ့သို့ ရှိနေသော မီးလုံးများအလယ်တွင် မည်းမှောင်သော မီးခိုးတန်းကြီးတစ်ခု ရုတ်တရက်ပေါ်ပေါက်လာသည်ကို ကျွန်တော်တို့ တွေ့လိုက်ရ၏။ ဤမီးခိုးတန်းကြီးအလယ်မှ မျက်စိများ ကျိန်းစပ်သွားအောင် အလွန်ထိန်လင်းလှသော အရောင်တစ်ခု ရုတ်တရက်ပေါ်လာသည်။ တစ်ဆက်တည်းပင် တောင်ကြီးတစ်ခုလုံးကိုပင် တုန်ဟည်းသွားစေသော ပေါက်ကွဲသံကြီးတစ်ခု ပေါ်လာပြန်၏။ စက္ကန့်ပိုင်းအတွင်းက မည်းမှောင်နေသော မီးခိုးတန်းကြီး၏နေရာတွင် လိမ္မော်ရောင် မီးလျှံများ ထိုး၍တက်လာသည်။ ခဏတွင်းတွင်ပင် လျှပ်စစ်အားပေးစက်ရုံ တစ်ခုလုံးကို မီးတောက်မီးလျှံများက ဝါးမျိုလျက်ရှိနေလေပြီ။ ကျွန်တော်တို့သည် လက်မှနာရီကို မြှောက်ကြည့်လိုက်သောအခါ သန်းခေါင်ကျော်ပြီးနောက် ဆယ်မိနစ်တိတိ ရှိနေပြီကို တွေ့လိုက်ကြရလေသည်။ ကျွန်တော်တို့က လမ်းတွင်တွေ့ခဲ့သော အရာရှိအား ရယ်ရွှန်းပတ်ရွှန်းပြောလိုက်သောအချိန်မှာ ဤအချိန်ပင် မဟုတ်ပါလား။

ကျွန်တော်တို့သည် တောင်ပေါ်မှနေ၍ ဂျစ်ကားရှိရာသို့ ပြန်လာခဲ့ကြ၏။ စောစောကတွေ့ခဲ့ရသော မော်တော်ကားလေးစီးမှာ ကျွန်တော်တို့ရှေ့မှ သွားနှင့်ပြီဖြစ်သည်။

ကျွန်တော်တို့သည် ဂျစ်ကားကို လျှပ်စစ်အားပေးစက်ရုံရှိရာသို့ ဦးတည်ကာ သတိထား၍ မောင်းလာခဲ့ကြသည်။ လျှပ်စစ်အားပေးစက်ရုံ ပတ်ဝန်းကျင် သစ်ပင်များ၊ အိုးအိမ်အဆောက်အအုံများမှာ ညနေဆည်းဆာအချိန်တွင် ရောင်ပြန်ဟပ်ခြင်းခံနေရသကဲ့သို့ ဝါဝါထိန်လျက်ရှိနေကြ၏။ လျှပ်စစ်အားပေးရုံ ခြံပေါက်မှနေ၍ ကြည့်လိုက်သောအခါ ဘောင်းဘီအဖြူ

အင်္ကျီအဖြူ ဝတ်ထားသော လူတစ်ယောက်သည် လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် မြောင်းတစ်ခုကို အပြန်ပြန်အလှန်လှန် ကြည့်နေသည်ကို တွေ့ရ၏။

သူ့အနီးသို့ ကျွန်တော်တို့ရောက်သွားသောအခါ မစ္စတာဖော်စတာ ဖြစ်နေကြောင်းကို တွေ့ရ၏။

“ဘာဖြစ်လို့ ဒီမြောင်းထဲကို ဒါလောက် ဂရုစိုက်ပြီးကြည့်နေရတာလဲ မစ္စတာဖော်စတာ...”

“ရေနံလှောင်ကန်ထဲက စီးလာတဲ့ ရေနံတွေ တောင်ကြားထဲမှာပဲ မီးလောင်ပြီး ခန်းသွားရမယ့်အစား ဟောဒီမြောင်းအထိ စီးဆင်းလာတာ တွေ့ရလို့ ကျုပ် ဂရုစိုက်ပြီးကြည့်နေတယ်။ ဒီမြောင်းအတိုင်း စီးဆင်းလာမယ့် ရေနံတွေဟာ ဧရာဝတီမြစ်ကြီးထဲကို ရောက်သွားလိမ့်မယ်။ အဲဒီကို ရောက်သွားခဲ့ရင် မြစ်ပြင်တစ်ခုလုံး မီးဟုန်းဟုန်းထတောက်လာပြီး ကျုပ်တို့ကို လာပြီးကယ်မယ့် မော်တော်ဘုတ်တွေကို မီးလောင်တိုက်သွင်းပစ်လိမ့်မယ်။ ကဲ... ကျုပ်ကို ဝိုင်းပြီးကူကြစမ်းပါ...”

ကျွန်တော်တို့သည် ကားပေါ်တွင်ပါလာသော ကူရှင်များ၊ လမ်းတွင် တွေ့ရသော မြက်ဖျာများနှင့် သစ်ကိုင်းများကို မြောင်းထဲသို့ ရနိုင်သမျှ ပစ်ချလိုက်ပြီးနောက် မီးညှိထားသော မီးခြစ်ဆံများကို လောင်စာများအပေါ်သို့ တင်ပေးလိုက်သည်။

မကြာမီပင် ရေနံများဖြင့် ပြည့်နေသော မြောင်းထဲတွင် မီးတောက်မီးလျှံများ တဟုန်းဟုန်းတောက်လောင်လာလေသည်။

ဖော်စတာနှင့် ကျွန်တော်တို့သည် အရှိန်ပြင်းစွာ တောက်လောင်လျက်ရှိသော လျှပ်စစ်ဓာတ်အားပေးရုံကို တစ်ချက်မျှကြည့်လိုက်ပြီးနောက် ရေခဲစက်ရှိရာသို့ ဂျစ်ကားဖြင့် ထွက်ခွာလာကြသည်။ ရေခဲစက်ကို ဆက်လက်ဖောက်ခွဲဖျက်ဆီးပစ်ရန်တည်း။

## ( ၈ )

ရေခဲစက်ရုံမှာ ခပ်လှမ်းလှမ်းရှိ တောင်ကုန်းတစ်ခုပေါ်တွင် တည်ရှိနေသည့်အလျောက် ကျွန်တော်တို့သည် ရေနံချောင်းမြို့တွင်းကို ဖြတ်၍







တဖြည်းဖြည်းလာခဲ့ကြရ၏။

နေရာတိုင်းတွင် တောမီးလောင် တောကြောင် လက်ခမောင်းခတ် ဟူသောစကားအတိုင်း ဈေးဆိုင်ကြီးများ၊ အဆောက်အအုံများ၊ မျက်နှာဖြူကလပ်များကို လူဆိုးသူခိုးတို့က လုယက်ထားကြသဖြင့် ဘလဖွံကျဲနေသည်ကို ကျွန်တော်တို့ တွေ့ကြရ၏။

ကျွန်တော်နှင့် ယူနိုက်တက်သတင်းစာမှ ဘာရီရန်တို့သည် ရေနံချောင်း၌ နောက်ဆုံးကျန်ရှိခဲ့သော စစ်သတင်းထောက်များအဖြစ် ဂုဏ်ယူပြောဆိုနေကြစဉ် အင်္ဂလိပ် ကလပ်ဘေးမှ လူတစ်ယောက် ပြေးထွက်လာပြီး ကြောက်လန့်တကြားဖြင့် ကျွန်တော်တို့အား အော်ဟစ်သတိပေးလိုက်၏။

“ရန်သူတွေက ကျွန်တော်တို့ကို ပင်းချောင်းကနေပြီး...ဝိုင်းထားပြီ...”

ကျွန်တော်တို့ ကြားသိလိုက်ရသည့်အတိုင်း ရန်သူက ပင်းချောင်းမှနေ၍ ကျွန်တော်တို့ ဆုတ်မည့်လမ်းကို တားထားသည်ဆိုလျှင် ကျွန်တော်သည် အနောက်ဘက်မှနေ၍ ရန်သူ့အဝိုင်းခံလိုက်ရခြင်းပင် ဖြစ်နေပေတော့မည်။

ကျွန်တော်တို့သည် ဂျစ်ကားကို ထိုး၍ရပ်လိုက်ပြီး... လမ်းပေါ်သို့ဆင်းကာ စကားတစ်လုံးမှမပြောနိုင်ကြဘဲ ငိုင်၍နေမိကြလေသည်။

ဤအချိန်တွင် တစ်စုံတစ်ယောက်က ကျွန်တော့်ပခုံးကို ကိုင်ရင်း...

“ကျွန်တော်တို့ မန္တလေးက ရေနံချောင်းကို ဒီနေ့ပဲ လာခဲ့ကြတယ်။ ပင်းချောင်းကို ရောက်တော့မယ့်အချိန်မှာ လမ်းလယ်ကောင်မှာ ရှေ့မီးတွေ တထိန်ထိန်ထွန်းပြီး ရပ်ထားတဲ့ ဂျစ်ကားတစ်စီးကို ဖြုန်းခနဲ တွေ့လိုက်ရတယ်။ ရှေ့မီးတွေ တထိန်ထိန်ထွန်းထားလျက်သားနဲ့ ကားပေါ်မှ လူဆိုလို့ တစ်ယောက်မှမတွေ့ရတော့ ထူးလှပါကလားဆိုပြီး ကျွန်တော်က ကားပေါ်က ဆင်းကြည့်တယ်။ ကားလမ်းဘေးတစ်ဖက်မှာရှိတဲ့ ချုံထဲက စစ်သားတစ်ယောက် ခုန်ထွက်လာပြီး သို့ပေမဲ့ စူးရှတဲ့အသံနဲ့ အော်ပြီးပြောလိုက်တယ်။ ကျွန်တော်တို့ကို ဂျပန်တွေ ဝိုင်းထားပြီ...လို့ ပြောတယ်။ ကျွန်တော်က သူ့ကို သေနတ်တစ်လက်ပေးလိုက်ပြီး ကားပေါ် အတက်ခိုင်းလိုက်တယ်။ ပြီးမှ ချောင်းကိုဖြတ်ပြီး မောင်းလာခဲ့တယ်။ ဘယ်သူကမှ ကျွန်တော်တို့ကို လမ်းကဆီးပြီးမတိုက်ဘူး။ ရန်သူလည်း တစ်ယောက်မှ မမြင်ခဲ့

ရဘူး…"

အမည်မသိသူ၏စကားကြောင့် ငိုင်၍နေသော ကျွန်တော်တို့သည် ပြန်၍အသက်ဝင်လာကြသည်။

"မြန်မာတွေက ရိုင်ဖယ်တစ်လက် နှစ်လက်လောက်နဲ့ လမ်းဘေးက နေပြီး တစ်ယောက်ချင်းဆုတ်လာတဲ့ ကျုပ်တို့လူတွေကို သုတ်သင်ဖို့ စောင့်နေတာ ဖြစ်မှာပါ။ သိပ်လည်းစိုးရိမ်မနေကြနဲ့…"

တစ်စုံတစ်ယောက်က ထပ်၍ ထင်မြင်ချက်ပေးလိုက်ပြန်သည်။ သူ့စကားမဆုံးမီ မလှမ်းမကမ်းမှ ခပ်မှန်မှန်ပစ်လိုက်သော စက်သေနတ်သံ ပေါ်ထွက်လာ၏။

အင်္ဂလိပ်စက်သေနတ်ထက် ပို၍အသံမြည်သော ဂျပန်စက်သေနတ်သံပင် ဖြစ်သည်။ သေနတ်သံသည် မှန်မှန်ပေါ်ထွက်နေရာမှ စကားရပ်သွားပြီး ထပ်၍ပေါ်လာပြန်၏။ အတွဲလိုက်ဆွဲသော အသံပင်တည်း။

ကျွန်တော်တို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်မိကြ၏။ အားလုံးပင် ကြောက်စိတ်ဝင်နေကြပြီဖြစ်၏။ မစ္စတာဖော်စတာက… "ဒါမှ တကယ့်ဒုက္ခပါပဲ"ဟု မြည်တမ်းလိုက်၏။

ကျွန်တော်သည် အရိုးစိမ့်သွားအောင် ကြောက်နေမိ၏။ ညသန်းခေါင်မှောင်နှင့်မည်းမည်းတွင် မည်သည့်နေရာက ရန်သူတက်လာမည့် အဖြစ်မျိုးကို မသိနိုင်သောအခါ၌ မည်သူသည် မကြောက်မလန့်ဘဲ နေနိုင်ပါမည်နည်း။ ကျွန်တော်တို့ကို အကူအညီပေးနိုင်သူများမှာ ၁၂ မိုင်အကွာတွင် ရှိနေသည်။ ၁၂ မိုင်ဆိုသည်မှာ ဝေးလှသောခရီး မဟုတ်သော်လည်း ရန်သူနှင့် လက်ငင်းရင်ဆိုင်နေရသော ကျွန်တော်တို့အဖို့ လွန်စွာဝေးကွာလှသော ကန္တာရဖြစ်နေမည် မဟုတ်ပါလား။

ကျွန်တော်တို့ ရန်သူအဝိုင်းခံရခြင်းမှာ ဖော်စတာနှင့်အတူ လျှပ်စစ်အားပေးစက်ကို ဖောက်ခွဲပစ်ရန် ကျန်နေခဲ့ခြင်းကြောင့်ပင်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ လျှပ်စစ်အားပေးစက်ကို ရန်သူ့လက်ထဲသို့ ရောက်မသွားအောင် အချိန်မီ ဖျက်ဆီးနိုင်ခဲ့သည့်အတွက် တစ်ဖက်မှနေ၍ ကျေနပ်မိပြန်သည်။

သေနတ်သံများကို ကြားရခြင်းအားဖြင့် ရန်သူသည် ရေနံချောင်းကို အင်္ဂလိပ်တပ်များက မြေလှန်စနစ်သုံး၍ မဖျက်ဆီးနိုင်မီ နောက်ဘက်မှနေ၍







ဝင်ရောက်သိမ်းယူနိုင်ရန် ကြိုးစားလာကြောင်း သိသာလှသည်။

ရန်သူက ရေနံချောင်းကို နောက်မှနေ၍ တက်ရောက်မသိမ်းပိုက်နိုင်သည့်တိုင်အောင် ဗိုလ်ချုပ်ကြီးစကော့၏ အမှတ်(၁) တပ်မကို မဟာမိတ်တို့၏တပ်များနှင့် ဖြတ်တောက်ပစ်နိုင်မည် မဟုတ်ပါလား …။

ဤအချိန်တွင်ပင် ကျွန်တော်တို့ရှိရာသို့ တက်လာသော စစ်ဖိနပ်သံများကို ကြားလိုက်ရ၏။ တပ်သားအချို့ကို ခေါင်းဆောင်သော အင်္ဂလိပ်အရာရှိတစ်ဦးက…

"ရန်သူတွေက ပင်းချောင်းမြောက်ဘက်ကနေပြီး ကျုပ်တို့ကို ဝိုင်းထားပြီ။ ဆက်ပြီးမသွားနိုင်တော့ဘူး…"ဟု လှမ်းပြောလိုက်လေသည်။

ကျွန်တော်အပါအဝင် အရပ်သား ၇ ယောက်တို့က ရေနံချောင်းတွင် မြို့စောင့်တပ်မှူးအဖြစ် တာဝန်ယူခဲ့သော အရာရှိမျက်နှာကို ငေး၍ ကြည့်နေမိခဲ့ကြ၏။

"ဘယ်မှသွားလို့မဖြစ်တဲ့အတူတူ ဒီအချိန်မှာ တစ်ရေးလောက် အိပ်နေလိုက်ရင် အကောင်းဆုံးပဲ…"

သေရေးရှင်ရေးကိစ္စနှင့် လတ်တလော ရင်ဆိုင်နေရသည့် ယခုအချိန်မျိုးတွင် တစ်ရေးအိပ်ရန် အကြံပေးနေသော အရာရှိကို ကျွန်တော်က ရှုံ့ရှာမှန်းတီးလာမိသည်။ အမှန်ဆိုလျှင် ယခုအချိန်၌ ကျွန်တော်တို့ မည်ကဲ့သို့လွတ်မြောက်ရမည့်လမ်းကို ရှာဖွေကြရမည့်အချိန် မဟုတ်ပါလား။

"ပင်းချောင်းမြောက်ဘက်မှာ ရန်သူတွေ ဘယ်လောက်ရှိတယ်ဆိုတာ ဘာမှသတင်းမရဘူး။ မြို့စောင့်တပ် ဌာနချုပ်က ကျုပ်အိမ်မှာပဲရှိတယ်။ ဒီတော့ ကျုပ်အိမ်ကိုပဲ လိုက်ပြီး အားလုံးအိပ်ကြ။ အကြောင်းထူးရင် ကျုပ်ဆီကို သတင်းလာမှာပဲ…"

ကျွန်တော်တို့သည် နောက်သို့လှည့်ကြည့်လိုက်သောအခါ ကျွန်တော်တို့လို အရပ်သား ၇ ယောက် ၈ ယောက်ခန့်နှင့်အတူ ဒဏ်ရာရနေသော စစ်သားများကို တင်ထားသည့် ထရပ်ကား ၃–၄ စီး၊ မြို့စောင့်တပ်မှူးနှင့်အတူပါလာသော တပ်သား ၅၀ ခန့်တို့ကိုသာ တွေ့ရ၏။

ကျွန်တော်တို့ကို လာရောက်ကယ်တင်နိုင်မည့် မဟာမိတ်တပ်များက ၁၂ မိုင်အကွာတွင် ရှိနေချိန်၌ ကျွန်တော်တို့ကို အသက်ပျောက်သည်အထိ

ဒုက္ခပေးနိုင်သော ရန်သူက အလွန်ဆုံး ၅ မိုင်အကွာသို့ ရောက်နေမည်ကို ခန့်မှန်းရ၏။ ဤအချိန်တွင် မြို့စောင့်တပ်မှူးတာဝန်ကို ယူထားသူဟာ မည်သည့်နေရာက မည်ကဲ့သို့ဖောက်ထွက်မည်ကို မစဉ်းစားဘဲ တစ်ရေးလောက် နားနေအိပ်စက်ရန်ကိုသာ အကြံပေးနေသောအခါ ကျွန်တော်သည် စိတ်ဆိုးမာန်ဆိုးဖြင့် ပြောချလိုက်မိလေသည်။

"ကျုပ်တို့ မကြာခင်ကလေးကပဲ ဗိုလ်ချုပ်ကြီးစကော့ရဲ့ ဌာနချုပ်က လာခဲ့ကြတဲ့ လူတွေပါ။ သူ့ဆီကို ရန်သူ့တပ်တွေဟာ သူ့တပ်နောက်ပိုင်းကို ဝိုင်းထားတဲ့အကြောင်း ဆက်သားတစ်ယောက်ယောက်လွှတ်ပြီး သတင်းအပို့ခိုင်းရရင် မကောင်းဘူးလား..."

ကျွန်တော့်စကားအဆုံးတွင် တပ်မှူးက လေသံမာမာဖြင့် ပြန်ပြောလိုက်သည်။

"စစ်ရေးစစ်ရာကိစ္စကို ကျုပ်နားလည်ပါတယ်။ မောင်ရင်က သတင်းထောက်ဆိုတော့ သတင်းရဖို့လောက်ပဲ နားလည်တာပဲ မဟုတ်လား ..."

ကျွန်တော်သည် အံကိုကြိတ်ကာ ဒေါသကို မျိုသိပ်ထားလိုက်ပြီး တပ်မှူးအနီးမှ ထွက်ခွာလာခဲ့၏။

"ဒီကောင်ကြီးက သူ့ဟာသူ ဘာတွေလုပ်နေတယ်ဆိုတာ နားလည်မယ့်လူစားမျိုး မဟုတ်ဘူး။ သေစရာရှိရင် သူတစ်ယောက်တည်းပဲ သေပါစေ..."

သူ့တပ်မှ စစ်သားတစ်ယောက်က ကျွန်တော့်ရှေ့တွင်ပင် မှတ်ချက်ပေးလိုက်သည်။

ကျွန်တော်တို့သည် လမ်းပေါ်တွင် တွေ့သမျှလူများနှင့် အတန်ကြာအောင် ဆွေးနွေးပြီးနောက် ရေနံကုမ္ပဏီမှ အင်ဂျင်နီယာအချို့နှင့် စစ်ဗိုလ်တစ်ယောက်ကို စတေရှင်ဝက်ဂွန်းကားတစ်စီးဖြင့် ပင်းချောင်းမြောက်ဘက်ရှိ ရန်သူ့အခြေအနေကို တတ်နိုင်သမျှ ထောက်လှမ်းစုံစမ်းရန် စေလွှတ်လိုက်ကြ၏။

ကားပေါ်တွင် သောက်ရေအပြည့်ထည့်ထားသော သံစည်ပုံးကြီးတစ်လုံး အသင့်တင်ထားလျက်ရှိရာ ထိုသံစည်ပုံးပါ ကားပေါ်တွင် ပါသွားသည်။







ကျွန်တော်တို့သည် လမ်းဘေးတွင် လှဲသူကလှဲ၊ အိပ်သူကအိပ်ဖြင့် ကားပြန်အလာကို စောင့်နေကြ၏။ လထွက်လာသည့်အချိန်တွင် မြောက်ဘက်မှ ခြေလျင်လျှောက်၍လာသော ရေနံကုမ္ပဏီမှ အင်ဂျင်နီယာအချို့နှင့် စစ်ဗိုလ်ကို လှမ်း၍မြင်လိုက်ကြရ၏။

"ရန်သူတွေ ရေခဲစက်ကို ရောက်နေပြီ..."

မျက်နှာနှင့် လက်များတွင် သွေးများစို့နေသော ထောက်လှမ်းရေးသမားများက ကျွန်တော်တို့ကို သတင်းပေးလိုက်၏။

"ရေခဲစက်အလွန်ကို ရောက်တာနဲ့တစ်ပြိုင်နက် ကျုပ်တို့ကားကို မှောင်ထဲကနေပြီး စက်သေနတ်နဲ့ အပစ်ခံရတာပဲ။ ကျုပ်တို့လည်း ကားပေါ်က အတင်းခုန်ဆင်းပြီး တပ်ခေါက်လာခဲ့ရတယ်။

အင်ဂျင်နီယာတစ်ယောက် ဖြစ်ပျက်ပုံကို ဆက်၍ပြောပြနေသည်။

ကျွန်တော်သည် ရေခဲရေအေးအေးတစ်ခွက်ကို သောက်လိုသောစိတ်ပြင်းပြလာမိ၏။ ရန်သူက ရေခဲစက်ကို စီးမိနေပြီဟု သိသောအခါ ကျွန်တော့်ဆန္ဒမှာ ဘယ်လိုမှ ပြည့်နိုင်တော့မည် မဟုတ်ကြောင်း သိလာရ၏။ ဤထက်ပို၍ဆိုးသည်က ကားပေါ်တွင်ပါသွားသော သောက်ရေ သံစည်ပုံးကြီးသည် ရန်သူ့လက်ထဲသို့ ရောက်ရှိသွားခြင်းပင်တည်း။

ဤသောက်ရေ သံစည်ပုံးကြီးမှာ ရေနံချောင်း တစ်မြို့လုံးတွင် ကျွန်တော်တို့အတွက် တစ်ခုတည်းသာရှိတော့သောရေ မဟုတ်ပါလား"

ရန်သူက ရေခဲစက်အထိ ရောက်လာပြီဟု ဆိုခြင်းမှာ ယခု ကျွန်တော်တို့ ရပ်နေသော နေရာနှင့် နှစ်မိုင်အကွာသို့ ရောက်လာခြင်းပင်ဖြစ်၏။ သို့ရာတွင် တပ်မှူးဖြစ်သူက...

"အခြေအနေ ဘယ်လိုမှန်း မသိရသေးဘူး။ ဒီတော့ ကျုပ်တို့ကလည်း ဘာမှမလုပ်နိုင်သေးဘူး..."ဟု ပြောလိုက်ပြန်သည်။

မည်သို့မျှမတတ်သာသည့်အဆုံး ကျွန်တော်တို့သည် ဌာနချုပ်ပြုလုပ်ထားသော တပ်မှူးအိမ်တွင်ပင် အပန်းဖြေ နားနေလိုက်ကြ၏။

နံနက် ၅ နာရီအချိန်ခန့်တွင် တစ်စုံတစ်ယောက်က ကျွန်တော့်ပခုံးကို လှုပ်၍လှုပ်၍နှိုးလာသည်။ မျက်စိဖွင့်ကြည့်လိုက်သောအခါ ယူနိုက်တက်သတင်းစာတိုက်မှ သတင်းထောက် ဘာရီရန်ဖြစ်ကြောင်း တွေ့ရ၏။

"မော်တော်ကားအုပ်စုတစ်စု ပင်းချောင်းကိုဖြတ်ပြီး သွားမလို့လုပ်နေပြီ ထ..ထ..."

ကျွန်တော်သည် မစ္စတာဖော်စတာကို သွားခေါ်ကာ မော်တော်ယာဉ်အုပ်စုရှိရာသို့ ပြေးဆင်းလာခဲ့၏။ လူနာတင် ထရပ်ကားများ အပါအဝင် အားလုံး ကား ၁၀ စီး တွေ့ရသည်။

"ပင်းချောင်းမြောက်ဘက်မှာ မြန်မာတပ်သား ၃၀ လောက်ပဲရှိတယ်လို့ သိရတယ်။ ကျုပ်တို့ ဖောက်ထွက်လို့ရပါတယ်။

တပ်မှူးက လေအေးအေးဖြင့်ပြောလိုက်၏။

ကျွန်တော်သည် တပ်မှူး၏သတင်းပေးချက်ကို အကျေနပ်ကြီး ကျေနပ်သွားမိလေသည်။ ပင်းချောင်းကို မိနစ် ၃၀ ခန့် ဖြတ်၍ ကူးလိုက်လျှင် မန္တလေးနှင့် မေမြို့ဆီသို့ ရှေးရှုနေသော လမ်းမကြီးသည် ကျွန်တော်တို့အတွက် ဟင်းလင်းပွင့်နေမည် မဟုတ်ပါလား..."

၁၀ စီးခန့်ပါသော မော်တော်ယာဉ်အုပ်စုသည် ပင်းချောင်းရှိရာသို့ သတိကြီးစွာထား၍ မောင်းလာခဲ့ကြ၏။ မှောင်နှင့်မည်းမည်းဖြစ်နေသော လမ်းဘေးတစ်ဖက်တစ်ချက်ကိုလည်း အထူးသတိထား၍ ကြည့်နေမိ၏။

သစ်ပင်ရိပ်အောက်မှ ဂျပန်တစ်ယောက်ယောက်များ ဖြုန်းခနဲ ထွက်လာလေမလား။ သို့မဟုတ် လက်နက်ကိုင်ထားသော မြန်မာတစ်ယောက် ပေါ်လာလေမလား။

မကြာမီပင် လမ်းများပိတ်ဆို့ထားသော ဝိုင်ယာကြိုးများနှင့် သစ်တုံးများကို တွေ့ရ၏။ ကျွန်တော်တို့သည် တွေ့ရသောပစ္စည်းများကို ဖယ်ရှားလိုက်ပြီးနောက် ဆက်၍ထွက်လာခဲ့ကြ၏။

အရှေ့ဘက်တွင် လင်းရောင်ခြည်ပျိုးနေပေပြီ။

ရေနံချောင်း၏ ဈေးလမ်းမတစ်နေရာသို့ အရောက်တွင် အဝါရောင် သင်္ကန်းကို လွှမ်းခြုံထားသော ဘုန်းကြီးတစ်ပါးကို အဆောက်အအုံတစ်ခု၏ ထောင့်တွင် ရုတ်တရက် မြင်လိုက်ရ၏။

ကျွန်တော်တို့သည် မော်တော်ကားများကို ပို၍မြန်မြန်မောင်းကာ ရေခဲစက်ရှိရာသို့ ဦးတည်၍လာခဲ့ကြသည်။

မကြာမီပင် ကျွန်တော်တို့မော်တော်ကားစက်သံထက် ပို၍ကျယ်







လောင်မြည်ဟည်းသော စက်သေနတ်သံများကို ကြားလိုက်ရလေသည်။

ကျွန်တော်သည် အစပထမတွင် ကြောက်သွားမိသော်လည်း သေနတ်သံများမှာ ကျွန်တော်တို့ မော်တော်ယာဉ်အုပ်စုမှ လမ်းရှင်းရန်အတွက် ပစ်ခတ်လိုက်သောအသံများဖြစ်ကြောင်းကို သိလာရသောအခါ စိတ်အေး၍ သွားရပြန်သည်။

အထီးတည်း တည်ရှိနေသော တောင်ကုန်းကလေးတစ်ခုကို ကျွန်တော်တို့ မော်တော်ယာဉ်အုပ်စုက ကွေ့၍ ချိုးလိုက်သည်နှင့် တစ်ပြိုင်နက် အင်္ဂလိပ် စက်သေနတ်သံများထက် ပို၍ကျယ်လောင် မြည်ဟည်းသော သေနတ်သံများ ပေါ်ထွက်လာလေသည်။

ကျွန်တော်တို့ရှေ့မှ မှန်ကားတစ်စီးဖြင့် လိုက်ပါလာသော တပ်မှူးသည် သူ့ကားကို ရပ်တန့်လိုက်ပြီး ကားအပြင်သို့ ထွက်၍ အခြေအနေကို အကဲခတ်လိုက်၏။

ဤအချိန်တွင်ပင် ရိုင်ဖယ်သံများ ထပ်၍ကြားရပြန်သည်။ ခဏအတွင်းတွင်ပင် မော်တာဗုံးတစ်လုံးက သူနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော တောင်ကုန်းတစ်ခုပေါ်သို့ ကျရောက်ပေါက်ကွဲလာပြန်သည်။

"အခြေအနေမှာ မကောင်းဘူး ..."

တပ်မှူးသည် အော်၍ပြောလိုက်ရင်း သူ့ကားပေါ်သို့ တက်ထိုင်ကာ သူ့ဘေးမှ ကားမောင်းရဲဘော်အား နောက်သို့ပြန်လှည့်ရန် အမိန့်ပေးလိုက်၏။

မော်တော်ကားအုပ်စုကြီးသည် ရှေ့သို့ ခရီးမဆက်နိုင်တော့ဘဲ ကျွန်တော်တို့ ခရီးစခဲ့သည့် နောက်ဘက်ဆီသို့သာ ပြန်၍လှည့်နေကြရလေပြီ။

"ဝိုင်းထားသောရန်သူကို ဖောက်ထွက်ရန် အစီအစဉ်မှာ ပျက်လေပြီ..."ဟူသော အသိက ကျွန်တော့်နှလုံးသားကို သံချွန်ဖြင့် အထိုးခံလိုက်ရသလို နာကျင်သွားစေသည်။ ကျွန်တော်တို့သည် ပင်းချောင်း တောင်နှင့် မြောက်ဘက်မှ ဝိုင်းထားသော ရန်သူများလက်မှ လွတ်ထွက်နိုင်ပါဦးမည်လား...။

ဂ

## ( ၉ ) ထိုးဖောက်ရေးတပ်

ဧပြီလ ၁၇ ရက်နေ့။

နံနက်ခင်းအချိန်မှာ သာသာယာယာရှိနေသော်လည်း ဗိုလ်ချုပ်ကြီးစကော့အဖို့ မည်သို့မျှ သာယာမှု မရှိနိုင်။ ရင်ဆိုင်နေရသော အခြေအနေက မလှူးသာ မလှုပ်သာ။

အဘယ်ကြောင့်ဆိုသော်... ဂျပန်တပ်များက ပင်းချောင်း တောင်ဘက်နှင့် မြောက်ဘက်မှနေ၍ မိမိ၏ တပ်များကို ဝိုင်းဝန်းပိတ်ဆို့၍ထားသောကြောင့်ပါ တည်း။

မနေ့ညကပင် ရန်သူတပ်များက မိမိတပ်ကို ပင်းချောင်းမှနေ၍ ပိတ်ဆို့ထားမည်ဟူသော သတင်းကို ဗိုလ်ချုပ်ကြီးစကော့က ကြားသိခဲ့ရ၏။ မည်သို့ပင် ဖြစ်စေ ပိတ်ဆို့ထားသော ရန်သူမှာ ဗမာ့လွတ်လပ်ရေး တပ်မတော်မှ တပ်သားအနည်းငယ်နှင့် နောက်လိုက် နောက်ပါအချို့သာ ဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ ဤမျှသော ပိတ်ဆို့မှုကို မိမိတို့က ဖောက်ထွင်းနိုင်လိမ့် မည်ဟုလည်း စိတ်ချယုံကြည်ထားခဲ့၏။







သို့သော်... ဧပြီလ ၁၇ ရက်နေ့သို့ ရောက်လာသောအချိန်၌ကား ပင်းချောင်း တောင်နှင့် မြောက်ဘက်တွင် ဝိုင်းဝန်းပိတ်ဆို့ထားသော ရန်သူ အင်အားများမှာ ကြားသိရသည်ထက် အလွန်ကြီးမား အင်အားကောင်းနေ သည်ကို တွေ့ရှိလာရတော့သည်။

လွန်ခဲ့သည့်ညက သစ်ပင်တစ်ပင်အောက်တွင် ဌာနချုပ်ဖွင့်ထားခဲ့ သော ဗိုလ်ချုပ်ကြီးစကော့သည် ဦးစီးအရာရှိအချို့တို့နှင့်အတူ ရေနံချောင်း သို့ ပြန်၍ဆုတ်ခွာလာပြီးနောက် မြို့တောင်ဘက် နှစ်မိုင်အကွာတွင်ရှိသော မွေးမြူရေးခြံတစ်ခြံတွင် ဌာနချုပ်ဖွင့်လှစ်လိုက်သည်။ ဧရာဝတီမြစ်နှင့် ဆယ် မိုင်ခန့်ကွာသော နေရာတည်း။

ဧပြီလ ၁၇ ရက်နေ့ နံနက်စောစောအချိန်က ပင်းချောင်းမြောက်ဘက် ရှိနေသော တပ်မကြီး ဌာနချုပ်နှင့် ရေဒီယိုအဆက်အသွယ် လုပ်ကြည့်သော အခါ အင်္ဂလိပ်တို့၏ တင့်ကားတပ်များက ရန်သူစခန်းများကို ထိုးဖောက်ရန် ကြိုးစားလျက်ရှိကြောင်း သိခဲ့ရတော့၏။

ခြေလျင်တပ်အင်အားသာရှိသော ရန်သူပိတ်ဆို့မှုကို မိမိတို့ဘက်မှ ယန္တရားတပ်ကြီးကို အသုံးပြု၍ တိုက်ခိုက်နေရသည်။ ဗိုလ်ချုပ်ကြီးစကော့ သိရသောအခါ မိမိ၏တပ်များ ရန်သူ့တပ်များကို မကြာမီ ချိုးဖောက်နိုင်လိမ့် မည်ဟု မျှော်လင့်ထားခဲ့သည်။

သို့သော်... တစ်နာရီထက် တစ်နာရီ ကြာ၍သာလာခဲ့၏။ အင်္ဂလိပ် တင့်ကားများက ဝိုင်းဝန်းပိတ်ဆို့ထားသော ရန်သူ့ခြေလျင်တပ်ကို ချိုး ဖောက်၍မရ။ သို့ဖြစ်၍လည်း မိမိ၏တပ်များမှာ နောက်ပိုင်းမှနေ၍ ရန်သူ ဝိုင်းဝန်းပိတ်ဆို့ထားခြင်းကို ခံလိုက်ရပြီဟု ဗိုလ်ချုပ်ကြီးစကော့က တိတိ လင်းလင်း သိလာရတော့၏။

ရန်သူက ပင်းချောင်းမှနေ၍ တောင်နှင့်မြောက်ညှပ်ကာ ဝိုင်းဝန်းပိတ်ဆို့ထားသောအခါ ဗိုလ်ချုပ်ကြီးစကော့၏ တပ်များသည် ရိက္ခာပြတ်၊ ဆေးဝါးပြတ်၊ ခဲယမ်းမီးကျောက်ပြတ် ဖြစ်နေရုံမျှမက ရေပါပြတ်နေတော့၏။ စကော့၏ အမှတ်(၁) တပ်မသည် ဧရာဝတီမှ ၁၀ မိုင်ခန့်ကွာသောနေရာ၌ စုပြုံရောက်ရှိနေပြီဖြစ်ရာ ၁၀ မိုင်ခန့်ခရီးမှနေ၍ သယ်ယူလာသောရေကို တပ်သားများအား လောက်လောက်ငင ဝေငှပေးခြင်းငှာ မတတ်သာဘဲ ဖြစ်နေရပြန်သည်။

ကျွန်တော်သည် သတင်းစာဆရာတစ်ဦး ဖြစ်နေသည့်တိုင် ဗိုလ်ချုပ်ကြီးစကော့ ရင်ဆိုင်နေရသော အခက်အခဲကို နားလည်နေသည်။ အဘယ်ကြောင့်ဆိုသော် ဤအခက်အခဲများအကြားတွင် ကျွန်တော်ကိုယ်တိုင်ရောက်ရှိနေသောကြောင့်ပါတည်း။

ကျွန်တော်တို့လုပ်ရမည့် ပထမဆုံးအလုပ်မှာ ရန်သူ့ထောင်ချောက်ထဲမှ ဖောက်ထွက်ရန်ဖြစ်သည်။ ရေနံချောင်းရှိ ရေနံတွင်းမှန်သမျှကို ကျွန်တော်တို့က လုံးဝဖျက်ဆီးထားပြီဖြစ်ရာ ဤရေနံမြေဒေသအား ဆက်သွယ်ကာကွယ်ပေးနေစရာ မလိုတော့...။ ရေလည်းမရှိ၊ ရိက္ခာလည်း ဗလာ။ ခဲယမ်းမီးကျောက်လည်း နတ္ထိဖြစ်နေသောအချိန်၌ စစ်ကူတပ်ဟူ၍လည်း ရောက်မလာသောအခါ ရေနံမြေမှနေ၍ တက်လာသော ရန်သူများကို ခုခံနေခြင်းအားဖြင့် မည်ကဲ့သို့သောအကျိုးကို သက်ရောက်စေပါမည်နည်း။

ရေနံမြေမှ ကျော်၍တက်လာသော ရန်သူကို ခုခံနေခြင်းဖြင့် အကျိုးမရှိသလို ဝိုင်းထားသော ရန်သူအား ထိုးဖောက်ထွက်ခွာရန်လည်း ကျွန်တော်တို့တွင် အသေအပျောက်နှင့် အဆုံးအရှုံးသာ တောင်လိုပုံနေမည်သာဖြစ်၏။

လက်နက်အပြည့်အစုံ တပ်ဆင်ထားသော တင့်ကားတပ်ကြီးက ပင်းချောင်းတွင် ပိတ်ဆို့ထားသော ရန်သူများကို ထိုးဖောက်ချိုးထွက်ခြင်းငှာ မစွမ်းပါဟု ဆိုပါလျှင် ကျွန်တော်တို့ကဲ့သို့သော အရပ်သား ၇ ယောက်နှင့် ဒဏ်ရာရနေသော စစ်သားများ၊ ရေဆာလောင်မွတ်သိပ်နေသော တပ်သားများ၊ အားလုံးစုစုပေါင်း ၅၀ ခန့်သာ ပါဝင်သော ကျွန်တော်တို့သည် အဘယ်သို့လျှင် ရန်သူ့တပ်များကို ထိုးဖောက်နိုင်ပါမည်နည်း။

ဝိုင်းဝန်းထားသော ရန်သူ့တပ်များကို ထိုးဖောက်နိုင်ရန်အတွက် ကျွန်







တော်တို့သည် အခြားတစ်နေရာမှ စစ်ကူကို အလျင်အမြန်အလိုရှိနေ၏။ ဧပြီလ ၁၇ ရက်နေ့ နံနက်က ကျွန်တော်တို့ထံသို့ ရောက်လာနိုင်သော စစ်ကူမှာ ရေနံချောင်းမှ တောင်ဘက် ၁၀ မိုင်အကွာတွင် ရှိနေသည်။

ရေနံချောင်းတောင်ဘက်မှ တဖြောင်းဖြောင်းပစ်ခတ်နေသော အမြောက်သံ၊ သေနတ်သံများကို ကြားရခြင်းအားဖြင့် ဂျပန်တပ်များသည် မကွေးမှနေ၍ ဆက်လက်ချီတက်လာနေကြောင်း ခန့်မှန်းရ၏။ ကျွန်တော်တို့က ပင်းချောင်းတွင် ဝိုင်းဝန်းထားသော တပ်များကို မထိုးဖောက်နိုင်မီ ကျွန်တော်တို့အား အပြီးသတ် သုတ်သင်ချေမှုန်းရေးတိုက်ပွဲကို ဆင်နွှဲရန် တက်လာသော ရန်သူတပ်များတည်း။

ဗိုလ်ချုပ်ကြီးစကော့၏တပ်များမှာ ရှေ့တိုးလည်း ထမ်းပိုး၊ နောက်ဆုတ်လည်း လှည်းတုတ် ဆိုသကဲ့သို့ ဖြစ်နေရတော့၏။ တောင်ဘက်မှ တက်လာသော ရန်သူတို့၏ အဓိကဆိုးစစ်ကို ဟန့်တားခုခံရန် အရေးကြီးနေသည့်အချိန်တွင် မြောက်ဘက်မှ ဝိုင်းဝန်းထားသော ရန်သူ့တပ်များကို ထိုးဖောက်ရန်လည်း အရေးကြီးနေပြန်သည်။

တက်လည်းမတက်သာ ဆုတ်လည်းမဆုတ်သာဖြစ်နေရသော အချိန်တွင် အရေးအကြီးဆုံးသော ပြဿနာမှာ မြောက်ဘက်မှ ပိတ်ဆို့ထားသော ရန်သူများကို ထိုးဖောက်ရန်ပင်ဖြစ်၏။ ဤကဲ့သို့ ထိုးဖောက်နိုင်ရန်အတွက် တောင်ဘက်က ၁၁ မိုင်အကွာတွင် ရှိနေသော စစ်ကူများကို တတ်နိုင်သမျှ အလျင်အမြန်ခေါ်ဆောင်နိုင်ရန်တည်း။

၁၀ မိုင်ဆိုသောခရီးမှာ အရေးကိစ္စမကြုံသော အချိန်မျိုး၌ ဘာမျှဝေးကွာသောခရီး မဟုတ်စေကာမူ သေရေးရှင်ရေးနှင့် သက်ဆိုင်လာသောအခါ ၁၀ မိုင်ဟူသော ခရီးမှာ ၁၀ ကမ္ဘာကြာအောင် သွားရမည့် ကန္တာရကြီးဖြစ်နေတတ်သည်။

တောင်ဘက် ၁၀ မိုင်အကွာတွင်ရှိသော စစ်ကူတပ်များ ရေနံချောင်းသို့ ရောက်ရှိလာရန်အတွက် အနည်းဆုံး ၄ နာရီကြာမည်။ တစ်နာရီလျှင် ၂ မိုင်နှုန်းဖြင့် ချီတက်လာနိုင်မည်ဆိုလျှင် အလွန်လျင်မြန်သော စံချိန်ဖြစ်သည်ဟု ဆိုတော့မည်ကဲ့သို့ ဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် လမ်းတွင် တွေ့ရသော ရန်သူတပ်များကို တောရှင်းသလို ရှင်း၍ ချီတက်လာရမည်

ဖြစ်သောကြောင့်တည်း။

တောင်ဘက်မှ စစ်ကူတပ်များ ချီတက်လာသည့်အချိန်တွင် ရန်သူ့တပ်များက ရေနံချောင်းမြို့အတွင်း ပုန်းဝင်ရောက်လာပြီး ဗိုလ်ချုပ်ကြီးစကော့၏ပင်မတပ်များ ဧရာဝတီသို့ မဆင်းနိုင်မီ ကြားမှဝင်၍ ဖြတ်တောက်ထားမည်ကိုလည်း စိုးရိမ်နေရ၏။

ဤအခက်အခဲကို ကျော်လွှားနိုင်စေရန်အတွက် ဗိုလ်ချုပ်ကြီးစကော့သည် ရိက္ခာထောက်တပ်မှ ရနိုင်သမျှ လော်ရီနှင့် ထရပ်ကားများကို ၁၀ မိုင်အကွာရှိ စစ်ကူတပ်များအား သွားရောက်သယ်ဆောင်ပေးရန် အမိန့်ထုတ်လိုက်၏။

"စစ်ကူလာတဲ့တပ်သားတွေမှန်သမျှ သေနတ်မှာ လုံ့စွပ်အသင့်တပ်ပြီးလာပါစေ.."

ဗိုလ်ချုပ်ကြီးစကော့သည် သူတတ်နိုင်သမျှ စီစဉ်ပြုလုပ်ပေးပြီးနောက် သစ်ပင်တစ်ပင်ခြေရင်းတွင် နွမ်းလျစွာထိုင်ချလိုက်၏။ ရေမသောက်ရသဖြင့် ကွဲအက်နေသော နှုတ်ခမ်းများ နေ့စဉ်ညဆက် အိပ်ပျက်သဖြင့် ပင်ပန်းနွမ်းရိနေသော မျက်နှာ... အစဉ်သဖြင့် စူးစိုက်နေရသောကြောင့် ပြူထွက်နေသော မျက်လုံးအစုံတို့ဖြင့် ဗိုလ်ချုပ်ကြီးစကော့သည် ထောက်ထားသော ဒူးနှစ်ဖက်ပေါ်တွင် မြေပုံလိပ်ကို ဖြန့်ခင်းလိုက်ပြီး ရန်သူ့တပ်များ ရောက်ရှိနေသော နေရာကို ခဲတံအနီဖြင့် အမှတ်အသားပြုထားလိုက်၏။

ဤအချိန်တွင်ပင် မွေးမြူရေးခြံ တံခါးဝမှ ရေတပ်ဝတ်စုံကို ဝတ်ထားသော အရာရှိကလေးတစ်ယောက် ဝင်ရောက်လာကာ ဗိုလ်ချုပ်ကြီးစကော့အား ဆလုရိုက်၍ အလေးပြုလိုက်၏။

"မောင်ရင့်မှာ တိုက်ရေယာဉ် ဘယ်နှစင်းရှိသလဲ"

ရေတပ်အရာရှိကလေးသည် မျက်ကလဲဆန်ပျာဖြစ်သွားပြီး ပြန်၍အဖြေပေးလိုက်၏။

"ကျွန်တော့်ဆီမှာ တိုက်ရေယာဉ် တစ်စင်းမှမရှိတော့ပါဘူး ဗိုလ်ချုပ်၊ မနေ့ညနေကပဲ အညာဘက်ကို အားလုံးချီတက်ဖို့ အမိန့်ပေးလိုက်ပြီးပြီ..."

ရေတပ်အရာရှိကလေး၏စကားမှာ ကျွန်တော်တို့ အမင်္ဂလာသေမင်းခေါ်သံကဲ့သို့ ဖြစ်နေလေသည်။





ကျွန်တော်တို့သည် စိတ်ပျက်လက်ပျက်ဖြင့် မြေကြီးပေါ်တွင် လှဲချလိုက်သည်။ ရေတပ်အရာရှိကလေး ဆက်၍ပြောမည့်စကားကို နားထောင်နေခြင်းဖြင့် အကျိုးထူးလာမည် မဟုတ်တော့။

"မြန်မာလှေတွေတော့ နည်းနည်းပါးပါးရှိတယ်။ ဒါပေမဲ့ မြစ်ကိုဆန်တက်လို့တော့ လွယ်မှာမဟုတ်ဘူး။ ဟိုဘက်ကမ်းကို ဖြတ်ကူးရုံလောက်ပဲရမယ်..."

"မောင်ရင့်တိုက်ရေယာဉ်တွေက ဘယ်နေရာကို ရောက်နေတာလဲ..."

"ဒီကနေပြီး ခြောက်မိုင် ခုနစ်မိုင်လောက် အကွာကို ရောက်နေမှာပဲ။ ဒီတိုက်ရေယာဉ်တွေကို အချက်ပြပြီး ဒီကို ကျွန်တော်ပြန်ခေါ်ပါ့မယ်..."

ရေတပ်အရာရှိကလေးက သူ၏တိုက်ရေယာဉ်များကို တတ်နိုင်သမျှ အမြန်ဆုံး ပြန်၍ခေါ်ယူမည်ဟု ကတိပေးသည်။ သို့သော် အမြန်ဆုံးဆိုသောအချိန်မှာ နောက်ထပ် မည်မျှကြာနေဦးမည်နည်း။ တောင်ဘက်မှ စစ်ကူရောက်မည့်တပ်များကို စောင့်နေရခြင်းနှင့် မည်ကဲ့သို့ ခြားနားပါဦးမည်နည်း။

စိတ်ပျက်ခြင်း၊ ရေဆာလောင်ငတ်မွတ်ခြင်းနှင့် မောပန်းခြင်း ဝေဒနာသုံးခုကို တစ်ပြိုင်နက်ခံစားနေရသော ကျွန်တော်သည် ယူနိုက်တက်သတင်းစာမှ သတင်းထောက်အနားတွင် လှဲနေလိုက်သည်။

မီးကဲ့သို့ပူပြင်းလှသော နေရောင်မှ တတ်နိုင်သမျှ ရှောင်ပုန်းရန်အတွက် အိန္ဒိယအမျိုးသား ယာဉ်မောင်းရဲဘော်များသည် ထရပ်ကားများအောက်သို့ ထိုးဝင်နေကြ၏။ ဗိုလ်ချုပ်ကြီးစကော့က သူ၏ဦးစီးအရာရှိအား တရုတ်တပ်များဆီသို့ ပို့ရန် သတင်းကို နှုတ်မှပြောပြနေသည်။

"ရေနံချောင်းတွင် တပ်များအဝိုင်းခံနေရပြီ။ တပ်သားအားလုံး ပင်ပန်းနေပြီ။ တရုတ်တပ်တွေက ဘယ်အချိန်လောက်မှာ တန်ပြန်ထိုးစစ် ဆင်နွှဲမလဲ..."

ဤအချိန်တွင် တောင်ဘက်မှ ပစ်သံခတ်သံများ ပေါ်ထွက်လာသည်။ မကွေးမှချီတက်လာသော ရန်သူများ၊ ကျွန်တော်တို့တပ်များကို ထိုးဖောက်ရန် နောက်ထပ်ကြိုးစားနေသော အသံများပင်တည်း။

စက်သေနတ်သံ၊ မော်တာသံ၊ အမြောက်သံများကို ကြားနေရခြင်း

အားဖြင့် ရန်သူက အကြီးအကျယ် ထိုးစစ်ဆင်နေပြီဆိုသည်မှာ ထင်ရှားလှ၏။ ဤအသံများထက် ထိတ်လန့်ဖွယ်ရာကောင်းသော သတင်းကို ရေနံချောင်းတွင် မြို့စောင့်တပ်မှူးတာဝန်ကို ယူထားရသော အရာရှိက ယူဆောင်လာခဲ့၏။

"ရေနံချောင်းမြို့ထဲကို ရန်သူတွေရောက်နေပြီ ဗိုလ်ချုပ်ကြီး..."

ဗိုလ်ချုပ်ကြီးစကော့သည် စကားတစ်ခွန်းမျှမဟဘဲ ထိုင်နေရာမှ ထ၍ ရပ်လိုက်၏။ သူ့အမူအရာမှာ ကြားလိုက်ရသော သတင်းကြောင့် မည်ကဲ့သို့မျှ ထူးခြားခြင်းမရှိ။ ကျွန်တော်တို့ကမူ တစ်ယောက်မျက်နှာကို တစ်ယောက် အားငယ်သည့်အမူအရာဖြင့် လှမ်း၍ကြည့်လိုက်မိကြ၏။

ရေနံချောင်းမှ ကျွန်တော်တို့ ထွက်ခွာလာပြီးနောက် နာရီဝက်အကြာတွင် ရန်သူ့တပ်များသည် မြို့အရှေ့ဘက်ရှိ တောင်ကုန်းများပေါ်မှ ဖြတ်ကျော်ဝင်ရောက်လာပြီးနောက် အင်္ဂလိပ်ကလပ်နှင့် မျက်နှာချင်းဆိုင်အရပ်သို့ ရောက်ရှိလာကြသည်ဟု သိရ၏။

ရန်သူက ရေနံချောင်းမြို့ထဲသို့ ရောက်နေသောအခါ ကျွန်တော်တို့အဖို့ ယခု စခန်းချနေသော မွေးမြူရေးခြံကို စွန့်လွှတ်၍ ထွက်ခွာသွားရန်သာ ရှိတော့မည် မဟုတ်ပါလား။

"တပ်သားတိုင်း နောက်ကို သုံးမိုင်လေးမိုင်အထိ ပြန်ဆုတ်။ မော်တော်ယာဉ်တွေကို တစ်စီးနဲ့တစ်စီး ခပ်လှမ်းလှမ်းက လိုက်ပါစေ။ ဌာနချုပ်ကတော့ ကျုပ်ကားထဲမှာပဲ ရှိမှာပဲ..."

ဗိုလ်ချုပ်ကြီးစကော့၏ အမိန့်မှာ ဝိုးတဝါးနိုင်လှသည်ဟု ကျွန်တော် ထင်မိ၏။ နောက်သို့ သုံးမိုင်လေးမိုင်မျှ ပြန်ဆုတ်ရမည်။ မော်တော်ယာဉ် တစ်စီးနှင့်တစ်စီး အလှမ်းကွာကွာမှ လိုက်ရမည်။ ဤမျှသာ ကျွန်တော်တို့ သိရ၏။ မည်သည့်အရပ်သို့သွား၍ မည်သည့်နေရာတွင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို ကျွန်တော်တို့မသိ။

အခြေအနေ ရှုပ်ရှုပ်ထွေးထွေးဖြစ်ကာ နောက်ဘက်သို့သာ ကားတစ်စီးနှင့်တစ်စီး အလုအယက်ဆုတ်နေကြသောကြောင့် ကျွန်တော်တို့သည် ဗိုလ်ချုပ်ကြီးစကော့၏ မော်တော်ကားကို ရှာ၍မတွေ့နိုင် ဖြစ်နေရလေသည်။







လမ်းတစ်လျှောက်လုံးတွင် အကာအကွယ်ယူစရာ သစ်ပင်ဟူ၍ မရှိသောကြောင့် တပ်သားများနှင့် မော်တော်ကားများမှာ ရန်သူ့လေကြောင်းတိုက်ခိုက်မှုကို မရှုမလှခံနေကြရ၏။

နေက ချစ်ချစ်တောက်ပူလောင်နေသည့်အထဲတွင် ရေဆို၍လည်း သောက်စရာ မရှိသောကြောင့် ကျွန်တော်တို့တစ်ကိုယ်လုံးမှာ ချွေးများ ပွက်ပွက်ဆူနေသည်။ နောက်မှ တကောက်ကောက်လိုက်လာနေသော ရန်သူလက်မှ လွတ်အောင် ဖုန်ထူသည့်တောင်စောင်းများကို အပြေးတက်လိုက် အပြေးဆင်းလိုက် လုပ်နေသောကြောင့်လည်း ကျွန်တော်တို့မှာ စစ်သားနှင့်ပင် မတူတော့။

အပေါ်မှ ရန်သူ့လေယာဉ်များက အခေါက်ခေါက်အခါခါ ပျံဝဲကာ ဆုတ်နေသော ကျွန်တော်တို့တပ်များကို လိုက်လံတိုက်ခိုက်နေသလို ရန်သူ့လက်ချက်ဖြင့် ကျဆုံးသွားရသော ကျွန်တော်တို့တပ်သားများ၏ အလောင်းများကို မြိန်ရေရှက်ရေ စားသောက်ရန်အတွက် တဝဲဝဲရှိနေကြသော လင်းတများကိုလည်း မြင်နေရ၏။

ရန်သူက လေကြောင်းမှနေ၍ ဗုံးကြဲ၊ စက်သေနတ်နှင့်ပစ်နေခြင်းကို အစပထမတွင် ကျွန်တော်တို့ ထိတ်ထိတ်ပျာပျာ ကြောက်လန့်မိသည်။ သို့သော် လည်ချောင်းနှင့် နှုတ်ခမ်းများ ကွဲအက်ကာ လျှာများပင် ရောင်ရမ်းလာအောင် ရေဆာလောင်မွတ်သိပ်ခြင်းဒဏ်ကို ခံရသောအခါ ကျွန်တော်တို့သည် ရန်သူ့ဗုံးနှင့် စက်သေနတ်ကို မည်သို့မျှမမှုတော့။

ကျွန်တော်သည် ရေဆာလောင်မွတ်သိပ်ခြင်းကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခဝေဒနာကို ပထမဆုံးအကြိမ် ခံစားနေရလေသည်။

ကျွန်တော်သည် ၆၈ နာရီလုံးလုံး ရေတစ်ပေါက်မျှ မသောက်ရဘဲ နေခဲ့ရသည်။ ဤသို့နေစဉ်က မြေကြီးပေါ်တွင် ငြိမ်ငြိမ်ကလေးလဲလျောင်း၍ နေခဲ့ရသောကြောင့် ရေငတ်သည့်ဒဏ်ကို အားတင်း၍ခံနေနိုင်ခဲ့၏။ ယခုမူ ရန်သူလေတပ်များက အမဲလိုက်သလို လိုက်ခြင်းကို ခံနေရပြီး ချစ်ချစ်တောက်ပူလောင်လှသော နေရောင်အောက်တွင် တပြေးတည်းပြေးနေရသောအခါ ရေငတ်သည့် ဒုက္ခသည်လူတစ်ယောက်အား မည်မျှအထိ အန္တရာယ်ပေးနိုင်ကြောင်းကို ကျွန်တော် သိရှိလာရ၏။

ကျွန်တော်တို့သည် ဗိုလ်ချုပ်ကြီးစကော့၏ မော်တော်ကားကို လမ်းတစ်လျှောက်လုံး လိုက်လံရှာနေရင်း ရေရနိုင်မည့်တပ်များကိုလည်း စုံစမ်းကြသည်။ တစ်နေရာတွင် တပ်ခွဲတစ်ခုကို အုပ်ချုပ်ရသော မြန်မာအမျိုးသားတစ်ဦးနှင့် သွား၍တိုးမိနေ၏။ သူက ပတ္တူအိတ်များဖြင့် ထည့်ထားသော ရေကို ကျွန်တော်တို့အတွက် မျှ၍ပေးလိုက်၏။ မြန်မာအမျိုးသားစစ်ဗိုလ်မှာ အမေရိကန်တွင် ပညာသင်ကြားခဲ့ဖူးသူတစ်ယောက်ဖြစ်ကြောင်း ကျွန်တော်သိရ၏။

"ဒီစစ်ပွဲကို ဘယ်လိုတိုက်ရမယ်ဆိုတာ အင်္ဂလိပ်တွေ မသိဘူး။ တစ်ခါတစ်ခါတော့ အင်္ဂလိပ်တွေအပေါ်မှာ အတော်ပဲစိတ်ပျက်လာမိတယ်။ မနေ့တုန်းကဆိုရင် ကျွန်တော့်တပ်မှူးက ကျွန်တော့်ကို ဘာမှပြောမသွားဘဲ နောက်ကိုပြန်ဆုတ်သွားတယ်။ ကျွန်တော့်တပ်ခွဲကို ကျွန်တော်တစ်ယောက်တည်း ခေါင်းဆောင်ပြီး စစ်မျက်နှာတစ်ခုလုံးကို အုပ်ချုပ်နေခဲ့ရတယ်"

မြန်မာအမျိုးသားတပ်ခွဲမှူးသည် ကျွန်တော့်မျက်နှာကို ခဏမျှ စိုက်၍ကြည့်လိုက်ပြီး ကျွန်တော့်လက်မောင်းကို ပုတ်လိုက်၏။

"တကယ်လို့သာ အဆိုးတကာ့အဆိုးဆုံးအခြေအနေကို ရောက်လာရင် ကျွန်တော်တို့က စစ်ဝတ်စုံတွေကို ချွတ်ပြီး မြစ်တစ်ဖက်ကမ်းကို ကူးပြေးရတယ်။ လယ်သမားတွေဆီက အဝတ်တွေငှားပြီး ဝတ်လိုက်ရင် ကျွန်တော်တို့လည်း လယ်သမားတွေဖြစ်သွားမှာပဲ။ ဒါပေမဲ့ ခင်ဗျားအတွက်တော့ အတော်ခက်မယ်။ ဘာပဲဖြစ်ဖြစ် အဲဒီအချိန်အခါမျိုးကို ရောက်လာရင်တော့ ကျွန်တော်တို့နဲ့ပဲ အတူတူလိုက်ခဲ့ပါ..."

ကျွန်တော်သည် မြန်မာအမျိုးသားတပ်ခွဲမှူးကို အတိုင်းမသိ ကျေးဇူးတင်၍နေမိလေသည်။

"ဘာပဲဖြစ်ဖြစ် အဲဒီလိုအခြေအနေမျိုးတော့ မရောက်သေးပါဘူး။ ဝိုင်းထားတဲ့ရန်သူတွေကို ထိုးဖောက်ပြီး ထွက်နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်..."

ကျွန်တော်သည် တိုးတိုးကလေးပင် ပြန်၍ပြောလိုက်၏။

"ဒီအတိုင်းဖြစ်လာပါစေလို့ မျှော်လင့်ရတာပါပဲ..."

မြန်မာအမျိုးသားတပ်ခွဲမှူးထံမှ ထွက်ခွာလာပြီးနောက် ကျွန်တော်တို့







သည် ဗိုလ်ချုပ်ကြီးစကော့၏ကားကို အရိပ်အာဝါသ ကင်းမဲ့လှသော လမ်းဘေး သစ်ပင်တစ်ပင်၏အောက်၌ တွေ့လိုက်ရလေသည်။

"ကျွန်တော်တို့တပ်သားတွေ ဘယ်လိုနေသလဲဗျို့"

ဗိုလ်ချုပ်ကြီးစကော့က ကျွန်တော်တို့ကို မေးလိုက်၏။

"အိုကေပါပဲ ဗိုလ်ချုပ်ကြီး..."

ဗိုလ်ချုပ်ကြီးအမေးနှင့် ကျွန်တော့်အဖြေမှာ အတိုင်းအဖောက်ညီသည်ဟု ဆိုရမည်ဖြစ်သော်လည်း ကျွန်တော်တို့နှစ်ဦးစလုံးပင် အခြေအနေ မည်မျှဆိုးဝါးနေသည်ကို ကိုယ်တွေ့သိနေကြသူများ မဟုတ်ပါလား...။

"ကားထဲဝင်ပြီး ခဏလှဲနေစမ်းပါ။ ခတ်ဘူးထဲမှာ ရေရှိပါတယ်..."

ကျွန်တော်သည် ကားထဲသို့ ဝင်၍ထိုင်လိုက်ပြီး ခတ်ဘူးမှရေကို မော့ချလိုက်၏။

"နက်ဖြန်ခါ စစ်ကူလာမယ်၊ တရုတ်တပ်တွေ ရောက်လာလိမ့်မယ်။ ဒီနေ့တော့ ကျုပ်တို့ ဘယ်လိုမှ ထိုးဖောက်ပြီး ထွက်လို့မဖြစ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့တပ်သားတွေ ရေတစ်စက်မှ မသောက်ရသေးလို့ပဲ။ ဒီနေ့ည ကျုပ်တို့ရဲ့တပ်သားတွေကို ဧရာဝတီမြစ်အထိ ရောက်အောင်ခေါ်သွားမယ်။

"ရနိုင်သမျှ ယာဉ်တွေမှာ ရေတင်ပြီးလာရမယ်။ ကမ်းနားမှာပဲ ကျုပ်တပ်သားတွေကို ဒီနေ့ည အနားယူနိုင်အောင် လုပ်ပေးရယ်။ မနက်ကျရင် ရောက်လာမယ့် တရုတ်တပ်တွေနဲ့ အဆက်အသွယ်လုပ်ပြီး ဝိုင်းထားတဲ့ ရန်သူကို ထိုးဖောက်ထွက်ရမယ်..."

ဗိုလ်ချုပ်ကြီးစကော့သည် ကျွန်တော့်ကိုပြောနေရာမှ အနီးတွင်ရှိသော စစ်ဦးစီးအရာရှိကြီးဘက်သို့ လှည့်၍ အမိန့်ပေးလိုက်၏။

"နက်ဖြန်ရောက်လာမယ့် တရုတ်တပ်တွေကို ရန်သူ့တပ်နဲ့ မမှားအောင် တပ်မှူးမှန်သမျှဆီကို သတင်းပို့ထား။ တစ်ဖက်ကမ်းမှာ ရိက္ခာတွေ အသင့်ရှိနေတယ်ဆိုတာကိုလည်း ပြောထား။ ဒီရိက္ခာတွေကို စားရဖို့အတွက် ကျုပ်တို့ရဲ့ပန်းတိုင်ဟာ ဝိုင်းထားတဲ့ရန်သူတွေကို ထိုးဖောက်ဖို့ပဲ"

n

## ( ၁၀ ) တွင်းကုန်းတိုက်ပွဲ

ဧပြီလ ၁၈ ရက်နေ့ ...နံနက် ၆ နာရီခွဲ။

တန်ပြန်ထိုးစစ်ကို ဗိုလ်ချုပ်ကြီးစကော့က စတင်ဆင်နွှဲလိုက်သော အချိန်တည်း။

ဤတန်ပြန်ထိုးစစ်ကို ဆင်နွှဲနိုင်ရန်အတွက် ဗိုလ်ချုပ်ကြီး စကော့သည် မိမိ၏တပ်များကို ဧပြီလ ၁၇ ရက်နေ့ညက ဧရာဝတီမြစ်ကမ်းနဖူးပေါ်ရှိ ဘုန်းကြီးကျောင်းခြံတစ်ခုအတွင်းတွင် နားနေအိပ်စက်စေခဲ့ ၏။ ရန်သူနှင့် ၃ မိုင်မျှသာကွာသောနေရာ၌ မိမိတပ်များကို စခန်းချရပ်နားစေခဲ့ခြင်းမှာ ဗိုလ်ချုပ်ကြီးစကော့အတွက် သေမင်းနှင့် ကြွေအံကစားရသကဲ့သို့ ဖြစ်နေသည်။ ၃ မိုင် ဆိုသည်မှာ ရန်သူ့တပ်များအဖို့ ဘာမျှကွာလှသောခရီး မဟုတ်။







ရေနံချောင်းကို ဝင်ရောက်သိမ်းပိုက်လိုက်သော ရန်သူများက ဗိုလ်ချုပ်ကြီးစကော့၏တပ်များ မည်သည့်နေရာတွင် စခန်းချရပ်နားကြောင်း ထောက်လှမ်းတွေ့ရှိရသည်နှင့်တစ်ပြိုင်နက် ချက်ချင်းလာရောက်တိုက်ခိုက်နိုင်သော ခရီးမျှသာဖြစ်သည်။ ဧရာဝတီမြစ်ကမ်းနဖူးပေါ်တွင် တပ်ချနေသော ဗိုလ်ချုပ်ကြီးစကော့အဖို့ တစ်ခုတည်းသော ထွက်ပေါက်မှာ ဧရာဝတီမြစ်ကို ဖြတ်ကူးထွက်ပြေးရန်သာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တပ်သားများမှာ ငှက်ပျောသီး၊ ဇလဲသီး၊ သံပရာသီးများဖြင့် စိုစိုပြည်ပြည်ဖြစ်နေသော ဘုန်းကြီးကျောင်းခြံထဲတွင် စခန်းချ ရပ်နားလိုက်ရသောကြောင့် တစ်နေ့လုံး သဲပူထဲတွင် ရေအငတ်ခံကာ လျှောက်ခဲ့သမျှ အပန်းဖြေစခန်းတစ်ခုနှင့် တွေ့လာရခြင်းနှင့် တူနေသည် မဟုတ်ပါလား...။

ရေဆို၍ တစ်ပေါက်မျှ မသောက်ခဲ့ရသဖြင့် နှုတ်ခမ်းများ ကွဲအက်ကာလျှာလည်း ရောင်ရမ်းနေသော ကျွန်တော်သည် ငှက်ပျောပင်မှ မှည့်နေသော ငှက်ပျောသီးတစ်လုံးကို စားလိုက်ရသောကြောင့် အမောပြေသကဲ့သို့ ဖြစ်သွားခဲ့၏။ များစွာသောတပ်သားများမှာ သံပရာသီးကို အလုံးလိုက်ခံတွင်းထဲတွင် သွင်း၍ အရည်ကို တစိမ့်စိမ့်သောက်မျိုရင်း အပန်းဖြေနေကြသည်။

တပ်သားများသည် ကျွန်တော်တို့ စခန်းချလျက်ရှိသော ဘုန်းကြီးကျောင်းခြံထဲသို့ စစ်သားနှင့်မတူသော အမူအရာ ကိုယ်ပုံလက်ပန်းတို့ဖြင့် တစ်အုပ်ပြီးတစ်အုပ် ဝင်ရောက်လာကြ၏။ တစ်နည်းအားဖြင့်ဆိုရလျှင် ရွာတစ်ရွာကို ဓားပြအတိုက်ခံရသဖြင့် ရှိစုမဲ့စုကလေးများကို ပိုက်၍ ပြေးလာကြသော ဒုက္ခိတများနှင့် တူနေလေသည်။

ဒါဇင်ဝက်ခန့်ရှိသော အပေါ့စားတင့်ကားများပေါ်တွင် ချိတ်၍တွယ်၍ လိုက်ပါလာကြသော စစ်သားအချို့က ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ အုတ်ရေကန်မှရေကို တွေ့လိုက်ရသည်နှင့်တစ်ပြိုင်တည်း နွားဝတ်ကို ရေချသည့်ပမာ အငမ်းမရသောက်ကြ၏။ ပြီးမှ သံခမောက်များဖြင့်ခပ်ကာ ခေါင်းပေါ်မှ တစိမ့်စိမ့်လောင်းချနေကြသည်။

တဖွဲဖွဲရောက်ရှိလာသောစစ်သားများသည် အဆင်သင့်တွေ့ရသောရေကြောင့် တဖြည်းဖြည်းအပန်းပြေသကဲ့သို့ဖြစ်လာကြ၏။ ရေကို သောက်ချင်သမျှသောက်၍ ဝလာသောအခါ ဘုန်းကြီးကျောင်းအတွင်း ရှာဖွေရနိုင်သမျှသော ထင်းများဖြင့် ရေနွေးကျိုချက်ကြ၏။

ဗိုလ်ချုပ်ကြီးစကော့သည် ရိက္ခာတာဝန်မှူးအား ခေါ်ယူလိုက်ပြီး အခြေအနေကို မေးမြန်းလိုက်၏။

"ခဲယမ်းမီးကျောက် ဘယ်လောက်များရှိသေးသလဲဟေ့..."

"လက်ကျန်မရှိတော့ပါဘူး၊ ဗိုလ်ချုပ် တပ်တွေကို ဝေငှပေးလိုက်တာပဲရှိပါတယ်"

"ရိက္ခာရော..."

"အိန္ဒိယအမျိုးသားတပ်တွေအတွက် တစ်ဝက်စီလျှော့စားမယ်ဆိုရင် တစ်နေ့စာအတွက် ဆန်တော့ရှိပါတယ်။ ဒါ့အပြင် ဘာရိက္ခာမှ မရှိတော့ပါဘူး ဗိုလ်ချုပ်..."

ဗိုလ်ချုပ်ကြီးစကော့သည် သူ့အနီးတွင် ဝိုင်း၍ထိုင်နေသော တပ်မှူးများကို တစ်ယောက်စီ လှည့်၍ကြည့်လိုက်သည်။

"ခဲယမ်းမီးကျောက်နဲ့ ရိက္ခာအခြေအနေကို တပ်မှူးတိုင်းက ကိုယ့်တပ်အသီးသီးကို ရှင်းရှင်းလင်းလင်းပြောပြထား။ အစာစားချင်တဲ့တပ်သားတိုင်း ဝိုင်းထားတဲ့ရန်သူကို ထိုးဖောက်ပြီးထွက်မှ အစာနဲ့တွေ့နိုင်လိမ့်မယ်။ ဒီတော့ အစာ စားချင်ရင် ဝိုင်းထားတဲ့ရန်သူကို ပြင်းပြင်းထန်ထန်ဖောက်ပြီး ထွက်ကြ..."

ဗိုလ်ချုပ်ကြီးစကော့၏ စကားအဆုံးတွင် တပ်မှူးများ မိမိတို့တပ်အသီးသီးရှိရာသို့ ပြန်ရန် ထိုင်ရာမှ ထလိုက်ကြသောကြောင့် ကျွန်တော်လည်း ကျွန်တော်တို့ဂျစ်ကားရှိရာသို့ ထော့နဲ့နဲ့ဖြင့် ပြန်၍လာခဲ့ရတော့







သည်။

ဧပြီလ ၁၈ ရက်နေ့သို့ ကူးပြောင်းလာပြီးနောက် အရှေ့ဘက်ဆီမှ လင်းရောင်ခြည်များ ထွက်ပြူလာသည့်အချိန်တွင် တပ်ဖွဲ့အသီးသီးသည် ဝိုင်းထားသောရန်သူကို ထိုးဖောက်ချီတက်ရန်အတွက် အသင့်ဖြစ်နေကြပေပြီ။

## ( ၁၀ )

ကျွန်တော်တို့သည် တပ်ဖွဲ့များ မချီတက်မီ ရေနံချောင်းမြို့နှင့် မိုင်ဝက်ခန့်သာကွာသော တောင်ကုန်းတစ်ခုပေါ်သို့ ရောက်နှင့်နေကြပြီဖြစ်၏။ ရန်သူရှိရာသို့ ချီတက်သွားမည့် တပ်ဖွဲ့အသီးသီးကို စောင့်၍ကြည့်ရန် ရွေးချယ်ထားသော နေရာတည်း။

စကော့အမျိုးသားများသာ ဦးစီးပါဝင်သော တပ်ဖွဲ့တစ်ဖွဲ့သည် ကျွန်တော်တို့ရပ်နေသော တောင်ကုန်းဘေးမှဖြတ်ကာ ရန်သူရှိရာသို့ ပထမဆုံး ချီတက်သွားသည်။ မီးတောက်မီးလျှံများနှင့် မီးခိုးလုံးကြီးများက နောက်ခံကားချပ်သဖွယ် တည်ရှိနေ၏။

စစ်ဝတ်စုံများ အစုတ်စုတ် အပြတ်ပြတ် ဖြစ်နေသော်လည်း၊ မျက်နှာတွင် မုတ်ဆိတ်ပါးမြိုင်းမွေးများ ရှုပ်ထွေးနေသော်လည်း၊ ကိုယ်နှင့် စိတ်ဓာတ်ပါ နွမ်းရိနေသော်လည်း စကော့အမျိုးသား စစ်သည်တော်တို့သည် ရန်သူကို မရမနေ ထိုးဖောက်မည်ဟူသော ဇွဲဖြင့် ချီတက်လာကြသောဟန်ကို ကျွန်တော် သတိထားမိသည်။

ငေါထွက်နေသော ပါးရိုးနှစ်ဖက်နှင့် ပြူးကျယ်နေသော မျက်လုံးများက စစ်သည်တော်များ မည်မျှစစ်ပန်းလျက်ရှိသည်ကို အထင်းသား ဖော်ပြနေ၏။ သို့သော် သူတို့၏နှုတ်ခမ်းအစုံကမူ တင်းထားသောမာန်ကို ထောင်၍ထနေသော နဖူးကြောကြီးများနှင့်အတူ ဖော်ပြလျက်ရှိနေလေသည်။

ကျွန်တော်တို့၏ သေရေးရှင်ရေးမှာ ပင်းချောင်းတွင် ဝိုင်းထားသော ရန်သူများကို ထိုးဖောက်ရာ၌ မည်မျှအောင်မြင်သည်ဆိုသော အချက်အပေါ်တွင် တည်နေသည်။ ထို့ကြောင့် အံကိုခဲကာ ရဲမာန်ဇွဲဖြင့် ချီတက်နေသော စစ်သည်တော်များအား ကျွန်တော်တို့က လှမ်း၍အားပေးလိုက်ကြ၏။

"ရန်သူတွေ ချေမှုန်းဟေ့ …တပ်လုံးပျောက်အောင် တိုက်စမ်းဟေ့…"

ကျွန်တော်တို့အားပေးချက်ကို ချီတက်သွားသော စစ်သားများက ပြန်၍ အားတက်စရာစကားများဖြင့် အဖြေပေးလိုက်ကြသည်။

"ဝိုင်းထားတဲ့ရန်သူကို ထိုးဖောက်နေကျပဲမဟုတ်လား။ ခုလည်း ထိုးဖောက်မှာပဲ။ တို့က တကယ်စစ်သားတွေပါ…"

စကော့အမျိုးသားစစ်သည်တော်များ ပါဝင်သောတပ်ဖွဲ့ ချီတက်သွားပြီးနောက် အညိုရောင်အသားအရေရှိသော ကရင်နှင့် ချင်းအမျိုးသားများ ပါဝင်သော တပ်ဖွဲ့တစ်ဖွဲ့ ချီတက်လာသည်။

ဤအချိန်တွင်ပင် မီးခိုးနှင့် မီးလျှံများနောက်ကွယ်အကြားမှ အတွဲလိုက်ပစ်ခတ်လိုက်သော စက်သေနတ်သံများ ပေါ်ထွက်လာလေသည်။

ကရင်နှင့် ချင်းတပ်ဖွဲ့ကလေးနောက်တွင် ဒါဇင်ဝက်ခန့်မျှရှိသော အပေါ့စား တင့်ကားတပ်ဖွဲ့ကလေးတစ်ခု လိုက်ပါလာ၏။

ကျွန်တော်တို့ဘက်တွင် အပေါ့စားတင့်ကားတပ်ဖွဲ့ကလေးတစ်ခု ပါလာသော်လည်း ရန်သူ့ဘက်တွင် တင့်ကားတပ်ဟူ၍ တစ်ခုမျှ ကျွန်တော်တို့ မတွေ့ခဲ့။

တင့်ကားတပ်ဖွဲ့ကလေးနောက်တွင် ထိုးဖောက် စစ်ဆုတ်ရေးတာဝန်ကို ယူထားရသော အမှတ်(၁၃)တပ်မဟာ လိုက်ပါလာသည်။ ဤတပ်မဟာသည် ဗိုလ်ချုပ်ကြီးစကော့၏ လက်ဝဲ လက်ယာ တောင်ပံနှစ်ခုကြားမှနေ၍ အလယ်ကြောင်းမှ ချီတက်ရင်း ရေနံမြေတစ်ခုလုံးကို ဖြတ်သန်းထိုးဖောက်ရမည့် အဓိကတပ်ပင်ဖြစ်သည်။

ဤတပ်မဟာ၏ကျောဘက်တွင်မူ သယ်ယူပို့ဆောင်ရေးယာဉ်များ လိုက်ပါလာကြ၏။ ဒဏ်ရာရရှိသော စစ်သားများကိုမူ ညစခန်းချခဲ့သော ဘုန်းကြီးကျောင်းဝင်းအတွင်းတွင် ဆက်လက်ထားရှိခဲ့ကြ၏။ ရှေ့ပြေးချီတပ်များက ပင်းချောင်းတွင် ဝိုင်းထားသော ရန်သူကို ထိုးဖောက်နိုင်သည့်အချိန်ကျမှ ဤစစ်သားလူနာများကို ကြံ့ရာမော်တော်ယာဉ်များဖြင့် သယ်ယူလာခဲ့ရန်တည်း။

တပ်ဦးချီ စကော့အမျိုးသားများပါဝင်သောအဖွဲ့နှင့်အတူ နောက်မှ တသီတတန်းကြီးလိုက်ပါလာသော တပ်ဖွဲ့အသီးသီး၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ရေနံချောင်းတစ်ဖက်ရှိ 'တွင်းကုန်း'ဟုခေါ်သော ရွာကလေးကို တက်ရောက်သိမ်းပိုက်ရန်ပင်တည်း။







ဗိုလ်ချုပ်ကြီးစကော့သည် အဓိကပစ်မှတ်ဖြစ်သော 'တွင်းကုန်း'ကို တက်ရောက်သိမ်းပိုက်နိုင်ရန်အတွက် တပ်များကို တတ်နိုင်သမျှ ကျယ်ကျယ်ဖြန့်၍ ချီတက်စေ၏။

စကော့အမျိုးသားများ ဦးဆောင်သော တပ်ကြီးက ရေနံချောင်းကို ထိုးဖောက်တိုက်ခိုက်ရန် ချီတက်နေစဉ် ကျွန်တော်တို့၏ တင့်ကားတပ်များက ရေနံချောင်းကို အရှေ့ဘက်မှ ပန်းပိုက်ကာ ချီတက်လျက်ရှိသည်။ ဤစစ်ကြောင်းနှစ်ခု၏အကြားတွင် အမှတ်(၁၃) တပ်မဟာက ရေနံချောင်းမြို့ကို အလယ်ကောင်မှနေ၍ ထိုးဖောက်တိုက်ခိုက်ရန်ဖြစ်၏။

အလယ်ကြောင်းချီ အမှတ်(၁၃) တပ်မဟာသည် ပတ်ဝန်းကျင်တစ်ခုလုံးကို လှမ်း၍မြင်နေရသော အမှတ်(၅၁၀) တောင်ကုန်းကို ပထမပစ်မှတ်အဖြစ် တက်ရောက်သိမ်းပိုက်ထားရမည် ဖြစ်သည်။

စကော့အမျိုးသားများ ခေါင်းဆောင်သော တပ်ဖွဲ့များ ချီတက်ရာ စစ်ကြောင်းသည်လည်းကောင်း၊ တင့်ကားတပ်ဖွဲ့များချီတက်ရာ စစ်ကြောင်းသည်လည်းကောင်း၊ အမှတ်(၁၃) တပ်မဟာ ချီတက်ရာ စစ်ကြောင်းသည်လည်းကောင်း တွင်းကုန်းဟုခေါ်သော ရွာတွင် ဆုံမိကြမည်ဖြစ်၏။ ဤအချက်ကို ရန်သူဘက်မှ သိထားနှင့်သောကြောင့်လည်း တွင်းကုန်းရွာတွင် ရန်သူတို့က အခိုင်အမာတပ်စွဲ၍ ကျွန်တော်တို့ ထိုးဖောက်ရမည့်လမ်းကို အင်ကြီးအားကြီးဖြင့် တားဆီးလျက်ရှိလေသည်။

ကျွန်တော်တို့ဘက်မှ အားနည်းနေသည့် အချက်တစ်ချက်မှာ တွင်းကုန်းကို ရှိသမျှအလုံးအရင်းနှင့် ထိုးဖောက်ခြင်းမပြုနိုင်ဘဲ တပ်မဟာတစ်ခုကို ဂျပန်တပ်များ ကျွန်တော်တို့အနောက်ဘက်မှ တက်လာနိုင်သည့် တောင်ဘက်တွင် အစောင့်ချထားခဲ့ရခြင်းပင်တည်း။

ကျွန်တော်တို့က ပင်းချောင်း တောင်နှင့်မြောက်မှ ဝိုင်းထားသော ရန်သူများကို ထိုးဖောက်ရန် သဲသဲမဲမဲတိုက်ခိုက်နေစဉ် တောင်ဘက်မှနေ၍ ကျွန်တော်တို့နောက်ကျောကို ရန်သူများ ဝင်ရောက်စီးနင်းခြင်း မပြုနိုင်အောင်လည်း သတိထားနေရသေးသည်။

ထိုးဖောက်စစ်ဆင်ရေး စသည်နှင့်တစ်ပြိုင်တည်း ကျွန်တော်တို့သည် တောင်ဘက်မှနေ၍ ကျွန်တော်တို့နောက်ပိုင်းကို ဝင်ရောက်စီးနင်းမည့် ရန်သူကို လုံးဝကြောက်ရွံ့ခြင်းမရှိတော့။ နောက်ပိုင်းမှတက်လာမည့် ရန်သူက ကျွန်တော်တို့ကို ဝင်မစီးနိုင်မီ ရှေ့တွင်တွေ့နေရသော ရန်သူတပ်များကိုသာ ထိုးဖောက်နိုင်ရန် ကျွန်တော်တို့ စိတ်စောနေကြသည်။ ကျွန်တော်တို့အား စစ်ကူပေးရန် ရောက်လာမည်ဖြစ်သော တရုတ်တပ်များက ပင်းချောင်း မြောက်ဘက်မှနေ၍ တန်ပြန်ထိုးစစ်ဆင်လာမည် မဟုတ်ပါလား။

တရုတ်တပ်များက ပင်းချောင်းမြောက်ဘက်သို့ ရောက်လာမည့်အချိန်မှာ နံနက်ကိုးနာရီဖြစ်၏။ ထို့ကြောင့် ဗိုလ်ချုပ်ကြီးစကော့က နံနက်ခြောက်နာရီခွဲအချိန်မှစ၍ ထိုးဖောက်စစ်ဆင်ရေးကို စတင်ဆင်နွှဲနေခဲ့ခြင်းဖြစ်သည်။ နံနက် ၉ နာရီအချိန်တွင် တရုတ်တပ်များက ပင်းချောင်း မြောက်ဘက်မှ တန်ပြန်ထိုးစစ်ဆင်နေစဉ် ကျွန်တော်တို့က တောင်ဘက်မှနေ၍ ထိုးဖောက်ရေးစစ်ကို ဆက်လက်ဆင်နွှဲနိုင်မည် မဟုတ်ပါလား။

တောင်နှင့်မြောက်ဘက် ညှပ်၍ ထိုးစစ်ဆင်ခြင်းအားဖြင့် ကျွန်တော်တို့သည် ဝိုင်းထားသော ရန်သူ့တပ်များကို ထိုးဖောက်ကာ လွတ်မြောက်ရေးလမ်းကြောင်းကို ရှာဖွေတွေ့ရှိနိုင်မည်ဟု မျှော်လင့်ခဲ့ကြလေသည်။

ကျွန်တော်တို့သည် ရေနံချောင်းနှင့် မိုင်ဝက်ခန့်သာကွာသော တိုက်ပွဲကို စောင့်ကြည့်နေခဲ့ကြ၏။

ကျွန်တော်တို့သည် လက်ဝဲဘက်တွင် စစ်မျက်နှာ အနောက်ဘက်ဒေသကို သတ်မှတ်ထားသော မြစ်မင်းဧရာက ခွေကာရစ်ကာ စီးဆင်းနေသည်။ မြစ်မင်းဧရာမှ အလွန်ဝေးကွာလှသော လက်ယာဘက်ဒေသတွင် မီးခိုးမီးလျှံများ၊ မီးတောက်ကြီးများဖြင့် တလျှပ်လျှပ်ထိန်ညီးနေသော စစ်မြေပြင်တစ်ခု ရှိနေ၏။ ဤစစ်မြေပြင်ကား ...ရေနံချောင်းပင်တည်း။

ရေနံချောင်းမြို့သို့အဝင် အင်္ဂလိပ်ကလပ်အနီးတွင် ထားရှိသော ရန်သူတို့၏ ခံတပ်ကို စကော့အမျိုးသားများ ခေါင်းဆောင်သော တပ်များက လွယ်လွယ်ကူကူပင် ချေမှုန်းပစ်လိုက်နိုင်ကြောင်း သတင်းရရှိခဲ့သည်။ ဤတပ်သည် အင်္ဂလိပ်ကလပ်မှနေ၍ ရေခဲစက်တွင်ရှိသော ရန်သူ့ လမ်းပိတ်ဆို့ရေးစခန်းဆီသို့ ချီတက်နေကြ၏။







ကျွန်တော်တို့၏ လက်ဝဲတောင်ပံဖြစ်သော စကော့အမျိုးသားများဦးစီးသည့် တပ်ဖွဲ့က အောင်ပွဲရနေသည့်အချိန်တွင် အလယ်ကြောင်းချီ အမှတ် (၁၃) တပ်မဟာက ရန်သူကို ဖိ၍တိုက်ကာ ရေနံချောင်းမြို့ကို ဖြတ်ကျော်နိုင်ရန် ကြိုးစားနေ၏။ ကျွန်တော်တို့သည် တပ်မဟာမှူးနောက်မှ ဂျစ်ကားကို ဖြည်းဖြည်းချင်းမောင်းကာ လိုက်ပါလာခဲ့လေသည်။

နေမင်း၏လင်းရောင်ခြည်က မြေပြင်တွင်ရှိသော တပ်များ၏အခြေအနေကို ထင်ထင်ရှားရှားပြသနေနိုင်မည်ဖြစ်သည့်အလျောက် ရန်သူ့လေယာဉ်များက ကျွန်တော်တို့ကို အန္တရာယ်ပေးလာကြ၏။ ကျွန်တော်တို့သည် ဂျစ်ကားပေါ်တွင် ထိုင်နေရသည်ထက် တွေ့ရသမျှသော ကျင်းများ ချိုင့်များထဲတွင် ပုန်းနေရသည့်အချိန်က ပို၍များလာတော့သည်။

ကျွန်တော်တို့ တောင်ကတုံးတစ်ခုပေါ်သို့ တက်၍ ရှေ့တွင်မြင်နေရသော စစ်ပွဲကို လှမ်းမျှော်၍ ကြည့်လိုက်ကြ၏။

စိမ်းလန်းစိုပြည်သောနေရာဟူ၍ တစ်ခုမျှမရှိ။ ရှုကြည့်လေရာ အရပ်တိုင်းတွင် နိမ့်ချည်မြင့်ချည်ဖြစ်နေသော တောင်ကတုံးများကိုသာ တွေ့ရသည်။ မြေပြန့်ဟူ၍ မတွေ့ရ။ ဤတောင်ကတုံးများမှာလည်း မိုးရာသီအချိန်က ရေတိုက်စားထားသောကြောင့် လျှိုကလေးများ၊ မြောင်ကလေးများ၊ ချောက်ကလေးများဖြစ်၍ ဗရပွကြဲနေ၏။

ဤလျှိုမြောင် ချောက်ကြားများကို ရေနံမြေမှ ပျံ့နှံ့၍ တက်လာသော မီးခိုးလုံးများနှင့် မီးတောက်မီးလျှံများက ကွန်ရက်သဖွယ် အုံ့ဆိုင်းထားကြ၏။ ဤအကြားမှနေ၍ ရန်သူ့စက်သေနတ်များက ထိုးဖောက်ရန်ကြိုးစားနေသော ကျွန်တော်တို့တပ်သားများကို အတုံးအရုံးကျဆုံးနေစေသည်။ လျှိုမြောင်ချောက်ကြားများအကြားတွင် ပုန်း၍ ကွယ်၍ နေရာယူထားသော ရန်သူ့စက်သေနတ်စခန်းများကိုသာ ကျော်၍တက်နိုင်ပါက ကျွန်တော်တို့တပ်များသည်။ အဓိကအကျဆုံးသော တွင်းကုန်းကို တက်ရောက်သိမ်းပိုက်နိုင်မည်ဖြစ်၏။

ရန်သူ့လက်ဖြောင့်တပ်သားများ၏ရန်မှ အကျအဆုံး နည်းနိုင်သမျှနည်းစေရန်အတွက် ပန်ချာပီတပ်သားများ၊ အိုင်ယာလံတပ်သားများသည် စစ်မျက်နှာကို ဖြန့်နိုင်သမျှ ဖြန့်၍ ရှေ့သို့ချီတက်နိုင်ရန် ကြိုးစားကြ၏။

သို့သော် ရန်သူ့ကျည်ဆန်ထိပ်ဖူးများက တက်လာသမျှသော ကျွန်တော်တို့ တပ်သားများကို အရုပ်ကြိုးပြတ်သလို ဖြုတ်ချနေကြ၏။ သစ်ပင်ဟူ၍ ဘယ်မှမရှိတော့သော တောင်ကုန်းများပေါ်၌ ကျွန်တော်တို့တပ်သားများ သည် အကာအကွယ်ဟူ၍ ယူစရာမရှိဘဲ အလူးအလဲခံနေကြရလေသည်။

ချစ်ချစ်တောက်နေသော နေမင်း၏အပူရှိန်က တပ်မတော်သားများ၏ ကိုယ်ခန္ဓာမှ ဆားဓာတ်ကို စုပ်ယူနေသလို တထောင်းထောင်းထနေသော ဖုန်မှုန့်များက သွေ့ခြောက်နေသော တပ်သားများ၏လည်ချောင်းနှင့် ပါးစပ် ကို ပိုမို၍ဆာလောင်မွတ်သိပ်နေစေ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ တပ်သားများက လက်ယာဘက်တောင်ပံကို အုပ်စီး၍ထားသော အမှတ် (၅၁၀) တောင်ကုန်းကို နံနက် ၁၂ နာရီအချိန်တွင် တက်ရောက်သိမ်းပိုက်မိ ကြလေသည်။

ကျွန်တော်တို့က အမှတ်(၅၁၀) တောင်ကုန်းပေါ်တွင် အောင်ပွဲဆင် လိုက်နိုင်သော တပ်သားများကို စိတ်ထဲမှ နှစ်နှစ်ကာကာ ချီးကျူးလိုက်မိ ကြသည်။ သို့ရာတွင် ကျွန်တော်တို့တပ်သားများ၏ ခြေလှမ်းက ပို၍ နှေးကွေးနေကြသည်ကို တွေ့ရ၏။

တိုက်ပွဲအချိန်မှာ နေပူပြင်းလာသည်နှင့်အမျှ နှေး၍လာသည်။ အမှတ် (၅၁၀) တောင်ကုန်းပေါ်တွင် အောင်ပွဲဆင်နိုင်ခဲ့သော တပ်သားများသည် အမှတ်(၅၁၀) တောင်ကုန်းကို ဆက်လက်သိမ်းယူနိုင်သည့်အတွက် အမှတ် (၅၁၀)ပေါ်မှနေ၍ အောက်သို့ဆင်းခဲ့ရပြန်သည်။ ပြီးမှ အမှတ်(၅၁၀) တောင်ကုန်းပေါ်သို့ တက်ရောက်ရန် ကြိုးစားရပြန်၏။

အမှတ်(၅၁၀) တောင်ကုန်းပေါ်တွင်မူ ဂျပန်စက်သေနတ်သမားနှင့် ရိုင်ဖယ်သမားတို့က တက်လာသည့် ကျွန်တော်တို့တပ်သားများကို အသင့် စောင့်ကြိုလျက်ရှိနေကြ၏။ အမှတ်(၅၁၀) တောင်ကုန်းပေါ်မှ ဆင်းပြီး နောက် အမှတ် (၅၁၀) တောင်ကုန်းပေါ်ကို ပြေး၍အတက်တွင် ရန်သူများ က သူတို့နှင့်နီးလာသည်အထိ တစ်ချက်မျှမပစ်ဘဲ နေလိုက်ကြ၏။ ကျွန် တော်တို့တပ်များ သူတို့စခန်းနှင့် နီးလာသည့်အချိန်တွင်မှ စက်သေနတ် များကို အတွဲလိုက်ဖြုတ်ချလိုက်ကြ၏။

ညာသံပေး၍တက်လာသော ကျွန်တော်တို့တပ်သားများသည် အတွဲ







လိုက်ပစ်ခတ်လိုက်သော ရန်သူ့စက်သေနတ်ကြောင့် တွန့်၍သွားသည်။ ထို့နောက် တွန့်ရာမှ နောက်ဘက်သို့ ဆုတ်စပြုလာ၏။ ရန်သူ့ဘက်မှ သေနတ်သံများ ဆက်၍ပေါ်ထွက်လာသောအခါ ကျွန်တော်တို့တပ်များ သည် ရှေ့သို့ လုံးဝချီတက်နိုင်ခြင်းမရှိတော့။

အရပ်ထောင်ထောင်မောင်းမောင်းနှင့် ပန်ချာပီစစ်သားကြီးများက လဲပြိုနေသော တပ်သားများအကြားမှ ရန်းကန်၍ထကာ ရန်သူ့သေနတ် စခန်းများရှိရာသို့ တစ်ယောက်ချင်း ပုန်းလျှိုးကွယ်လျှိုး ချီတက်ကာ လုပ်ကြံ သတ်ဖြတ်ကြသည်။ မကြာမီ အမှတ်(၅၁၀) တောင်ကုန်းဆီသို့ ဖုန်အလူး လူး၊ ပြာအလူးလူးဖြစ်နေသော ကျွန်တော်တို့၏ စစ်သည်တော်များ ပြေး၍ ချီတက်သွားသည်ကို တွေ့လိုက်ရ၏။

ချီတက်သွားသောစစ်သားများသည် သေနတ်တွင် လှံစွပ်တပ်ကာ ရန်သူရှိရာသို့ တကုန်းကုန်းချီတက်သွား၏။ ထိုသို့ချီတက်သွားပြီးနောက် ဘုရင့်ကိုယ်ရံတော်တပ်သားများ စစ်ရေးပြပွဲတွင် စစ်ရေးလေ့ကျင့်ကြသကဲ့ သို့ ရန်သူကို တိုက်ခိုက်ကြ၏။ ဤကား ချီတက်နေသော တပ်သားများ၏ အထင်တည်း။ ကျွန်တော်တို့အမြင်ကို ဆိုရသော် ရန်သူရှိရာသို့ လှံစွပ်တပ်၍ ချီတက်သွားသော တပ်သားများသည် ပစ်မှတ်ရှိရာသို့ မရောက်ခင်ပင် အရက်မူးသမားကဲ့သို့ ခြေလွတ်လက်လွတ်ဖြစ်ကာ လဲကျသွားခြင်းပင် တည်း။

အားအင်ကုန်ခန်းကာ ရေအငတ်ကြီးငတ်နေသော တပ်သားများသည် အဓိကပစ်မှတ်ဖြစ်သော တွင်းကုန်းရွာ ဆင်ခြေဖုံးသို့ နေ့လယ် ၁၂ နာရီ တိတိအချိန်တွင် ရောက်ရှိသွားခဲ့ကြ၏။

စစ်ပန်းလုပြီဖြစ်သော တပ်သားများကို အိန္ဒိယအမျိုးသား တောင်ပေါ် ပစ် အမြောက်တပ်တစ်ခုက အကူအညီပေးရန် ရောက်လာ၏။ တောင် စောင်းတွင် တည်ရှိနေသော တွင်းကုန်းရွာကို တောင်ပေါ်ပစ်အမြောက် များဖြင့် ပစ်ခတ်ပေးရင်း ခြေလျင်တပ်သားများ ထိုးဖောက် ချီတက်နိုင် အောင် လမ်းရှင်းပေးကြ၏။

ခြေလျင်တပ်သားများက အဓိကပစ်မှတ်ဖြစ်သော တွင်းကုန်းရွာ ဆင်ခြေဖုံးသို့ ရောက်နေပြီး တောင်ပေါ်ပစ် အမြောက်တပ်သားများက

ခြေလျင်တပ်သားများအတွက် အမြောက်ဆန်များဖြင့် လမ်းရှင်းပေးနေသော အခါ ကျွန်တော်တို့၏ လွတ်မြောက်ရာလမ်းကြောင်းသည် မကြာမီအတွင်း ဟင်းလင်းကြီးပွင့်သွားတော့မည်ဟု ကျွန်တော်တို့က ဝမ်းသာအားရ မျှော်မှန်းနေမိကြ၏။ ကျွန်တော်တို့သည် တွင်းကုန်းရွာတိုက်ပွဲကို မျက်မြင်ကိုယ်တွေ့ လာရောက်ကြည့်ရှုရသည့် အချက်ကိုပင် ဝမ်းပန်းတသာ ဖြစ်နေကြရလေသည်။

တွင်းကုန်းရွာကို နောက်ထပ်တစ်နာရီဖြစ်စေ၊ နှစ်နာရီဖြစ်စေ ကြာလျှင် ကျွန်တော့်တပ်များက ထိုးဖောက်ဖြတ်ကျော်နိုင်ကြမည်ဖြစ်၏။ သို့ဖြင့်လည်း အောင်ပွဲကို ကြိုဆိုသည့်အထိမ်းအမှတ်အဖြစ် ရေဘူးထဲတွင်ပါသည့် ရေကို တစ်ယောက်နှင့်တစ်ယောက် ရေဘူးချင်းခတ်၍ တစ်ဝကြီးသောက်ချလိုက်မိကြ၏။

တပ်မတော်သားတိုင်းပင် ပင်းချောင်းတောင်နှင့်မြောက်မှ ဝိုင်းထားသော ရန်သူကို ဧကန်မလွဲ ထိုးဖောက်နိုင်ကြတော့မည်ဟု ယုံကြည်နေကြသည်။ နေ့လယ် ၁၂ နာရီ ထိုးပြီးသည့်တိုင်အောင် တန်ပြန်ထိုးစစ်ဆင်ရန် ချိန်းဆိုထားသော တရုတ်များ ရောက်ရှိလာခြင်းမရှိသေး။

ဤသို့ရောက်ရှိမလာခြင်းကပင်လျှင် ကျွန်တော်တို့တပ်များအတွက် ဂုဏ်ရှိသည်ဟု ယူဆနေကြ၏။ တရုတ်တပ်များအကူအညီမပါဘဲ ဝိုင်းထားသောရန်သူကို ကျွန်တော်တို့တပ်များက ထိုးဖောက်နိုင်ခြင်းသည်ပင်လျှင် ဂုဏ်ယူစရာတိုက်ပွဲကြီးတစ်ခုပင် မဟုတ်ပါလား။

စကော့အမျိုးသားများ ဦးဆောင်သော စစ်ကြောင်းသည် အင်္ဂလိပ်ကလပ်အနီးတွင်ရှိသော ရန်သူ့ပိတ်ဆို့ရေးစခန်းကို ကျော်လွန်သွားပြီးနောက် ရေခဲစက်အနီးတွင် ချထားသော ရန်သူ့ပိတ်ဆို့ရေးစခန်းကိုမူ တွန်းလှန်၍မရနိုင်သေးဘဲ ဖြစ်နေ၏။ ခြေလျင်တပ်များကို အကူအညီပေးရန် သွားသော တင့်ကားများကိုလည်း ရန်သူများက ဓာတ်ဆီနှင့်လောင်စာ ရောထားသော လက်ဖြစ် လက်ပစ်ဗုံးများဖြင့် ပစ်သွင်းနေကြသောကြောင့် ရှေ့သို့မတိုးနိုင်ဘဲ ဖြစ်နေကြခြင်းပင်တည်း။

ရန်သူ့တပ်များအလယ်တွင် ချောင်ပိတ်မိနေမည်ကိုစိုးသော တင့်ကားများက ရေနံချောင်းမြို့မှ ပြန်၍ထွက်လာသောအခါ ရေခဲစက်အနီးရှိ ရန်သူ့







စခန်းပတ်ဝန်းကျင်တွင် ကျွန်တော်တို့၏ ခြေလျင်တပ်သားများသာ ကျန်ရစ်တော့၏။

ဤသတင်းကိုကြားရသောကျွန်တော်တို့မှာ စိတ်အပျက်ကြီး ပျက်မိကြပြန်၏။ စောစောက တစ်ဝကြီးကျိုက်ချလိုက်သော ရေကိုပင် နှမြောမိပြန်သည်။ အဖိတ်အစဉ်ဟူ၍ တစ်စက်မျှမရှိရအောင် ရေဘူးများကို ဖော့ဖြင့် တင်းတင်းပိတ်ဆို့ကြရပြန်သည်။

ကျွန်တော်တို့သည် စောစောကကဲ့သို့ ကျယ်လောင်ကျယ်လောင်နှင့် စကားပြောမနေကြတော့ဘဲ တွင်းကုန်းမှ တိုက်ပွဲအခြေအနေကိုသာ ရင်တထိတ်ထိတ်ဖြင့် စောင့်၍ကြည့်နေမိကြလေသည်။

သည်တော့မှပင် စောစောက ကိုက်ခဲနေသော ကျွန်တော့်ခေါင်းမှာ မခံမရပ်နိုင်အောင်ဖြစ်လာ၏။ ခေါင်းကိုက်ပျောက်အောင် သောက်စရာဆေးပြားဟူ၍လည်း တစ်ပြားမျှမရှိ။ ဤသို့ဖြစ်နေသည့်အထဲတွင် တီးတိုးတီးတိုးပြောနေကြသော စကားသံများက ကျွန်တော့်နားထဲသို့ ဝင်ရောက်လာသည်။

"တိုက်ရေယာဉ်တွေ ရောက်လာပြီ..."

တီးတိုးပေါ်ထွက်လာသောအသံက ကိုက်ခဲနေသော ကျွန်တော့်ခေါင်းကို တစ်မုဟုတ်ချင်း သက်သာရာရသွားစေသည်။

"တိုက်ရေယာဉ်တွေ ဧရာဝတီမြစ်ထဲကို ရောက်လာပြီ..."

ကျွန်တော်သည် လှဲနေရာမှ ဝုန်းခနဲထ၍ရပ်လိုက်မိ၏။ ကျွန်တော်တို့အတွက် လွတ်မြောက်ရေးလမ်းစ ပေါ်ထွက်လာပြီ မဟုတ်ပါလား။

ကျွန်တော် ကိုယ်ကိုမတ်မတ်ရပ်ထားမိသည့်အချိန်တွင်ပင် စူးရှသော အသံတစ်သံက ကျွန်တော့်နားသို့ အပြေးအလွှားဝင်ရောက်လာပြန်သည်။

"ဂျပန်တိုက်ရေယာဉ်တွေ...ဧရာဝတီမြစ်အတိုင်း ဆန်တက်လာကြပြီ..."

ဤသတင်းကို ကြားရသည်နှင့်တစ်ပြိုင်နက် ဗိုလ်ချုပ်ကြီးစကော့ ဌာနချုပ်ပြုလုပ်ထားသော စခန်းတွင် သတင်းပေးသူများဖြင့် ချက်ချင်းပင် ရှုပ်ပွေသွားတော့၏။

ကျွန်တော်သည် တောင်ကုန်းပေါ်မှနေ၍ ဂျစ်ကားဆီသို့ ဒရောသောပါး

ပြေး၍ဆင်းလာခဲ့၏။ နောက်ဆုံးမျှော်လင့်ချက်တည်းဟူသော တောင်ကြီးသည် ဂျပန်တိုက်ရေယာဉ်များ မြစ်ကိုဆန်တက်လာပြီဟူသော သတင်းကြောင့် ပြိုကွဲပျက်စီးခဲ့ရပြီ မဟုတ်ပါလား...။

ဗိုလ်ချုပ်ကြီးစကော့သည် ရေနံချောင်းကိုဖြတ်၍ ထိုးဖောက်တိုက်ခိုက်ရန် အစီအစဉ်ကို ချက်ချင်းပင် ရုပ်သိမ်းလိုက်ပြီး တပ်အားလုံးကို နောက်သို့ ပြန်ဆုတ်ရန် အမိန့်ပေးလိုက်၏။

'ဆုတ်'ဟူသော အမိန့်ကို ရသည်နှင့်တစ်ပြိုင်နက် တပ်ဖွဲ့အသီးသီးသည် စည်းကမ်းကလနားမရှိတော့ဘဲ သေပြေးရှင်ပြေး ပြေးနေကြသူများကဲ့သို့ ရောရောထွေးထွေးဆုတ်နေကြတော့သည်။ ဆုတ်ခွာလမ်းတစ်လျှောက်တွင် ရေဟူ၍ လုံးဝတွေ့နိုင်တော့မည် မဟုတ်တော့။

ယူနိုက်တက်သတင်းစာမှ သတင်းထောက် ဘာရီရန်က ကျွန်တော်တို့စီးနင်းလိုက်ပါလာသော ဂျစ်ကားကို ဘိုင်စကယ်ကလေးတစ်စင်းကဲ့သို့ အပြင်းမောင်း၍ချလာတော့၏။ မကြာမီပင် အမှတ်(၅၁၀) တောင်ကုန်းပေါ်သို့ ရောက်လာကြ၏။ ဤတောင်ကုန်းထိပ်မှနေ၍ ကြည့်လိုက်သောအခါ မော်တော်ကားများ၊ တင့်ကားများနှင့် စုပြုံ၍နေသော နေရာတစ်ခုကို တွေ့ရ၏။ ဤနေရာကား ...ကိုက်ပေါင်း ၅၀၀–၆၀၀ ခန့်အထိ လမ်းတစ်ဖြောင့်တည်းရှိသော နေရာတည်း။

ကျွန်တော်တို့သည် ဗိုလ်ချုပ်ကြီးစကော့ရှိရာ ရေဒီယိုကားအနီးသို့ ချဉ်းကပ်၍သွားကြ၏။

ဗိုလ်ချုပ်ကြီးစကော့သည် ပင်းချောင်းတစ်ဖက်ရှိ တပ်မကြီး၌ာနချုပ်သို့ တယ်လီဖုန်းဖြင့် စကားပြောနေလေသည်။

"ကျုပ်တို့တော့ အဝိုင်းခံနေရပြီ။ တပ်သားအားလုံး ပင်ပန်းနေပြီ။ သောက်စရာ ရေမရှိ။ အဓိကပြဿနာဟာ ရေပဲ။ ကျုပ်တို့ဟာ တွင်းကုန်းကို မရောက်ခင် လမ်းဆုံကလေးဘေးမှာ စခန်းချနေမယ်။ ကျုပ်တို့တပ်တွေက တရုတ်တွေကို ဂျပန်ထင်ပြီး မပစ်ဖို့ပဲ အရေးကြီးတယ်။ တရုတ်တပ်တွေ ဘယ်တော့ အကူအညီရောက်လာမလဲ..."







## ( ၁၁ )

ဗိုလ်ချုပ်စကော့၏အမေးကို မည်ကဲ့သို့အဖြေလာမည်နည်းဟု ကျွန်တော်တို့သည် တစောင့်တည်းစောင့်နေခဲ့၏။ သို့သော် အဖြေက ပေါ်မလာ။

မကြာမီပင် ရေဒီယိုကားထဲမှ ဗိုလ်ချုပ်ကြီးစကော့၏ ဦးစီးအရာရှိကြီးတစ်ဦး ထွက်လာသည်။ ကျွန်တော်တို့ကို မြင်သည်နှင့်တစ်ပြိုင်နက်...။

"အမှတ်(၁၃) တပ်မဟာက ဗိုလ်မှူးချုပ် 'ကာ့တစ်စ'ကတော့ တင့်ကားတွေ နောက်ကနေပြီး တွင်းကုန်းကို ဖြတ်ကျော်ဖို့ စီစဉ်နေတယ်..." ဟု သတင်းပေးလိုက်၏။

"ကျွန်တော်တို့ ဗိုလ်ချုပ်နဲ့အတူတူလိုက်ဖို့ ဖြစ်နိုင်ပါ့မလား..."

ဦးစီးအရာရှိကြီးက ခေါင်းညိတ်ပြလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့သည် ဂျစ်ကားရှိရာသို့ ပြေးဆင်းသွားပြီး အမှတ်(၁၃) တပ်မဟာမှ ဗိုလ်မှူးကို မီရန် အပြင်းမောင်း၍ထွက်ခဲ့ကြလေသည်။

အခန့်သင့်ပင် ဗိုလ်မှူးချုပ်ကာတစ်ကို ထွက်ခွာလုနီးကားတစီးပေါ်၌ တွေ့ရ၏။ ကျွန်တော်တို့သည် သူ့နောက်မှ တန်းစီ၍လိုက်လာခဲ့ကြသည်။

ပင်းချောင်းသို့ရောက်ရန် နှစ်မိုင်ခန့်အလိုတွင် ကျွန်တော်တို့ရှေ့မှ ချီတက်နေသော တင့်ကားများ ရုတ်တရက်ရပ်သွားသဖြင့် ကျွန်တော်တို့စီးလာသော ဂျစ်ကားကိုလည်း ဘရိတ်အုပ်၍ ရပ်ထားလိုက်ရ၏။

ရှေ့ ...ကိုက်တစ်ရာခန့်ပင်မကွာလှသော လမ်းပေါ်တွင် ရန်သူ့မော်တာဗုံးများက တအုံးအုံးကျရောက်ပေါက်ကွဲနေ၏။ ရှေ့ပြေးတင့်ကားမှာ မီးစွဲလောင်လျက်ရှိပြီး လမ်းပေါ်တွင် ရပ်တန့်နေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ပါ ဘရိတ်အုပ်၍ ရပ်တန့်နေရခြင်းဖြစ်၏။

ဤအချိန်တွင်ပင် ရန်သူ့လက်ဖြောင့်တပ်သားများ၏ စက်သေနတ်များ၊ ရိုင်ဖယ်များက ကျွန်တော်တို့ကို မိုးသီးမိုးပေါက်ပမာ ပစ်ခတ်လာလေသည်။

ကျွန်တော်တို့ဂျစ်ကားရောက်ရှိနေသောနေရာ အထက်ဘက်မှနေ၍ ဗိုလ်မှူးချုပ်ကာတစ်က လှမ်း၍သတိပေးနေသည်။

နှစ်မိုင်မျှသာကွာသော ပင်းချောင်းဘက်ဆီမှ ဒဏ်ရာရသော စစ်သားများကို တင်ဆောင်ထားသည့် သံချပ်ကာကားများ တပ်ဆုတ်၊ တပ်ခေါက်၍

လာနေကြသည်။ ဒဏ်ရာရလျက်နှင့်ပင် ခြေကျင်လျှောက်၍ တပ်ခေါက်လာသော စစ်သားများက ကျွန်တော်တို့ကားပေါ်တွင် ခဏနားနေရင်း ပြောဆိုသွားကြသော စကားများမှာ အသည်းနှလုံးကြေပြုန်းစရာပင် ဖြစ်နေတော့သည်။

"ရှိသမျှကျည်ဆန်နဲ့ ကျုပ်တို့ တိုက်ခိုက်ခဲ့တယ်။ ဒါပေမဲ့ ကျည်ဆန်ဆိုလို့ တစ်တောင့်မှမရှိတော့တဲ့အချိန်မှာ ကျုပ်တို့ ဘယ်လိုဆက်ပြီးတိုက်နိုင်မှာလဲ...။ ကျုပ်တို့မှာ ဒဏ်ရာမရဘူးဆိုရင်လည်း ကျုပ်တို့လက်နှစ်ဖက်နဲ့ ဆက်ပြီးတိုက်နေနိုင်သေးတယ် မဟုတ်လား ..."

ဂျစ်ကားပေါ်မှ ကျွန်တော်တို့ ဆင်း၍လျှောက်လာသောအခါ ပေ ၄၀ ခန့်မြင့်သော ကျောက်တောင်ကလေးတစ်ခုပေါ်တွင် အမြောက်တစ်လက်ကို ဆင်ထားသော အင်္ဂလိပ်ဗိုလ်မှူးတစ်ယောက်ကို တွေ့ရ၏။ သူသည် အမြောက်တပ်သားများအား ရန်သူ့ပစ်မှတ်ရှိရာသို့ အမြောက်ပြောင်းကို မည်သို့ချိန်ရန် တဖွဖွအမိန့်ပေးလျက်ရှိနေလေသည်။

မှောင်ရီပျိုးစအချိန်တွင် အဓိကပစ်မှတ်ဖြစ်သော တွင်းကုန်းရွာသည် ရန်သူ့လက်ထဲတွင် တစ်ဝက်၊ ကျွန်တော်တို့လက်ထဲတွင် တစ်ဝက် ရောက်ရှိနေလေသည်။

ပင်းချောင်းနှင့် ကျွန်တော်တို့အကြားတွင် နှစ်မိုင်မျှသာ ခရီးကွာနေတော့၏။ ဤနှစ်မိုင်ကို ကျွန်တော်တို့ ဖောက်ထွင်းနိုင်ခဲ့လျှင်...။

ပင်းချောင်းကိုသာ ကျော်မိပါက စစ်သည်တော်များအတွက် ရေသည်လည်းကောင်း၊ ရိက္ခာသည်လည်းကောင်း အစဉ်သင့်ရှိနေမည်ဖြစ်၏။

ပင်းချောင်း၏ ဤမှာဘက်ကမ်း ...နှစ်မိုင်မျှအလိုတွင် ရောက်ရှိနေသော ကျွန်တော်အဖို့ ရေလည်းမရှိ၊ ရိက္ခာလည်းမရှိ၊ ခဲယမ်းမီးကျောက်လည်း မရှိ။

ကျွန်တော်သည် စိတ်အပျက်ကြီးပျက်နေမိလေသည်။ သို့ဖြစ်၍လည်း စောင်တစ်ထည်ကို တင်းတင်းခြုံကာ မြေကြီးပေါ်သို့ လှဲ၍ အိပ်ချလိုက်၏။

သို့သော် အိပ်၍မပျော်။

မကြာမီ တစ်စုံတစ်ယောက်က ကျွန်တော့်ကို လှမ်း၍ခေါ်လိုက်၏။

"ခင်ဗျားတို့ ...အမေရိကန်သတင်းထောက်တွေ မဟုတ်လား။ အိပ်







မပျော်ရင် ကျွန်တော်နဲ့အတူတူလိုက်ခဲ့မလား။ တွင်းကုန်းဘက်ကို သွားရအောင်..."

ကျွန်တော်သည် စောင်ကိုခွာချလိုက်ပြီး ယူနိုက်တက်သတင်းစာမှ ဘာရီရန်ကို လက်တို့၍ ခေါ်လိုက်၏။

ကျွန်တော်တို့ကို အဖော်ညှိလိုက်သူမှာ ဗိုလ်မှူးအဆင့်အတန်းရှိသူ တစ်ဦး ဖြစ်နေလေသည်။

ကျွန်တော်တို့သည် ဗိုလ်မှူး၏ဂျစ်ကားဖြင့်ပင် တွင်းကုန်းရှိရာသို့ လာခဲ့ကြ၏။ တွင်းကုန်းသို့မရောက်ခင် တောင်ကုန်းကလေးတစ်ခုပေါ်တွင် ရေသယ်လာသော ထရပ်ကားတစ်စင်းကို တွေ့လိုက်ရသဖြင့် ရေကို တစ်ဝကြီးသောက်လိုက်ကြ၏။

တစ်နေ့လုံး ရေငတ်နေသဖြင့် အတင်းတိုးဝှေ့၍လာသော တပ်သားများကို တစ်ဦးစီ နေရာချပေးရန် ဗိုလ်မှူးက အစီအစဉ်ပြုလုပ်ပေးပြီးနောက် ကျွန်တော်တို့သည် ကားကို ရှေ့သို့ဆက်၍ မောင်းလာခဲ့ကြသည်။

မကြာမီ...ကားမောင်း၍မရနိုင်လောက်အောင် တပ်သားများ များပြားလာသဖြင့် ကျွန်တော်တို့သည် ဂျစ်ကားပေါ်မှဆင်းကာ တပ်သားများ အကြားသို့ တိုးဝှေ့၍ ဝင်လာခဲ့ကြ၏။

တစ်ဝက်မျှသိမ်းမိနေပြီဖြစ်သော တွင်းကုန်းရွာကို ပန်ချာပီတပ်သားများက တာဝန်ယူထားကြသည်။ အခြားတစ်ဖက်တွင်မူ မီးဖိုမှ မီးများကဲ့သို့ တောက်လောင်နေသော မီးများကို မြင်ရ၏။

စစ်ကူရောက်လာသော တရုတ်တပ်များ၏မီးဖိုများပင် ဖြစ်လေသလား။

ကျွန်တော်တို့သည် ပန်ချာပီတပ်သားများသိမ်းပိုက်ထားသော နယ်မြေအဆုံးမှနေ၍ တပ်ခေါက်ကာ ပြန်လာခဲ့ကြ၏။ လမ်းတွင် ကျွန်တော်တို့နှင့် အတူပါလာသော ဗိုလ်မှူးက ဆေးလိပ်သောက်ရန် မီးခြစ် ခြစ်လိုက်သည်။

လမ်းဘေးတစ်နေရာတွင် ဒဏ်ရာများနှင့် ကျဆုံးနေသော စစ်ဗိုလ်နှစ်ဦး၏ အလောင်းများကို တွေ့ရှိလိုက်ကြရသေးသည်။

ကျွန်တော်တို့ ဗိုလ်မှူး ဌာနချုပ်ပြုလုပ်ထားရာ တပ်ရင်းဌာနချုပ်သို့ ရောက်ရှိလာသည့်အချိန်တွင် ရေသယ်ယူရောက်ရှိလာသော ထရပ်ကားများ အနီးတွင် ပွဲတော်ကြီးပမာ စုပြုံတိုးဝှေ့နေကြသော တပ်သားများကို တွေ့ရ

၏။

ရေဆာလောင်မွတ်သိပ်သောကြောင့် တိုးဝှေ့စုပြုံနေကြသော တပ်သားများပင်တည်း။

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့သည် ဗိုလ်မှူးချုပ်ထံသို့ သတင်းယူရန် သွားရောက်ခဲ့ပြန်သည်။

"ဗိုလ်မှူးတော့ အထိခံရပြီ။ တော်တော်ပဲအထိနာရှာတယ်..."

တပ်ရင်းဌာနချုပ်သို့ မရောက်မီ တပ်သားကလေးတစ်ယောက်က ကျွန်တော့်အား ဆီး၍ သတင်းပေးနေလေသည်။

တပ်ရင်းဌာနချုပ်အတွင်းသို့ ကျွန်တော်ဝင်သွားသောအခါ ကြမ်းပြင်ပေါ်တွင် သွေးအလူးလူးဖြင့် လဲကျနေသော ဗိုလ်မှူးကို တွေ့ရ၏။ ရန်သူ့မော်တာဗုံးဆန်တစ်ခုက ဗိုလ်မှူး၏ပေါင်လယ်သို့ဖြတ်ကာ ထိမှန်သွားခဲ့လေသည်။

"ဗိုလ်မှူး ...နေကောင်းရဲ့လား ..."

ကျွန်တော်က တတ်နိုင်သမျှပြုံးကာ မေးလိုက်၏။ ဗိုလ်မှူးသည် ကျွန်တော့်ဘက်သို့ လက်တစ်ဖက်ကမ်းလိုက်ပြီးနောက်...

"အမေရိကန် သတင်းထောက်ကြီးလား ခင်ဗျာ...၊ ကျုပ်က အိုင်ယာလံအမျိုးသားဖြစ်တော့ ကျုပ်တို့ အိုင်ရစ်တွေဟာ ဘယ်လောက်စွမ်းစွမ်းတမံ တိုက်ခိုက်တယ်ဆိုတာ အိုင်ယာလံပြည်သူပြည်သားတွေသိအောင် တဆိတ်လောက် သတင်းပေးလိုက်စမ်းပါဗျာ"ဟု သဲ့သဲ့မျှသောအသံဖြင့် ပြောလိုက်သံကို ကျွန်တော် ကြားလိုက်ရပါသတည်း။

n







## (၁၁) ဗမာ့လွတ်လပ်ရေးတပ်မတော်

ဧပြီလ ၁၉ ရက်နေ့ည။

ရေလည်းမရှိ၊ ရိက္ခာလည်းမရှိဘဲ နောက်ထပ်လည်း အဝိုင်းခံနေရပြန်ပြီဟူသော အသိက ကျွန်တော်တို့ကို ခြောက်လှန့်လျက်ရှိသည်။ ဗိုလ်ချုပ်ကြီးစကော့က အခြေအနေဆိုးဝါးနေပြီဟု နောက်ပိုင်းရှိ အာဏာပိုင်များထံသို့ ရေဒီယိုဖြင့် သတင်းပို့သည့်တိုင်အောင် အာဏာပိုင်များထံမှ ပြန်လည်ရောက်ရှိလာသော အမိန့်မှာ စိတ်ပျက်စရာကောင်းနေလေသည်။

"တတ်နိုင်သမျှ ကြံ့ကြံ့ခံနေပါ။ ဝန်တင်တိရစ္ဆာန်များကို အဝိုင်းခံနေရာမှ လွတ်ထွက်နိုင်အောင် ကြိုးစားပေးပါ..."ဟူသော အမိန့်မှာ ကျွန်တော်တို့အတွက် စိတ်အပျက်ကြီးပျက်ဖွယ်အမိန့်ပင် မဟုတ်ပါလား။

တောတောင်လျှိုမြောင်များဖြင့် ပြည့်နှက်နေသော မြန်မာပြည်လို စစ်မျက်နှာတွင် ဝန်တင်တိရစ္ဆာန်များ၏ အသုံးကျပုံမှာ အံ့သြ၍ပင် ကုန်နိုင်စရာမရှိ။ သို့ဖြစ်၍လည်း အာဏာပိုင်များက ဝန်တင်တိရစ္ဆာန်များကို အပျောက်အရှ အပျက်အစီးမရှိဘဲ ရနိုင်သမျှ စုဆောင်းနေကြခြင်းဖြစ်၏။

သို့ရာတွင် ဝန်တင်တိရစ္ဆာန်များကို ရန်သူဝိုင်းထားသောနေရာမှ ကျွန်တော်တို့လူသားများ၏ အသက်အား အသေခံပြီး လွတ်မြောက်အောင် လုပ်ရမည့်အရေးမှာ ရင်လေးဖွယ်ရာပင်ဖြစ်၏။ နောက်ထပ် တစ်ညနှင့် တစ်နေ့လုံးလုံး ကျွန်တော်တို့လူသားများက ရေအငတ်ငတ်၊ မိုးအငတ်ငတ်ခံကာ ရန်သူကို ကြံ့ကြံ့ခံနေရမည်သာမက ဝန်တင်တိရစ္ဆာန်များ၏ လွတ်မြောက်ရေးကိုပါ ကျွန်တော်တို့က အသက်အသေခံ၍ တိုက်ခိုက်ပေးရဦးမည်ဟု အမိန့်ပေးလာသောအခါ တပ်သားတိုင်းပင် အမိန့်၏ ကျိုးကြောင်းမညီညွတ်မှုကို နှလုံးနာမိကြလေသည်။

ဗိုလ်ချုပ်ကြီးစကော့အနီးသို့ ချဉ်းကပ်၍ “နက်ဖြန်ကျရင် ကျွန်တော်တို့ ထိုးဖောက်ပြီး ထွက်နိုင်ပါ့မလား ...”ဟု မေးမြန်းလာသူတိုင်းကို ဗိုလ်ချုပ်ကြီးစကော့က တစ်ခုတည်းသောအဖြေကိုသာ ပေးနေသံ ကြားရ၏။

“ဖောက်ထွက်နိုင်မယ်လို့ ကျုပ် မပြောနိုင်ဘူး။ ဒါပေမဲ့ ဖောက်မထွက်နိုင်ခဲ့ရင် ကျုပ်တို့တစ်တွေ ဘယ်လိုအခြေအနေရောက်လာမယ်ဆိုတာ မင်းတို့ သိတယ်မဟုတ်လား...”

ဧပြီလ ၁၉ ရက်နေ့ညမှာ တပ်သားတိုင်းအဖို့ တုန်လှုပ်ချောက်ချားဖွယ်ရာညပင် ဖြစ်၏။ ရေနံမြေကို ၁၈ ရက်နေ့က ဖောက်ထွက်ရန် အသက်စွန့်ဆံဖျား ကြိုးစားခဲ့ရသော တိုက်ပွဲမှာလည်း အရှုံးနှင့်သာ နိဂုံးတံခဲ့ရ၏။







ဂျပန်များက တိုက်ရေယာဉ်များဖြင့် ချီတက်လာပြီး ရေနံမြေကို ဝင်ရောက်သိမ်းပိုက်ထားခဲ့၏။ နောက်ထပ်၍လည်း အရေးအတွက် မည်မျှဟု ခန့်မှန်းခြင်းမပြုနိုင်သော ရန်သူများ ရေနံချောင်းသို့ တဖွဲဖွဲရောက်ရှိနေသည်။

သို့ဖြစ်၍လည်း ဗိုလ်ချုပ်ကြီးစကော့၏တပ်များသည် အဓိကပစ်မှတ်ဖြစ်သော တွင်းကုန်းရွာသို့ မရောက်မီ လမ်းခွဆုံကလေးတစ်ခုကို သိမ်းပိုက်ထားခဲ့ရာမှ လက်လွှတ်လိုက်ရတော့၏။ တစ်နည်းအားဖြင့်ဆိုသော် တွင်းကုန်းကို ဖြတ်ကျော်ရန်အတွက် ခြေကုပ်ယူထားသောစခန်းကို ကျွန်တော်တို့က လက်လွှတ်လိုက်ရခြင်းပင်တည်း။

တပ်သားအားလုံးမှာ ရေနှင့်ရိက္ခာ လုံးဝပြတ်ခဲ့သည်မှာ ၃ ရက်တိုင်တိုင် ရှိနေလေသည်။ ထရပ်ကားတစ်စီးပေါ်တွင်ရှိသော ရေအနည်းငယ်မှာလည်း တိုက်ပွဲဝင်နေသော တပ်ဦးမှ တပ်သားများနှင့် ဒဏ်ရာရတပ်သားများကိုပင် လုံလုံလောက်လောက်ပေးနိုင်သည့်အခြေအနေမရှိ။

ဤကဲ့သို့ ရိက္ခာပြတ် ရေပြတ်ကာ ဒဏ်ရာရရှိသူများ အထပ်ထပ်ရှိနေသည့်အခြေအနေမှနေ၍ နက်ဖြန်နံနက်တွင် ဝိုင်းထားသော ရန်သူကို ထိုးဖောက်ရေး စစ်ဆင်ရမည့်အရေးမှာ လုံးဝလွယ်ကူလှခြင်းမရှိ။ မည်သို့ပင်ဖြစ်စေ နက်ဖြန်ဆင်နွှဲမည့် ထိုးဖောက်ရေးစစ်အတွက် တတ်နိုင်သမျှ အစီအစဉ်ရေးဆွဲရဦးမည် ဖြစ်၏။

အကယ်၍ ကျွန်တော်တို့သည် အနောက်ဘက်နှင့် တောင်ဘက်သို့ ဆုတ်ခွာပြီးနောက် ဧရာဝတီကို ဖြတ်ကူးကာ လွတ်မြောက်အောင် ကြံစည်မည်ဆိုလျှင် လမ်းတစ်လျှောက်၌ ရန်သူတပ်များနှင့် တိုးမိနေရုံသာမက ဧရာဝတီကို ဖြတ်ကူးရန်လည်း လှေများရနိုင်မည်မဟုတ်။

အကယ်၍ ကျွန်တော်က ရှိသမျှအလုံးအရင်းဖြင့် ရေနံချောင်းကို ဖြတ်ကာ ဖောက်ထွင်းရေးစစ် ဆင်နွှဲမည်ဆိုလျှင် ကျွန်တော်တို့၏ တောင်ပံမှ အင်အားကြီးမားသော ဂျပန်တပ်ကြီးက အတင်းဖိ၍ အတိုက်ခံရမည့် အန္တရာယ် ရှိလေသည်။

ဤသို့ အန္တရာယ်ရှိနေသည်သာမက ပထမအကြိမ်က ရှုံးခဲ့ဖူးသော တိုက်ပွဲကို ဒုတိယအကြိမ် ထပ်၍ ပထမနည်းအတိုင်း တိုက်ရမည်ဆိုသော

အခါ စစ်သည်တော်များက သံသယစိတ်နှင့် ကြောက်ရွံ့စိတ်များ ဝင်နေကြမည် အမှန်ပင်ဖြစ်၏။

အကယ်၍ ကျွန်တော်တို့က ရှိသမျှအင်အားကို အသုံးပြုကာ ပင်းချောင်း တောင်နှင့် မြောက်မှ ဝိုင်းထားသော ရန်သူတပ်များကို ထိုးဖောက်ရေး စစ်ဆင်နွှဲမည်ဆိုလျှင် ကျွန်တော်တို့တပ်များသည် ရန်သူအမြောက်စာ ဖြစ်လာနိုင်မည်သာမက တောင်ဘက်မှနေ၍ တိုက်ခိုက်ခြင်းကို ခံရဦးမည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဗိုလ်ချုပ်ကြီးစကော့က ပင်းချောင်း တောင်နှင့် မြောက်မှ ဝိုင်းထားသော ရန်သူများကို ထိုးဖောက်ရေး စစ်ဆင်နွှဲရန် ဆုံးဖြတ်လိုက်သည်။

တရုတ်တပ်များက မြောက်ဘက်မှနေ၍ နံနက် ၄ နာရီအချိန်တွင် စတင်ထိုးစစ်ဆင်ပြီး ကျွန်တော်တို့က နံနက် ၆ နာရီအချိန်တွင် တောင်ဘက်မှနေ၍ တွင်းကုန်းတွင်ရှိသော ရန်သူ့အတားအဆီးကို ထိုးဖောက်ရန် သတ်မှတ်လိုက်သည်။

ကျွန်တော်တို့သည် ရှင်လျှင် ရွှေထီး သေလျှင်မြေကြီးဟူသော စိတ်မျိုးပင် မွေးထားရတော့သည်။ တွင်းကုန်းရှိရာသို့ လှမ်း၍ကြည့်လိုက်သော အခါ မီးကလေးတလက်လက်ဖြင့်ရှိနေသော ရန်သူ့စခန်းများသည် တစ်ချိန်ထက်တစ်ချိန် ကျွန်တော်တို့နှင့် ပို၍နီးကပ်လာသည်ကို တွေ့လိုက်ရတော့သည်။

ကျွန်တော်တို့သည် ထိုးဖောက်ရေးစစ်ကို ဆင်နွှဲရင်း သေလျှင်သေ၊ မသေလျှင် ရေငတ် အစာငတ်၍ သေရမည်ဖြစ်၏။ ဤနည်းနှစ်နည်းဖြင့် အသေခံလျှင် ကျွန်တော်တို့အတွက် ရွေးချယ်ရန် တစ်ခုတည်းသောလမ်းသာ ရှိနေ၏။

ထိုလမ်းကား ... ရန်သူ့ထံမှောက်တွင် ဒူးထောက်၍ လက်နက်ချလိုက်ကြရန်ပင်တည်း။

ဧပြီလ ၁၉ ရက်နေ့ည...

ကျွန်တော်တို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချက်ချင်း စစ်ကူပေးနိုင်ရန်အတွက် ကျောချင်းကပ်၍ စခန်းချနေကြ၏။ ဗိုလ်ချုပ်ကြီးစကော့၏ တပ်မ







တစ်ခုလုံးကို ရန်သူများက အင်ကြီးအားကြီးဖြင့် ရေနံချောင်းတွင် ဝိုင်းထားသည့် အဖြစ်အပျက်ကို နလပိန်းတုံး ထမင်းအိုးထမ်း ဟင်းအိုးထမ်း ရဲဘော်ကစ၍ သိနေကြ၏။ ဤသို့သိနေကြသောကြောင့်လည်း တပ်သားတိုင်းပင် ဧပြီလ ၁၉ ရက်နေ့ညကို မိမိတို့၏ နောက်ဆုံးနေ့ညအဖြစ် သတ်မှတ်ထားကြလေသည်။

ရေနံချောင်းမှ ကောင်းကင်ယံသို့ ထိုးလက်လျက်ရှိသော မီးညွန့်မီးစွယ်ကြီးများ၏ အရောင်က ကျွန်တော်တို့ စခန်းချနေသော လျှိုကလေးအကြားသို့ပင် လာ၍အရောင်ဟပ်နေသည်။ ကျွန်တော်တို့ပတ်ဝန်းကျင်တွင် အစောင့်အနေချထားသော အပေါ့စားတင့်ကားများကို လာ၍ ထင်ဟပ်နေသော မီးရောင်ဖြင့် တပြောင်ပြောင်မြင်နေရ၏။

ကျွန်တော်တို့သည် တိတ်ဆိတ်ငြိမ်သက်စွာထိုင်ရင်း အဓိကပစ်မှတ်ဖြစ်သော တွင်းကုန်းရွာကို မျှော်ကြည့်မိကြ၏။ မနေ့ကတိုက်ပွဲကြောင့် တွင်းကုန်းရွာတွင် ယခုတိုင် မီးများ တောက်လောင်လျက်ရှိနေဆဲဖြစ်သည်။

ကျွန်တော်က မြေကြီးပေါ်တွင် လှဲချလိုက်ပြီး အိပ်ပျော်အောင် ကြိုးစားကြည့်သည်။ အိပ်၍မရ။ ကျွန်တော်တို့နှင့် သိကျွမ်းဝင်ပင်နေသော 'ဂျော့ချ်' ဆိုသည့် ရဲဘော်တစ်ဦးက ကျွန်တော့်အနီးသို့ တိုးလာပြီး ... သူ့လက်ထဲမှ ရှယ်ရီပုလင်းကို ကျွန်တော့်နှုတ်ခမ်းဝတွင် တေ့ထားလိုက်သည်။

ရှယ်ရီကို တစ်ငုံခန့်ငုံလိုက်ရခြင်းမှာ ကျွန်တော့်စိတ်ကို လန်းဆန်းစေသော အသက်ဆက်ဆေးနှင့် တူနေလေသည်။ ဂျော့ချ်သည် သူ့အိတ်ထဲမှ တစ်စုံတစ်ခုကို အတန်ကြာအောင် မွှေနှောက်ကာရှာဖွေနေပြီး မီးခြစ် ခြစ်လိုက်၏။

ကျွန်တော်က လှမ်း၍ကြည့်လိုက်သောအခါ ပိတုန်းရောင်ကဲ့သို့ နက်မှောင်သောဆံပင်ရှိသည့် မိန်းမပျိုကလေးတစ်ယောက်၏ ဓာတ်ပုံကို ဂျော့ချ်၏လက်ထဲ၌ တွေ့လိုက်ရလေသည်။

"သူ့ဆီကို စာရေးပေးပါ။ ကျွန်တော်နဲ့တွေ့ခဲ့ရတဲ့အကြောင်းကိုလည်း ရေးပေးပါ..."

ဂျော့ချ်သည် ဤစကားကိုဆိုရင်း သူ့ချစ်သူ၏ နေရပ်လိပ်စာကို ကျွန်တော့်အား ပြောပြနေလေသည်။

ယနေ့ည သေရမလား။ နက်ဖြန်သေရမလားဟု စိုးရိမ်ထိတ်လန့်နေရသည့်အချိန်၌ ဂျော့ချ်က မီးရောင်ဖြင့် ထောင်၍ပြလိုက်သော ချစ်သူမိန်းကလေး၏ရုပ်ပုံကို ထောင်၍ပြလိုက်သောအခါ ကျွန်တော်သည် ဟစ်၍ငိုချင်စိတ်ပေါက်လာမိသည်။

ကျွန်တော်က သက်ပြင်းတစ်ချက်ကို လေးလေးကြီးချလိုက်မိ၏။ ဂျော့ချ်သည် ဓာတ်ပုံကို သူ့အိတ်ထဲသို့ ပြန်သွင်းလိုက်ပြီး ကျွန်တော့်ကိုယ်ပေါ်တွင် မှီ၍ ရေးလိုက်သည်။

"နက်ဖြန်နံနက် ရန်သူကို ထိုးဖောက်လို့ မရရင်တော့ ဒီမှာ ကျွန်တော်ဆက်ပြီး နောက်တစ်ည အိပ်မနေတော့ဘူး။ ညအရိပ်ကို မှောင်ခိုပြီး ရန်သူ့စစ်ကြောင်းတွေအကြားက တစ်ကိုယ်တည်း လစ်ထွက်ပြေးတော့မယ်။ ရန်သူ့လက်ထဲကိုတော့ ဘယ်တော့မှ အရှင်လတ်လတ် ကျမသွားစေရဘူး။ ရန်သူ့ဆီမှာ လက်နက်ချသွားတဲ့ ရဲဘော်အချို့ ဘယ်လိုနှိပ်စက်ညှဉ်းပန်းခံရတယ်ဆိုတာ ကျွန်တော်တို့ မြင်ခဲ့ရပြီမဟုတ်လား..."

ကျွန်တော်သည် ဂျော့ချ်၏စကားကို အိပ်ချင်မူးတူးဖြင့် နားထောင်နေရင်း တရုတ်ပြည်တွင် ဂျပန်တို့နှင့် ၅ နှစ်တိုင်တိုင် ကျွန်တော် ပါဝင်တိုက်ခိုက်ခဲ့စဉ် အဖြစ်အပျက်များကို ပြန်ပြောင်းသတိရလာသည်။ ဂျပန်တို့၏ ရက်စက်ယုတ်မာမှုမှာ ကန်းကုန်အောင်ဆိုးရွားခဲ့သည် မဟုတ်ပါလား။

မျက်ရည်တစ်ပေါက် ကျွန်တော့်ပါးပြင်ပေါ်သို့ တောက်ခနဲ စီးကျလာ၏။ ကျွန်တော်သည် မည်ကဲ့သို့သောအခြေအနေတွင် ရောက်စေကာမူ ဂျပန်ထံ လက်နက်ချ အညံ့ခံမည်မဟုတ်။

ရှူးသွပ်နေသော မိန်းမကြီးတစ်ယောက်၏ အော်သံကဲ့သို့ စူးရှထိတ်လန့်ဖွယ်ကောင်းသော အသံများကြောင့် ကျွန်တော်သည် အိပ်ပျော်သွားရာမှ ရုတ်တရက် လန့်၍နိုးလာလေသည်။

ကျွန်တော်တို့သည် အိပ်ရာမှ ထလိုက်ကြပြီး တစ်ယောက်မျက်နှာကို တစ်ယောက် စိုးရိမ်တကြီးကြည့်နေမိကြ၏။ ကျွန်တော်တို့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ အဝီစိပွက်သကဲ့သို့သော အသံများဖြင့် သောသောညံလျက်ရှိနေသည်။ ဝါးရုံတောကြီးတစ်ခုလုံးကို ဆင်အုပ်ကြီးတစ်အုပ် ဝင်၍နင်းနေသကဲ့သို့ ထင်ရ၏။







ကျွန်တော်တို့ကိုယ်တိုင် ကျွန်တော်တို့ ပြန်၍ သမာဓိမဆောင်နိုင်ခင် အရပ်ရှစ်မျက်နှာမှ ပေါ်ထွက်လာသော ကျည်ဆန်ထိပ်ဖူးများသည် ကျွန်တော်တို့နေရာပေါ်မှ ဖြတ်၍ တဝင်းဝင်း တလက်လက် ပြေးလွှားကြသည်ကို တွေ့လိုက်ရလေသည်။

ရန်သူ့ဘက်မှသေနတ်သံကြောင့် စောစောက ကြောင်၍နေသော တပ်သားအားလုံး အသက်ပြန်ဝင်လာကြ၏။

"မအေ...တွေ... လာကြစမ်းပါစေ၊ ဆီးပြီး တီးထည့်လိုက်မယ်..."

## ( ၁၂ )

ဂျော့ချ်က သေနတ်ကို တင်းတင်းဆုပ်ထားရင်း ရေရွတ်ကျိန်ဆဲလိုက်သည်။

ကျွန်တော်တို့က မြေနိမ့်နိမ့်ရှိသည့်နေရာတွင် မျက်နှာကိုမှောက်ကာ ဝပ်နေလိုက်သည့်အချိန်တွင် အမြောက်တပ်သားများက အိပ်ရာမှ လူးလဲထလာသလို စက်သေနတ်သမားများကလည်း မိမိတို့လက်နက်များ ရှိရာသို့ ပြေးကပ်၍သွားကြ၏။ ကျွန်တော်တို့ဘက်မှ ဆက်တိုက်ပစ်ခတ်လိုက်သော အမြောက်သံနှင့် စက်သေနတ်သံများမှာ မိုးသောက်ယံကို အားမာန်ရှိရှိဖြင့် တက်တက်ကြွကြွ ကြိုဆိုလိုက်သော မင်္ဂလာအသံပင် ဖြစ်သည်ဟု မှတ်ထင်လိုက်ရသည်။

တစ်ဖက်နှင့်တစ်ဖက် မီးကုန်ယမ်းကုန် ပစ်ခတ်နေသော အသံများမှာ မိုးကောင်းကင်ကြီး ပြိုကွဲကျလာသကဲ့သို့ ဖြစ်နေသည်။ ရန်သူက အရပ်ရှစ်မျက်နှာမှနေ၍ ပစ်ခတ်နေသလို ကျွန်တော်တို့ကလည်း အရပ်ရှစ်မျက်နှာတွင် တစ်လက်မမျှ မကျန်ရအောင် ပြန်လှန်ပစ်ခတ်နေပြန်၏။ တောင်ပေါ်ပစ် အမြောက်ကြီးများ၏ လေသံမှာ ကျွန်တော်တို့အဖို့ အားတက်စရာကောင်း၍နေလေသည်။

ကာပစ်ပစ်ရင်း တက်လာကြသော ရန်သူအချို့ကို ကျွန်တော်တို့၏ ခြေလျင်တပ်သားများက ညာသံပေးကာ ပစ်ချနေကြသည်။ တပ်သားများသည် ၃ ရက်တိုင်တိုင် အစာငတ် ရေငတ် ဖြစ်နေကြသော်လည်း မိမိတို့ရှိနေသော နေရာမှ တစ်လက်မမျှ မဆုတ်ဘဲ ကြံ့ကြံ့ခံ၍ တိုက်ခိုက်နေ

သည်။

လင်းလာသော နေရောင်ခြည်ဖြင့် တောင်စောင်းများပေါ်တွင် ပြန့်ကျဲ၍ ကျဆုံးနေကြသော ဂျပန်အလောင်းများကို တွေ့ရ၏။ ဂျပန်နှင့် လက်တွဲ၍ ကျွန်တော်တို့အား တိုက်ခိုက်နေသော ဗမာ့လွတ်လပ်ရေးတပ်မတော်မှ စစ်သားများ၏ အလောင်းများကိုလည်း မြင်နေရ၏။

တိုက်ပွဲမှာ ပြင်းထန်သော်လည်း ခဏနှင့်ပင် ပြီးဆုံးသွားသည်။ ရန်သူတို့က အကျအဆုံးများပြားလှသဖြင့် မာန်လျော့၍သွားခြင်းပင်တည်း။

နံနက် ၇ နာရီအချိန်သို့ ရောက်လာသောအခါ စောစောက မီးကုန်ယမ်းကုန် တိုက်နေသော တိုက်ပွဲသည် တစ်ဖက်နှင့်တစ်ဖက် စက်သေနတ်များ၊ ရိုင်ဖယ်များဖြင့် လှမ်း၍ပစ်နေသောပုံစံသို့ ပြောင်းလာခဲ့၏။ တစ်ချက်တစ်ချက်တွင် ကျွန်တော်တို့ဘက်မှ တထိန်းထိန်းပစ်ခတ်လိုက်သော တောင်ပေါ်ပစ်အမြောက်သံများ ပေါ်ထွက်နေသည်။

တွင်းကုန်းရှိရာသို့ ချီတက်နေသော ကျွန်တော်တို့တပ်များကို နောက်မှ စစ်ကူပေးရန် တင့်ကားများ ချီတက်သွားကြ၏။ ၃ ရက်လုံးလုံး နောက်ရံတပ်အဖြစ် ရှိနေခဲ့သော တပ်ဖွဲ့အချို့က ရေနံမျှော်စင်များပေါ်တွင် ငှက်ကလေးများသဖွယ် ပုံဖျက်တွယ်ကပ်နေသော ရန်သူ့လက်ဖြောင့်တပ်သားများကို ရှင်းလင်းရန် တပ်ဦးသို့ ထွက်ခွာသွားကြသည်။

ပစ်သံခတ်သံများက လျော့နည်း၍လာသလို ကျွန်တော်တို့၏စိတ်ဓာတ်များကလည်း ကျဆင်းလာပြန်သည်။ ကျွန်တော်တို့သည် လမ်းဘေးရှိ တောင်ကတုံးများပေါ်တွင် စိတ်ပျက်လက်ပျက်ထိုင်ကာ ပူပြင်းလှသော ဤတစ်နေ့တာသည် မည်သည့်အဖြစ်အပျက်မျိုးဖြင့် ကုန်ဆုံးပါလေမည်နည်းဟု စဉ်းစားမိကြ၏။ ရန်သူ့လေယာဉ် ၃ စင်းက နိမ့်နိမ့်ကလေး ပျံလာပြီး ကျွန်တော်တို့ပေါ်တွင် ဝဲ၍ ကင်းထောက်နေသည်။ ပုန်းစရာခိုစရာဟူ၍ တစ်ခုမျှမရှိ။ မည်သည့်အချိန်တွင် ကျွန်တော်တို့ ရန်သူ့လေယာဉ်လက်ချက်ကြောင့် အပိုင်းပိုင်း အတစ်တစ် ဖြစ်သွားမည်လဲဟုသာ တွက်နေရတော့သည်။

ဤအချိန်တွင်ပင် ကျွန်တော့်ဘက်မှ 'ဘိုဖာ'လေယာဉ်ပစ်အမြောက်များ၏အသံကို ကြားလိုက်ကြရ၏။ အောက်မှ အဆက်မပြတ် ပစ်ခတ်လိုက်







သော အမြောက်များကြောင့် လေယာဉ် ၃ စင်းအနက် တစ်စင်းက အုပ်စုထဲမှ ခွဲထွက်ကာ အလွတ်ရုန်းရန် ကြိုးစားနေသည်။ အောက်မှတပ်သားများက... "ဒီကောင်ကို မြေကြီးပေါ်ရောက်လာအောင် ပစ်ချပါတော့လား... ဟု အော်ဟစ် အားပေးနေကြတော့၏။

လေယာဉ်ပစ် ဘိုဖာအမြောက်သံများက ကျဆင်းနေသော ကျွန်တော်တို့၏စိတ်ဓာတ်ကို အားတင်း၍ပေးလိုက်သည်။ ကျွန်တော်တို့သည် လေကြောင်းမှ ရန်သူများတိုက်ခိုက်သမျှကို ယခင်ကလို ခေါင်းငုံ့၍ ခံနေရခြင်း မရှိတော့ပြီ...။

နံနက် ၉ နာရီအချိန်တွင် ဝမ်းသာဖွယ်သတင်း ကြားလာရသည်။ တွင်းကုန်းမှနေ၍ ပိတ်ဆို့ဝိုင်းဝန်းထားသော ရန်သူကို ကျွန်တော်တို့က ဖောက်ထွက်ရန် ကြိုးစားကြည့်မည်ဟူသော သတင်းပင်တည်း။

တင့်ကားတပ်က ဖောက်ထွက်မည့် ခြေလျင်တပ်များကို ဦးဆောင်ကာ ချီတက်သွားသည်။ ရန်သူ့အတားအဆီးက တွင်းကုန်းတောင်ထိပ်ပေါ်တွင် ရှိနေလေသည်။

ကျွန်တော်တို့သည် ခြေလျင်တပ်များနောက်မှ ဂျစ်ကားဖြင့် လိုက်ပါလာခဲ့ကြ၏။ ကျွန်တော်တို့နောက်တွင် လူနာတင်ကားများ လိုက်ပါလာသည်။ လူနာများသည် နေပူကျဲကျဲတွင် ၄၈ နာရီလုံးလုံး ပြုစုကုသခြင်း မခံယူရဘဲ ဖြစ်သလိုနေခဲ့ကြရ၏။ ဤလူနာတင်ကားနောက်မှ သယ်ယူပို့ဆောင်ရေးယာဉ်အုပ်စုကြီး ကပ်၍ပါလာသည်။

ဗိုလ်ချုပ်ကြီးစကော့၏ ဦးစီးအရာရှိကြီးမှာ ဖောက်ထွက်ရန် ကြိုးစားကြည့်မည့် တပ်ဖွဲ့များနှင့် ပါလာနိုင်ခြင်းမရှိဘဲ တာဝန်အရ နောက်ချန်၍ နေခဲ့ရမည့်သူ ဖြစ်သည်။ ဦးစီးအရာရှိကြီးသည် ကျွန်တော်တို့ ဂျစ်ကားနားသို့ ကပ်လာပြီး...

"ဖောက်ထွက်လို့ မရနိုင်ဘူးဆိုရင် မောင်ရင်တို့ ဂျစ်ကားကို စွန့်ပစ်ထားခဲ့ရမယ်ဆိုရင် အရှေ့ဘက်စူးစူးအတိုင်းသာ လိုက်ပြီးသွားပေတော့။ အဲဒီဘက်ကနေပြီး ရန်သူ့စစ်ကြောင်းကို ဖောက်ထွက်နိုင်လိမ့်မယ်"ဟု ညွှန်ကြားချက် ပေးနေသည်။

သို့သော်... ကျွန်တော်တို့ဂျစ်ကားသည် ပေ ၅၀ ခန့်သာ လိမ့်၍သွား

လိုက်ရပြီးနောက် ရှေ့သို့မတိုးနိုင်ဘဲ ရပ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်... ရှေ့မှ ချီတက်နေသော တပ်ဖွဲ့များသည် ရန်သူ့အတားအဆီးကို ဖြတ်ကျော်ခြင်းငှာ မစွမ်းနိုင်သောကြောင့်ပါတည်း။

ထိုးဖောက်ရေးစစ်ကို ရှေ့မှခေါင်းဆောင်၍ ချီတက်သွားသော တင့်ကားမှာ တောင်ကုန်းကလေးတစ်ခုကို လှမ်းတက်လိုက်စဉ် ရန်သူ့လက်ချက်ဖြင့် မီးစွဲလာခဲ့သည်။ မော်တာဗုံးတစ်လုံးက တင့်ကားနောက်ပိုင်းနှင့် သီသီကလေးသာကွာသောနေရာတွင် ကျရောက်ပေါက်ကွဲလာပြန်သည်။

ရှေ့ပြေးချီ ဒုတိယတင့်ကားမှာလည်း တောင်ကုန်းအောက်မှ အပေါ်သို့ တက်ရန် ကြိုးစားနေစဉ် တောင်ကုန်းပေါ်မှ ကျလာသော မော်တာဗုံးတစ်လုံး ထိမှန်ခြင်းခံရပြီး မလှုပ်နိုင်မရှားနိုင် ဖြစ်သွားခဲ့ရ၏။

တတိယမြောက်တင့်ကားမှာ တောင်ကုန်းထိပ်ပေါ်သို့အရောက် ရန်သူ့မော်တာဗုံး တိုက်ရိုက်ထိမှန်ခံရပြန်သည်။ ရှေ့ပြေးချီ ကျွန်တော်တို့တင့်ကားတပ်သည် ရန်သူ၏ပစ်ကွင်းထဲသို့ တည့်တည့်မတ်မတ်ရောက်နေတော့၏။ တင့်ကားတပ်မှ အရာရှိများက နောက်ဘက်သို့ မော်တာစခန်းများ မည့်သည့်နေရာတွင် ရှိနေကြောင်း သတင်းပို့ပါ၏။ သို့သော် အမြောက်တပ်က ရန်သူ့မော်တာစခန်းကို ရှာ၍မတွေ့နိုင်ဘဲ ဖြစ်နေပြန်၏။

တင့်ကားများပင် ရှေ့သို့တိုး၍မတက်နိုင်သောအခါ ဗိုလ်ချုပ်ကြီး စကော့သည် ခြေလျင်တပ်ဖွဲ့များကို နောက်သို့ပြန်ဆုတ်လာရန် အမိန့်ပေးလိုက်ရတော့၏။

သည်တစ်ချီတွင်လည်း ကျွန်တော်တို့သည် အရှုံးကိုသာ မျက်မှောက်ပြုခဲ့ရပြန်သည်။

နောက်ထပ်တစ်နာရီခန့်အကြာတွင် စကော့အမျိုးသားများ ပါဝင်သော တပ်ဖွဲ့တစ်ဖွဲ့သည် သရဲသဘက်စီးထားသူများပမာ ကိုက် ၂၀၀ အကွာအဝေးတွင်ရှိသော ရန်သူ့စက်သေနတ်စခန်းကို ဖယ်ရှားသုတ်သင်ရန် ချီတက်သွားသည်ကို တွေ့လိုက်ရ၏။ ရန်သူများသည် တောင်ထိပ်ပေါ်တွင်ရှိသော အနီရောင် ရေလှောင်ကန်ထဲတွင် နေရာယူထားခြင်းဖြစ်သည်။

စကော့ စစ်သည်တော်များသည် ရန်သူ့စက်သေနတ်စခန်းရှိရာသို့ အဝါရောင်ပြေးနေသော မြေမျက်နှာပြင်ကို ဖြတ်ကျော်၍ ချီတက်နေပုံကို







ကြည့်ရင်း ရန်သူ့လက်ချက်ဖြင့် မည်မျှကျဆုံး အနာတရဖြစ်လေမည်နည်းဟု ကျွန်တော်က စဉ်းစားနေမိ၏။

တောင်ထိပ်ပေါ်မှ အတွဲလိုက်ဆွဲ၍ပစ်လိုက်သော စက်သေနတ်သံများနှင့်အတူ မော်တာဗုံးနှစ်လုံး ပေါက်ကွဲသံက ပေါ်ထွက်လာ၏။ ချီတက်နေသော စကော့အမျိုးသားများက ရန်သူ့စက်သေနတ်နှင့် မော်တာဗုံးများ ကျရောက်ပေါက်ကွဲခြင်းမရှိလာမီ မြေကြီးပေါ်တွင် ပြားပြားမှောက်၍ နေလိုက်ကြသည်။

တောင်ကုန်းပေါ်တွင် ဖုန်များနှင့် ယမ်းခိုးယမ်းငွေ့များ တထောင်းထောင်းထသွားပြီးနောက် ချက်ချင်းလိုပင် ရေလှောင်ကန်ရှိရာသို့ ပြေး၍တက်နေသော ကျွန်တော်တို့ဘက်တော်သားများကို တွေ့လိုက်ရ၏။

တောင်ထိပ်ပေါ်ရှိ အနီရောင်ရေလှောင်ကန်မှနေ၍ ကျွန်တော်တို့ဆီသို့ လက်များကို ဝှေ့ယမ်းပြနေသော စကော့အမျိုးသားများကို တွေ့လိုက်ရခြင်းအားဖြင့် ကျွန်တော်တို့ဘက်မှ ရန်သူ့စက်သေနတ်စခန်းကို စီးမိသွားပြီဖြစ်ကြောင်း အတပ်သိရသည်။

မကြာမီ လူနာတင် တင့်ကားများ ကျွန်တော်တို့ရှိရာအရပ်သို့ ရောက်ရှိလာကြ၏။ ရန်သူများက ကျွန်တော်တို့ဘက်မှ လော်ရီကားအချို့ကို သိမ်းဆည်းရမိပြီးနောက် ဤကားများကို ဖျက်ကာ လမ်းပေါ်တွင် ထပ်၍ အခိုင်အမာ တားဆီးထားလိုက်ကြသည့်အပြင် အဝေးပစ်အမြောက်ကြီး သုံးလက်ကိုလည်း ကျွန်တော်တို့တပ်များရှိရာသို့ ဦးလှည့်ထားကြောင်း လူနာများထံမှ ကြားသိရသည်။

တင့်ကားတပ်မှူးက လူနာများအား အားပေးစကား ပြောလိုက်ပြီး ရှေ့သို့ ခရီးအတန်ကွာအောင် လျှောက်နေသော တင့်ကားများရှိရာသို့ ရေဒီယိုတယ်လီဖုန်းဖြင့် စကားပြောနေသံကို ကျွန်တော်တို့ ကြားရ၏။

"ကျုပ်တို့ရဲ့ တရုတ်တပ်တွေဟာ ပင်းချောင်းကို ဖြတ်ကျော်လာပြီး ခုအချိန်မှာ ကျုပ်တို့ရဲ့ ညာဘက်တောင်ပံကို ရောက်နေကြပြီ..."

တင့်ကားတပ်မှူး၏စကားကို ကြားလိုက်ရသော ကျွန်တော်တို့သည် ရွှေထုပ်ကြီးကောက်ရသည်ထက် ဝမ်းသာ၍သွားကြ၏။ သို့သော်... စိုးရိမ်စိတ်ကလေးများ ကျွန်တော်တို့တွင် ရှိနေသေးသည်။ အဘယ့်ကြောင့်ဆို

သော် တရုတ်စစ်ကူများ ရောက်လာကြပြီဟူသော သတင်းမှာ မကြာမကြာ ပေါ်ပေါက်လာတတ်သောသတင်းမျိုး ဖြစ်နေသောကြောင့်ပင်တည်း။

ဗိုလ်ချုပ်ကြီးစကော့၏ တပ်များသည် တစ်မနက်လုံး တွင်းကုန်းမှ ရန်သူ့အတားအဆီးကို ထိုးဖောက်ရန် တစ်ချီပြီးတစ်ချီ ကြိုးစားနေခဲ့သည်။ တပ်သားများသည် ချစ်ချစ်တောက်ပူလောင်နေသော တောင်ကုန်းများပေါ်တွင် ရေနှင့် ရိက္ခာ ၃ ရက်တိတိ ပြတ်နေလျက်နှင့်ပင် ရန်သူကို ဖွဲ့ကြီးမဲကြီး ဖြင့် တိုက်ခိုက်နေကြ၏။ မော်လမြိုင်မှနေ၍ ရေနံချောင်းသို့ ဆုတ်စစ်ပြုလာခဲ့ရာ၌ ကျွန်တော်တို့တပ်များ အကျအဆုံး များပြားလှသည်မှာ မှန်ပါ၏။ ဤအကျအဆုံးမှာ မော်လမြိုင်မှ ရေနံချောင်းအရောက် ၃ လအတွင်း ဆုတ်ခွာလာခဲ့ရသော ခရီးစဉ်တွင် မှတ်မှတ်ရရ ကျဆုံးခဲ့သူများ၏စာရင်း ဖြစ်သည်။ ဤဆုတ်ခွာရေးစစ်ထက် အသေအပျောက် အကျအဆုံးများသော တိုက်ပွဲကား ပင်းချောင်းမှနေ၍ တောင်နှင့်မြောက် ဝိုင်းဝန်းပိတ်ဆို့ထားသော ရန်သူကို ထိုးဖောက်နိုင်ရန် ၃ ရက်တိတိ ကြိုးစားရသော တွင်းကုန်းတိုက်ပွဲပင်တည်း။ တွင်းကုန်းတိုက်ပွဲတွင် မော်လမြိုင်မှ ရေနံချောင်းအထိ ၃ လကြာသော ဆုတ်ခွာစစ်ထက် လူအင်အား ထက်ဝက်ကျော်ကျော် ပို၍ ၃ ရက်အတွင်း ကျဆုံးထိခိုက်နေလေသည်။

နေ့လယ် ၁၂ နာရီအချိန်တွင် ကျွန်တော်တို့ လက်ယာတောင်ပံသို့ ရောက်နေသော တရုတ်တပ်များက ထိုးစစ်ဆင်နိုင်ရန်အတွက် ကျွန်တော်တို့ဘက်မှ တောင်ပေါ်ပစ် အမြောက်ကြီးများက ကာပစ် ပစ်ပေးသံကို ကြားလာရ၏။

သို့သော် ၅ မိနစ်ခန့်သာ ဆက်၍ကြားရပြီး အမြောက်သံများ တိတ်ဆိတ်သွားသည်။

အချိန်ကို လေးစားခြင်းမရှိသော တရုတ်တပ်များသည် ဤအချိန်တွင်လည်း ထိုးစစ်ဆင်ရန် နှောင့်နှေးနေခဲ့လေသလားဟု တွေးရပြန်သည်။

နောက်ထပ် နာရီဝက်အကြာတွင် တောင်ပေါ်ပစ် အမြောက်သံများနှင့် အတူ လက်နက်မျိုးစုံတို့က အဝီစိပွက်သလို ထ၍ပွက်သံကို ကြားလိုက်ရသည်။

တရုတ်တပ်များက ဂျပန်တပ်များကို စ၍ ထိုးစစ်ဆင်နေပေပြီ။







အရေးကောင်း ဒိန်းဒေါင်းဖျက် ဆိုသောစကားကဲ့သို့ တရုတ်တပ်များက ထိုးစစ် စတင်ဆင်နွှဲနေသည့်အချိန်တွင် ကျွန်တော့်ဘက်မှ တပ်များမှာ အားသွန်၍ မတိုက်ခိုက်နိုင်ဘဲ ဖြစ်နေကြ၏။ တပ်သားများအားလုံးပင် ခြေကုန်လက်ပန်းကျရုံမက ခံယမ်းမီးကျောက် အင်အားကလည်း အလွန်နည်းပါးနေပြီဖြစ်သည်။

ဤအချိန်တွင်ပင် တောင်ဘက်မှ တက်လာသော ဂျပန်တပ်များက ကျွန်တော်တို့နောက်ကျောနှင့် ပို၍နီးလာပြီး ကျွန်တော်တို့ဘက်မှ တပ်များကို နောက်ပိုင်းမှ အပိုင်ဝင်၍စီးနိုင်ရန် အားထုတ်နေကြပေပြီ။

ကျွန်တော်တို့အဖို့ လွတ်မြောက်ရေးလမ်းဟူ၍ မမြင်တော့။

ကျွန်တော်တို့သည် ရေဆို၍လည်း တစ်ပေါက်မျှမသောက်ရ။ အစာဆို၍လည်း တစ်လုတ်စာမျှ မစားရဘဲ မီးကဲ့သို့ ပူပြင်းသော နေနှင့် တချစ်ချစ်တောက်လောင်လျက်ရှိသော တောင်ကုန်းမြင့်များအကြားတွင် အသက်ပျောက်ကြရပေတော့မည်။

ကွဲအက်သောနှုတ်ခမ်းများကို လျှာဖြင့်လျက်ရင်း ကျွန်တော်တို့သည် တစ်ယောက်ကိုတစ်ယောက် ငေး၍ကြည့်နေမိကြ၏။

"လမ်းကနေ ဘေးကိုဖယ်ထွက်လိုက်ရင် အရှေ့ဘက်မှာ လှည်းလမ်းကြောင်းတစ်ခု တွေ့လိမ့်မယ်…။ အဲဒီလမ်းအတိုင်း ချီတက်ကြည့်စမ်း…"

တင့်ကားတပ်ဆီသို့ ရောက်လာသော အမိန့်ကို ကြားလိုက်ရသော ကျွန်တော်တို့သည် စိတ်ပျက်လက်ပျက်နှင့် လှဲနေရာမှ ထလိုက်ပြီး ဂျစ်ကားရှိရာသို့ လာခဲ့ကြ၏။

ဝိုင်းထားသော ရန်သူကို ဖောက်ထွက်ရန် လျှို့ဝှက်လမ်းကလေးတစ်ခု ရှိနေသေးသည် မဟုတ်ပါလား။

ကျွန်တော်တို့သည် တင့်ကားများနောက်မှ ဂျစ်ကားကို ဖြည်းဖြည်းကလေးမောင်း၍ လိုက်လာခဲ့ကြသည်။

မကြာမီ တောင်ကုန်းနှစ်ခုအကြားမှ လှည်းလမ်းပေါ်သို့ ကျွန်တော်တို့ ရောက်လာခဲ့ကြ၏။ ဤလှည်းလမ်းအတိုင်း လိုက်သွားခဲ့လျှင် ပင်းချောင်းဟိုမှာဘက်ကမ်းဆီသို့ ဘေးမသီ ရန်မခဘဲ ကျွန်တော်တို့ ရောက်သွားနိုင်ရမည် ထင်မှတ်နေရ၏။

အမျှော်လင့်ကြီး မျှော်လင့်ထားနေသည့်အချိန်တွင်ပင် ရန်သူ့ စက်သေနတ်သံနှင့် လက်ဖြောင့်တပ်သားများ၏ ရိုင်ဖယ်သံများ ပေါ်ထွက်လာလေသည်။

ကျည်ဆန်ထိပ်ဖူးများက ကျွန်တော်တို့ခေါင်းပေါ်မှ တဝေါဝေါမြည်၍ ပြေးလွှားနေကြ၏။ ယမ်းခိုးနှင့် ဖုန်များကလည်း တထောင်းထောင်းထနေသည်။ ကျွန်တော်တို့သည် တရွေ့ရွေ့တက်နေသော တင့်ကားများနောက်မှ ဂျစ်ကားကို တဖြည်းဖြည်းမောင်း၍ ဆက်လက်လာခဲ့ကြသည်။

တစ်နာရီတိတိ မောင်းလာခဲ့ရသော်လည်း ကျွန်တော်တို့သည် မိုင်ဝက်ခန့်သာ ခရီးပေါက်လာခဲ့ကြသည်။ လမ်းမှာ ဆိုးသည်ထက် ပို၍ဆိုးလာသည်။ အတန်ကြာအောင် ဆက်၍လာခဲ့သောအခါ လမ်းဘေးတစ်ဖက်တစ်ချက်တွင်ရှိသော တောင်ကမ်းပါးယံနှစ်ခုသည် ရုတ်တရက် ကွယ်ပျောက်သွားပြီးနောက် သဲချောင်းကလေးတစ်ခုပေါ်သို့ ကျွန်တော်တို့ ရောက်ရှိလာခဲ့ကြ၏။ ချုံပုတ်ကလေးများအကြားမှ ကြည့်လိုက်သောအခါ တောင်ကုန်းကလေးတစ်ခု၏ ခြေရင်းတွင် ရေပြင်တစ်ခုကို ဘွားခနဲမြင်လိုက်ရသည်။ ပင်းချောင်းပင်တည်း။

ကျွန်တော်တို့ရောက်ရှိနေသော နေရာနှင့် ပင်းချောင်းမှာ မိုင်ဝက်ခန့်ပင်မကွာ။ သို့သော်… ဤမိုင်ဝက်ခန့်မျှသော ခရီးကို ရောက်နိုင်ရန်အတွက် အသက်ကို ဖက်နှင့်ထုပ်၍ သွားကြရတော့မည်ဖြစ်၏။

မိုင်ဝက်ခန့်အကွာတွင်ရှိသော ပင်းချောင်းကို ရှေ့ပြေးချီ တင့်ကားများက ဖြတ်ကျော်ရန် ဟန်ပြင်လိုက်သည်နှင့်တစ်ပြိုင်နက် ပို၍ကျယ်လောင်သော မော်တာသံများ၊ စက်သေနတ်သံများကို ကြားလိုက်ကြရ၏။

"ရှေ့ဦးချီတင့်ကားကို ရန်သူ့မော်တာဖုံး ထိသွားပြီ။ ဒါပေမဲ့ ကျွန်တော်တို့ ချောင်းကို တစ်နေရာရာကဖြတ်ပြီး ကူးလာခဲ့မယ်…"

တင့်ကားတပ်ဗိုလ်က တစ်ဖက်ကမ်းရှိ တပ်မကြီးဌာနချုပ်သို့ ရေဒီယိုတယ်လီဖုန်းဖြင့် သတင်းပို့နေလေသည်။

ပင်းချောင်းရေပြင်နှင့် ကျွန်တော်တို့မှာ ဘာမှမကွာတော့။ တင့်ကားမှ တပ်ဗိုလ် သတင်းပို့သည့်အတိုင်း ကျွန်တော်တို့သည် ဖြစ်သည့်နည်းနှင့်ပင် ပင်းချောင်းကို ဖြတ်ရပေတော့မည်။







ကျွန်တော်တို့သည် ကားကို မြန်နိုင်သမျှ မြန်အောင်မောင်းပြီး ပင်းချောင်းရှိရာသို့ စက်ကုန်နှင်၍လာခဲ့ကြ၏။ ခဏအတွင်းတွင်ပင် ပင်းချောင်းကမ်းပါးထိပ်သို့ ကျွန်တော်တို့ ရောက်လာကြသည်။

ကျွန်တော်တို့သည် ဝမ်းသာအားရ အော်ဟစ်လိုက်ပြီးနောက် တိမ်တိမ်ကလေးသာရှိသော ပင်းချောင်းရေပြင်ထဲသို့ ထိုးဆင်းလိုက်ကြ၏။ တစ်ကိုယ်လုံး ရေထဲတွင် စိမ်ထားပြီး ရေကို တစ်ဝကြီးသောက်လိုက်ရသောအရသာမှာ နိဗ္ဗာန်ဘုံကို အရှင်လတ်လတ်ရောက်သွားသကဲ့သို့ ထင်ရ၏။

ကျွန်တော်တို့ ချောင်းထဲတွင် ရေစိမ်နေစဉ် စက်သေနတ်သံများ ပေါ်ထွက်လာပြန်၏။ ယူနိုက်တက်သတင်းစာတိုက်မှ သတင်းစာဆရာက ကျွန်တော့်ကို ဂျစ်ကားဆီသို့ ပြေးလာရန် အော်ခေါ်နေသည်။ ကားပေါ်တွင် ကျွန်တော် တက်ထိုင်လိုက်မိသည်နှင့်တစ်ပြိုင်နက် ဘာရီရန်သည် ဂျစ်ကားကို ချောင်းတစ်ဖက်ဆီသို့ မောင်းယူလာခဲ့သည်။

ချောင်းတစ်ဖက်ကမ်းသို့ ကျွန်တော်တို့ရောက်လာသော်လည်း လွတ်လပ်ရေးလမ်းစကိုကား ကျွန်တော်တို့ တွေ့ရှိရခြင်းမရှိသေး။ ပင်းချောင်း၏ ဟိုမှာဘက်ကမ်းတွင် လမ်းဟူ၍လည်း မတွေ့ရ။ အမြောက်သံများက တဒိန်းဒိန်းမြည်ဟည်းနေသလို စက်သေနတ်ဆွဲသံများကလည်း တဒက်ဒက် အသံပေးနေသည်။ ကျွန်တော်တို့အဖို့ လွတ်မြောက်ရေးတံခါးဝသည် လွန်ခဲ့သော ၃ ရက်ခန့်ကကဲ့သို့ပင် ပိတ်မြဲပိတ်လျက်ရှိနေလေသည်တကား။

မည်သည့်လမ်းဖြင့် မည်ကဲ့သို့သောအရပ်သို့ သွားရမည်ကို ကျွန်တော်တို့ မသိ။ ကျည်ဆန်ထိပ်ဖူးများ တဝီဝီပျံသန်းပြေးလွှားနေစဉ်တွင်ပင် ကျွန်တော်တို့ရှေ့မှ တင့်ကားသုံးစီးသည် စည်းရိုးကလေးရှိရာသို့ အတင်းမောင်း၍ထွက်သွားကြ၏။ ကျွန်တော်တို့လည်း တင့်ကားသုံးစီးနောက်သို့ လိုက်ကြရ၏။ စည်းရိုးကလေးကို လွန်သောအခါ ရိုးပြတ်လယ်ကွင်းကလေးတစ်ခုကို တွေ့ရ၏။ လယ်ကွင်းပတ်ပတ်လည်တွင် ချုံပုတ်ကလေးများ အစီအရီရှိနေလေသည်။

ပတ်ဝန်းကျင်ရှိ ချုံပုတ်ကလေးများအတွင်းမှ လက်နက်နှင့် ရေဘူးများထိခိုက်သံ၊ စကားပြောသံများကို ကြားနေရပြီး ပြုံ၍ပြုံ၍ထွက်လာသော ဗမာ့လွတ်လပ်ရေးတပ်မတော်သားများ၏ မျက်နှာကိုလည်း တွေ့နေရ

သည်။

ရုတ်တရက်ပေါ်ထွက်လာလိုက်၊ ချက်ချင်းပျောက်သွားလိုက်၊ နောက်ထပ်တစ်နေရာမှ ဖြုန်းခနဲပေါ်လာလိုက် ဖြစ်နေသော ဗမာ့လွတ်လပ်ရေးတပ်မတော်သားများ၏ အမူအရာကို ကြည့်ရခြင်းအားဖြင့် သူတို့သည် တင့်ကားသုံးစီးနှင့်တကွ ကျွန်တော်တို့ဂျစ်ကားကိုပါ ချေမှုန်းသုတ်သင်ပစ်ရန် အစီအစဉ်လုပ်နေကြောင်း သိသာလှပေသည်။

သို့ဖြစ်၍လည်း ရှေ့ပြေးချီတင့်ကားသုံးစီးက ရှေ့သို့ ဆက်လက်ချီတက်ခြင်းမပြုတော့ဘဲ ပင်းချောင်းရှိရာသို့ တပ်ခေါက်၍ ပြန်လှည့်နေကြရသည်။ ကားကိုမောင်းနေသော ဘာရီရန်သည် လျင်မြန်သောအဟုန်ဖြင့် တင့်ကားများနောက်သို့ ကျွန်တော်တို့ဂျစ်ကားကို ပြန်၍ ဦးတည်ပေးလိုက်လေသည်။

ကျွန်တော်တို့ဂျစ်ကားကို ပြန်၍ကွေ့လိုက်တွင် ပင်းချောင်းမြောက်ဘက်ရှိ သောင်ပြင်ပေါ်တွင် ရှေ့တိုးနောက်ငင်လုပ်နေသော တင့်ကားအချို့ကို တွေ့လိုက်ရ၏။ တပ်မကြီး၄ဌာနချုပ်မှ တင့်ကားများပင်တည်း။ ဤနေရာတွင် မန္တလေးသို့ ရှေးရှုနေသော လမ်းမကြီးက ပင်းချောင်းကိုဖြတ်၍ ဖောက်လုပ်ထားကြောင်း ကျွန်တော် သတိပြုမိ၏။ မန္တလေးသို့ ရှေးရှုနေသော လမ်းမကြီးကိုသာ ပင်းချောင်းကို မြောက်ဘက်ရှိ ကျွန်တော်တို့တပ်များက အုပ်ထိန်းထားနိုင်ခဲ့လျှင် လွတ်မြောက်ရေးလမ်းမှာ ဖြူးနေတော့မည်ဖြစ်၏။

သို့သော်… ဤနေရာတွင်ပင် ရန်သူတို့က ပထမလမ်း အတားအဆီးကို ခိုင်ခိုင်ခံ့ခံ့ချထားခဲ့သည် မဟုတ်ပါလား…။

## ( ၁၃ )

ကျွန်တော်တို့သည် မန္တလေးသို့ ရောက်နိုင်မည့် လမ်းမကြီးဆီသို့ ဦးတည်၍ မောင်းလာခဲ့သည်။ သို့ရာတွင် ရန်သူအတားအဆီးက ကြီးမားလှချေ၏တကား။ ကျွန်တော်တို့ လက်ဝဲဘက်ဆီမှ အတွဲလိုက်ဆွဲလိုက်သော စက်သေနတ်သံများ ပေါ်လာသည်။ ဂျစ်ကားကိုမောင်းနေသော ဘာရီရန်သည် တစ်စီးနှင့်တစ်စီး အတန်ငယ်အလှမ်းကွာနေသော တင့်ကားနှစ်စီး၏အကြားကို ဂျစ်ကားကို မောင်း၍ဝင်လိုက်ကာ အကာအကွယ်ယူလိုက်လေ







သည်။

ပင်းချောင်းမှနေ၍ကြည့်လိုက်ရင် မန္တလေးသို့ ရှေးရှုနေသော ကတ္တာရာစေးလမ်းမကြီးသည် ကျွန်တော်တို့အား ဖိတ်ခေါ်ကြိုဆိုနေသကဲ့သို့ ရှိနေသည်။ သို့ရာတွင် ကျွန်တော်တို့က ထိုလမ်းပေါ်သို့ ရောက်ရှိနိုင်ခြင်းငှာ မစွမ်းသာ။ အဘယ်ကြောင့်ဆိုသော် ရန်သူ၏ စက်သေနတ်စခန်းများက ဗိုလ်ချုပ်ကြီးစကော့၏တပ်များကို မန္တလေးလမ်းပေါ်သို့ ရောက်မသွားအောင် ၃ ရက်ခန့်ကပင် အချက်အချာကျသောနေရာဟူသမျှမှ ဝိုင်းဝန်းပိတ်ဆို့ထားခဲ့သောကြောင့်ပင်တည်း။

ကျွန်တော်သည် ကျွန်တော့်ခန္ဓာကိုယ်ထဲတွင် ရှိသမျှသော အာရုံကြောဟူသမျှကို အားစိုက်ကာ လွတ်မြောက်ရေးလမ်းစကို ရှာကြည့်နေမိလေသည်။

မန္တလေးလမ်းပေါ်တွင် လှုပ်ရှားသွားလာနေသော ရန်သူ့အရိပ်အခြည်ကို တွေ့ရသည်။ သို့ရာတွင် စိမ်းလန်းနေသော ဟင်းရွက်ခင်းများကြောင့် လှုပ်ရှားနေသူများသည် ရန်သူမဟုတ်ဘဲ ကိုင်းသမားများ၊ ကျွန်းသမားများဖြစ်နေလေမည်လားဟုပင် တွေးမိပြန်၏။ မြောက်ဘက်သို့မျှော်ကြည့်လေတိုင်း စိမ်းလန်းစိုပြည်သော ကိုင်းကျွန်းများကိုသာ တွေ့နေရ၏။ ဤကိုင်းများ ကျွန်းများကိုလွန်သော် ကျွန်တော်တို့ရောက်လိုလှသော မန္တလေးရွှေမြို့တော်သည် အပျက်အစီးမရှိသည် ရှိမည်ဟု ကျွန်တော် ခန့်မှန်းကြည့်နေမိသည်။

မြောက်ဘက်အရပ်တွင် မန္တလေးရွှေမြို့တော်ကြီး တည်ရှိနေသလို ကျွန်တော်တို့၏ လွတ်မြောက်ရေးလမ်းစကြီးသည်လည်း တည်ရှိနေ၏။ မန္တလေးသို့ရောက်လျှင် မြန်မာပြည်စစ်ဌာနချုပ် တည်ရှိရာ မေမြို့သို့ အလွယ်တကူ ခရီးဆက်နိုင်ခဲ့မည် မဟုတ်ပါလား…။ မေမြို့သို့ရောက်လျှင် ကျွန်တော်တို့အဖို့ နိဗ္ဗာန်တံခါးဝသို့ ရောက်သည်နှင့် တူနေလေသည်။

မေမြို့အကြောင်းကို စဉ်းစားရင်း ဂျစ်ကားပေါ်တွင် လိုက်ပါလာခဲ့သော ကျွန်တော်သည် ပင်းချောင်းကိုဖြတ်၍ ချီတက်လာကြသော ကျွန်တော်တို့ဘက်တော်သားများကို မြင်ရမှ အိပ်မက် မက်နေရာမှ လန့်နိုးလာသူတစ်ယောက်လို တကယ်အဖြစ်အပျက်နှင့် ရင်ဆိုင်ကြရတော့၏။

ပင်းချောင်းကိုဖြတ်၍ ကျွန်တော်တို့ရှိရာသို့ ချီတက်လာကြသူများကို ကျွန်တော်တို့ဘက်တော်သားများဟု ထင်လိုက်မိခြင်းမှာ ကျွန်တော်၏ မဟာအမှားပင်တည်း။

ဂျပန်မျက်နှာပေါက်၊ ဂျပန်စစ်ဝတ်စုံ၊ ဂျပန်အရပ်အမောင်းရှိသူများက လုံ့စွပ်တပ်သောရိုင်ဖယ်ကိုကိုင်ကာ ကျွန်တော်တို့ဂျစ်ကားရှိရာသို့ ချောင်းဖြတ်၍ တက်လာကြသည်။

လွတ်မြောက်ရေးလမ်းစကို သက်စွန့်ဆံဖျားရှာနေခဲ့သော ကျွန်တော်တို့သည် ရန်သူ့လက်ခုပ်အတွင်းသို့ ရုတ်တရက် ကျရောက်တော့ပါမည်တကား ...။

ဂျစ်ကားကိုမောင်းလာသော သတင်းစာဆရာ ဘာရီရန်က အားနေသော ခြေထောက်တစ်ဖက်ဖြင့် ကျွန်တော့်ညို့သကျည်းကို ပစ်၍ကန်လိုက်၏။ သည်တော့မှပင် ကျွန်တော်သည် လူကောင်းတစ်ဦးပမာ ကြည်လင်သောသတိကို ထားနိုင်လာလေသည်။

ကျွန်တော်တို့ရှိရာသို့ လုံ့စွပ်တဖွေးဖွေးနှင့် ပြေး၍တက်လာသူများမှာ ရန်သူဂျပန်များမဟုတ်ဘဲ တရုတ်စစ်သားများဖြစ်ကြောင်း တွေ့လိုက်ရ၏။

ကျွန်တော်တို့သည် လက်သီးလက်မောင်းတန်းကာ တတ်သမျှ မှတ်သမျှ တရုတ်စကားဖြင့် တက်လာသောတပ်သားများကို အော်ဟစ်၍ ကြိုဆိုလိုက်သည်။ တပ်သားများက ပြန်၍ ညာသံပေးရင်း ရေနံချောင်းကို အပိုင်စီးထားသော ဂျပန်တပ်များအား ထိုးစစ်ဆင်ရန် အုပ်လိုက်အုပ်လိုက် ချီတက်သွားကြလေသည်။

ရေနံချောင်းတွင် ကျွန်တော်တို့ကြုံကြိုက်ရသော လမ်းပိတ်ဆို့တားဆီးရေးတိုက်ပွဲမှာ မြန်မာပြည်တိုက်ပွဲစဉ်အနှံ့တွင် တွေ့ခဲ့ရသော လမ်းတိုက်ပွဲများထက် မနှိုင်းယှဉ်သာအောင် ကြီးကျယ်လှချေသည်။

ဂျပန်တို့သည် မော်လမြိုင်မှနေ၍ ရန်ကုန်အထိ သံလွင်စစ်ကြောင်းနှင့် ဧရာဝတီမြစ်ကြောင်းများအတိုင်း ချီတက်တိုက်ခိုက်လာပုံမှာ မြန်ဆန်လွန်းလှသည်။ အင်္ဂလိပ်တို့၏ နေမဝင်သော ဗြိတိသျှအင်ပိုင်ယာတပ်ကြီးများ မဟာမိတ်ဖြစ်သော ချန်ကေရှိတ်၏ တရုတ်တပ်များသည် ဒီရေတက်သကဲ့သို့ တက်လာသော ဂျပန်၏ထိုးစစ်ကြီးကို အလဲလဲ အပြိုပြိုနှင့် ခုခံနေခဲ့ကြ







သည်။

ပဲခူးတိုက်ပွဲ၊ လှည်းကူးတိုက်ပွဲ၊ ရွှေတောင်တိုက်ပွဲ၊ ပြည်တိုက်ပွဲ၊ တောင်ငူတိုက်ပွဲ၊ ဘော်လခဲတိုက်ပွဲများမှာ အင်္ဂလိပ်နှင့် တရုတ်စစ်သားများ မေ့ပျောက်၍မရနိုင်သော တိုက်ပွဲများ ဖြစ်ခဲ့ကြ၏။ အင်္ဂလိပ်နှင့် တရုတ်စစ်သားများ၏ အသည်းနှလုံးတွင် ဤတိုက်ပွဲများကို အစဉ်သဖြင့် သတိရနေမည်သာဖြစ်သည်။ ဤတိုက်ပွဲများကို ဂျပန် ထိုးဖောက်ဝင်ရောက်ရေးတပ်ဖွဲ့များ သို့မဟုတ် ဗမာ့လွတ်လပ်ရေးတပ်မတော်က ဦးစီးသော တပ်များသည် အင်္ဂလိပ်နှင့် တရုတ်တပ်များကို အကြီးအကျယ် ဖြိုခွင်းနိုင်ခဲ့ကြ၏။ မြန်မာများဦးစီးသောတပ်ကို သစ္စာဖောက်တပ်များဟူ၍လည်းကောင်း၊ မျိုးချစ်တပ်များဟူ၍လည်းကောင်း အသင်၏ထင်မြင်ယူဆချက်ပေါ်တွင်မူတည်၍ ခေါ်ဆိုနိုင်ပါသည်။ ဤတပ်များ၏ စွမ်းဆောင်ချက်ကြောင့် ဂျပန်များသည် မဟာမိတ်တပ်များ၏ တောင်ပံကို အခါခပ်သိမ်းပင် ဝင်၍စီးနိုင်သည့် အခွင့်အလမ်းကို ရရှိခဲ့ကြလေသည်။

အကယ်၍သာ ဂျပန်တပ်များသည် ဗမာ့အမျိုးသားတပ်မတော်နှင့် မြန်မာလူထုကြီး၏ အုံကြွထောက်ခံမှုကို မရရှိခဲ့လျှင် တွင်းကုန်းတွင် ကျွန်တော်တို့ ကြုံတွေ့ခဲ့ရသော ဝိုင်းဝန်းပိတ်ဆို့မှုကို မည်သည့်အခါမှ တွေ့ရမည်မဟုတ်...။

ကျွန်တော်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံးက အင်္ဂလိပ်အစိုးရကို ဂျပန်နှင့်လက်တွဲကာ လက်နက်ဖြင့် ဆန့်ကျင်ခဲ့ကြသောကြောင့် အစာပြတ် ရေငတ်ဖြစ်ကာ ရေနံချောင်းတွင် မြွေးမိသောငါးပမာ အဝိုင်းခံနေခဲ့ရခြင်း မဟုတ်ပါလား...။

n

## (၁၂) ပဥ္စမံတပ်သားများ

ဧပြီလ၏ တတိယမြောက် ရက်သတ္တပတ်ဖြစ်၍ ဆင်ရာတိမ်မိုး တဖြိုးဖြိုးရွာသွန်းလာလေသည်။ ပူပြင်းခြောက်သွေ့နေသော မြန်မာပြည်အလယ်ပိုင်းမှာ ရွှံ့များဖြင့် အသွားရခက်စပြုလာ၏။

မြန်မာပြည်ရှိ အင်္ဂလိပ်တပ်များကို ဦးစီးနေရသော ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားနှင့် မြန်မာပြည်ရှိ တရုတ်တပ်များကို အုပ်ချုပ်နေရသည့် ဗိုလ်ချုပ်ကြီးစတီးဝဲလ်တို့အဖို့ စစ်ရေးအခြေအနေမှာ ပို၍ခက်ခဲလာလေတော့သည်။

၃ လတိုင်တိုင် အနားမရှိဘဲ စစ်ကူမရဘဲ တတိုက်တည်းတိုက်လာခဲ့ရသော ဧရာဝတီစစ်မျက်နှာမှ မဟာမိတ်တပ်များမှာ ဝိုင်းထားသော ရန်သူ့တပ်များကို ထိုးဖောက်၍ထွက်ရန် အင်အားပင်မရှိတော့။







သို့ဖြစ်၍လည်း ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ရေနံချောင်းတွင် အဝိုင်းခံနေရသော ဗိုလ်ချုပ်ကြီးစကော့၏ တပ်မကို စစ်ကူပေးရန်အတွက် အမှတ်(၃၈) တရုတ်တပ်မကို စေလွှတ်ခဲ့ရ၏။ ဤတပ်မဖြင့် အဝိုင်းခံနေရသော ဗိုလ်ချုပ်ကြီးစကော့၏ တပ်မကို ကယ်တင်ခြင်းငှာ မတတ်နိုင်သောအခါ ပျဉ်းမနားစစ်မျက်နှာတွင်ရှိနေသော အမှတ်(၂၀၀) တည် တပ်မကို ဧရာဝတီစစ်မျက်နှာသို့ ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ပြောင်းရွှေ့ပို့ပေးခဲ့ရပြန်၏။ အမှတ်(၂၀၀) တရုတ်တပ်မမှာ ဗိုလ်ချုပ်ကြီးစတီးဝဲလ် လက်အောက်တွင် တစ်ခုတည်းသာရှိသော မော်တော်ကားအုပ်စုများဖြင့် ချီတက်ရသည့်တပ်ပင်ဖြစ်သည်။

ရေနံချောင်းတွင် အဝိုင်းခံနေရသော ဗိုလ်ချုပ်ကြီးစကော့၏ တပ်မကို ကယ်တင်ရန်အတွက် မိမိလက်အောက်ရှိ တပ်များကို ဖွဲ့၍ပေးလိုက်သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် စစ်တောင်းစစ်မျက်နှာ၌ ပျဉ်းမနားမှနေ၍ တန်ပြန်ထိုးစစ်ဆင်ရန် စီစဉ်ထားချက်ကို ပယ်ဖျက်ပစ်လိုက်ရလေသည်။ ဤမျှသာမက ဆုတ်ခွာနေသော အင်္ဂလိပ်တပ်များနှင့် အပေးအယူလုပ်နိုင်ရန်အတွက်လည်း မိမိတပ်များကို မြန်မာပြည်အထက်ဘက်သို့ ဆုတ်ခွာရန် အမိန့်ပေးလိုက်ရပြန်လေသည်။

အမှတ်(၃၈) နှင့် အမှတ်(၂၀၀) တရုတ်တပ်မဟာနှစ်ခုက ရေနံချောင်းစစ်မျက်နှာတွင် စစ်ကူပေးနေစဉ် စစ်တောင်းစစ်မျက်နှာရှိ စတီးဝဲလ်၏ အမှတ်(၉၆) နှင့် အမှတ်(၂၂) တပ်မများသည် အင်ကြီးအားကြီးဖြင့် ဖိ၍တိုက်လာသော ရန်သူ့ထိုးစစ်ကို အလူးအလဲခံလိုက်ရလေသည်။ ထို့ကြောင့်

လည်း စတီးဝဲလ်သည် ပျဉ်းမနားမှ တန်ပြန်ထိုးစစ်ဆင်ရန် အစီအစဉ်ကို စွန့်လွှတ်လိုက်ရရုံသာမက စစ်တောင်းစစ်မျက်နှာမှ တပ်မနှစ်ခုကိုလည်း အထက်ဘက်သို့ ဆုတ်ခွာလာခဲ့ရန် အမိန့်ပေးခဲ့ရခြင်း ဖြစ်လေသည်။

မဟာမိတ်တို့ဘက်မှ အခြေအနေဆိုးဝါးနေစဉ် ပို၍ကြောက်စရာကောင်းသော သတင်းတစ်ခုက ထွက်ပေါ်လာပြန်သည်။

ဂျပန်တို့သည် စင်ကာပူမှ စစ်ကူတပ်များကို ရေကြောင်းဖြင့် ခေါ်ဆောင်လာကာ ရန်ကုန်ဆိပ်ကမ်းတွင် မဟာမိတ်တို့ဘက်မှ လေကြောင်းတိုက်ခိုက်မှု တစ်စုံတစ်ရာမတွေ့ရဘဲ ရောက်ရှိလာကြပြီဟူသော သတင်းပင်တည်း။

ရန်သူတို့သည် မြန်မာပြည်သို့ ရေကြောင်းမှ မဟာမိတ်တပ်များ စစ်ကူရောက်ရှိနိုင်သော အကြီးဆုံးတံခါးပေါက်ကြီးကို သိမ်းပိုက်နိုင်ခဲ့လေပြီတကား။ ရန်သူဘက်မှ စည်းရုံးရေးတွင်လည်းကောင်း၊ လက်နက်အင်အားတွင်လည်းကောင်း၊ ဝါဒဖြန့်ချိရေးတွင်လည်းကောင်း၊ စိတ်ဓာတ်စစ်ဆင်ရေးတွင်လည်းကောင်း၊ လူအင်အားအရာတွင်လည်းကောင်း ကျွန်တော်တို့ထက် များစွာသာ၍နေခဲ့သည် မဟုတ်ပါလား...။

ကျွန်တော်တို့အတွက် စစ်ကူရောက်ရှိလာနိုင်သော ရေကြောင်းတံခါးပေါက်ကြီးကို ရန်သူတို့က သိမ်းပိုက်လိုက်သည့်အချိန်တွင် မြန်မာပြည်အောက်ပိုင်းမှ အထက်ပိုင်းသို့ ကျွန်တော်တို့တပ်များ လှုပ်ရှားသွားလာရေးကို လည်းကောင်း၊ တရုတ်ပြည် ယူနန်မှတပ်များ နောက်ထပ်စစ်ကူရောက်ရှိလာရေးကိုလည်းကောင်း အနှောင့်အယှက်ပေးနေသော မြန်မာပြည် ပဉ္စမံတပ်သားများလည်း ပေါ်ပေါက်လာပြန်သည်။

ဓားနှင့် ရရာလက်နက်များကို ဆွဲကိုင်ထားသော မြန်မာတိုင်းရင်းသားများသည် သုံးရာ လေးရာခန့်စီပါရှိသော လူအုပ်ကြီးများဖြင့် ရထားလမ်းများကို ဖျက်ဆီးခြင်း၊ မော်တော်ကားလမ်းများကို ပိတ်ဆို့ထားခြင်း၊ ကြေးနန်းနှင့် တယ်လီဖုန်းလိုင်းများကို ဖျက်ဆီးခြင်း၊ ရွာတွင်းသို့ ရိက္ခာရှာရန် ရောက်ရှိလာသော အင်္ဂလိပ်နှင့် တရုတ်အဖွဲ့ငယ်ကလေးများကို ဖမ်းဆီးသုတ်သင်ခြင်း စသောလုပ်ငန်းများဖြင့် မဟာမိတ်တပ်များကို အနှောင့်အယှက်ပေးလာကြ၏။ ဤလုပ်ငန်းများကို နိုင်ငံရေးစိတ်ပြင်းထန်သော





ဘုန်းကြီးများ၊ ဂျပန်သူလျှိုများနှင့် သခင်ပါတီဝင်များက ခေါင်းဆောင်မှုပေးကြ၏။

တစ်ယူသန် နိုင်ငံရေးသမားများနှင့် ရောယောင်ကာ တောကြောင်များလည်း တောမီးလောင်ရာတွင် လက်ခမောင်းခတ်လာကြ၏။ အုပ်ချုပ်ရေးအဖွဲ့ဟူ၍ မည်မည်ရရ မရှိတော့သော မြို့များ ရွာများရှိ အဆောက်အအုံနှင့် ပစ္စည်းရှိအိမ်များကို လူစုလူဝေးကြီးများဖြင့် ပြောင်ပြောင်တင်းတင်းပင် လုယက်ခြင်း မီးရှို့ခြင်း ပြုလာကြ၏။ ဗိုလ်ချုပ်ကြီးစတီးဝဲလ် စခန်းချနေခဲ့သော ပျော်ဘွယ်မြို့ရှိ အဆောက်အအုံကို ဓားကိုင် မြန်မာအမျိုးသား သုံးရာခန့်က စတီးဝဲလ် ပြောင်းရွှေ့သွားသည့် နောက်တစ်နေ့တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ကြလေသည်။ မီးလောင်၍မဆုံးဖြစ်နေသော မန္တလေးတွင် တောကြောင်များက မိမိတို့ လုယက်ဖျက်ဆီးနေသည်ကို လာတားဆီးသော တရုတ်မြို့စောင့်တပ်ကို ညအချိန်တွင် ချောင်းမြောင်းပစ်ခတ်လာသည်အထိ အတင့်ရဲလာကြ၏။

မြန်မာပြည်အောက်ပိုင်းမှ မန္တလေးသို့တက်လာရာ လမ်းတစ်လျှောက်တွင် မြို့ကြီးပြကြီးမှန်သမျှမှာ မီးလောင်မြေအဖြစ်သို့ ပြောင်းလဲလာရသည်။ ရှမ်းပြည်စစ်မျက်နှာတွင်လည်း တစ်မြို့ပြီးတစ်မြို့ ရန်သူ့လက်သို့ ကျဆင်းနေသည်။ ဧပြီလ ၂၂ ရက်နေ့တွင် တောင်ကြီးကို ရန်သူ့တပ်များက သိမ်းပိုက်လိုက်သည်။ လားရှိုးမှ တောင်ဘက် ၁၇၅ မိုင်အကွာတွင်ရှိသော မြို့တည်း။

ဧပြီလ ၂၃ ရက်နေ့တွင်လည်း လွိုင်လင်မြို့လည်း ရန်သူ့လက်သို့ ရောက်သွားပြန်လေသည်။ ဧပြီလ ၂၅ ရက်နေ့တွင် ရန်သူ့တပ်များက မိုင်းနောင်သို့ ရောက်နေပြီ...ဟု သတင်းကြားရ၏။

ဧပြီလ ၂၆ ရက်နေ့တွင် လားရှိုးနှင့် သီပေါမှ မိုင် ၂၀–၃၀ ကွာသော ကျေးရွာများသို့ ရန်သူ့တပ်များ ချီတက်လာသည်ဟု ကြားရပြန်၏။

ဤနောက်ပိုင်းတွင် ရန်သူ့သတင်းကို ကျွန်တော်တို့ လုံးဝထောက်လှမ်း၍မရတော့။

ရန်သူ့တပ်များ မည်သည့်အရပ်သို့ ရောက်နေကြောင်း ထောက်လှမ်း၍ မရခြင်းကပင်လျှင် မြန်မာပြည်စစ်ဌာနချုပ်ဖြစ်သော မေမြို့၏ လုံခြုံရေး

ကို ပူပန်စရာဖြစ်လာခဲ့တော့သည်။ ရန်သူ့တပ်များသည် လားရှိုးသို့ ဆက်လက်ချီမတက်ဘဲ သီပေါမှနေ၍ မေမြို့–လားရှိုး ရထားလမ်းကို ဖြတ်တောက်ထားလိုက်ပြီးနောက် စစ်ဌာနချုပ်ရှိရာ မေမြို့သို့ ဦးတည်လာခဲ့သော်...

မေမြို့ရှိ ဌာနချုပ်သည် လှုပ်လှုပ်ရွရွ ဖြစ်လာခဲ့လေသည်။

ဇန်နဝါရီလအတွင်း မဟာမိတ်တပ်များ ရင်ဆိုင်ခဲ့သော ပြဿနာမှာ မော်လမြိုင်မြို့မှ မည်သို့ စနစ်တကျဆုတ်ခွာရမည်ဟူသော ပြဿနာဖြစ်၏။ ဖေဖော်ဝါရီလသို့ ရောက်လာသောအခါ စစ်တောင်းမြစ်ကြီးကို မည်ကဲ့သို့ ဖြတ်ကျော်ရမည်နည်းဟု စဉ်းစားလာရသည်။ မတ်လသို့ ကူးလာသောအခါ ရန်ကုန်မှ မည်ကဲ့သို့ ဆုတ်ခွာရမည်ကို ဦးစားပေး၍ ကြံစည်လာရ၏။ ဧပြီလသို့ ရောက်လာသောအခါ၌ ဝိုင်းထားသောရန်သူကို ဖောက်ထွက်ရန်အတွက် သွေးချောင်းစီးအောင် တိုက်ခဲ့ရပြန်သည်။ မေလ လဦးပိုင်းသို့ ရောက်လာသောအခါ မဟာမိတ်တပ်များနှင့် ကျွန်တော်တို့တစ်တွေမှာ မြန်မာပြည်မှ မည်ကဲ့သို့ အိန္ဒိယသို့ အရောက်ဆုတ်ခွာရမည်ကို စဉ်းစားလာရတော့သည်။

မြန်မာပြည်မှ မည်ကဲ့သို့ ထွက်ခွာရမည်ကို စဉ်းစားနေရသောအချိန်၌ ကျွန်တော်သည် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ဌာနချုပ်နှင့်အတူ ရွှေဘိုသို့ ဆုတ်ခွာရောက်ရှိနေသော အချိန်ပင်တည်း။

n



## ( ၁၃ ) ရွှေဘိုမှ အင်းတော်သို့ ...

ကျွန်တော်တို့က ရွှေဘိုတွင် ခေတ္တစခန်းချကာ မြန်မာပြည်မှ ဆုတ်ခွာရေးအစီအစဉ်ကို ဆွေးနွေးနေကြစဉ် ရန်သူ့တပ်များသည် ဒီရေထက်မြန်သော အဟုန်ဖြင့် မဟာမိတ်တပ်များထံသို့ စစ်ကူရောက်လာနိုင်မည့် လမ်းမှန်သမျှကို ဖြတ်တောက်ပိတ်ဆို့နေကြလေသည်။

တရုတ်–မြန်မာ လမ်းမကြီးတွင် အချက်အချာကျသော လားရှိုးမြို့ကို သိမ်းပိုက်လိုက်ပြီးနောက် ရန်သူ့တပ်များသည် ဤလမ်းကြီးအတိုင်း အထက်သို့ တက်သွားပြီးနောက် တရုတ်ပြည်နယ်၏ နောက်ဖေးတံခါးပေါက်ဖြစ်သော ယူနန်နယ်ထဲသို့ ရက်အနည်းငယ်အတွင်း ရောက်ရှိသွားကြ၏။

ခုခံမှုဟူ၍ မည်မည်ရရ မတွေ့ရဘဲ ရန်သူ့တပ်များသည် ယူနန်နယ်၏ မြို့တော် ကူမင်းကို ဆက်လက်သိမ်းပိုက်လိုက်ကြ၏။

ကူမင်းသည် ထိုအချိန်က အိန္ဒိယနှင့် တရုတ်ပြည်ကို လေကြောင်းဖြင့် ဆက်သွယ်ရာတွင် လမ်းဆုံမြို့ကြီးတစ်မြို့အဖြစ် တည်ရှိနေသောမြို့တည်း။ လေကြောင်းလမ်းဆုံဖြစ်သော ကူမင်းကို သိမ်းပိုက်ရရှိလိုက်ခြင်းအားဖြင့် ဂျပန်တို့သည် ၅ နှစ်တိုင်တိုင် ဆင်နွှဲနေသော တရုတ်တို့၏ ခုခံရေးစစ်ပွဲကို ချုပ်ငြိမ်းသွားအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်နေခဲ့ကြလေသည်။

အိန္ဒိယမှ လက်နက်ခဲယမ်းနှင့် ရိက္ခာများကို အမေရိကန် ဘော်လံတီယာ လေတပ်က တရုတ်ပြည်တွင်းသို့ ကူမင်းမှတစ်ဆင့် ပို့ပေးနေပြီဖြစ်ရာ လေကြောင်းလမ်းဆုံဖြစ်သော ကူမင်းကို သိမ်းပိုက်လိုက်ခြင်းဖြင့် တရုတ်တို့တွင် ခဲယမ်းနှင့် ရိက္ခာများ ဖြတ်တောက်သွားတော့မည်မှာ အမှန်ပင်ဖြစ်တော့၏။

တရုတ်–မြန်မာလမ်းမကြီး၏ လမ်းဆုံလမ်းခွဖြစ်သော လားရှိုးမှ ယူနန်ပြည် ကူမင်းမြို့အထိ ဂျပန်တပ်များ ချီတက်ရာတွင် မည်သည့်နေရာမှ ခုတ်ဆီးနှင့် စက်ဆီးများ ရသနည်းဟု တွေးကြည့်လိုက်လျှင် အဖြေမရနိုင်အောင် ဖြစ်နေမိ၏။ မည်သို့ပင်ဖြစ်စေ ဂျပန်တပ်များ သံလွင်မြစ်ကိုဖြတ်ကာ ကူမင်းအထိ မော်တော်ကားအုပ်စုကြီးများဖြင့် ချီတက်ခဲ့သည်မှာကား အမှန်ပင်ဖြစ်နေလေသည်။

ယူနန်သို့ ချီတက်နေသော တပ်များကို အမေရိကန် ဘော်လံဘီယာ လေကြောင်းမှ ဗုံးနှင့်ကြဲ၊ စက်သေနတ်နှင့်ပစ် ပြုလုပ်လာသည့်အခါမှ ချီတက်မှု နှေးကွေးသွားခဲ့၏။







ဤအချိန်တွင် တရုတ်စစ်သူကြီး ချန်ကေရှိတ်က စစ်ကူတပ်များပို့၍ ယူနန်သို့တက်လာသော ဂျပန်တပ်များကို တတ်နိုင်သမျှ တားဆီးနိုင်ခဲ့၏။

ဂျပန်တို့၏စစ်ဆင်မှုကို လေ့လာလိုက်ခြင်းဖြင့် ရန်သူသည် တရုတ်ပြည်မကြီးအား ပြင်ပကမ္ဘာကြီးနှင့် ဖြတ်တောက်ထားရန် ကြံရွယ်ထားသည်သာမက မြန်မာပြည်အထဲတွင် ရှိနေသော တရုတ်နှင့် အင်္ဂလိပ်တပ်များကို အစပျောက်အောင် ချေမှုန်းရေးတိုက်ပွဲကို ဆင်နွှဲရန် ကြံရွယ်ထားကြောင်း သိလာရသည်။

အင်အားကြီးမားသော ဂျပန်တပ်များက တရုတ်ပြည် ယူနန်နယ်သို့ ဦးတည်၍ ချီတက်နေစဉ် အချို့သောတပ်များက မြန်မာပြည်ထဲရှိ တရုတ်နှင့် အင်္ဂလိပ်တပ်များ အိန္ဒိယသို့ ဆုတ်ခွာမည့်လမ်းကြောင်းကို ဖြတ်တောက် ပစ်နိုင်ရန်အတွက် ဗန်းမော်နှင့် မြစ်ကြီးနားဆီသို့ ရှေးရှု၍ ချီတက်နေကြ၏။

အခြားဂျပန်စစ်ကြောင်း တစ်ကြောင်းကလည်း ဧရာဝတီမြစ်အတိုင်း တက်လာပြီးနောက် ချင်းတွင်းမြစ်ဆီသို့ တပ်ဖြန့်ကာ အိန္ဒိယသို့ ရောက်နိုင်မည့် မြန်မာပြည်နယ်စပ်မှ တံခါးပေါက်များကို ပိတ်ဆို့ထားရန် ဟန်ပြင်နေသည်။

ရန်သူတို့၏ထောင်ချောက်က မိမိလည်ပင်းအနီးသို့ တဖြည်းဖြည်း တိုး၍တိုး၍လာသည်ကို အနံ့ခံမိလာသော မဟာမိတ်တပ်များသည် မြန်မာပြည်မှ မည်ကဲ့သို့ အမြန်ဆုံးလွတ်မြောက်နိုင်မည့်လမ်းကိုသာ ကျိုးကန်းတောင်းမှောက် ရှာဖွေနေကြတော့၏။

ဗိုလ်ချုပ်ကြီးအလက်ဇန္ဒား ဦးဆောင်သော အင်္ဂလိပ်တပ်များက ယန္တရားတပ်မဟာတစ်ခု ပါဝင်သော သယ်ယူပို့ဆောင်ရေးယာဉ်အုပ်စုဖြင့် မြန်မာပြည် အနောက်မြောက်နယ်စပ်ဆီသို့ ဆုတ်ခွာနေစဉ် ဗိုလ်ချုပ်ကြီး စတီးဝဲလ် ခေါင်းဆောင်သော တရုတ်တပ်များက မန္တလေး–မြစ်ကြီးနား ရထားလမ်းအတိုင်း မြန်မာပြည်မြောက်ဘက်သို့ စတင်ဆုတ်ခွာနေ၏။

ဤကဲ့သို့ မန္တလေး–မြစ်ကြီးနားလမ်းအတိုင်း ဗိုလ်ချုပ်ကြီးစတီးဝဲလ် စတင်ဆုတ်ခွာနေခြင်းမှာ မြန်မာပြည်မြောက်ပိုင်း တစ်နေရာရာမှနေ၍ ရန်သူကို ပြန်လည်ထိုးစစ်ဆင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဆုတ်ခွာနေ

ခြင်းပင်တည်း။

အနောက်မြောက်ဘက်လမ်းအတိုင်း အိန္ဒိယသို့ ဆုတ်ခွာနေသော ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားအဖို့ စိတ်ကူးယဉ်နှင့် စွန့်စားခန်း ဝတ္ထုရှည်ကြီး တစ်ပုဒ်ကို ဖတ်နေရသကဲ့သို့သာ ရှိလိမ့်မည်ဟု ကျွန်တော်ထင်မိသည်။

အဘယ့်ကြောင့်ဆိုသော်... အိန္ဒိယမှ အင်္ဂလိပ်အင်ပိုင်ယာကြီး၏ သရဖူမှ အလွန်အဖိုးတန်သော ကျောက်မျက်ရတနာကြီးတစ်လုံး ဖြစ်နေသောကြောင့် မဟုတ်ပါလား ...။

အင်္ဂလိပ်စစ်တပ်တွင် ပါရှိသွားသော အိန္ဒိယအမျိုးသား စစ်သည်တော်များမှာလည်း မိမိတို့ အမိနိုင်ငံသို့ ရောက်ရှိကြတော့မည့်အတွက် ခြေလှမ်းသွက်နေကြပေလိမ့်မည်။

ဗိုလ်ချုပ်ကြီးအလက်ဇန္ဒားမှာ ဒန်ကပ်တိုက်ပွဲကြီးအတွင်းတွင် နောက်ရံတပ်အဖြစ် ဦးစီးလိုက်ပါခဲ့ရသူဖြစ်၏။ အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကျော်ရာ၌ တတ်နိုင်သမျှ အဆုံးအရှုံးနည်းပါးအောင် ကြံစည်ကြိုးပမ်းနိုင်ခဲ့သူဖြစ်သည်။

မြန်မာပြည်တိုက်ပွဲစဉ်တွင်လည်း ဗိုလ်ချုပ်ကြီးအလက်ဇန္ဒားသည် အင်္ဂလိပ်နှင့် ကိုလိုနီတပ်များကို နောက်ရံတပ်အဖြစ် ဦးစီးကာ ဒုတိယ အကြိမ်မြောက် ဆုတ်ခွာနေရပြန်သည်။

ဒန်ကပ်မှ ဆုတ်ခွာရေး အစီအစဉ်ကို ဦးစီးရခြင်းနှင့် မြန်မာပြည်မှ ဆုတ်ခွာခြင်းကို ဦးစီးရခြင်းမှာ သဘောသကာအားဖြင့် အတူတူပင်ဖြစ်သော်လည်း အကြောင်းအချက်အားဖြင့် ကွဲပြားခြားနားလျက်ရှိနေသည်။

ဒန်ကပ်မှ ဆုတ်ခွာရာ၌ ကျဉ်းမြောင်းသော အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကျော်ရန်ဖြစ်၏။ ဤသို့ဖြတ်ကျော်ရာ၌လည်း အင်္ဂလိပ်တပ်များ၏ ဆုတ်ခွာရေးကို ကမ္ဘာကြီးတစ်ခုလုံးက စောင့်စားကြည့်ရှုနေခဲ့သည်ဖြစ်၍ ဆုတ်ခွာရင်း ကျဆုံးသည့်တိုင် သေရကျိုးနပ်လှသည်။

သို့ရာတွင် မြန်မာပြည်အနောက်မြောက်ပိုင်းမှ အိန္ဒိယသို့ အရောက် ဆုတ်ခွာရာ၌မူ လမ်းတွင်တားဆီးနေသော တောင်မြောက်မြစ်ကြားတို့ကြောင့် ခရီးမှာ ရှည်၍လာခဲ့သည်သာမက ကမ္ဘာကလည်း စောင့်ကြည့်နေနိုင်လောက်သည့်ခြေအနေ မရှိခဲ့။







ဒန်ကပ်မှ အင်္ဂလိပ်ရေလက်ကြားကိုဖြတ်၍ ဆုတ်ခွာနိုင်ခဲ့သော စစ်သူကြီးမှာ ကမ္ဘာ့ပရိသတ်အလယ်တွင် သူရဲကောင်းတစ်ဦးဖြစ်နေသည် မှန်သော်လည်း မြန်မာပြည်နယ်စပ်မှ အိန္ဒိယသို့ အရောက်ဆုတ်ခွာနိုင်သူကို မည်သူကမျှလည်း သိမည်မဟုတ်။ စွန့်စားရသလောက် ဂုဏ်မထင်သော ဆုတ်ခွာရေး ဖြစ်နေလေသည်တကား...။

အင်္ဂလိပ်စစ်ဌာနချုပ်မှ ဝါဒဖြန့်ချက်များ၊ ထိပ်တန်းအရာရှိကြီးများ၏ ပြောဆိုချက်များအရ ဗြိတိသျှအင်ပိုင်ယာကြီး၏ ကိုလိုနီနှစ်ခုဖြစ်သော အိန္ဒိယနှင့် မြန်မာပြည်အကြားတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အဆက်အသွယ်တစ်ခု တည်ရှိနေပြီဟု ကျွန်တော်တို့ ထင်မှတ်ခဲ့သည်။

သို့ရာတွင် လက်တွေ့အခြေအနေတွင်ကား မော်တော်ကားများ သွားလာနိုင်သော လမ်းဟူ၍ ဆက်သွယ်ထားခြင်း လုံးဝမရှိ။

ဤကဲ့သို့ သက်ဆိုင်ရာအာဏာပိုင်များ၏ အမြော်အမြင်နည်းပါးမှုကြောင့် အင်္ဂလိပ်တပ်ကြီးတစ်ခုလုံးသည် မြန်မာပြည်မှ အိန္ဒိယသို့ ဆုတ်ခွာရာတွင် အထိအနာကြီး ထပ်၍နာခဲ့ရလေသည်။

သယ်ယူပို့ဆောင်ရေး အကြီးစားယာဉ်မှန်သမျှနှင့် ယန္တရားတပ်မဟာတွင် ပါဝင်သော တင့်ကားအားလုံးကို လမ်းခရီးထက်ဝက်တွင် စွန့်ပစ်ခဲ့ရသည့်အဖြစ်မျိုးနှင့် ကြုံကြိုက်ခဲ့တော့၏။

နောက်မှ ထက်ကြပ်မကွာလိုက်လာသော ရန်သူ့ထောင်ချောက်မှ လွတ်အောင် ရုန်းကန်ကြရာ၌ အင်္ဂလိပ်တပ်များက ရွေးချယ်လိုက်သော လွတ်မြောက်ရေးလမ်းမှာ ဗိုလ်ချုပ်ကြီးစတီးဝဲလ် အစီအစဉ်ပြုလုပ်ထားသော လမ်းနှင့်စာလျှင် လွန်စွာမှ သက်သောင့်သက်သာရှိသောလမ်းဖြစ်၏။

အင်္ဂလိပ်ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားက မိမိ၏တပ်များကို မြန်မာပြည်မှ စောနိုင်သမျှ စောအောင် ဆုတ်ခွာရန် အစီအစဉ်များပြုလုပ်နေစဉ် ဗိုလ်ချုပ်ကြီးစတီးဝဲလ်က မြန်မာပြည်မြောက်ပိုင်းတစ်နေရာမှနေ၍ ရန်သူကို တန်ပြန်ထိုးစစ်ဆင်ရန် ကြံရွယ်ထားခဲ့သောကြောင့်လည်းကောင်း၊ အင်္ဂလိပ်တပ်များ ဆုတ်ခွာသည့်လမ်းအတိုင်း မိမိတပ်များပါ ထပ်မံဆုတ်ခွာခဲ့ရလျှင် အစာရေစာ ရှံ့ရှားမည့်အန္တရာယ်ကို တွေ့ရမည်ဆိုသောကြောင့် လည်းကောင်း ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် မိမိ၏တရုတ်တပ်များကို မန္တလေး–

မြစ်ကြီးနားလမ်းအတိုင်း ဧရာဝတီမြစ်ကြီးကို ခွ၍ ဆုတ်ခွာရန် ရွေးချယ်လိုက်၏။

ဗိုလ်ချုပ်ကြီးအလက်ဇန္ဒား ဦးဆောင်သော အင်္ဂလိပ်တပ်များက သက်သောင့်သက်သာရှိသောလမ်းမှနေ၍ ဆုတ်ခွာလာကြရစေကာမူ ရွှေကျင်သို့ အရောက်တွင် ရှေ့ပြေးချီ ဂျပန်တပ်များ၏ ဖြတ်တောက်တိုက်ခိုက်မှုကို မမျှော်လင့်ဘဲ ခံလိုက်ကြရ၏။

ဂျပန်တို့က အစပထမတွင် စက်သေနတ်ကို အားကိုး၍ တိုက်နေသော်လည်း နောက်ပိုင်းတွင် မော်တာများကိုပါ အသုံးပြုလာသောကြောင့် တင့်ကားတပ်မနှင့် သယ်ယူပို့ဆောင်ရေးတပ်များ ပါဝင်သော ဗိုလ်ချုပ်ကြီး အလက်ဇန္ဒား၏တပ်သည် တင့်ကားများနှင့် မော်တော်ယာဉ်တပ်များကို ဖျက်ဆီးစွန့်လွှတ်ကာ ကုန်းကြောင်းချီတက်ရတော့သည်။

အကယ်၍သာ တင့်ကားတပ်မဟာနှင့် သယ်ယူပို့ဆောင်ရေးတပ်မှ ထရပ်ကားကြီးများကို တရုတ်ပြည်ဘက်သို့ ပို့ပေးနိုင်မည်ဆိုပါက ရန်သူကို ၅ နှစ်တိုင်တိုင် ခုခံနေရသော တရုတ်စစ်သူကြီး ချန်ကေရှိတ်အဖို့ များစွာ အထောက်အကူရခဲ့မည်သာဖြစ်သည်။

ယခုမူ ရှေ့ပြေးချီ ဂျပန်တပ်အချို့၏ ဖြတ်တောက်တိုက်ခိုက်မှုကြောင့် စစ်မှုရေးရာတွင် အလွန်အသုံးဝင်သော တင့်ကားများနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များကို အချည်းအနှီး အလဟဿ စွန့်ပစ်ထားခဲ့ရလေသည်တကား။

ဧရာဝတီမြစ်ကိုခွ၍ မန္တလေးနှင့် ရွှေဘိုမှ မြန်မာပြည်မြောက်ဘက်အတိုင်း ဆုတ်ခွာလာခဲ့သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ တရုတ်တပ်များသည် မည်သည့်အရပ်မှနေ၍ ရန်သူဂျပန်အား ရပ်တန့်ခုခံရပါမည်နည်းဟု နယ်မြေအနေအထားကို လေ့လာခဲ့ကြသည်။ တရုတ်စစ်သူကြီး ချန်ကေရှိတ်ကလည်း တရုတ်တပ်မ ၃ ခုကို နောက်ထပ်ပို့ပေးမည်ဟု ဆိုလာသောကြောင့် တန်ပြန်စစ်ဆင်ရေးအတွက် ဗိုလ်ချုပ်ကြီးစတီးဝဲလ်က အားတက်နေခဲ့၏။

သို့ရာတွင် တပ်မ ၃ ခု ရောက်ရှိလာခြင်း မရှိသောအခါ ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် မိမိလက်အောက်တွင်ရှိသော တရုတ်တပ်များနှင့်ပင်







တန်ပြန်ထိုးစစ်ဆင်ရန် စီစဉ်ရတော့၏။

ရန်သူ့လက်ချက်ဖြင့် အထိနာခဲ့သော အမှတ်(၉၆) တရုတ်တပ်မသည် တတ်နိုင်သမျှသော လက်နက်လူသူကို စုရုံးကာ မန္တလေးမှ ချီတက်လာပြီးနောက် ဗိုလ်ချုပ်ကြီးစတီးဝဲလ် ရောက်လာသည့်အချိန်အထိ မြစ်ကြီးနားတွင် တပ်စွဲလျက်ရှိလေသည်။ အမှတ်(၃၈) နှင့် (၂၂) တပ်မနှစ်ခုတို့က ဧရာဝတီမြစ်ကမ်း တစ်ဖက်တစ်ချက်မှ နောက်ရံတပ်အဖြစ် လိုက်ပါလာသည်။ တတ်နိုင်လျှင် မြစ်ကြီးနားသို့ ရန်သူ့တပ်များ မရောက်မီ ဤတပ်မနှစ်တပ်က မြစ်ကြီးနားရှိ အမှတ်(၉၆) တပ်မကို အားဖြည့်ထားရန်တည်း။

သို့ရာတွင် မြစ်ကြီးနားသို့ အရောက်ချီတက်ရမည့်ခရီးမှာ အခက်အခဲပေါင်းများစွာဖြင့် ပြည့်နှက်လျက်ရှိနေလေသည်။

ဧရာဝတီမြစ်အတိုင်း ရေကြောင်းမှ ချီတက်ရမည်ကလည်း ရေယာဉ်ဟူသမျှကို မြေလှန်စနစ်အရ ဖျက်ဆီးထားပြီးဖြစ်၍ ရနိုင်သမျှသော မြန်မာ့လှေများဖြင့် မြစ်ညာသို့ ဆန်တက်ရန် နှေးကွေးလှချေမည်။ နှေးကွေးရုံမျှမက ရေလယ်တွင် ရန်သူတို့၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံရမည်လည်းမှချ။ ရထားလမ်းဖြင့် ချီတက်ရန်ကလည်း ရွှေဘိုမြို့ မြောက်ဘက်မှစ၍ ရထားလမ်းများ ပျက်သည့်နေရာကပျက်၊ တံတားများ ကျိုးသည့်နေရာက ကျိုး၊ တွဲချင်းတိုက်မိသဖြင့် ဖယ်ရှား၍မရသည့်နေရာက မရ။ ထို့ကြောင့် ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် မော်တော်ယာဉ်အုပ်စုဖြင့် ရထားလမ်း ကောင်းသည့်နေရာသို့ ရောက်သည်အထိ ဆက်လက်ချီတက်ရန် ဆုံးဖြတ်လိုက်၏။

သို့သော် မြစ်ကြီးနားသို့ ရောက်နိုင်သည့် မော်တော်ကားလမ်းမကြီးဟူ၍ကား တိတိကျကျမရှိ။ ကင်းထောက်အဖွဲ့များကို စေလွှတ်၍ စုံစမ်းသောအခါ ရထားလမ်းနှင့်ယှဉ်လျက်ရှိသော လှည်းလမ်းကြောင်းတစ်ခုသည် ဝါးချောက်တောကြီးတစ်ခုကို ဖြတ်လျက် မိုင် ၅၀ ခန့်အထိ တည်ရှိနေကြောင်း တွေ့ရ၏။ ဤမိုင် ၅၀ မှလွန်သော လမ်းအခြေအနေ မည်ကဲ့သို့ရှိမည်ကို မည်သူမျှမပြောနိုင်။

မည်သို့ပင်ဖြစ်စေ ဗိုလ်ချုပ်ကြီးစတီးဝဲလ်က လှည်းလမ်းအတိုင်း၊ မော်တော်ယာဉ်လမ်းအတိုင်း ချီတက်ရန် ဆုံးဖြတ်လိုက်လေသည်။

မေလ ၂ ရက်နေ့တွင် ကျွန်တော်တို့သည် နံနက်လေးနာရီခွဲအချိန်မှ

ထကာ လှည်းလမ်းအတိုင်း ထွက်ခွာမည့်ခရီးအတွက် စောစောစီးစီး ပြင်ဆင် ကြရ၏။

ကျွန်တော်တို့ရောက်ရှိနေသော နေရာကလေးက ရွှေဘိုမြို့မြောက်ဘက် ဇီးကုန်းဟုခေါ်သော မြို့ကလေးတစ်မြို့တည်း။

ကျွန်တော်တို့သည် စခန်းအနီးတွင်ရှိသော ချောင်းကလေးတွင် ဆင်း၍ မျက်နှာသစ်ကြသည်။ ခေတ်ဆီသံပုံးလွတ်များဖြင့် ရေများကို ခပ်ယူကာ ကားအတွင်းတွင် သိုလှောင်ထားကြသည်။

ထိုနောက် သံထည်ပိုင်းများဖြင့် ကျိုထားသော နံနက်စာကို မဝတဝ ထ၍စားသောက်ကြရ၏။

တရုတ်တပ်များက စတင်ထွက်ခွာသွားကြပြီးနောက် ကျွန်တော်အပါ အဝင်ဖြစ်သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ဌာနချုပ်တပ်ဖွဲ့က ဇီးကုန်းမှ ချီတက်လာခဲ့ကြ၏။

အရှေ့ဘက်တွင် နေရောင်ခြည်များ ထွန်းလင်းနေပေပြီ။

လှည်းလမ်းတစ်ဖက်တစ်ချက်တွင် ဆူးပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသောကြောင့် သယ်ယူပို့ဆောင်ရေး လော်လီကားကြီး များမှာ ခရီးမတွင်နိုင်အောင်ဖြစ်နေသလို ကတ္တရာစေးလမ်းမပေါ်တွင် တငြိမ့် ငြိမ့်ပြေးနိုင်သော ဆီဒင်ကားများမှာလည်း ဖုန်ထူ၍ ချိုင့်ပေါသော လှည်း လမ်းကြောင်းပေါ်တွင် ဖြတ်မောင်းနေသောကြောင့် ခရီးမတွင်။

သည်အထဲတွင် ရှေ့မှချီနင့်သော တပ်များကြောင့် ရေအိုင်နှင့် သဲများ ရောစွက်ကာ အမြောက်တင်လှည်းများအတွက် သဘာဝအတားအဆီး သဖွယ် ဖြစ်လာပြန်၏။ သဲနစ်နေသော အမြောက်တင်လှည်းများကို ခဏ ခဏ တွန်း၍ ဖယ်၍နေရသည်ကလည်း ခရီးဖင့်လှသည်။

နံနက် ၉ နာရီသို့ ရောက်လာသည့်တိုင် ကျွန်တော်တို့သည် ခရီး ၅ မိုင်သာ ပေါက်လာနိုင်သေးသည်။ နံနက် ၁၁ နာရီအချိန်သို့ ရောက်လာ သောအခါ ကျွန်တော်တို့သည် ရိုးပြတ်လယ်တောတစ်ခုကို ဖြတ်၍မောင်းနေ ရကြ၏။

ရန်သူ့ဗုံးကြဲလေယာဉ် ၉ စင်း ကျွန်တော်တို့အပေါ်မှ ဖြတ်၍ပျံသွား သည်ကို တွေ့လိုက်ကြရသည်။







နေ့လယ် ၁၂ နာရီအချိန်အထိ ကျွန်တော်တို့သည် ဘေးတစ်ဖက် တစ်ချက်တွင်ရှိသော ဆူးချုံများကို ခုတ်ရင်း ထွင်ရင်း ချီတက်နေကြ၏။

တစ်ခါတစ်ရံတွင် ဟာလာဟင်းလင်းဖြစ်နေသော ရိုးပြတ်လယ်တော များကို ဖြတ်၍ကျော်ရ၏။ ကန်သင်းများကို ဖြတ်ကျော်ရတိုင်း ကျွန်တော် တို့ ခရီးစဉ်မှာ နှောင့်နှေးနေရပြန်သည်။ ကန်သင်းများမှာလည်း ကိုက်နှစ်ရာ အကွာတွင် တစ်ခုစီရှိနေလေ၏။

ရေဆို၍ တစ်ပေါက်မျှမတွေ့ရသော ခရီးတစ်လျှောက်တွင် မော်တော် ယာဉ်အုပ်စုမှ ကားများသည် တစ်စီးပြီးတစ်စီး ဒုက္ခပေးလာရုံမက ပြင်၍မရ တော့သည့်အခြေအနေသို့ ရောက်လာကြတော့၏။

ကားတစ်စီးမှ တာယာများမှာ အပေါ်မှ အလေးချိန်နှင့် အောက်ကန် သင်းများ၊ ချိုင့်များဒဏ်ကို မခံနိုင်သောကြောင့် ပေါက်ပြဲထွက်လာသည်။

ဆီဒင်ကားတစ်စီးမှာ ကန်သင်းရိုးနှင့် တိုက်မိပြီး ခေတ်ဆီတိုင်ကီ ပေါက်သွားပြန်သည်။

မှောင်စပျိုးလာသည့်အချိန်တွင် လှည်းလမ်းကြောင်းသည် ရထား လမ်းဆီသို့ ဖြန့်၍ထွက်လာသည်ကို တွေ့ရ၏။ ကျွန်တော်တို့သည် ရထား လမ်းဘေးတွင်ပင် ညအိပ်စခန်းချလိုက်ကြလေသည်။

မေလ ၃ ရက်နေ့ နံနက်စောစောတွင် ကျွန်တော်တို့ ပင်းသာမြို့ဆီသို့ ဦးတည်၍ ချီတက်လာခဲ့၏။ ၃၅ မိုင်ခန့်အကွာတွင်ရှိသော စခန်းတည်း။

ညနေစောင်းသည့်အချိန်တွင် ကျွန်တော်တို့သည် ပင်းသာသို့ ချောချော မောမောပင် ရောက်ရှိလာခဲ့ကြသည်။ ပင်းသာမြို့ကလေးက စစ်ဘေး စစ်ဒဏ် ကို မခံရသေးဘဲ ဈေးဆိုင်များဖြင့် စည်စည်ကားကားရှိနေတုန်းပင်တည်း။

မေလ ၄ ရက်နေ့ နံနက်တွင် ပင်းသာမှ ခရီးဆက်ရန် အထုပ်အပိုးများ ပြင်ဆင်နေစဉ် လမ်းကို ကင်းထောက်ရန် စေလွှတ်ထားသော အရာရှိတစ်ဦး ရောက်လာပြီး မန္တလေး–မြစ်ကြီးနား ရထားလမ်းအခြေအနေကို သတင်းပို့ သည်။

ဝန်းသိုနှင့် ကသာမြောက်ဘက်၊ မြစ်ကြီးနားတောင်ဘက်အကြားတွင် မီးရထားတွဲ ၁၄–တွဲမှာ ပဥ္စမံတပ်သားများ၏ လုပ်ကြံချက်ကြောင့်သော် လည်းကောင်း၊ မီးရထားဌာန၏ ပေါ့လျော့မှုကြောင့်သော်လည်းကောင်း

လမ်းပေါ်တွင် အတုံးအရုံး ပိတ်ဆို့လျက်ရှိနေသည်ဟု သိရ၏။

ဤနံနက်တွင် ရွှေဘိုမှ ဒဏ်ရာရစစ်သားများကို ထရပ်ကားတစ်စင်းဖြင့် သယ်ဆောင်လာသော ဗိုလ်မှူးချုပ်မာတင်ကလည်း ရွှေဘိုတွင် မိမိတို့တပ်အသီးသီးနှင့် အဆက်အသွယ်ပြတ်နေသော မဟာမိတ်တပ်သားများ ထောင်နှင့်ချီ၍ရောက်ရှိနေပြီး သယ်ယူပို့ဆောင်ရေးယာဉ်ဟူ၍လည်း တစ်ခုမျှ မရှိကြောင်း ဗိုလ်ချုပ်ကြီးစတီးဝဲလ်ထံ သတင်းပို့ပြန်သည်။

မြစ်ကြီးနားတောင်ဘက် ဝန်းသို၊ ကသာ စသည့်နေရာများတွင် ရထားလမ်း အဆက်အသွယ် ပိတ်ဆို့ပြတ်တောက်နေကြောင်း ကျွန်တော့်ထံမှ သိရှိလာရသော ဗိုလ်မှူးချုပ်မာတင်က မိမိအနေအားဖြင့် မြစ်ကြီးနားသို့ အရောက် ဆက်လက်ချီတက်ခြင်းမပြုတော့ဘဲ ပင်းသာနှင့် ပင်လယ်ဘူးမှနေ၍ ချင်းတွင်းမြစ်အရောက် တောလမ်းခရီးကိုဖြတ်ကာ ချီတက်သွားတော့မည်ဟု အဆိုပြုလာ၏။

လမ်းတွင် ရွာများမှ ရရှိနိုင်သမျှသော ဆင်များကို ငှားရမ်း၍ ချင်းတွင်းမှတစ်ဆင့် အင်ဖာသို့အရောက် ခရီးဆန့်မည့် ဗိုလ်မှူးချုပ်မာတင်၏ အစီအစဉ်ကို တပ်မှူးအများအပြားကပင် သဘောကျလာကြ၏။ အချို့တပ်မှူးများလည်း မြစ်ကြီးနားသို့အရောက် ဤအတိုင်းပင် ကားဖြင့် ဆက်လက်ချီတက်ပြီးနောက်။

မြစ်ကြီးနားသို့အရောက်တွင် လေယာဉ်ဖြင့် အိန္ဒိယသို့ သွားခြင်းက ပို၍သင့်လျော်မည်ဟု အကြံပေးကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ရှေ့ခရီးစဉ်နှင့်ပတ်သက်၍ ဆွေးနွေးပွဲတစ်ခုကို ဆင့်ခေါ်လိုက်ရလေသည်။

ဆွေးနွေးပွဲတွင် ဖြစ်ပေါ်နေသမျှ အခြေအနေအရပ်ရပ်ကို မိမိတို့သိရှိသမျှ တင်ပြကြ၏။ ရွှေဘိုမှရောက်ရှိလာသော ဗိုလ်မှူးချုပ်မာတင်က မိမိတပ်များနှင့်အတူ ပင်လယ်ဘူးမှတစ်ဆင့် ချင်းတွင်းအရောက် ချီတက်မည်၊ ထိုမှတစ်ဆင့် အင်ဖာသို့အရောက် ချီတက်မည်ဟု တင်ပြသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် အတန်ကြာစဉ်းစားနေပြီးနောက် မြစ်ကြီးနားသို့ ဆက်လက်ချီတက်ရန် အစီအစဉ်ကိုလည်းကောင်း၊ ပင်လယ်ဘူးမှ ချင်းတွင်းသို့ ချီတက်ရန် အစီအစဉ်ကိုလည်းကောင်း ငြင်းပယ်လိုက်ပြီး







တတိယလမ်းစဉ်တစ်ခုကို ဌာနချုပ်အဖွဲ့ဝင်များနှင့် တိုင်ပင်ကာ ရွေးချယ်လိုက်၏။ ထိုလမ်းစဉ်ကား ...ပင်လယ်ဘူးမှ ချင်းတွင်းသို့ ချီမတက်ဘဲ မြောက်ဘက် အင်းတော်သို့အရောက် ခရီးဆန့်ပြီးမှ ချင်းတွင်းကို အညာဘက်ကျသည့်နေရာမှ ဖြတ်ကူးမည့်လမ်းစဉ်ပင်တည်း။

"အင်္ဂလိပ်တွေကလည်း ...ပင်လယ်ဘူးကနေပြီး ချင်းတွင်းဘက်ကို ဆုတ်သွားခဲ့တယ်။ အခု မာတင်လူသိုက်ကလည်း ဒီလမ်းအတိုင်းလိုက်မယ်လို့ ပြောတယ်။ လမ်းတစ်လျှောက်မှာရှိတဲ့ ရွာတွေက ဆင်တွေကို ရနိုင်တဲ့တိုင် ပင်လယ်ဘူးကနေပြီး ချင်းတွင်းကိုရောက်ဖို့ ၁၂ ရက်လောက် ကြာဦးမှာပဲ။ ဒီအတောအတွင်းမှာ ရှေ့ပြေးချီတက် ဂျပန်တပ်တွေ အဲဒီနေရာကို ရောက်လာပြီး ဖြတ်တောက်ရေးတိုက်ပွဲ ဆင်နိုင်တဲ့အခြေအနေရှိတယ်..."

ဗိုလ်ချုပ်ကြီးစတီးဝဲလ် နိမိတ်ဖတ်ခဲ့သည့်အတိုင်းပင် ပင်းသာမှ ပင်လယ်ဘူး၊ ပင်လယ်ဘူးမှ ချင်းတွင်းအထိ ချီတက်သွားသော ဗိုလ်မှူးချုပ်မာတင်၏အဖွဲ့သည် လမ်းတွင် ရန်သူတို့က ချုံခိုတိုက်ခိုက်ခြင်းခံရပြီး အဖွဲ့ဝင်အများအပြား ကျဆုံးခဲ့ရလေသည်။

ပင်းသာမှ ကျန်ရှိနေသေးသော မော်တော်ကားများဖြင့် ချီတက်နေကြသော ကျွန်တော်တို့သည် မေလ ၅ ရက်နေ့ အရုဏ်ဦးအချိန်တွင် ပျက်နေသော တံတားတစ်ခုနှင့် ရင်ဆိုင်တိုးနေကြရ၏။ တံတားပေါ်မှ ဖြတ်ကျော်၍မသွားနိုင်သောကြောင့် ချောင်းအောက်ဘက်မှဆင်း၍ တစ်ဖက်ကမ်းသို့ကူးရန် အားထုတ်ခဲ့သော တရုတ်တပ်သားများ ပါဝင်သည့် ထရပ်ကားအချို့မှာ ချောင်းလယ်တွင် သဲနစ်လျက် မလှုပ်နိုင်မရှားနိုင် ဖြစ်နေခဲ့လေသည်။

ဤချောင်းကိုကျော်မိလျှင် အင်းတော်သို့ ကျွန်တော်တို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်နိုင်မည်ဖြစ်၏။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် အခြေအနေကို အကဲခတ်လိုက်ပြီးနောက် ကျွန်တော်တို့ဘက်သို့ လှည့်ပြောလိုက်၏။

"ကျုပ်တို့ဘဝတော့ ... ဒီနေရာတွင်ပဲ နိဂုံးချုပ်ကြရလိမ့်မယ် ထင်ပါရဲ့ဗျာ..."

ပျက်နေသောတံတားကို ပြင်ရန် အချိန်အတော်ကြာမည်ဖြစ်၏။ တံတားပြီးအောင် စောင့်နေရသည့်အချိန်တွင် ရန်သူများက ဝိုင်းဝန်းတိုက်

ခိုက်ခဲ့သော်...

ကျွန်တော်သည် ဆက်၍မတွေးရဲအောင် ဖြစ်နေမိလေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ရှေ့ပြေးချီ တရုတ်ဗိုလ်ချုပ်နှင့် တွေ့ရလို တွေ့ရငြား အင်းတော်မြို့ဆီသို့ ကိုယ်ရံတော်တပ်သား အနည်းငယ်ဖြင့် ချီတက်သွားလေသည်။

နေ့လယ် ၁၁ နာရီအချိန်တွင် တရုတ်တပ်သားများက တံတားကို ပြင်၍ပြီးသွားကြ၏။ သို့သော်... သယ်ယူပို့ဆောင်ရေးကားမှန်သမျှကို အင်းတော်သို့ ပထမဆုံးရောက်အောင် ၅–နာရီကြာမျှ ကျွန်တော်တို့က တစ်ဖက်ကမ်းမှ စောင့်နေရလေသည်။

မိုးစုတ်စုတ်ချုပ်သည့်အချိန်တွင် ကျွန်တော်တို့ အင်းတော်မြို့တွင်းသို့ ရောက်ရှိလာရတော့သည်။ တစ်မြို့လုံးလိုလို စစ်သားများနှင့် ပြည့်ကျပ်လျက်ရှိသည်။

အရာရှိတစ်ယောက်က... "ဗန်းမော်ကို ရန်သူတွေသိမ်းပိုက်လိုက်ပြီ..." ဟု ကျွန်တော့်ကို သတင်းပေးနေသည်။

ဗန်းမော်သို့ ရန်သူ့တပ်များ ရောက်နေပြီဆိုလျှင် ကျွန်တော်တို့ စခန်းချလျက်ရှိသော အင်းတော်သို့ ရောက်ရှိလာရန် ဘာမျှမဝေးတော့...။

ကျွန်တော်သည် သက်ပြင်းကို လေးလေးကြီးချလိုက်ပြီးနောက် တပ်သားများအတွက် အသင့်ချက်ပြုတ်ထားသော စားဖိုတဲဆီသို့ လှမ်း၍ လာခဲ့၏။

ရန်သူသည် ကျွန်တော်တို့လည်ပင်းကို ကြိုးကွင်းစွပ်၍ဖမ်းရန်အတွက် အရပ်လေးမျက်နှာဆီမှ ကျွန်တော်တို့ကို ဝိုင်းလျက်ရှိနေလေပြီတကား...။

 n







## ( ၁၄ ) စိတ်ပျက်ဖွယ်ရာခရီး

အင်းတော်တစ်မြို့လုံးမှာ အင်္ဂလိပ်အင်ပိုင်ယာကြီးမှ စစ်တပ်များဖြင့် ပြည့်နှက်လျက်ရှိနေလေသည်။

အရာရှိ အရာခံများ၊ စစ်ပြေးဒုက္ခသည်များ၊ စစ်သားများ ဥဒဟို သွားလာလှုပ်ရှားလျက်ရှိသောကြောင့် အင်းတော်တစ်မြို့လုံး ဖုန်တထောင်းထောင်းထနေသည်။

လမ်းဘေးတစ်ဖက်တစ်ချက်မှ တန်းစီ၍ ချီတက်သွားသော ချင်းအမျိုးသား စစ်သည်တော်များအလယ်တွင် အသားမည်းသော အိန္ဒိယအမျိုးသား စစ်သည်တော်များက အစဉ်တစိုက် ချီတက်လိုက်ပါနေသည်ကို တွေ့ရ၏။

အရပ်သား ယောကျ်ားကြီးများနှင့်အတူ သားသည်မိခင်များ၊ ၉ နှစ် ၁၀ နှစ်အရွယ် လူမမည်ကလေးများ၊ ဒဏ်ရာရနေသော စစ်သားများကို ကြည့်လေရာအရပ်တိုင်း တွေ့နေရ၏။ ဘုရားကျောင်းကန်များတွင် ကုလားစစ်ပြေးဒုက္ခသည်များဖြင့် ဆူဆူညံညံရှိနေသည်။

ဖုန်တထောင်းထောင်းထနေသော လမ်းပေါ်တွင် ဂါဝန်အဖြူကို ဝတ်ထားသော ကုလားမလေးတစ်ယောက်က ကုလားကလေးနှစ်ယောက်ကို တစ်ဖက်တစ်ချက်တွင်တွဲကာ ခေါင်းငိုက်စိုက်နှင့် လျှောက်လာနေသည်ကိုလည်း ကျွန်တော်တို့ တွေ့နေရ၏။ သူတို့ ၃ ယောက်နောက်မှ လူကြီးမိဘနှင့်တူသူ တစ်ဦးတစ်ယောက်မျှ လိုက်ပါလာခြင်းမရှိ။ ဤကလေး ၃ ယောက်သည် အင်းတော်မှနေ၍ အင်ဖာသို့အရောက် မည်သို့သွားနိုင်ပါမည်နည်း။

သြော်...ကမ္ဘာပျက် ဆိုသည်မှာ ဤကဲ့သို့သော အဖြစ်အပျက်ကိုပင် ဆိုလိုရော့ထင့်...။

ဘုန်းကြီးကျောင်းတစ်ခု၏ မျက်နှာစာတွင် ဆံပင်များ ပြန့်ကျဲနေလေသည်။ သွေးများဖြင့် ပေကျံနေသော ပတ်တီးစများနှင့် လက်ဆေးဇလုံခွက်များကိုလည်း တွေ့ရ၏။ အမှတ်(၂၀၀) တရုတ်တပ်မှ ဒဏ်ရာရရှိသော တရုတ်စစ်သားများ စခန်းချနေသောနေရာတွင်ဖြစ်သည်။ တရုတ်စစ်သားကို တင်ဆောင်လာသော ထရပ်ကားများက ဘုန်းကြီးကျောင်းရှေ့မှ ဖြတ်၍ဖြတ်၍သွားနေကြ၏။ လမ်းပေါ်မှ ပျံ့လွင့်လာသော ဖုန်မှုန့်များသည် ပတ်တီးပင် စည်းစရာမရှိသော တရုတ်စစ်သားများဆီသို့ ပျံ့လွင့်နေကြ၏။ မည်းမည်းလှုပ်နေသော ယင်ကောင်များက စစ်သားများ၏ ဒဏ်ရာများပေါ်တွင် ပြေးခုန်ကစားနေကြလေသည်။







တရုတ်ဆေးမှူးတစ်ယောက်က လမ်းပေါ်သို့ပြေးထွက်လာပြီး အင်္ဂလိပ်စစ်အရာရှိကြီးတစ်ဦးအား မေးလိုက်၏။

"ဒီလူနာတွေကို ဘယ်အထိပို့ရမှာလဲ..."

"အိန္ဒိယကိုပေါ့...အင်ဖာအရောက်ပို့ရမယ်..."

စစ်အရာရှိကြီးက ဘာမှအရေးမကြီးသလို ပေါ့ပေါ့ဆဆ အဖြေပေးလိုက်သည်။ သယ်ယူပို့ဆောင်ရေးယာဉ်ဟူ၍ မည်မည်ရရမရှိသည့်အချိန်တွင် ဒဏ်ရာရနေသော တရုတ်စစ်သားများကို မည်သူက တာဝန်ယူ၍ အင်ဖာအထိ ပို့ပေးပါမည်နည်း...။

ကျွန်တော်တို့ဂျစ်ကားကို ဖြည်းဖြည်းမောင်း၍လာခဲ့သောအခါ ရေနံချောင်းတွင် ကျွန်တော်တို့နှင့် သိကျွမ်းခင်မင်ကြသော အင်္ဂလိပ်စစ်သားများက ကားလမ်းဘေးမှ လှမ်း၍အော်ကြ၏...။

"ဟေ့...ယန်းကီး ...သတင်းထောက်ကြီး၊ ခင်ဗျားတို့ဂျစ်ကားက နောက်တွဲ ဘယ်မှာထားခဲ့သလဲ...။ အမေရိကန်တွေက ကားပေါ်မှာထိုင်ပြီး လိုက်လာနိုင်ပေမယ့် အင်္ဂလိပ်အင်ပိုင်ယာကြီးတစ်ခုလုံးကတော့ ခြေထောက်ပေါ်မှာ လျှောက်နေရပြီ။ အဲဒီခြေထောက်ကလည်း နောက်ဆုံးငှားလိုက်တဲ့ ခြေထောက်ပဲဖြစ်မယ်ထင်ပါရဲ့..."

နောက်တွဲမရှိတော့သော ကျွန်တော်တို့ဂျစ်ကားကို ဆက်၍မောင်းလာသောအခါ ထုံးဖြူသင်္ကန်း လျှုဒါန်းနိုင်ခြင်းမရှိသဖြင့် မည်းညစ်ညစ်ဖြစ်နေသော စေတီရင်ပြင်ရှေ့ မြက်ခင်းပြင်ပေါ်၌ ပက်လက်လန်၍ လဲနေသော အင်္ဂလိပ်စစ်သားများကို တွေ့ရ၏။ အဆုံးအစမရှိသော ကောင်းကင်ပြင်ကို မျှော်ကြည့်နေခြင်းအားဖြင့် အင်္ဂလိပ်စစ်သားများ၏ အပြန်ခရီးမှာ အဆုံးအစမရှိတော့ပြီဟု အဓိပ္ပာယ်ပေါက်နေသည်...။

အင်္ဂလိပ်စစ်သားများနှင့် မလှမ်းမကမ်းတွင် အရပ်သား ကုလားစစ်ပြေးဒုက္ခသည်များကို အများအပြားတွေ့ရပြန်၏။ အနားကျယ် ဂေါ်ရခါးဦးထုပ်များကို ဆောင်းထားသော ဘားမားရိုင်ဖယ်...တပ်မှ စစ်သားများက တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြ၏။

စက်ဆီများပေကျံနေသော ယူနီဖောင်းများကို ဝတ်လျက်ရှိသည့် တရုတ်စစ်သားများက တွေ့ရမြင်ရသမျှကို အထူးဆန်းသဖွယ် ကြည့်ရင်း

တစ်ယောက်နှင့်တစ်ယောက် စကားပြောလိုက် ပြက်လုံးထုတ်လိုက် လုပ်နေကြသည်။

ကျွန်တော်တို့သည် စောင့်ကြောင့်ထိုင်ရင်း အာလူးသင်နေသော ကုလားမကြီးတစ်ယောက်ရှေ့မှ ဖြတ်ကာ မောင်းလာခဲ့၏။

ကုလားမကြီးအနီးတွင် ကြည့်မှန်တစ်ချပ်ကို ထောင်ကာ ပါးမှ ဝက်ခြံကို ညှစ်နေသော ကုလားကြီးတစ်ယောက်ကိုလည်း တွေ့ရသေး၏။ အမေရိကန်စစ်သားအချို့က သဲထဲတွင်နစ်နေသော ထရပ်ကားတစ်စီးမှ ဘီးများကို အောက်မှနေ၍ ဂေါ်ပြားများဖြင့် တူးပေးနေသည်။

အရိုးပြိုင်းပြိုင်းထနေသော စစ်ပြေးဒုက္ခသည်များက မိမိတို့လက်ထဲတွင် ရတတ်သမျှသော အိုးခွက်ပန်းကန်များကို ကိုင်ကာ လမ်းပေါ်တွင် တွေ့ရသူတိုင်းထံမှ "ရေပေးပါ၊ ရေပေးပါ"ဟု တစာစာတောင်းခံနေ၏...။

လမ်းဘေးတစ်ဖက်တွင် မိမိအထုပ်ကလေးပေါ်၌ လက်နှစ်ဖက်ထောက်ကာ လမ်းသွားလမ်းလာများကို စိုက်၍ကြည့်နေသော အိန္ဒိယအမျိုးသားသူငယ်ကလေးတစ်ယောက်ကို တွေ့ရ၏။ သူ့အနီးအနားတွင် အဖော်ဟူ၍ တစ်ဦးတစ်ယောက်မျှမရှိ...။

ဤသူငယ်ကလေးသည် အင်းတော်မှ အင်ဖာသို့ရောက်အောင် မည်သို့ခရီးဆက်နိုင်ပါမည်နည်း။

တဖြည်းဖြည်းမောင်း၍လာသော ကျွန်တော်တို့ဂျစ်ကားရှိရာသို့ အနောက်နိုင်ငံ ဂါဝန်ပုံစံအတိုင်း ချုပ်လုပ်ထားသော အဝတ်အထည်ကို ဝတ်ဆင်ထားသည့် အိန္ဒိယအမျိုးသမီးတစ်ဦး ပြေးလာပြီးလျှင်...

"ရှင်တို့ကားပေါ်မှာ လိုက်ခဲ့ပါရစေရှင်..."ဟု စကားဆိုလိုက်၏။

"တက်ပြီးထိုင်လေ..."

ကျွန်တော်က ယဲ့ယဲ့မျှရှိသောအသံဖြင့် ပြောလိုက်၏။ သူ့အမည်မှာ ဖီလီဟုသိရ၏။ သူ့အသက်မှာ ၂၅ နှစ်ရှိပေပြီ။ သူ့ယောကျ်ားမှာ အင်္ဂလိပ်လက်အောက်မှ အိန္ဒိယအမျိုးသား တပ်ကြပ်ကြီးတစ်ဦးဖြစ်သည်။ ဖီလီသည် စစ်ပြေးဒုက္ခသည် ၇၅ ဦးပါသော အဖွဲ့ဖြင့် လိုက်ပါလာစဉ် သူတို့ကို အုပ်ချုပ်ရသော အင်္ဂလိပ်အရာရှိက ယနေ့နံနက်တွင်ပင် ကြုံရာကားတစ်စီးကို စီး၍ ထွက်ခွာသွားကြောင်း။ ဖီလီနှင့်အဖွဲ့သားများကို စွန့်ပစ်ထား







ခဲ့ကြောင်း စိတ်မကောင်းဖွယ်ရာ ကြားသိရ၏။

ကျွန်တော်တို့ကားပေါ်သို့ ဖီလီရောက်လာပြီးနောက် ခဏမျှအကြာတွင် အင်္ဂလိပ်–အိန္ဒိယ ကပြားအမျိုးသမီးတစ်ယောက် ရောက်လာပြန်သည်...။

"ရှင်တို့နဲ့ အတူလိုက်ပါရစေ..."

"ကောင်းပြီ ခုန်ပြီးတက်..."

ကျွန်တော်တို့ဂျစ်ကားမှာ များစွာခရီးမပေါက်ခင် ဒေါက်တာ ဆီဂရေအဖွဲ့မှ သူနာပြုဆရာမကလေးတစ်ဦး ပေါ်လာပြန်၏...။

"ကျွန်မတို့စီးလာတဲ့ ထရပ်ကား ပျက်သွားလို့...ကျွန်မ..."

"တက်လေ..."

သူနာပြုဆရာမကလေးက ကျွန်တော်တို့ဂျစ်ကားပေါ်သို့ ခုန်တက်ရောက်ရှိလာပြန်သည်။ အင်္ဂလိပ်နှင့် တရုတ်တပ်များ၏ စစ်ဆုတ်ပုံ နည်းစနစ်မှာ စစ်သားများ ကျင့်သုံးအပ်သော စည်းကမ်းနှင့် မညီညွတ်တော့ဘဲ စစ်စည်းကမ်းဟူ၍ ဘာမျှသိရှိခြင်းမရှိသော အရပ်သူအရပ်သားများ ရွာလုံးကျွတ် ဓားပြအတိုက်ခံရသဖြင့် ထွက်ပြေးပုံနည်းနှင့် တူနေလေတော့သည်...။

စနစ်တကျဆုတ်ခွာရမည့်စစ်သည် ရန်သူ့လက်မှ သေပြေးရှင်ပြေး ပြေးနေရသော ရွာသူရွာသားတစ်စုကဲ့သို့ တူနေလေသည်တကား...။

စစ်ဆုတ်ပုံက ပရမ်းပတာဖြစ်နေသည်နှင့်အတူ နေမဝင်သော အင်္ဂလိပ်အင်ပိုင်ယာကြီးမှ မြန်မာပြည်တည်းဟူသော ကိုလိုနီနိုင်ငံတစ်ခုသည် အင်္ဂလိပ်အင်ပိုင်ယာကြီးမှ လွတ်လပ်ရေးလမ်းစဆီသို့ ရန်းကန်လှုပ်ရှားနေသည်ကို ကျွန်တော်တွေ့ရ၏...။

မေလ ၅ ရက်နေ့ ညသန်းခေါင်ယံအချိန်တွင် ကျွန်တော်တို့သည် မန်စီမြို့နှင့် မလှမ်းမကမ်းတွင် စခန်းချရပ်နားလိုက်ကြ၏။ နံနက် ၉ နာရီခွဲအချိန်လောက်တွင် မန်စီမြို့အစွန်ရှိသော တောအုပ်ကလေးဝယ် ကျွန်တော်တို့ ထပ်မံစခန်းချကြပြန်၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်က မန်စီမြို့ရှိ မြို့မိမြို့ဖများနှင့် အစည်းအဝေးထိုင်ပြီး တပ်သားများနှင့် စစ်ပြေးဒုက္ခသည်များအတွက် စားရေးရိက္ခာ ရရှိ

ရေးကို အစီအစဉ်ပြုလုပ်ပေးသည်။

မန်စီမြို့ရှိ ခရစ်ယာန်သာသနာပြု ဘရီတန်ကော့စ်က ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ စကားပြန်အဖြစ် ကူညီဆောင်ရွက်ပေးပါ၏။ ကျွန်တော်တို့ သိသမျှ စစ်ပြေးဒုက္ခသည် ၅၀၀၀ ခန့်မှာ ဤမြို့ကိုဖြတ်၍ ချင်းတွင်းမြစ်ဘက်ဆီသို့ တက်သွားကြောင်း၊ ဟုမ္မလင်းမှနေ၍ ချင်းတွင်းသို့အရောက် ခရီးစဉ်တွင် ရန်သူ ရှိ,မရှိ မသိရကြောင်း ကျွန်တော့်အား ရှင်းလင်းပြောပြသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ဆွေးနွေးပွဲပြီးလျှင်ပြီးချင်း ကျွန်တော်တို့အား ဆက်လက်ချီတက်ရန် အမိန့်ပေးလိုက်လေသည်...။

မကြာမီ ကျွန်တော်တို့သည် ဝါးကြမ်းခင်းထားသော ကြိုးတံတား တစ်ခုအနီးသို့ ရောက်လာကြ၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် သူ့နောက်မှ လိုက်ပါလာသော လူစု လူဝေးကြီးကို အကန့်လိုက်  အကန့်လိုက် နေရာချပေးလိုက်ပြီးနောက် ပါရှိလာသမျှသော ရိက္ခာများကို အသီးသီး ချက်ပြုတ်စားသောက်ရန် ဝေငှ ပေးလိုက်လေသည်။

"ရှေ့မှာရှိတဲ့ ဝါးတံတားပေါ်ကို ဂျစ်ကားတွေပဲသွားလို့ရမယ်၊ စစ်ကားတွေနဲ့ ပစ္စည်းတွေတင်လာတဲ့ ထရပ်ကားတွေကို ကျုပ်တို့ ဒီဘက်ကမ်းမှာ စွန့်ပစ်ခဲ့ရမှာပဲ။ ဒီတော့ လက်နက်တွေရယ်၊ ခဲယမ်းမီးကျောက်တွေရယ်၊ ရိက္ခာတွေရယ် ကျုပ်တို့နဲ့အတူပါလာနိုင်အောင် တပ်သားတွေရော တပ်သား မဟုတ်တဲ့သူတွေရော အားလုံး ဝိုင်းဝန်းကူညီကြရလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ကဏန်းလက်မလို ဝိုင်းလာတဲ့ ရန်သူ့လက်က ကျုပ်တို့ လွတ်မြောက်အောင် ဆုတ်ခွာနိုင်မှာတော့  သေချာပါတယ်..."

ဗိုလ်ချုပ်ကြီး၏စကားအဆုံးတွင် အားလုံးလိုလိုပင် မိမိတို့စခန်းရှိရာသို့ပြန်သွားပြီး လိုအပ်သမျှပစ္စည်းများကို ရွေးချယ်ကာ ပေါ့နိုင်သမျှ ဝန်ထုပ်ဝန်ပိုးဖြစ်အောင် စီစဉ်နေကြရတော့၏။

ဤအချိန်တွင်ပင် တရုတ်ပြည်ဘက်မှဆင်းလာသော စစ်ဗိုလ်တစ်ယောက်ကို လားအကောင် ၂၀ ခန့်နှင့်အတူ တွေ့ရ၏။ လားထိန်းများလည်း အသင့်ပါလာသည်။ ကျွန်တော်တို့၏ သယ်ယူပို့ဆောင်ရေးအစီအစဉ်မှာ တစ်နည်းတစ်လမ်းအားဖြင့်  အဆင်ပြေလာခဲ့လေသည်။







ကျွန်တော်တို့၏ ပထမဆုံးပန်းတိုင်မှာ ချင်းတွင်းမြစ်ကမ်းပေါ်ရှိ ဟုမ္မလင်းသို့ ရောက်ရှိရန်တည်း။ ဟုမ္မလင်းသို့ အင်္ဂလိပ်တပ်များက အထမ်းသမားများ၊ လိုအပ်သော ရိက္ခာဆေးဝါးများဖြင့် လာရောက်ကြိုရန် ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကိုယ်တိုင် အိန္ဒိယဌာနချုပ်သို့ သတင်းပို့ထား၏။

"အိန္ဒိယကိုမရောက်ခင် ကျုပ်တို့ အကြောက်ရဆုံးကတော့ ရိက္ခာပြတ်သွားမယ့်ဘေးနဲ့  မိုးဖြိုင်ဖြိုင်ကျလာမယ့်အန္တရာယ်ပဲ။  ကျုပ်တို့နောက်ကလည်း စစ်သားတွေရော၊ စစ်ပြေးဒုက္ခသည်တွေရော ပါလာတော့ မိုးကြောင့်ဒုက္ခမရောက်တောင် ရိက္ခာကြောင့် ဒုက္ခရောက်မှာ အမှန်ပဲ..."

ကျွန်တော်တို့သည် ရိက္ခာကို ဦးစားပေး၍ သယ်ယူကြရမည်ဖြစ်သောကြောင့် ပြင်ပကမ္ဘာကြီးနှင့် အဆက်အသွယ်ပြုလုပ်နိုင်သော ရေဒီယိုစက်ကြီးကို စွန့်ပစ်ဖျက်ဆီးခဲ့ကြရတော့မည်ဖြစ်၏။

"ရိက္ခာနဲ့ အထမ်းသမားများ ဟုမ္မလင်းအရောက် အမြန်ပို့ပါ..."

ရေဒီယိုမှ အိန္ဒိယရှိ ဌာနချုပ်သို့ သတင်းပို့နေသံက ထပ်ကာထပ်ကာ ပေါ်ထွက်နေပြီးနောက် ရုတ်တရက် ရပ်တန့်သွားသည်...။

ကျွန်တော်တို့သည် ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရာတွင် အသက်သွေးကြောဖြစ်သော ရေဒီယိုစက်ကို ဖျက်ဆီးစွန့်ပစ်ခဲ့ကြရပေပြီ...။

အကယ်၍သာ အိန္ဒိယရှိ စစ်ဌာနချုပ်က ရိက္ခာများ၊ အထမ်းသမားများ ဟုမ္မလင်းသို့ အရောက်ပို့ပေးခြင်းမရှိခဲ့လျှင် စစ်ဆုတ်လာရသော တပ်သားပေါင်းများစွာနှင့် စစ်ပြေးဒုက္ခသည်ပေါင်း များစွာတို့သည် ထောင်နှင့်ချီ၍ သေကျေပျက်စီးကြရမည်  အမှန်တည်း ...။

n

## ( ၁၅ )

ချင်းတွင်းမြစ်ကမ်းရှိ ဟုမ္မလင်းသို့ ခြေလျင်ချီတက်ခဲ့ကြပြီးနောက်... ဖောင်များဖြင့် အကြေဘက်ရှိရာ ဟုမ္မလင်းမြို့သို့ စုန်ဆင်းလာခဲ့ကြ၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ကြိုတင်မြော်မြင်မှုကြောင့် ကျွန်တော်တို့သည် ပင်လယ်ဘူးမှ ချင်းတွင်းမြစ်ကမ်းဆီသို့ မိမိအဖွဲ့နှင့် ထွက်ခွာသွားသော ဗိုလ်မှူးချုပ် မာတင်လို လမ်းတွင် ချုံခိုတိုက်ခိုက်ခြင်းကို မခံရ။

တစ်နေ့လျှင် ၁၄ မိုင်နှုန်းဖြင့် ချီတက်ခဲ့ကြရသော ခြေလျင်ခရီးမှာ ငယ်ငယ်ရွယ်ရွယ် စစ်ဗိုလ်၊ စစ်သားများကိုပင် ပူလောင်ပြင်းပြလှသော နေဒဏ်၊ တစ်နေ့ထက်တစ်နေ့ လျော့ပါးလာသော ရိက္ခာမလောက်မငမှု ဒဏ်တို့က လမ်းတွင် တဗိုင်းဗိုင်းလဲစေ၍ သတိလစ်သွားစေသည်အထိ ဒုက္ခအကြီးအကျယ်ပေးနေခဲ့၏။







သို့ရာတွင် အသက် ၅၉ နှစ်ရှိနေပြီဖြစ်သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်အဖို့ လမ်းတွင် ကြုံတွေ့ခဲ့သမျှသော ဒုက္ခအမျိုးမျိုးကို မလဲမပြိုဘဲ ကြံ့ကြံ့ခံနိုင်စွမ်းရှိနေခဲ့လေသည်။

အညာဘက်မှ ဟုမ္မလင်းမြို့ဆီသို့ စုန်ဆင်းလာခဲ့သော ကျွန်တော်တို့သည် မြစ်အကွေ့အကောက်များစွာကို ကျော်လွန်လာခဲ့ပြီးနောက် ကမ်းနှစ်ဖက်စလုံး မျဉ်းပြိုင်ပြေးနေသော နေရာသို့ ရောက်လာခဲ့ကြ၏။ တစ်ဖက်တစ်ချက်တွင် သဲသောင်ကြီးနှစ်ခု ထွန်းလျက်ရှိနေသောကြောင့် ရေကြောင်းက ကျဉ်းမြောင်း၍လာသည်။ ဖောင်များကို သောင်မတင်စေရန်အတွက် ထိုးဝါးဖြင့် ကူ၍ထိုးပေးနေကြရလေသည်။

ကျွန်တော်တို့၏ ခရီးသွားနှုန်းသည် လွန်စွာမှ နှေးကွေးလျက်ရှိနေလေသည်။ ဤအချိန်တွင်ပင် နိမ့်နိမ့်ကလေးပျံဝဲလာသော လေယာဉ်တစ်စီး၏အသံကို မမျှော်လင့်ဘဲ ကြားလိုက်ကြရ၏။

ပေါင်းမိုးထဲမှထွက်ကာ မြစ်ရေပြင်ပေါ်တွင် ပေ ၁၀၀ ခန့် အမြင့်မှနေ၍ ပျံသန်းနေသော လေယာဉ်ကို တွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့သည် ဝမ်းသာအားရ အော်ဟစ်၍ နှုတ်ဆက်လိုက်ကြလေသည်။

ဘုရင့်လေတပ်မတော် ဗုံးကြဲလေယာဉ်ကြီး တစ်စင်းပေတည်း။

ဗုံးကြဲလေယာဉ်ကြီးသည် ကျွန်တော်တို့ခေါင်းပေါ်မှ သုံးကြိမ်တိုင်တိုင် ပျံဝဲ၍ ကြည့်ရှုလိုက်ပြီးနောက်... တစ်ဖက်တစ်ချက်ရှိ သဲသောင်ကမ်းပါးများပေါ်သို့ ရိက္ခာထုပ်များကို ပစ်ချပေးနေလေသည်။ လေထီးဖြင့်ချပေးသော ရိက္ခာထုပ်များမဟုတ်ဘဲ အသားလွတ်ချပေးသော အထုပ်များ ဖြစ်နေသော

ကြောင့် တစ်ဖက်တစ်ချက်ရှိ သဲသောင်ကမ်းပါးများပေါ်တွင် အထုပ်များ ကျရောက်သံမှာ တဗုန်းဗုန်း၊ တအုန်းအုန်းဖြင့် ဆူညံနေလေသည်။

ဖောင်များဖြင့် လိုက်ပါလာသူအားလုံး သဲသောင်များပေါ်သို့ ရေကူး၍ တက်သွားကြပြီး လေယာဉ်ပေါ်မှချပေးသော ရိက္ခာထုပ်များကို လိုက်လံ ကောက်ယူကြ၏။ ပြင်ပကမ္ဘာမှ ပထမဆုံးအကြိမ် အကူအညီရရှိလာသော ကြောင့်လည်း ကျွန်တော်တို့၏စိတ်ဓာတ်များမှာ တက်ကြွလာလျက်ရှိ၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ဘောင်းဘီတိုကလေး တစ်ခုတည်းကို ဝတ်ကာ သောင်ခုံပေါ်သို့ တက်လာပြီး ပြန့်ကျဲနေသော ရိက္ခာဘူးများကို ကြည့်ရင်း...

"သိပ်တော့မဆိုးဘူးဟေ့..."ဟု ရယ်၍ ပြောလိုက်လေသည်။

ရိက္ခာထုပ်များထဲတွင် နို့ဆီဘူးများ၊ ဘီစကွတ်မုန့်များ၊ အမဲသားဘူး များ ပါဝင်နေလေသည်။

နေ့လယ်အချိန်လောက်တွင် ဟုမ္မလင်းနှင့် မလှမ်းမကမ်းရှိ ရွာကလေး တစ်ရွာသို့ သွားရောက်ပြီး ရန်သူ့အခြေအနေကို ထောက်လှမ်းစုံစမ်းကြ၏။ ဤရွာတွင် စစ်ပြေးဒုက္ခသည် အများအပြားနှင့် ကျွန်တော်တို့ တွေ့နေကြရ ပြန်၏။ တစ်ရွာလုံးမှာ စစ်ပြေးဒုက္ခသည်များဖြင့် ပြည့်နှက်နေပြီး အစာ ရေစာများ ပြတ်လပ်ခေါင်းပါးလျက် ရှိနေလေသည်။

ကျွန်တော်တို့ စုံစမ်းသိရှိသမျှက ကလေးဝသို့ ဂျပန်တပ်များ ရောက်ရှိ ခြင်းမရှိသေးဟူသော သတင်းပင်တည်း။

"ကျုပ်တို့ အိန္ဒိယစစ်ဌာနချုပ်က ရိက္ခာတွေ ရနိုင်မယ်၊ လေကြောင်း အကူအညီတွေ ရနိုင်မယ်၊ တရုတ်တွေက ကျုပ်တို့ကို အကူအညီပေးမယ် ဆိုရင်... ဒီတော ဒီဒေသဟာ ကျုပ်တို့အဖို့ ဂျပန်ကို တန်ပြန်ထိုးစစ်ဆင်တဲ့ နေရာမှာ ခြေကုပ်စခန်းအဖြစ် အသုံးပြုနိုင်တဲ့နေရာပဲ။ အင်္ဂလိပ်တပ်တွေက အာသံနယ်ထဲက ဆင်းပြီးတိုက်၊ ကျုပ်တို့က ယူနန်နယ်ထဲက ဆင်းပြီး တိုက်လိုက်ရင် ဟောဒီဒေသတွေကို ဆက်ပြီးထိန်းထားနိုင်မှာ အမှန်ပဲ..."

ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ပတ်ဝန်းကျင်အခြေအနေကို လေ့လာရင်း မှတ်ချက်ချလိုက်သည်။

ကျွန်တော်က "မြန်မာပြည်က ကျွန်တော်တို့ ပထမဆုံးထွက်လာနိုင်ဖို့







အရေးအကြီးဆုံးပဲ မဟုတ်လား..."ဟု မေးလိုက်၏။ ဗိုလ်ချုပ်ကြီးစတီးဝဲလ် သည် သူ၏ဒူးကို လက်တစ်ဖက်ဖြင့် အားရပါးရ ပုတ်လိုက်ကာ...

"ကျုပ်တို့လာခဲ့ရတဲ့ခရီးဟာ သိပ်ပြီး ပင်ပန်းမယ်လို့ ထင်ခဲ့တယ်။ ခုတော့ ထင်သလောက် မပင်ပန်းဘဲ ပျော်စရာတောင် ဖြစ်လာပြီဟေ့..."ဟု ပြောလိုက်လေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်ထံမှ ကျွန်တော်၏ ဖောင်ရှိရာသို့ ပြန်ရောက်လာ သောအခါ ကျွန်တော့်ညစာအတွက် ဝေပုံချထားသော ထမင်းနှင့် ဟင်းများ ကို အဆင်သင့်တွေ့ရ၏။

ကြက်ရင်အုံကလေးတစ်ခုနှင့် ခြေထောက်တစ်ချောင်း၊ သောက်ရေ ခွက်နှစ်ခွက်ဖြင့် မောက်မောက်ထည့်ထားသော ထမင်းနှစ်ပန်းကန် ကျွန် တော်တို့အတွက် ခရီးလမ်းတစ်လျှောက်တွင် ရနေကျရိက္ခာထက် ပို၍ကောင်း နေပေပြီ။

ကျွန်တော်တို့သည် ထိုနေ့တစ်ညလုံး ဖောင်ဖြင့် ဆက်လက်စုန်ဆင်း လာခဲ့ကြ၏။ နံနက် ၅ နာရီအချိန်တွင် လူသံသူသံများ ဆူဆူညံညံကြားရ သောကြောင့် ပေါင်းမိုးထဲမှ ထွက်ကြည့်လိုက်သောအခါ ကမ်းပါးတစ်ခုတွင် အစီအရီဆိုက်ကပ်ထားသော ဖောင်များနှင့် ကမ်းပါးပေါ်တွင် ရုံးစုရုံးစုဖြစ်နေ ကြသောသူများကို တွေ့လိုက်ရလေသည်။

မြင့်မောက်သောကမ်းပါးထိပ်ဆီသို့ ရောက်လာသောအခါ ကျွန်တော် တို့ ပထမမျှော်မှန်းချက်ပန်းတိုင်ဖြစ်သော ဟုမ္မလင်းမြို့စွန်သို့ ရောက်ရှိလာ ခဲ့ပြီဖြစ်ကြောင်း ဝမ်းသာအားရ သိရှိလိုက်ရ၏။

လူသူဟူ၍ တစ်ယောက်မျှမရှိသော အိမ်လွတ်တစ်ခုဘေးတွင် ထိုင်နေ သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကို တွေ့လိုက်ရ၏။

ဘားမားရိုင်ဖယ်တပ်မှ မြန်မာအမျိုးသားစစ်သားများ၊ အိန္ဒိယအမျိုး သားစစ်သားများ၊ အင်္ဂလိပ်အမျိုးသား အရာရှိများသည် လမ်းပေါ်တွင် တစ်ယောက်၊ နောက်မှတစ်ယောက် တန်းစီကာ ချင်းတွင်းမြစ်ဆီသို့ ချီတက် ရန် အသင့်ပြင်နေကြ၏။ တန်းစီရာမှထွက်လာသော ဖုန်များက ဗိုလ်ချုပ် ကြီး စတီးဝဲလ်၏ မျက်နှာဆီသို့ လွင့်ပါနေကြ၏။

## ( ၁၆ )

အင်္ဂလိပ်အရာရှိများသည် ဟုမ္မလင်းသို့ အခြားလမ်းမှ လာခဲ့ကြရာတွင် မြင်းဝန်တင်များပါ ပါရှိခဲ့သောကြောင့် အိပ်ရာလိပ်များ၊ ဖျာများနှင့် လိုအပ်သမျှ အသုံးအဆောင်များကို သယ်ယူလာခဲ့သည်ကို တွေ့ရ၏။ စစ်အရာရှိ အရာခံဖြစ်သော အင်္ဂလိပ်များက ဤကဲ့သို့သော အသုံးအဆောင်ပစ္စည်းပစ္စယများကို တပမ်းတပိုး သယ်ယူနိုင်ခဲ့ကြသည်မှာ အံ့သြဖွယ်ရာပင်ဖြစ်တော့၏။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ အသုံးအဆောင်ပစ္စည်းများနှင့် အရာရှိ အရာခံမျှသာဖြစ်သော အင်္ဂလိပ်တို့၏ ပစ္စည်းအသုံးအဆောင်များကို နှိုင်းယှဉ်လိုက်လျှင် ကျွန်တော်တို့တစ်တွေမှာ ဝရမ်းပြေးသာသာမျှသော အခြေအနေမျိုး ဖြစ်နေလေသည်။

ကျွန်တော်တို့သည် အိမ်လွတ်ပေါ်တွင်ပင် ဆက်လက်ထိုင်နေရင်း ကျွန်တော်တို့ထံသို့ ရောက်လာမည့် အကြိုတော်များကိုလည်းကောင်း၊ ဝန်ထမ်းသမားကိုလည်းကောင်း အိမ်လွတ်ပေါ်တွင်ထိုင်ရင်း မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်မျှော်နေကြ၏။ ဝါယာလက်စက်ကို မဖျက်မီ အိန္ဒိယဌာနချုပ်သို့ ကျွန်တော်တို့အား လာရောက်ကြိုဆိုရန် အကြိမ်ကြိမ်သတင်းပို့ထားခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့်လည်း ဟုမ္မလင်းသို့ အိန္ဒိယပြည် စစ်ဌာနချုပ်မှ စေလွှတ်လိုက်သော အကြိုတော်များ ရောက်ရှိနေပြီဟု ကျွန်တော်တို့ယူဆခဲ့ခြင်းဖြစ်၏။

ကျွန်တော်တို့ထံသို့ တစ်ယောက်စကား တစ်ယောက်နားဖြင့် ရောက်လာသူမှာ မြန်မာအမျိုးသား အရာရှိတစ်ယောက်ဖြစ်သည်။ သူက ကျွန်တော်တို့အတွက် သတင်းတစ်ခု မျက်နှာဖြူအရေးပိုင်ထံ ရောက်ရှိလာကြောင်း၊ ထိုသတင်းကို အရေးပိုင်ကိုယ်တိုင် ယူသွားကြောင်း၊ အရေးပိုင်မှာ တစ်ခုတည်းသာရှိသော သင်္ဘောကို စနေနေ့ကပင် ယူ၍ ခရီးထွက်ခွာသွားကြောင်း၊ ဟုမ္မလင်းသို့ ပြန်လာမည်ဟု ပြောခဲ့သော်လည်း မည်သူမျှ အရေးပိုင်စကားကို မယုံကြည်ကြောင်း စသည်ဖြင့် ကျွန်တော်တို့အား ပြောပြသည်။

မျက်နှာဖြူအရေးပိုင်သည် ကျွန်တော်တို့အတွက် ရောက်ရှိလာသော သတင်းကို ကျွန်တော့်အား လက်ဆင့်ကမ်းခဲ့ရန် တာဝန်ရှိပါလျက် ထို







သတင်းကို သူနှင့်အတူ ယူဆောင်ကာ တစ်ခုတည်းသောသင်္ဘောဖြင့် ဟုမ္မလင်းမှ စွန့်ခွာထွက်လေပြီတကား...။

ဟုမ္မလင်းသို့ရောက်လျှင် အသင့်ကြိုဆိုနေသော အိန္ဒိယစစ်ဌာနချုပ်မှ အဖွဲ့သားကို တွေ့ရမည်။ ရိက္ခာများကိုတွေ့ရမည်ဟူသော ကျွန်တော်တို့၏ မျှော်လင့်ချက်တောင်ကြီးမှာ ငလျင်လည်း မလှုပ်သော်လည်း မလဲဘဲ အလိုလို ပြိုပျက်သွားခဲ့ရပေပြီ။

ကျွန်တော်တို့အတွက် သတင်းပေးမည့်သူလည်းမရှိ၊ ရိက္ခာထောက်မည့်သူလည်း နတ္ထိ၊ လမ်းပြမည့်သူလည်း ဗလာ...

ကျွန်တော်တို့သည် တံလျှပ်ကို ရေထင်၍ ရွှေသမင်အလိုက်မှားသကဲ့သို့ ဖြစ်နေချေပြီ။

ကျွန်တော်တို့သည် နာကြည်းသောစိတ်၊ မခံချင်သောစိတ်၊ ရှုတ်ချကဲ့ရဲ့လိုသောစိတ်ဖြင့် ရောက်လာနိုးနှင့် မျှော်ကိုးနေရသော ကြိုဆိုရေးအဖွဲ့ကို တစ်နေကုန်သည်အထိ စောင့်၍နေခဲ့ကြရ၏။ ဤအထဲတွင် ကျွန်တော်တို့ပစ္စည်းများကို သယ်ပေးမည်ဟု ဝန်ခံထားသော အထမ်းသမား ၆၀ က တစ်ယောက်မျှမရောက်လာ။ နေဝင်သွားရုံမက၊ မိုးလည်း စုတ်စုတ်ချုပ်နေပေပြီ။

ဗိုလ်မှူးကြီးဝိုင်မင်က စိတ်ပျက်လက်ပျက်ဖြင့်ထိုင်နေသော ကျွန်တော်တို့တစ်တွေကို စူးရှသောအသံဖြင့် အမိန့်ပေးလိုက်၏။

"ခရီးထွက်ဖို့ အသင့်ပြင်။ ကိုယ်ယူနိုင်တဲ့ပစ္စည်းပဲ ယူလာခဲ့ကြ..."

ဗိုလ်မှူးကြီးဝိုင်မင် ဤသို့အမိန့်ပေးလိုက်ပြီးနောက် ကျွန်တော့်လက်ထဲသို့ ရိုင်ဖယ်တစ်လက်တည်း ပေးလိုက်သည်...။

ကျွန်တော်က လက်ထဲတွင်ကိုင်ထားသော လက်နှိပ်စက်ကို လမ်းဘေးသို့ လွှင့်ပစ်လိုက်သည်။ ကျွန်တော့်ရာဘာအိပ်ရာခင်းကိုလည်း တစ်ပါတည်းလွှင့်ပစ်လိုက်၏။

စောင်တစ်ထည်နှင့် ဖိနပ်အပိုတစ်ရန်ကိုသာ ယူထားသည်။ ကျွန်တော့်ဘေးလွယ်အိတ်တွင်းတွင်မူ မှတ်ဆိတ်ရိတ် ကိရိယာအစုံနှင့် မြန်မာပြည်တိုက်ပွဲစဉ်ကို မှတ်စုရေးထားသော စာအုပ်တစ်အုပ်သာ ရှိနေလေသည်။

ကျွန်တော်တို့သည် ဗိုလ်မှူးကြီး အမိန့်အတိုင်း တစ်ယောက်နောက်မှ

တစ်ယောက်ရပ်၍ တန်းစီကြရ၏။ လမ်းဘေးတွင် မကြာခင်ကလေးက ကျွန်တော်တို့ လွှင့်ပစ်ခဲ့သော လက်နှိပ်စက်ကို နှမြောတသစွာ စိုက်၍ကြည့်နေမိသည်။

စစ်သားတစ်ယောက်က သူ့လက်ထဲတွင် ကိုင်ဆောင်ထားသော သေနတ်တစ်လက်ကို စွန့်ပစ်လိုက်သောအခါ စစ်ဥပဒေအရ ခုံရုံးတင်၍ အပြစ်ပေးခံရသလို ကလောင်သမားဖြစ်သော ကျွန်တော်၏ လက်နက်ဖြစ်သော လက်နှိပ်စက်ကို လမ်းဘေးသို့ စွန့်ပစ်လိုက်ရသောအခါ ကျွန်တော်သည် ကလောင်ခုံရုံးတွင် တက်၍ အပြစ်ပေးခံထိုက်သူတစ်ဦး ဖြစ်နေရတော့ပေသည်။

ကျွန်တော်သည် လက်နှိပ်စက်ကို ခဏမျှ စိုက်၍ကြည့်လိုက်ပြီးနောက် ခေါင်းကို တစ်ဖက်သို့လှည့်ထားလိုက်၏။ ကျွန်တော်၏လက်နက်ဖြစ်သော လက်နှိပ်စက်ကို လုံးဝ ပြန်၍ကြည့်လိုစိတ်မရှိတော့...။

ဟုမ္မလင်းသို့ရောက်လျှင် အစားကောင်း အသောက်ကောင်းများကို စားလိုက်မည်၊ ၂၄ နာရီလုံးလုံး ဆက်၍အိပ်ပစ်လိုက်မည်ဟု အားခဲထားခဲ့သော ကျွန်တော်တို့သည် ဟုမ္မလင်းသို့ရောက်သည့်နေ့တွင် အစာလည်း ကောင်းကောင်းမစားရဘဲ မှောင်ကြီးမည်းကြီးထဲ၌ ချင်းတွင်းမြစ်ရှိရာသို့ ထပ်မံချီတက်ခဲ့ကြရပြန်သည်...။

ဩော်...စစ်ဆိုသည်မှာ ဤကဲ့သို့ပင်ပါတကား...။

ရှစ်မိုင်လုံးလုံး မှောင်ကြီးမည်းကြီးထဲတွင် အစာမရှိသော ဝမ်းဗိုက်ကို အဖော်ပြုကာ လျှောက်ခဲ့ရ၏။ ကျောက်တုံးကျောက်ခဲများ သစ်မြစ်သစ်တုံးများနှင့် မကြာခဏ ခလုတ်တိုက်ကာ စစ်သားအများအပြားပင် လဲပြိုနေကြ၏။

ရှစ်မိုင်ခရီးမှာ မိုင် ၈၀၀ ခရီးထက် ပင်ပန်းနွမ်းနယ်လှချေသည်...။

ချင်းတွင်းမြစ်ကမ်းသို့ မရောက်မီ ကျွန်တော်တို့သည် ပရိဝုဏ်တစ်ခုအတွင်း၌ နားနေလိုက်ကြသည်။ အစာမရှိသဖြင့် အူထဲမှ တကြုတ်ကြုတ်မြည်နေသံကို အတိုင်းသားကြားနေရ၏။

ကျွန်တော်တို့သည် ဘုရားကျောင်းကန်အတွင်း နားနေအိပ်စက်နိုင်မည့်နေရာကို ရှာဖွေကြရ၏။ ကျွန်တော်သည် တင်ပျဉ်ခွေ၍ စံပယ်နေသော







ဗုဒ္ဓဆင်းတုတော်ရှေ့တွင် ပါလာသောစောင်ကို ခင်းလိုက်ပြီး လှဲ၍ အိပ်လိုက်၏...။

စိတ်ရောကိုယ်ပါ မောနေသော်လည်း ကျွန်တော်က အိပ်၍မပျော်၊ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပြီးနောက် အလွဲကြီးလွဲခဲ့ရသော ဟုမ္မလင်းမှ အခြေအနေကို စိတ်အပျက်ကြီး ပျက်နေမိ၏...။

ကျွန်တော်တို့သည် ပထမဆုံးပန်းတိုင်ဟု သတ်မှတ်ခဲ့သော ဟုမ္မလင်းသို့ ရှိသမျှသောအားကိုခဲ၍ လာခဲ့ကြသည်။ သို့သော် မျှော်လင့်ချက်ပန်းတိုင်သို့အရောက်တွင် စိတ်အပျက်ကြီးပျက်ဖွယ်ရာများနှင့် ရင်ဆိုင်တိုးခဲ့ရ၏...။

မြန်မာပြည်မြောက်ပိုင်းမှနေ၍ တက်လာသော ဂျပန်ကို တန်ပြန်ထိုးစစ်ဆင်မည့် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ အစီအစဉ်မှာ လုံးဝပျက်ပြားခဲ့ရပြီမဟုတ်ပါလား...။

ရေဒီယိုဖြင့် အထပ်ထပ်သတင်းပို့ထားပါလျက် ဟုမ္မလင်းသို့ အကြိုတော် တစ်ယောက်တလေမျှ ရောက်မလာခဲ့ခြင်းမှာ ကျွန်တော်တို့ ရင်ဝကို ဆီး၍ အကန်ခံလိုက်ရသကဲ့သို့ ဖြစ်နေလေသည်...။

n

## ( ၁၆ )

ဟုမ္မလင်းသို့ရောက်လျှင်... ဟူသောအသိဖြင့် ဖွဲ့ခတ်၍လာခဲ့ကြသော ကျွန်တော်တို့အဖွဲ့သည် မျှော်လင့်ထားသည့်အတိုင်း ကြိုဆိုရေးအဖွဲ့ကို မတွေ့ရသောအခါ စိတ်အပျက်ကြီး ပျက်လာခဲ့ရတော့၏။

ဟုမ္မလင်းမှနေ၍ ချင်းတွင်းမြစ်ကမ်းပါးသို့ ရောက်အောင်လာခဲ့ရသော ခရီးမှာ ကျွန်တော်တို့အဖို့ ခြေလှမ်းတိုင်း မောဟိုက်ပန်းလျစေသောခရီးဖြစ်၏။ မေလ ၁၃ ရက်နေ့ နံနက်တွင် ကျွန်တော်တို့သည် ချင်းတွင်းနှင့် တစ်ခေါ်လောက်သာဝေးသော နေရာသို့ ရောက်ရှိလာကြ၏။







လမ်းတွင် ဝန်ထမ်းသမားများကို ရွာအဆင့်ဆင့်မှ ငှားရမ်းလာခဲ့ရသောကြောင့် ကျွန်တော်တို့ခရီးမှာ မတွင်လှ။ သို့ဖြစ်၍ နံနက် ၁၁ နာရီ နေကျဲကျဲတောက်နေသည့်အချိန်တွင်မှ ဗိုလ်ချုပ်ကြီးစတီးဝဲလ်၊ ယူနိုက်တက်သတင်းစာမှ ဘာရီရန်နှင့် ကျွန်တော်တို့သည် ခြေဆစ်မြုပ်သောသဲများကို ဖြတ်ကာ အခြားများထက်ဦးအောင် ချင်းတွင်းမြစ်ကမ်းပါးသို့ ရောက်ရှိလာခဲ့ကြသည်။

မြကမ္ဗလာကဲ့သို့ စိမ်းလန်းသောမြက်ခင်းပြင်နှင့် သဲသောင်ပြင်အကြားကို ကျွန်တော်တို့က နောက်ထပ် ချီတက်ရဦးမည်ဖြစ်သည်။

သဲသောင်ပြင်နှင့် မြက်ခင်းကို လွန်လျှင် လျင်မြန်သောအဟုန်ဖြင့် စီးဆင်းနေသော ချင်းတွင်းမြစ်ရေအလျင်ကို တွေ့ရမည်ဖြစ်၏။

လှိုင်းကြက်ခွပ် ခွပ်သကဲ့သို့ လှုပ်ရှားနေသော ချင်းတွင်းမြစ်ရေအလျင်ပေါ်တွင် တစ်ခုတည်းသော လုံးထွင်းလှေကလေးကို တွေ့ရသည်။ အခြားလှေဟူ၍ မတွေ့ရ။ လူဟူ၍လည်း မတွေ့ရ။

သယ်ယူပို့ဆောင်စရာ လှေလည်းမရှိ၊ သယ်ယူပို့ဆောင်ပေးမည့်လူကိုလည်း မတွေ့ရသောအခါ ကျွန်တော်တို့သည် ချင်းတွင်း ဤမှာဘက်ကမ်းတွင်ပင် နေရတော့မည်လား။ စိုးရိမ်ပူပန်လာကြရပြန်၏။

ချင်းတွင်းဟိုမှာဘက်ကမ်းဆီသို့ လှမ်းမျှော်၍ကြည့်လိုက်သည်ရှိသော် တောအဆင့်ဆင့်၊ တောင်အထပ်ထပ်သည် ကျွန်တော်တို့သွားရမည့် ခရီးလမ်းကို ပိတ်ဆို့ကာဆီးလျက်ရှိနေလေသည်။

တောနှင့်တောင်တို့သည် ခရကဲ့သို့ ပတ်ခွေလျက်ရှိပြီး မိုးတိမ်နှင့်မြူများအကြားတွင် ပျောက်ကွယ်သွားကြသည်ကို တွေ့ရ၏။ ချင်းတွင်းမြစ်

ကမ်းပါးတွင် မိုးဆို၍ တစ်ပေါက်မျှမကျသော်လည်း တောင်များပေါ်တွင် မိုးရွာနေပေပြီ။

နောက်ဘက်သို့လှည့်ကြည့်လိုက်သောအခါ စစ်တပ်တစ်တပ် ချီတက်လာသည်နှင့် လုံးဝမတူသော ကျွန်တော်တို့တပ်သားများကို တွေ့ရ၏။ ခြေဆစ်မြုပ်အောင် သဲသောင်ခုံပေါ်၌ စစ်သားများ၊ အထမ်းသမားများနှင့် အစိုးရအရာရှိများသည် ကျွန်တော်တို့ အပန်းဖြေလျက်ရှိရာ ချင်းတွင်းမြစ်ကမ်းဆီသို့ ဒယီးဒယိုင်နှင့် လျှောက်လာနေကြ၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် သဲသောင်ပြင်ကို ဖြတ်၍လာနေသော ခရီးသည်များကို လှည့်၍ကြည့်လိုက်ပြီး သူ့လက်ထဲမှ ဝါးတောင်ဝှေးကို စူးစိုက်၍ကြည့်လိုက်ပြန်သည်။

ဝါးတောင်ဝှေးပေါ်တွင် တရုတ်စာဖြင့် "ရှာ"ဟူ၍ ရေးသားထားသည်ကို တွေ့ရ၏။ အဓိပ္ပာယ်မှာ... 'ရာဇဝင်ကိုဖန်တီးသူ...'ဟူသတည်း။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် တောင်ဝှေးကို သဲသောင်ပြင်ပေါ်တွင် အကြိမ်ကြိမ် ဆောင့်၍ထိုးလိုက်ရင်း နောက်မှလာနေသော ခရီးသည်များကို စူးစိုက်၍ကြည့်နေလိုက်သည်။ ပြီးမှ...

"ကျုပ်တို့ ချင်းတွင်းကို ဘယ်လိုဖြတ်ကူးကြမလဲ"ဟု ညည်းညူမြည်တမ်းလိုက်လေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ညည်းညူမြည်တမ်းသံအဆုံးတွင် ချင်းတွင်းမြစ်ကွေ့ဆီမှ ကျွန်တော်တို့ရှိရာအရပ်သို့ လှော်၍လာကြသော လုံးထွင်းလှေငါးစင်း ခြောက်စင်းကို ရုတ်တရက်တွေ့လိုက်ရ၏။ ဤလှေများနောက်တွင် အညာဆန်လှေကြီးတစ်စင်းက တရွေ့ရွေ့လိုက်ပါလာသည်။

ချင်းတွင်းကိုဖြတ်ကူးရန်အတွက် ဘုရားသခင်က ဖန်ဆင်းပေးလိုက်သကဲ့သို့ ပေါ်ပေါက်လာသော လှေများတည်း။

တပ်ကြပ်ကြီးတစ်ယောက်၏ လက်ပြအချက်ပေးချက်အရ လုံးထွင်းလှေများသည် ချင်းတွင်းမြစ်ကမ်းပါးတွင် ထိုး၍ရပ်လိုက်ကြသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် သူ့နောက်မှ ပါရှိလာသော ခရီးသည်အားလုံးကို တန်းစီရန် အမိန့်ပေးပြီးနောက် လှေတစ်စင်းတွင် တစ်ကြိမ်လျှင် လူခြောက်ယောက်စီ စီးရန် အမိန့်ပေးလိုက်၏။







ထို့နောက် ဗိုလ်မှူးကြီးဆလင်းနှင့် အရာရှိငါးယောက် ပါဝင်သောအဖွဲ့အား တပ်သားများကို ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းတွင် အစောင့်ချထားရန် ညွှန်ကြားလိုက်လေသည်။

"အရှေ့ဘက်ကမ်းကိုရောက်တာနဲ့ တစ်ပြိုင်နက် အစောင့်အနေချထားဖို့ မမေ့နဲ့..."

ရှေ့ပြေးချီတပ်သားများနှင့်အတူ လိုက်ပါလာမည့် ဗိုလ်မှူးကြီးတစ်ဦးကိုလည်း ဗိုလ်ချုပ်ကြီးစတီးဝဲလ်က အနောက်ဘက်သို့ရောက်လျှင် မည်သို့မည်ပုံ စီစဉ်ရမည်ကို ညွှန်ကြားရပြန်သည်။

ချင်းတွင်းသစ်တောခရိုင်တွင် သစ်တောအရာရှိကြီးအဖြစ် အတန်ကြာဆောင်ရွက်နေသော 'ကတ်မ်တန်'က ပထမဆုံးထွက်ခွာမည့် လုံးထွင်းလှေကို စီးကာ တစ်ဖက်ကမ်းသို့ စတင်ဖြတ်ကူးသည်။

ရေစီးသန်သော်လည်း ချင်းတွင်းမြစ်ကို ဖြတ်ကူးရာ၌ ကျွန်တော်တို့အဖွဲ့သည် ထင်သည်ထက်ပင် အနောက်ဘက်ကမ်းသို့ စောစောစီးစီးရောက်ရှိလာကြသည်။

ကျွန်တော်တို့သည် ချုံထူထူတစ်ခုထဲတွင် နေရာယူလိုက်ပြီးနောက် လားဝန်တင်များ ရောက်လာသည်အထိ စောင့်ဆိုင်းနေရင်း ချင်းတွင်းအရှေ့ဘက်ကမ်းကို ငေးမျှော်၍ ကြည့်နေမိကြသည်။

ကျွန်တော်တို့သည် ချင်းတွင်းအနောက်ဘက်ကမ်းသို့ ရောက်ရှိလာခဲ့ခြင်းအားဖြင့် ရန်သူ့လက်မှ တစ်ဝက်တစ်ပျက် လွတ်မြောက်လာခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ သို့ရာတွင် ချင်းတွင်းအနောက်ဘက်ကမ်းမှနေ၍ အင်ဖာသို့အရောက် ခရီးဆက်ရာ၌ နောက်မှ ရန်သူများ လာရောက်မတိုက်ခိုက်နိုင်ဟု မည်သူပြောနိုင်ပါမည်နည်း။

မဏိပူရပြည်၏ မြို့တော်ဖြစ်သော အင်ဖာသို့ ရောက်ရှိနိုင်ရန် ကျွန်တော်တို့သည် နာဂတောင်တန်းများကို ပထမဦးစွာ ဖြတ်ကျော်ကြရဦးမည်ဖြစ်သည်။ သိန်းငှက်၏လက်က လွတ်လာသော်လည်း ကျွန်တော်တို့မှာ စွန်ငှက်၏အန္တရာယ်ကို ကြောက်လန့်နေရသေးသည် မဟုတ်ပါလား။

ချင်းတွင်းအရှေ့ဘက်ကမ်းမှ လားဝန်တင်များ ရောက်အလာကို ချုံထူထူထဲတွင် ထိုင်၍စောင့်နေစဉ် ဒိန်ခဲနှင့် ထမင်းအနည်းငယ်ပါသော နံနက်

စာကို မလောက်မင စားကြရသည်။

နာဂတောင်တန်းပေါ်တွင် ခေါင်းဖြတ်တတ်သောလူမျိုးများ နေထိုင်လျက်ရှိသည်ဟူသော သတင်းက တောမီးပမာ ပျံ့နှံ့လာ၏...။

သစ်တောအရာရှိ ကက်(စ်)တန်က နာဂအမျိုးသားများသည် မှောင်ခိုအမျိုးအနွယ်များဖြစ်ပြီး ချင်းနှင့် ကရင်အမျိုးသားများကဲ့သို့ ထုံးတမ်းစဉ်လာနှင့် မိမိတို့သဘာဝအလိုက် ယဉ်ကျေးမှုရှိသော လူမျိုးများဖြစ်ကြောင်းကို ကျွန်တော်တို့အား ရှင်းလင်းပြောပြ၏...။

ယခင်က ခေါင်းဖြတ်တတ်သောအလေ့ ရှိသည်မှန်သော်လည်း ယခုအချိန်တွင် တောင်ယာစိုက်ပျိုး လုပ်ကိုင်စားသောက်နေကြောင်း၊ တောင်ယာစပါးများ အလွန်ညံ့ဖျင်းသည့်အချိန်နှင့် လူမျိုးရေးမကျေနပ်သည့်အချိန်များတွင်သာ ခေါင်းဖြတ်တတ်သည့်အလေ့ ရှိတော့ကြောင်း စသည်ဖြင့် နာဂတောင်တန်းတရားကို သစ်တောအရာရှိ ကက်စ်တန်က ဆက်လက်ပြောပြနေပြန်သည်။

ဤအချိန်တွင်ပင် အရှေ့ဘက်ကမ်းမှ လားဝန်တင်များ ရောက်ရှိလာသောကြောင့် ကျွန်တော်တို့သည် အနောက်ဘက်သို့ ရှေးရှုကာ ခရီးဆက်ခဲ့ကြပြန်၏။

ဝါးရုံစေးပျစ်များကို ခုတ်ထွင်ရှင်းလင်းကာ ချီတက်လာကြသောအခါ မီးလောင်ထားသော တောရိုင်းမြေကို တွေ့ကြရသည်။

နားနေသည့်အချိန်များတွင် စိုထိုင်းထိုင်း ညစ်ပုပ်ပုပ်ရှိသော တောအနံ့က ကျွန်တော်တို့နှာခေါင်းအတွင်းသို့ တိုးဝင်လာကြ၏...။

များမကြာမီ တောင်မြင့်ကမ်းပါးကြီးဆီမှ ကျွန်တော်တို့ရှိရာသို့ လာနေသော နာဂအမျိုးသားအချို့ကို တွေ့လိုက်ရလေသည်။

ကျောပေါ်တွင် သယ်ဆောင်လာသော သက်ငယ်အစိမ်းများကို တွေ့ရ၏။ ကျွန်တော်တို့တွေ့နေကျ ရှမ်းအမျိုးသား ဝန်ထမ်းများကဲ့သို့ မဟုတ်ဘဲ ကျောပေါ်တွင် လေးလံသော သက်ငယ်အထုပ်များကို ထမ်းကာ အထုပ်များနောက်သို့ လွင့်စဉ်၍မကျရလေအောင် နဖူးတွင် ကြိုးတင်၍ သိုင်းထားသည်ကို တွေ့ရ၏။

ခေါင်းနှင့် မျက်နှာပေါ်တွင် ကြွက်သိုက်ကဲ့သို့ ဗရပွေလိုက်နေ၏။







ဝတ်ထားသော အဝတ်များမှာလည်း အစုတ်စုတ်အပြတ်ပြတ် ဖြစ်နေ၏။

မသန့်ရှင်းသော သူတို့ကိုယ်ခန္ဓာမှ အနံ့ဆိုးကြီးများက ကျွန်တော်တို့၏ နှာခေါင်းအတွင်းသို့ ဝင်လာကြ၏။ နို့တွဲလောင်းနှင့် နာဂအမျိုးသမီးများကလည်း နာဂယောကျ်ားများနည်းတူ ကျောပေါ်တွင် သက်ငယ်အထုပ်များကို သယ်ပိုးလာကြ၏...။

နာဂအမျိုးသားများ၏ ပြောပြချက်အရ ဤသက်ငယ်ထုပ်များကို ချင်းတွင်းမြစ်ကမ်းတစ်နေရာရှိ အကြီးအကဲထံသို့ အိမ်ရာဆောက်လုပ်ရန် လက်ဆောင်အဖြစ် သွားရောက်ပေးပို့ရမည့်အကြောင်းကို သိရှိရ၏။ ကျွန်တော်တို့က ချင်းတွင်းမြစ်ကမ်းပေါ်တွင် အကြီးအကဲ အစိုးရအရာရှိဟူ၍ မရှိရကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့နှင့်အတူ လမ်းပြအဖြစ်၊ ဝန်ထမ်းများအဖြစ် လိုက်ခဲ့စေလိုကြောင်း ပြောပြလေသောအခါ နာဂအမျိုးသားများက အလွယ်တကူပင် လက်ခံလာကြသည်...။

ကျွန်တော်တို့သည် ချင်းတွင်းအရှေ့ဘက်ကမ်းသို့ ပြန်ချင်နေသော ရှမ်းဝန်ထမ်းများကို အခကြေးငွေများပေး၍ ပြန်လွှတ်လိုက်ပြီးနောက် နာဂအမျိုးသား အမျိုးသမီးဝန်ထမ်းဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြ၏။

နာဂဝန်ထမ်းများသည် ရှမ်းအမျိုးသားများထက် ပစ္စည်းများကို သယ်ယူနိုင်ရုံမက မတ်စောက်သော တောင်ကုန်းများကို မညည်းမညူဘဲ တိုက်နိုင်သော အဖော်ကောင်းများ ဖြစ်နေလေသည်။

နာဂလမ်းပြများသည် လမ်းတွင် ရွှံ့ဗွက်အိုင်များကိုတွေ့တိုင်း မည်သည့်နေရာမှ လှည့်ပတ်၍ သွားရမည်ကို သူတို့ချင်း အချင်းချင်း အတန်ကြာအောင် တိုင်ပင်လေ့ရှိကြသည်...။

သို့ဖြင့် ကျွန်တော်တို့စစ်ကြောင်းမှာ သူတို့တိုင်ပင်ရန် ရပ်လိုက်သည့်အခါတိုင်း ခရီးနှောင့်နှေး ကြန့်ကြာနေခဲ့ရလေသည်။ ခရီးမှာ ခြေကျင်လမ်းဟူ၍ပင် မရှိသော တောများ တောင်များကို တတ်နိုင်သမျှ ခုတ်ထွင်ရှင်းလင်း၍သွားရသောလမ်း ဖြစ်လေသည်...။

ကျွန်တော်တို့၏ ဝန်ထုပ်ဝန်ပိုးများကို ထမ်းလာသော နာဂအမျိုးသားများအနက် နှစ်ယောက်မှ လမ်းတွင် သတိလစ်ပြီး မေ့သွားသည်အထိ လမ်းခရီးက ကြမ်းတမ်းလှသည်။

ရှေ့သို့တက်သွားတိုင်း လမ်းမှာ ခြောက်သွေ့လာသည်။ ခြောက်သွေ့သည် ဆိုရာ၌ အပေါ်မှ နေရောင်ကို အကာအကွယ်ပေးနိုင်သော သစ်ပင်ကြီးများ ကင်းမဲ့နေသောကြောင့်ပင်တည်း။

ကျွန်တော်တို့သည် တဖြည်းဖြည်း၊ တစ်စစ ပြင်းထန်၍လာနေသော နေအရှိန်ကို မခံမရပ်နိုင်အောင် ဖြစ်လာကြ၏။

ရောင်ပြန်ဟပ်နေသော ဝါးရုံပင်များမှ အပူရှိန်ကြောင့် ပို၍ အနေရအထိုင်ရ ခက်လာသည်ဟု ထင်ရသည်။

တောထဲသို့ရောက်နေပါလျက် စိမ့်ကြီးဂနိုင်ကြီးများ၏ အရိပ်အာဝါသကို မခိုကပ်ဘဲ ပူပြင်းတောက်လောင်လျက်ရှိသော နေအရှိန်ကိုသာ ဆက်တိုက်ခံလာရသောအခါ စစ်သည်တော်များအတွင်းမှ ညည်းညူသံများ ပေါ်ထွက်လာလေသည်။

## ( ၁၇ )

ဝဝဖိုင့်ဖိုင့် အိန္ဒိယအမျိုးသားစစ်ဗိုလ်တစ်ယောက်မှာ လမ်းဘေးတွင် အမောဆို့ကာ လဲကျသွားသည်။ အရာရှိတစ်ယောက်က ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား ထရုံကဲ့သို့ မတ်စောက်သော တောင်တက်ခရီးတွင် ၁၀ မိနစ်ကြာတိုင်း တစ်ကြိမ်စီ ရပ်နားရန် အကြံပေးလာသည်။

"မောင်ရင်ပြောတဲ့နှုန်းအတိုင်း သွားရမယ်ဆိုရင် ဘယ်တော့မှ ကျုပ်တို့ အင်ဖာကို ရောက်မှာမဟုတ်ဘူး ..."ဟု ဗိုလ်ချုပ်ကြီးစတီးဝဲလ်က စိတ်မသက်မသာနှင့် ပြောဆိုလိုက်လေသည်။

ပူပြင်းသောနေဒဏ်ကြောင့် ခရီးသွားရဲဘော်များမှာ လဲသူလဲ၊ ပြိုသူပြိုဖြစ်နေကြရ၏။ လဲသူက ပြိုသူများကို လူတွဲ၍လည်းကောင်း၊ ဖြစ်ကတတ်ဆန်း ထမ်းစင်များဖြင့်လည်းကောင်း သယ်ယူနေရသည့်အလုပ်မှာ ပို၍ ခက်ခဲပင်ပန်းလှချေ၏။

နေ့လယ် ၁၂ နာရီခန့်တွင် လေယာဉ်ပျံတစ်စင်း ကျွန်တော်တို့ခေါင်းပေါ်မှ ပျံဝဲနေသံကို ကြားရ၏။

ချင်းတွင်းမြစ်ကမ်းဆီသို့လည်း နိမ့်နိမ့်ပျံဆင်းကာ လူးလာခေါက်တုံ့ဝဲပျံနေသည်ဟု ထင်ရ၏။ သို့သော် ကျွန်တော်တို့က လေယာဉ်ကို မမြင်နိုင်







လောက်အောင် တောထဲတောင်ထဲသို့ ရောက်နေကြပြီဖြစ်သည်။

ကျွန်တော်တို့သည် ပြင်ပကမ္ဘာကြီးနှင့် အဆက်အသွယ် ပြတ်တောက်နေလေသည်တကား...။

နာဂလမ်းပြခေါင်းဆောင်တစ်ဦး၏ ပြောပြချက်အရ ကျွန်တော်တို့ဆက်လက်ချီတက်ရမည့်လမ်းပေါ်တွင် ကျွန်တော်တို့ တည်းခိုနားနေနိုင်သော တောင်ပေါ်ဗိုလ်တဲတစ်ခု ရှိသည်ဟု သိရ၏။

သို့သော် ကျွန်တော်တို့ ထိုနေရာသို့ ရောက်ရှိသွားသောအခါ၌ကား တောင်ပေါ်ဗိုလ်တဲရှိသည်ဟု ဆိုသည့်နေရာတွင် ပြာပုံများကို တွေ့ရတော့သည်။

ပြာပုံဖြစ်နေသော ဗိုလ်တဲနေရာနှင့် မလှမ်းမကမ်းတွင် ကျောက်ခဲကျောက်တောင်များပေါ်မှ စီးဆင်းနေသော စမ်းချောင်းများကို တွေ့ရ၏။

စမ်းချောင်းတစ်ဖက်တွင် အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးတစ်ပင် ရှိနေသည်။ အချို့သောအဖွဲ့သားများက ဤသစ်ပင်အောက်တွင် ညအိပ်စခန်းချရန် ပြင်ဆင်နေစဉ် ကျွန်တော်တို့ သတင်းစာဆရာများအဖွဲ့က စမ်းချောင်းကလေး ဤမှာဘက်ရှိ ကျောက်တုံးနှစ်ခုအကြား သဲသောင်ပြင်ပေါ်တွင် သစ်ခက်များမိုးကာ၍ ညအိပ်စခန်းပြုလုပ်လိုက်ကြ၏။

အနောက်ဘက်တစ်ခိုတွင် ညိုမှိုင်းဆိုင်းတွဲ့နေသော မိုးတိမ်များက တောင်ပေါ်တွင် ဆင်ရာတိမ်မိုး ရွာဖြိုးတော့မည့်အကြောင်းကို သတိပေးနေတော့၏။

မြေပျော့ပျော့တွင် ထင်းထင်းရင်းရင်းကြီး ကျန်နေရစ်ခဲ့သော ဆင်ခြေရာများ တိမ်သွားလောက်အောင် ဤအချိန် ဤအခါသမယ၌ ရွာသွန်းတတ်သောမိုးပင်တည်း။

n

## ( ၁၇ )

ရွှေဘိုမှ ကျွန်တော်တို့ ထွက်ခွာလာသည့်အချိန်မှာ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းပေါ်ရှိ တောတောင်များအကြားသို့ ရောက်ရှိလာသည့် နေ့ရက်ကို ရေတွက်ကြည့်လိုက်လျှင် ၁၄ ရက်တိုင်တိုင် ကြာမြင့်ခဲ့ပေပြီ။

ပါလာသောရိက္ခာများမှာ တစ်နေ့ထက်တစ်နေ့ လျော့နည်း၍လာခဲ့၏။

ရွှေဘိုမှ ထွက်ခွာလာပြီးနောက် ၁၄ ရက်မြောက်သောနေ့တွင် ကျွန်တော်တို့လက်ထဲ၌ရှိသော ရိက္ခာကို စစ်ဆေးကြည့်ရှုလိုက်သောအခါ ၃ နပ်စာမျှသော ဆန်ကိုသာ တွေ့ရပေတော့၏။







ကျွန်တော်တို့နှင့်ပါလာသော ဝန်ထမ်းသမားများက ထွက်သွားတော့မည်တကဲကဲလုပ်နေကြသည်။ ဝန်ထမ်းသမားများသာ ထွက်သွားခဲ့လျှင် ပါလာသော အိပ်ရာလိပ်များကို ဆက်လက်သယ်ယူနိုင်တော့မည်မဟုတ်၊ ကျန်ရှိနေသေးသော ရိက္ခာများကို ကျွန်တော်တို့ကိုယ်တိုင် သယ်ယူထမ်းပိုးကြရတော့မည်ဖြစ်၏။

လူတိုင်းလူတိုင်းမှာ အစာရေစာကလည်းမဝ ခရီးကလည်း ပန်းလှသောကြောင့် မိမိတို့ကိုယ်ကိုပင် အနိုင်နိုင်သယ်ယူနေကြရ၏။

အဘယ်မှာလျှင် ကျန်နေသေးသော စားရေရိက္ခာနှင့် အိုးခွက်ပန်းကန်များကို သယ်ယူနိုင်ပါအံ့နည်း။

ဤကဲ့သို့ အဆမတန် ခရီးပန်းနေသည့်အထဲတွင် ငှက်ဖျားဒဏ်က လာရောက်ဖိစီးနေပြန်သည်။ ခြေဆစ်များရောင်ရမ်းကာ တိုက်မိခိုက်မိသော ဒဏ်ရာများမှာ ပြည်တည်လျက်ရှိနေသည်။

အသားအရောင်များမှာ သွေးမရှိတော့ဘဲ ဝါကြင်ကြင်ဖြစ်နေကြ၏။ ယခင်က ရယ်ရယ်မောမော ပြောင်ပြောင်လှောင်လှောင် ခရီးသွားနေခဲ့ကြသော စစ်သားများသည် ယခုအချိန်တွင် ရယ်စရာမောစရာစကားများကို တစ်လုံးတစ်ပါဒမျှ မပြောနိုင်ကြတော့ဘဲ ညည်းတွား၍သာနေကြတော့၏။

မေလ ၁၄ ရက်နေ့နံနက်တွင် ခရီးဆက်ရန် အိပ်ရာမှထကြသည့်အခါ ကျွန်တော်တို့အားလုံး၏ ကိုယ်ခန္ဓာတွင် အားအင်ဟူ၍ မရှိသလောက်ဖြစ်နေလေသည်။ အားအင်ဆုတ်ယုတ်လာသည်နှင့်အမျှ မျှော်လင့်ချက်ကလည်း နည်းပါးလာသည်။

ကျွန်တော်တို့အဖို့ ရည်ရွယ်ချက်ပန်းတိုင်ဟူ၍ မရှိတော့ဘဲ တောကြီးမျက်မည်းထဲတွင် အသက်မသေမချင်း တစ်တောဝင် တစ်တောထွက် သွားနေရတော့မည်ကဲ့သို့ ရှိနေရ၏။

ရှေ့သို့မျှော်ရှုလိုက်တိုင်း တောအဆင့်ဆင့် တောင်အထပ်ထပ်သည် ကျွန်တော်တို့ကို ခြောက်လှန့်နေသကဲ့သို့ ထင်နေရ၏။

ပေ ၇၀၀၀ ကျော်မြင့်သော တောင်ကြီးများမှာ ကြည့်လိုက်လျှင် နီးနီးကလေးသာရှိသည်ဟု ထင်ရသော်လည်း တောင်ခြေရင်းသို့ရောက်ရန် အမောတကောသွားကြရ၏...။

မြင်နေရသောတောင်ကို ဖြတ်ကျော်မိပြီးသည်၏ အခြားမဲ့၌လည်း များစွာသော တောင်ဆင့် တောင်ထပ် တောင်ကလပ်တို့သည် အစီအရီရှိနေကြပြန်သေး၏။

ဤတော ဤတောင်များကို ဖြတ်ကျော်နိုင်ရန်အတွက် ကျွန်တော်တို့တွင် အင်အားအများကြီးရှိရန် လိုအပ်သည်။

ဖွဲ့အများကြီးရှိရန်လိုအပ်သည်။ တစ်ချိန်တည်းတွင်ပင် ယခုရှိနေသော ရိက္ခာများထက် ပို၍ကောင်းမွန်သောအစားများ လိုအပ်သည်။

သို့သော် တစ်နေထွက်ရန် ခရီးတစ်ထောက်လှမ်းလေတိုင်း ကျွန်တော်တို့၏ အားအင်များသည် ကုန်ခန်းခဲ့၏။ ကျွန်တော်တို့အဖို့ နားနားနေနေ စားစားသောက်သောက်နှင့် ရက်အတန်ကြာအောင် အပန်းဖြေနိုင်ခွင့် ရှိရမည် ဖြစ်လင့်ကစား တစ်ရက်မျှ နားနေရသည်ဟူ၍မရှိ။

မိုးဖြိုင်ဖြိုင်မကျမီ အင်ဖာသို့အရောက် သွားရပေတော့မည်...။

ဟုမ္မလင်းတွင်ရှိစဉ်က ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ကျွန်တော်တို့ထက် စော၍ အင်ဖာသို့ ခရီးထွက်မည့် အဖွဲ့တစ်ဖွဲ့အား သက်ဆိုင်ရာသို့ဟု လိပ်စာတပ်ထားသော စာတစ်စောင်ကို ဆောင်းပါးအဖြစ် ပေးထားခဲ့၏။

အကယ်၍သာ ဆောင်းပါးပေးလိုက်သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ စာသည် သက်ဆိုင်ရာအာဏာပိုင်များလက်သို့ ရောက်သွားခဲ့လျှင် ကျွန်တော်တို့အတွက် မျှော်လင့်ချက်ရှိနေဦးမည်ဖြစ်၏။

သို့ရာတွင်...ဤစာကို ယူဆောင်သွားသူသည် လမ်းတွင် သေဆုံးလေသလား...။ လိုရာခရီးသို့ပင် ရောက်သွားလေသလား...။ ကျွန်တော်တို့







မသိ။

၁၅ ရက်မြောက် နံနက်တွင် ဆားငန်ငန်ခတ်ထားသော နံနက်စာကို စားသောက်ပြီးနောက် ကျွန်တော်တို့ ခရီးဆက်ရန် ပြင်ကြရပြန်၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ယနေ့ချီတက်ရမည့် ခရီးစဉ်တွင် နေ့လယ်ရပ်နားချိန်အထိ စမ်းရေပေါက်ကို တွေ့ကြရလိမ့်မည် မဟုတ်သောကြောင့် ရေကို အရမ်းကာရော ဖြုန်းတီးမပစ်ကြရန် သတိပေးသည်။

ကိစ္စအဝဝရှိသမျှကိုလည်း သူ့အား တိုက်ရိုက်လာ၍မပြောဘဲ ဗိုလ်မှူးကြီးဝိုင်မင်နှင့်သာ တိုင်ပင်ကြရမည်ဟု ညွှန်ကြားသည်။

ဆက်လက်ချီတက်ရန် ခရာတွတ်သံ ပေါ်လာသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့သည် စမ်းချောင်းကလေးတစ်ခုကို ဖြတ်ကျော်၍ ချီတက်ကြရလေသည်။

တောင်တက်ခရီးဖြစ်၍ တပ်သားအားလုံးပင် မောဟိုက်နေကြ၏။ တောမှာ နက်သည်ထက် နက်လာသည်။ ရွက်ကြွေသစ်တောကို ဖြတ်၍ ချီတက်နေကြရသောကြောင့် စိုထိုင်းသောသစ်ရွက်များပေါ်တွင် ခြေထောက်ချရသည်မှာ ရေခဲပေါ်တွင် လမ်းလျှောက်ရသကဲ့သို့ ဖြစ်နေသော်လည်း အပေါ်မှ တစ်စတစ်စ ထွန်းတောက်လာသော နေရောင်ကြောင့် ကိုယ်အထက်ပိုင်းမှာ မီးအုံး၍ထားသကဲ့သို့ ရှိနေပြန်၏။

တောပန်းတောင်ပန်းတို့က ဖြူနီညိုဝါပြာ ဆန်းစုံစွာ ပွင့်ဖူးနေကြသော်လည်း တော၏အလှကို ကျွန်တော်တို့က စိတ်မဝင်စားနိုင်။

မကြာမီပင် ရုတ်တရက်ရွာချလိုက်သော မိုးဒဏ်ကို မမျှော်လင့်ဘဲ ခံကြရပြန်၏။ အချို့သောတပ်သားများက ခြောက်ပေခန့်ရှည်သော တောငှက်ပျောရွက်ကို စုတ်ကာ ထီးသဖွယ်မိုးထားကြရသည်။

ရွက်ကြွေလမ်းပေါ်တွင် လှုပ်ရှားနေသော ကျွန်တော်တို့၏ ခြေသံ၊ တဖြောက်ဖြောက်ကျနေသော မိုးသံ၊ တောငှက်များ၏ အော်သံတို့က ပတ်ဝန်းကျင်တစ်ခုလုံးကို ပွဲတင်ရိုက်နေစေသည်။

ကျွန်တော်တို့သည် စိုထိုင်းထိုင်းရှိနေသော သစ်ရွက်များပေါ်တွင် လျှောက်မြဲလျှောက်နေကြရ၏။ ချုံပုတ်များအောက်တွင် ခွေနေသော အစိမ်းရောင်မြွေများကို တွေ့ရသည်။ သို့သော်... ကျွန်တော်တို့အား ရန်မူခြင်း

မရှိကြ။

သစ်ရွက်များအကြားမှ ထိုးဖောက်လာသော နေရောင်က ကျွန်တော်တို့ တစ်ကိုယ်လုံးကို ချွေးဖြိုင်ဖြိုင်ထွက်နေစေ၏။ ခရီးမှာ ပို၍ကြမ်းတမ်းလာသည့်အလျောက် လူတိုင်းပင် အသက်ရှူ၍မဝအောင် ဖြစ်နေကြ၏။ တစ်ယောက်နောက်မှတစ်ယောက် စီတန်း၍လိုက်လာရာမှ လမ်းဘေးသို့ထွက်ကာ နားနေသူ ထိုင်နေသူများ ပို၍များလာ၏။

ကျွန်တော်တို့အဖွဲ့နှင့် အတူပါလာသော ဆေးမှူးက ဗိုလ်ချုပ်ကြီး စတီးဝဲလ်အား ခဏခဏရပ်နား၍ အမောဖြေရန် တိုက်တွန်းနေသည်။ သို့ရာတွင် ခေါင်းမာလှသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်က တော်မီကို လက်ထဲတွင် အသင့်ကိုင်ထားပြီး လမ်းဘေးသို့ ထွက်၍ထိုင်နေသူ၊ နားနေသူ မှန်သမျှကို ဆက်လက်၍ ချီတက်ရန် အမိန့်ပေးနေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် နားနေသူ၊ ထိုင်နေသူ မှန်သမျှကို ရှေ့သို့ ချီတက်ရန် အမိန့်ပေးလိုက်ပြီးနောက် သူကိုယ်တိုင် အဖွဲ့သားများ၏ရှေ့မှ တော်မီကို ပခုံးထက်တွင်လွယ်ကာ ချီတက်နေပုံမှာ အားကျဖွယ်ကောင်းလှတော့၏။

စကားအရာ လိမ္မာရေးခြားရှိလှသော တပ်ပေါင်းစုံ ဗိုလ်ချုပ်ကြီးများ၊ သမ္မတကြီးများ၊ ဝန်ကြီးချုပ်များ၏ မိန့်ခွန်းများသည် လူထုပရိသတ်အား ဆွဲဆောင်နိုင်စွမ်းရှိလှသည်။

သို့သော်…အသက် ၅၉ နှစ်ရှိနေပြီဖြစ်သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ခြေလှမ်းလောက် အဆိုပါ တပ်ပေါင်းစုံဗိုလ်ချုပ်များ၊ သမ္မတများ၊ ဝန်ကြီးများ၏ မိန့်ခွန်းသည် ကျွန်တော်တို့အား ဆွဲဆောင်နိုင်ခြင်းမရှိပါ။

အဖွဲ့ဝင်ပေါင်း ၁၀၀ လောက်သာပါရှိသော ဌာနချုပ်တစ်ခုကို ဗိုလ်ချုပ်ကြီးတစ်ယောက်က ဤကဲ့သို့ လမ်းမရှိ၊ ပန်းမရှိသော တောကြီးတောင်ကြီးထဲမှ ဖြတ်၍ ချီတက်ဖူးသည့် အစဉ်အလာရော ရှိခဲ့ပါသလား..ဟု ဗိုလ်ချုပ်ကြီး စတီးဝဲလ်အား ကျွန်တော်က မေးကြည့်မိသည်။

"ကျုပ်သိသလောက်တော့ ပြောရမယ်ဆိုရင်တော့ တစ်ယောက်မှ မရှိဘူး …"

"တပ်ရင်းမှူးတစ်ယောက်က တိုက်ပွဲတစ်ပွဲမှာ ကျန်ရစ်နေတဲ့ သူ့လူ







တွေကို ခေါင်းဆောင်ပြီး ခေါ်လာတာနဲ့ မတူဘူးလား…"

စိတ်ကောင်းဝင်နေသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား ကျွန်တော်က ထပ်၍မေးခွန်းထုတ်လိုက်၏။

"အေး…မောင်ရင်ပြောတာလည်း ဟုတ်တုတ်တုတ်ပဲ။ အင်ဖာရောက်တဲ့အချိန်မှာ ကျုပ်လက်အောက်က တပ်သားအရေအတွက်ဟာ တပ်ရင်းတစ်ရင်းက တပ်ပျက်လာတဲ့ တပ်သားအရေအတွက်လောက်ပဲ ရှိနေမှာ အမှန်ပဲ…"

ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ရယ်ရယ်မောမောဖြင့် အဖြေပေးလိုက်လေသည်။

နေ့လယ် စခန်းရပ်နားသည့်အချိန်တွင် ရေဆို၍ တစ်ပေါက်မျှ ရရှိမည် မဟုတ်ဟု ခန့်မှန်းထားသော်လည်း ခရီးစသည့်အချိန်မှ ရွာထားခဲ့သောမိုးကြောင့် တောင်နှစ်လုံးအကြားရှိ သဲချောင်းတွင် ရေများဖြင့် ပြည့်နေသည်ကို ကျွန်တော်တို့ တွေ့ရသည်။

ကျွန်တော်တို့သည် နံနက်စာ စားသောက်ပြီးနောက် တစ်နေ့လုံး အိပ်စက်အပန်းဖြေကြ၏။

အိပ်ရာမှနိုးသည့်အချိန်တွင် အဝတ်လျှော်သူလျှော်၊ ရေချိုးသူချိုးဖြင့် စမ်းချောင်းတစ်ခုလုံး ဆူညံနေသည်ကို တွေ့ရ၏။

ငါးသေတ္တာနှင့် ထမင်းတို့ စားသောက်ပြီးကြပြီဖြစ်၍လည်း ကျွန်တော်တို့မှာ အားအင်ပြည့်ဖြိုးလာသကဲ့သို့ ဖြစ်နေကြ၏။

ခရီးထွက်ရန် ခရာတွတ်သံပေးလိုက်သည်နှင့်တစ်ပြိုင်နက် တစ်ရာခန့်ပါဝင်သော အဖွဲ့သားများသည် မတ်စောက်သောတောင်ပေါ်သို့ သူ့ထက်ငါ ဦးအောင် အလုအယက်တက်နေကြလေသည်။

လေက တမြမြအေးနေသော်လည်း တောင်တက်လမ်းကို လှမ်းလာခဲ့ကြရသောကြောင့် ကျွန်တော်တို့ကိုယ်တွင် ချွေးတလုံးလုံး ဖြစ်နေကြရတော့၏။

သစ်တောမှာ စောစောကထက် ပါး၍လာပြီး လမ်းဘေးတစ်ဖက်တစ်ချက်တွင် ဆင်တစ်ရပ်ခန့်မြင့်သော ကိုင်းပင်များကို တွေ့လာရသည်။

ကွေ့ကောက်သော တောင်ပေါ်လမ်းအတိုင်း တမောတကော လာမိ

ကြသောအခါ တောင်ပေါ်ရွာတစ်ရွာမှ အကြီးအကဲတစ်ယောက်ကို လမ်းကွေ့တစ်ခုတွင် မမျှော်လင့်ဘဲ ရုတ်တရက် တွေ့လိုက်ကြရလေသည်။

တောင်ပေါ်ရွာမှ အကြီးအကဲဖြစ်သူသည် ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား နှုတ်ဆက်လိုက်ပြီးနောက် ကျွန်တော်တို့အား ခေါင်းဆောင်၍ ရှေ့မှ ချီတက်သွားသည်။

လမ်းသည် ပို၍ မတ်စောက်လာသည်နှင့်အမျှ ပို၍အကွေ့အကောက်များလာလေသည်။

ကျွန်တော်တို့မှာ တောင်ပေါ်အကြီးအကဲနောက်သို့ လိုက်လာမိခဲ့ခြင်းပင်လျှင် မှားလေရော့သလားဟု သံသယဝင်ခဲ့မိလေသည်။

စောစောက မှန်မှန်လှမ်းလျက်ရှိသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ခြေလှမ်းများသည်ပင် နှေးကွေးတုံ့ဆိုင်း၍လာလေသည်။ တပ်သားအချို့မှာ မတ်တတ်ပင် မလျှောက်နိုင်တော့ဘဲ လေးဘက်တွား၍ တက်နေကြရပေသည်။

နောက်တွင် လဲပြိုမူးမေ့၍ ကျန်ရစ်ခဲ့သူများ အလွယ်တကူ လိုက်လာနိုင်စေရန် သစ်ပင်များတွင် ဓားထစ်၍ အမှတ်အသားပြထားခဲ့ကြပြီးနောက် ဆက်လက်၍ ချီတက်လာခဲ့ကြသည်။

မတ်စောက်သော တောင်နံရံတစ်ခုကို ကျော်၍တက်လိုက်သောအခါ ညီညာသောတောင်ထိပ်တစ်ခု၏အပေါ်သို့ ကျွန်တော်တို့ ရောက်လာကြ၏။

တောင်ထိပ်ပေါ်မှနေ၍ ကြည့်လိုက်သောအခါ တသွင်သွင်စီးဆင်းနေသော ချင်းတွင်းမြစ်ရေပြင်ကို တွေ့ရ၏။

မြစ်ထဲတွင် ဂျပန်တိုက်ရေယာဉ်ဟူ၍ တစ်စင်းမျှ မမြင်ရသောအခါ ကျွန်တော်တို့သည် နောက်မှလိုက်လာမည့် တပ်ဖွဲ့သားများအတွက် ဝမ်းသာအားရဖြစ်မိကြလေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ချင်းတွင်းမြစ်ရေယာဉ်ကို ခဏမျှ စိုက်ကြည့်လိုက်ပြီးနောက် စကားတစ်ခွန်းမပြောဘဲ ပို၍မြင့်သောတောင်ပေါ်သို့ ဆက်လက်ချီတက်နေလေသည်။

ညနေအချိန်သို့ ရောက်ရှိလာတော့မည် ဖြစ်သည့်အလျောက် လေမှာ ပို၍ပြင်းလာပြီး ကောင်းကင်က ပို၍မည်းမှောင်လာသည်။ မကြာမီပင်







မိုးများ တဖြောက်ဖြောက်ရွာသွန်းလာလေသည်။

တောင်ပေါ်မိုးဖြစ်၍ ခဏအတွင်းတိတ်သွားမည်ဟု ထင်ရသော်လည်း မိုးပစ္စုန်သည် ထောင်အားသုန်ကာ မာန်ဟုန်ပြင်းပြင်းနှင့် ဆက်လက်ရွာချနေ၏။

တပ်သားတိုင်းပင် ကြွက်စုတ်ကလေးများကဲ့သို့ ဖြစ်နေကြလေသည်။

စောစောက စိုထိုင်းထိုင်းဖြစ်နေသော တောလမ်းသည် မိုးရေကြောင့် ဗွက်ပေါက်လာကာ ကျွန်တော်တို့ခရီးကို တမင်ဖင့်အောင်လုပ်နေသကဲ့သို့ ဖြစ်နေ၏။

နောက်မှ ထက်ကြပ်မကွာလိုက်လာသော ဂျပန်တို့လက်မှ လွတ်လာသော်လည်း ကျွန်တော်တို့သည် မာန်ဟုန်ပြင်းသော မိုးပစ္စုန်ကို ရင်ဆိုင်တွေ့နေရပြန်လေသည်။

တောင်တက်လမ်းသည် ပို၍မတ်စောက်လာ၏။ တဖြိုင်ဖြိုင်ရွာသွန်းနေသောမိုးကြောင့် ပို၍အတက်ရခက်နေသည်။

မိုးမှောင်မှောင်အကြားတွင် ကျွန်တော်တို့မြင်လိုက်ရသော အရာကား တဲကလေး လေးငါးခြောက်လုံးပင် ဖြစ်လေသတည်း။

လဲသူလဲ၊ ပြိုသူပြို၊ ငိုသူငို ဖြစ်နေရသည့်အကြားမှ လမ်းဘေးတွင် တဲကလေး လေးငါးခြောက်လုံးကို တွေ့ရှိလိုက်ရသော ကျွန်တော်တို့အဖို့ နိဗ္ဗာန်ဘုံ၏ ထောင့်စွန်းကလေးတစ်ခုကို တွေ့ရှိလိုက်ရသလို ဝမ်းသာ၍ သွားကြ၏။

တဲများပတ်ဝန်းကျင်တွင် ရွှံ့နှင့်ဗွက်များက လှိုင်းထသကဲ့သို့ ရှိနေ၏။

တဲအတွင်းတွင် မည်းနက်သော အသားအရောင်ရှိသည့် တောင်ပေါ်အမျိုးသားအချို့ မီးပုံဘေးတွင် ထိုင်လျက်သား တွေ့ရှိ၏။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် ကျွန်တော်တို့သည် မှောင်ကုပ်ကုပ်ရှိနေသော တဲတစ်ခုအတွင်းသို့ ဝင်သွားကြပြီးနောက် ရွှဲရွှဲစိုနေသော အင်္ကျီများကို ချွတ်ကာ ဝါးလုံးတန်းတစ်ခုပေါ်တွင် လွှား၍တင်လိုက်ကြ၏။

ဤသို့တင်လိုက်စဉ်ပင် တဲထဲ ထောင့်တစ်နေရာ၌ မတ်တတ်ရပ်ကာ ကျွန်တော်တို့အား ပြုံး၍ကြည့်နေသော မျက်နှာဖြူ အမျိုးသားတစ်ယောက်ကို အမှတ်မထင် တွေ့လိုက်ရလေသည်။

"ကျုပ်တို့ဟာ ဗိုလ်ချုပ်ကြီးစတီးဝဲလ်ရဲ့ အဖွဲ့သားတွေပဲ..."

"ဟုတ်ပါတယ်၊ ကျွန်တော်သိပါတယ်။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်ရဲ့အဖွဲ့ကို ကျွန်တော် ဒီကနေပြီး လာကြိုဆိုတာပါပဲ..."

တဲထောင့်မှ မျက်နှာဖြူအမျိုးသားက ရိုသေလေးစားသော အမူအရာဖြင့် ပြန်၍ပြောဆိုလိုက်လေသည်။

ကျွန်တော်နဲ့အတူ အထမ်းသမား ၅၀၀ ပါလာတဲ့အပြင် ရိက္ခာတွေ၊ စီးကရက်တွေလည်း ပါလာသေးတယ်...။

## ( ၁၈ )

ဗိုလ်ချုပ်ကြီးနဲ့ အဖွဲ့သားတွေ ဆေးဝါးအဖြစ် မှီဝဲနိုင်အောင်လည်း ရမ်ပုလင်းတွေပါ ယူဆောင်လာခဲ့ပါတယ်။ အထမ်းသမားတွေနဲ့ ရိက္ခာတွေကို လမ်းစဉ်တစ်လျှောက်မှာရှိတဲ့ စခန်းတွေမှာ အသီးသီးခွဲပြီး နေရာချထားခဲ့ပါတယ်..."

ကျွန်တော်တို့အား လာရောက်ကြိုဆိုသော အရာရှိကို ကျောပေးကာ အကျီကို ရေနှစ်နေသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်က နောက်သို့လှည့်မကြည့်ဘဲ မေးလိုက်၏။

"ဒီစခန်းကိုရောက်ဖို့ ဘယ်နှစ်ရက်လောက် လာခဲ့ရသလဲ..."

"ငါးရက်တိတိ လာခဲ့ရပါတယ်...ဗိုလ်ချုပ်ကြီး..."

"မောင်ရင့်ကို ဘယ်သူလွှတ်လိုက်တာလဲ..."

"အာသံနဲ့ ဘင်္ဂါနယ်မြေဒေသမှာ တပ်မှူးအဖြစ် ဆောင်ရွက်နေတဲ့ ဗိုလ်ချုပ်ကြီးဝုဒ်က စေလွှတ်လိုက်တာပါ..."

ကျွန်တော်တို့အား လာရောက်ကြိုဆိုသော အရာရှိသည် ဗိုလ်ချုပ်ကြီးမေးသမျှကို တရိုတသေဖြေကြားနေ၏...။

သူသည် မဏိပူရပြည်နယ်ဆိုင်ရာ အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်ဖြစ်ကြောင်း ကျွန်တော်တို့ သိရှိလာခဲ့ရ၏။ သူ့အမည်မှာ 'တင်းမ်ရုပ်' ဖြစ်လေသည်။

တောင်ပေါ်စခန်းသို့ အိန္ဒိယမှ အကြိုတော်များ အထောက်တော်များ ရောက်ရှိလာသည်ကို သိရသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့အဖွဲ့သား







များမှာ မိုးရွာပြီးနောက် သက်တံ့ကို မြင်လိုက်ရသကဲ့သို့ ပျော်ရွှင်ကြည်နူး၍သွားခဲ့ကြသည်။

တဲအတွင်းမှထွက်၍ အပြင်လောကဓာတ်ကြီးတစ်ခုလုံးကို မော့၍ကြည့်လိုက်သောအခါ ကောင်းကင်၌ ရေသောက်ဆင်းနေသော ရောင်စုံခြယ်သည့် သက်တံ့ကို အကယ်ပင်တွေ့ရှိလိုက်ရပါသတည်း ...။

n

## ( ၁၈ )

ချင်းတွင်းအနောက်ဘက်စခန်းမှနေ၍ မဏိပူရပြည် အင်ဖာမြို့တော်သို့ မလွဲမသွေ ရောက်ချေတော့မည်ဟု သိရှိလာသောအခါ ကျွန်တော်သည် မြန်မာပြည် စစ်ကြောင်း၌ တွေ့ခဲ့ရသမျှ အဖြစ်အပျက် အစုံစုံကို သတင်းစာဆရာတည်းဟူသော ကြေးမုံပြင်၌တင်၍ အပြန်ပြန်အလှန်လှန် တွေးတော၍ ကြည့်နေမိလေသည်။

ပူပူနွေးနွေး လောလောလတ်လတ်ပင်ရှိသော အတိတ်ကို စိတ်ဝယ် ပြန်လှန်တွေးတောရခြင်းမှာ နာကြည်းဖွယ်ကောင်းသည်နှင့်အမျှ သင်ခန်းစာယူဖွယ်လည်း ကောင်းလှသည်။







အောက်မြန်မာပြည်မှ မဟာမိတ်တပ်များ မန္တလေးအထိ ဆုတ်၍လာရသောအခါ ကျွန်းနှင့် သစ်လုပ်ငန်း၊ ရေနံတူးဖော်ရေးလုပ်ငန်းမှလွဲ၍ အားလုံးသော စီးပွားရေးလုပ်ငန်းမှန်သမျှကို အနိုင်ရရှိလာသော ရန်သူများလက်တွင်းသို့ သွတ်သွင်းပေးခဲ့ရ၏။

ဂျပန်တို့လည်း ဆန်စပါး၊ ဆားနှင့် ထားဝယ်မှ သတ္တုလုပ်ငန်းများကို အပိုင်စီးထားနိုင်ခဲ့ကြ၏။

ရေနံချောင်းတွင် အင်္ဂလိပ်တပ်များက လက်ဦးသောကြောင့်သာ ရေနံလုပ်ငန်းများကို ဂျပန်များက လက်လွှတ်ခဲ့ကြရခြင်းဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ ဆန်စိုက်ပျိုးသော ဧကပေါင်းများစွာကို ဂျပန်စစ်အာဏာပိုင်တို့က ဆုပ်ကိုင်လာနိုင်သောအခါ အင်္ဂလိပ်ကိုလိုနီဝါဒသမားများ ကျင့်သုံးသတ်မှတ်ခဲ့သော လယ်ခွန်ကောက်စနစ်ကို ပယ်ဖျက်ပေးခဲ့၏။

ဤသို့ပယ်ဖျက်ပေးခဲ့ခြင်းအားဖြင့် မြန်မာလယ်ယာမြေများကို ကြွေးဖြင့် သိမ်းယူထားခဲ့သော အိန္ဒိယချစ်တီးကုလားများ၏ လက်ဝါးကြီးအုပ်မှုကို အတော်အတန် ဖြိုဖျက်ပေးနိုင်ခဲ့ကြ၏။

အင်္ဂလိပ်ကိုလိုနီစနစ် လက်ဝေခံ ချစ်တီးကုလားများကို ဖြိုခွဲနိုင်ခဲ့သည်နှင့်အမျှ မြန်မာ့မြေပေါ်တွင် အခိုင်အမာစိုက်ထူထားခဲ့သော အင်္ဂလိပ်တို့၏ အခြေခံအုတ်မြစ်ကြီးသည်လည်း ပြိုကွဲခဲ့ရပြီဖြစ်၏။

ဂျပန်အာဏာပိုင်တို့သည် မြန်မာပြည်ကို သိမ်းပိုက်ခြင်းအားဖြင့် မြန်မာစစ်မျက်နှာရှိ မိမိတို့တပ်အသီးသီးကို မြန်မာပြည်မှထွက်သော ရိက္ခာများဖြင့် ဖူလုံအောင်ထောက်ပံ့နိုင်ကြမည်ဟု မျှော်လင့်ထားခဲ့သည်။

သို့ဖြစ်၍လည်း မြန်မာပြည်သူလူထုကို ဂျပန်စစ်ရိက္ခာအတွက် အသုံးပြုစရာ သတ္တဝါများအဖြစ် မြင်လာကြတော့၏။

ဧရာဝတီမြစ်ဝှမ်းအတိုင်း အထက်မြန်မာပြည်သို့ တက်လာသော ဂျပန်တို့သည် အင်္ဂလိပ်တို့၏ ပုဂ္ဂလိကပိုင် ကုမ္ပဏီများကို အစတုံး ဖြိုဖျက်ခဲ့ကြသည်။

ဧရာဝတီ–ဖလိုတီလာ၊ မြန်မာပြည်ရေနံကုမ္ပဏီနှင့် စတီးလ်ဘရားသားတို့မှာ အင်္ဂလိပ်တို့ လက်ဝါးကြီးအုပ်ထားသော စီးပွားရေးလုပ်ငန်းများ ဖြစ်၏။

ဤပုဂ္ဂလိကလုပ်ငန်းကြီးများသည် ရောက်ရှိလာသော ဂျပန်အာဏာပိုင်တို့က ဖြိုဖျက်လိုက်သည်မှာ မှန်ပါ၏။

သို့ရာတွင် ဤပုဂ္ဂလိကလုပ်ငန်းကြီးသည် မြန်မာအမျိုးသားလက်အောက်သို့ ရောက်မသွားဘဲ ဂျပန်ပုဂ္ဂလိကပိုင်ရှင်များ လက်အောက်သို့ ရောက်ရှိသွားခဲ့၏။

တစ်နည်းအားဖြင့်ဆိုရသော် အင်္ဂလိပ်တို့၏ လက်ဝါးကြီးအုပ်ထားသည့် နေရာတွင် ဂျပန်တို့က ဝင်၍ လက်ဝါးကြီးအုပ်လိုက်ခြင်းပင်တည်း။

ဂျပန်တို့သည် မြေခွန်တော်၊ လယ်ခွန်တော်စနစ်ကို ဖျက်သိမ်းလိုက်သည်ဟု ဆိုသော်လည်း ပုဂ္ဂလိကလယ်ပိုင်ဆိုင်ခွင့်ကိုမူ ဖျက်သိမ်းလိုက်ခြင်းမဟုတ်။ လယ်ရှင်၊ မြေရှင်စနစ်ကို အသက်ဆက်၍ပေးလိုက်ခြင်းသာဖြစ်သည်။

အင်္ဂလိပ်တို့၏ မြို့ပြအစိုးရနေရာတွင် ဂျပန်တို့၏ စစ်အစိုးရကို အစားထိုးလိုက်၏။

ငွေခွန်တော်ကောက်ခံမည့်အစား မြန်မာတိုင်းရင်းသား ပြည်သူလူထုကို သူတို့အလိုရှိသော လမ်းများ ဖောက်လုပ်စေခြင်း၊ စစ်ရိက္ခာပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းဖြင့် “လုပ်အားခွန်” ကောက်လာကြ၏။

ဂျပန်သိမ်းပိုက်ထားသော ဒေသများမှ သတင်းအတိအကျကို ရရှိခြင်းမရှိသော်လည်း မြန်မာပြည်အတွင်းသို့ ပိုင်ဆိုးပိုင်နင်း ရောက်ရှိလာခဲ့ကြသော ဂျပန်အာဏာပိုင်တို့သည် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေးကာ တော်လှန်ခဲ့သော မြန်မာမျိုးချစ်များကိုမူ စိတ်အပျက်ကြီး ပျက်သွား







စေသည်ဟု ထင်ရသည်။

အထူးသဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့သော ကျောင်းသားကို ဂျပန်အာဏာပိုင်တို့က စိတ်အပျက်ကြီးပျက်အောင် ပြုမူခဲ့ကြသည်ဟု ထင်မှတ်စရာရှိသည်။

မည်သို့ပင်ဖြစ်စေ အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးအာဏာနှင့် နှစ်ပေါင်း ၁၀၀ ခန့်ထိ တည်ရှိခဲ့သော ဩဇာကား ကျဆင်းခဲ့ရပြီဖြစ်၏။

မြန်မာတိုင်းရင်းသားလူထုသည် မိမိတို့ အသက်အိုးအိမ် ဆက်လက်တည်ရှိနိုင်ရေးအတွက် ရောက်ရှိလာသော အာဏာပိုင်အသစ်များကို ချဉ်းကပ်ကြရမည်မှာ ဓမ္မတာပင်မဟုတ်ပါလား…။

မိမိတို့၏ကံကြမ္မာကို မိမိတို့ ဖန်တီးခြင်းမပြုနိုင်သော အချိန်ကာလ၌ ဖန်တီးပေးနိုင်သော အစိတ်အပိုင်းကို အသက်ရှင် ရပ်တည်နေနိုင်မှုအတွက် ချဉ်းကပ်ကြမည်မှာ ဓမ္မတာပင် မပါဝင်ပါလား။

အင်္ဂလိပ်တို့၏ လက်ဝါးအုပ် ပုဂ္ဂလိကစီးပွားရေးစနစ်များ ပြိုကွဲပျက်စီးရသည့်အချိန်၊ အင်္ဂလိပ်တို့၏ မြို့ပြအုပ်ချုပ်ရေး အစိုးရအဖွဲ့တစ်ခုလုံး မြန်မာပြည်မှ နှင်ထုတ်ခဲ့ရသည့်အချိန်၊ မြန်မာအမျိုးသားတို့၏ တော်လှန်ရေးကြီး ကျဆုံးရသည့်အချိန်၌ မြန်မာတိုင်းရင်းသား ပြည်သူလူထုသည် အသစ်အုပ်စိုးလာသော ဂျပန်အာဏာပိုင်တို့၏ဆန္ဒကို လိုက်လျောကာ မိမိတို့ အသက်ရှင်နေထိုင်မှုကို ကြိုးပမ်းကြရမည် မဟုတ်ပါလား…။

ဤအချက်ကပင် ဒုတိယကမ္ဘာစစ်ကြီးသည် နယ်မြေပိုင်ဆိုင်လိုမှု တစ်ခုတည်းကို အဓိကထား၍ တိုက်ခိုက်သော စစ်ပွဲကြီးမဟုတ်ဘဲ စီးပွားရေးပေါ်တွင် လည်းကောင်း၊ နိုင်ငံရေးပေါ်တွင်လည်းကောင်း အခြေခံ၍ တိုက်ခိုက်သော စစ်ပွဲကြီးဖြစ်ကြောင်းမှာ ထင်ရှား၍နေလေသည်။

၁၉၄၂ ခုနှစ်၊ မြန်မာပြည်စစ်မျက်နှာတွင် ပါဝင်ဆင်နွှဲခဲ့ရသော မဟာမိတ်တပ်များ၏ အင်အားမှာ ရန်သူ့အင်အားနှင့်စာလျှင် များစွာ သေးကွေးကြုံလှီလှချေ၏။ အင်္ဂလိပ်ဘက်တွင် ထိုအခါ၌ အမှတ် (၁)၊ အမှတ် (၁၇) တပ်မနှင့် အမှတ်(၇) ယန္တရားတပ်မဟာတစ်ခုသာ ရှိနေသည်။

ရှေ့တန်းစစ်မျက်နှာတွင် ပါဝင်တိုက်ခိုက်သူ လူအင်အားမှာ စုစုပေါင်း ၁၃၀၀၀ (တစ်သောင်းသုံးထောင်)ခန့် ရှိမည်ဟု တွက်ချက်ရသည်။

မြန်မာပြည်လုံး ဖြန့်ထားရသော တရုတ်ဘက်မှ အမှတ် ၃၈–၉၆၊ ၂၂၊ ၅၅၊ ၂၀၀ တပ်များနှင့် အခြားတပ်မနှစ်ခု ပါဝင်ပြီး စုစုပေါင်း လူအင်အား ၄၀၀၀၀ (လေးသောင်း) ပါဝင်မည်ဟု ခန့်မှန်းရ၏။

ရှေ့တန်းစစ်မျက်နှာတွင် ပါဝင်တိုက်ခိုက်ရသူချင်းဆိုလျှင် တရုတ်ဘက်မှ စစ်သည်အင်အား ၃၅၀၀၀ ထက် ပို၍မများနိုင်...။

အင်္ဂလိပ်နှင့် တရုတ်တပ်များကို လာရောက်တိုက်ခိုက်သော ဂျပန်တပ်များ၏ အင်အားသည် ၅၀၀၀၀ မှ ၇၅၀၀၀ အထိ ရှိနေ၏။

ဤမျှများပြားသော ခြေလျင်တပ်သားများအပြင် မြန်မာပြည် လေကြောင်းတိုက်ပွဲ တစ်ခုလုံးကို အပေါ်စီးမှ ချုပ်ကိုင်ထားသော ဂျပန်လေကြောင်းအင်အားကလည်း ရှိနေသေးသည်...။

အလိုရှိက စစ်ကူများ အလွယ်တကူခေါ်ယူနိုင်ရန် ရန်ကုန်သင်္ဘောဆိပ်ကမ်းကလည်း ဂျပန်တို့လက်ထဲတွင် ရှိနေသည် မဟုတ်ပါလား...။

မဟာမိတ်တပ်များမှာ အဘက်ဘက်မှ အခြေအနေမလှ ဖြစ်နေကြရ၏။ အင်္ဂလိပ်တပ်တွင် အင်အားထက်ဝက်ကျော်မှာ တိုက်ပွဲများတွင် ထိခိုက်အနာတရ ဖြစ်ခဲ့ကြရ၏။ ကျန်ထက်ဝက်သာလျှင် တိုက်အားခိုက်အား ရှိတော့သည်...။

ဤတပ်များမှာလည်း ဂျပန်တို့နှင့် ရင်ဆိုင်ရသော တိုက်ပွဲများတွင် အထိအနာကြီး နာခဲ့ကြရသည်သာဖြစ်၏။ လူပေါင်း ၇၀၀ ခန့်ပါရှိသော အင်္ဂလိပ်တပ်ရင်းကြီးတစ်ရင်းမှာ အထိနာခဲ့သဖြင့် တိုက်နိုင်ခိုက်နိုင်သူ ၅၀ ခန့်သာ ရှိနေတော့ကြောင်း ထိုတပ်ရင်းမှ ပုဂ္ဂိုလ်များက ကျွန်တော်တို့အား သတင်းပေးခဲ့သည်...။

အင်္ဂလိပ်တို့ဘက်တွင် တင့်ကားတပ်များ ရှိသည်ဟု ဆိုရသော်လည်း ဤတပ်များမှာ ဂျပန်တို့၏ ချုံခိုတိုက်ခိုက်ခြင်းခံရမှုကြောင့် သုံးပုံနှစ်ပုံသော တင့်ကားများမှာ ဖျက်ဆီးစွန့်ပစ်ခြင်းခံခဲ့ရပြီး ကျန်တပ်များမှာလည်း တောကျွမ်းသော ဂျပန်တို့၏တိုက်ခိုက်မှုကို မည်သို့မျှ ပြန်လှန်မခုခံနိုင်ဘဲ ရှိနေခဲ့ရသည်...။

မော်လမြိုင်မှနေ၍ မန္တလေးအထိ ၃ လတိုင်တိုင် မရပ်မနား တိုက်ခိုက်ခဲ့ရသော အင်္ဂလိပ်စစ်သားတို့၏ စိတ်ဓာတ်မှာ အကြီးအကျယ် ကျဆင်းနေ







လေသည်...။

အင်္ဂလိပ်စစ်သားများက မြန်မာပြည်တွင် ဆက်လက်မတိုက်ခိုက်လိုတော့သလို အိန္ဒိယစစ်သားများကလည်း အိန္ဒိယပြည်သို့သာ ပြန်၍ပြေးချင်စိတ် ပေါက်နေလေသည်...။

သို့ဖြစ်၍လည်း "အိန္ဒိယရောက်မှ တွေ့ကြတာပေါ့"ဟူသော နှုတ်ဆက်စကားမှာ မဟာမိတ်တပ်သားတို့၏ နှုတ်ဆက်စကား ဖြစ်၍လာလေသည်...။

အင်္ဂလိပ်တပ်များထက် အခြေအနေဆိုးကာ မြန်မာအမျိုးသားတို့၏ မုန်းတီးခြင်းကို အများဆုံးခံရသော တပ်က တရုတ်တပ်များပင် ဖြစ်လေသည်...။

ဧပြီလဆန်းအထိ တိုက်ပွဲတစ်ပွဲမှ မတိုးရသေးသော အမှတ်(၉၆) တရုတ်တပ်မမှာ ဧပြီလကုန်လောက်တွင် လေးပုံ သုံးပုံသော စစ်သားများ ထိခိုက်ကျဆုံးခဲ့ကြရ၏...။

အမှတ်(၂၂) တရုတ်တပ်မမှာလည်း လူထက်ဝက်ကျော်ကျော် ထိခိုက်ကျဆုံးခဲ့ကြရသည်...။

အမှတ်(၅၅) တရုတ်တပ်မမှာမူ ဂျပန်လက်ချက်ကြောင့် တပ်လုံးပျောက်သည်အထိ ခံခဲ့ကြရ၏။ အမှတ်(၂၀၀) တရုတ်တပ်မမှာလည်း ရှမ်းပြည်တွင် အလူးအလဲခံခဲ့ကြရ၏...။

အမှတ်(၃၈) တရုတ်တပ်မ တစ်ခုတည်းသာ တိုက်အားခိုက်အား အပြည့်နှင့် ကျန်ရှိနေလေသည်...။

မဟာမိတ်တပ်များ ဆုတ်ခွာနေသည့်နေရာတိုင်းတွင် ဂျပန်ဘက်မှ ပဉ္စမံတပ်သားများ၊ သူလျှိုများ၊ ဒလံများ အဆင်သင့်ရောက်လျက်ရှိနေကြပုံမှာ အံ့သြဖွယ်ကောင်းနေ၏...။

ကျေးရွာများတွင် ဆေးနီ ဆေးနက်ထိုးကာ အင်္ဂလိပ်အစိုးရအား တော်လှန်ပုန်ကန်ရန် လူစုနေကြပုံမှာလည်း သတင်းထူးတစ်ခုပင် ဖြစ်နေ၏...။

တရုတ်စစ်သားများက မြန်မာဘုန်းတော်ကြီးများကို ဂျပန်သူလျှိုဟုထင်ကာ အရမ်းကာရော ပစ်သတ်ခဲ့ကြသည့်အတွက် တရုတ်တပ်များမှာ

ရောက်လေရာအရပ်တွင် ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်မှုများကို မကြာခဏ ခံနေရလေသည်…။

ဧပြီလကုန်ခါနီးတွင် တောင်တွင်းကြီးအနီး၌ တိုက်ကင်းလှည့်နေသော အင်္ဂလိပ်တင့်ကားတစ်ခုက မသင်္ကာစရာကောင်းသော ကားတစ်စီးကို ပစ်ခတ်ရပ်တန့်ခိုင်းခဲ့၏…။

ကားအတွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသောအခါ မြန်မာဘုန်းတော်ကြီးတစ်ပါးနှင့် ဂျပန်စစ်အရာရှိတစ်ဦးကို တွေ့ကြရလေသည်…။

ဂျပန်စစ်အရာရှိ၏ ခန္ဓာကိုယ်အတွင်းမှ အထူးအရေးပါ အရာရောက်သော စာရွက်စာတမ်းများကို ဖမ်းဆီးတွေ့ရှိရ၏…။

ဤစာရွက်စာတမ်းများတွင် မြန်မာပြည်အလယ်ပိုင်း၌ ဂျပန်သူလျှိုများအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသူများ၏ အမည်များကို တွေ့ကြရ၏…။

ဤသူလျှိုများစာရင်းတွင် အင်္ဂလိပ်လက်အောက်ရှိ ဘားမားရိုင်ဖယ်တပ်မှ အရာရှိအရာခံအချို့၏ နာမည်များကိုပါ အံ့သြဖွယ်ရာ တွေ့ရှိရလေသည်…။

ဂျပန်တို့သည် အင်္ဂလိပ်အဖွဲ့အစည်းများအတွင်းသို့ပင် ဝင်ရောက်ကာ သူလျှိုများ မွေးထားနိုင်ခဲ့လေသည်တကား…။

ဂျပန်သူလျှိုများ၏လုပ်ငန်းက တွင်တွင်ကျယ်ကျယ်ရှိသလို ဂျပန်ပဉ္စမံတပ်သားများနှင့် အင်္ဂလိပ်ဆန့်ကျင်ရေးသမားများ၏ လုပ်ငန်းကလည်း ကြောက်စရာကောင်းလှသည်…။

ကျေးရွာများတွင် ကင်းထောက်ထွက်လာကြသော တရုတ်တပ်များ ရိက္ခာအရှာထွက်လာသော တရုတ်တပ်ဖွဲ့ကလေးများသည် ရွာသားများ၏ ချောင်းမြောင်းလုပ်ကြံခံနေကြရ၏…။

တရုတ်စစ်သားများကို ကျေးရွာသားများက ချောင်းမြောင်းဖမ်းဆီးပြီးနောက် လက်ကို ဖြတ်ပစ်တတ်ကြသည်…။

ရွှေဘိုမြို့အနီးတွင် အင်္ဂလိပ်ဘုန်းတော်ကြီးတစ်ပါးမှာ ရွာသူရွာသားများက ဓားဖြင့်ခုတ်သတ်ခြင်းကို ခံခဲ့ရသည်…။

မုံရွာမြို့အနီးတွင်လည်း အင်္ဂလိပ်တင့်ကားမှ အဖွဲ့သားအားလုံးမှာ လမ်းဘေးတွင် ဆင်း၍ အညောင်းအညာဖြေနေခိုက် မြန်မာအရပ်သားများ







၏ ဝိုင်းဝန်းသတ်ဖြတ်ခြင်းကို ခံခဲ့ကြရလေသည်…။

တရုတ်စစ်တပ်များ လိုက်ပါလာသော ရထားတစ်စီးပေါ်တွင် တွေ့ရသည့် မြန်မာအမျိုးသား ၁၃ ဦးမှာ သက်ဆိုင်ရာက အင်္ဂလိပ်စစ်ဗိုလ်ထံသို့ လွှဲပြောင်းပေးခဲ့သော်လည်း ကာလပျက်နေသည့်အချိန်ဖြစ်၍ စစ်ဆေးမေးမြန်း ဖမ်းဆီးထားခြင်းမပြုနိုင်ဘဲ တရုတ်စစ်သားများ၏ သုတ်သင်ခြင်းကို ခံခဲ့ကြရလေသည်…။

ဤသို့အားဖြင့် အပြစ်မဲ့သော အရပ်သူ အရပ်သားများသည် ကာလပျက်သည့်အချိန်တွင် အကျိုးမဲ့ သေကြေပျက်စီးခဲ့ရလေသည်တကား…။

ကာလပျက်အောင် ဖန်တီးလိုက်သောအရာမှာ လူတိုင်းက ရွံရှာမုန်းတီးနေသော ‘စစ်’ပင် မဟုတ်ပါလား…။

**တက္ကသိုလ်နန္ဒမိတ်**

ယုံကြည်ချက်စခန်း…
အမှတ် ၃၄၊ ကျေးတိုင်စု ၁ လမ်း
အင်းစိန်မြို့။
(၁၃–၁၁–၆၆)